www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

စာမူခွင့်ပြုချက်အမှတ်

၅၀၁၉၅၉၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၅၆၀၀၅၀၉

**ထုတ်ဝေသူ**

ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၀၉ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၀၀၀ကျပ်

ဘာကြီးလဲ!/ နီကိုရဲ။–ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ ၊ ၂၀၀၉။
၂၅၅–စာ ၊ ၅" x ၇" စင်တီ။ (၁) ဘာကြီးလဲ!

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ဟေ့...ဟေ့...ဒီကကွ...ဒီကိုလာ...ဒီကို..."

လက်ခုပ်သံတစ်ဖျောင်းဖျောင်း တီးသံနှင့် အားရဝမ်းသာခေါ်သံတို့ကြောင့် ညိုမောင့်စိတ်ထဲမှာ လေပြီးပူနေသော စိတ်အပူ၊ အမေကတစ်လိပ်၊ အဘွားကတစ်လိပ် ပေးလိုက်ကြတဲ့ ဖျာလိပ်နှစ်ထပ်ကြီးနှင့် ထိုဖျာလိပ်ထဲတွင် ထည့်ထုပ်ထားသော သူ့ပစ္စည်းအလေးတွေရဲ့ ဖိစီးမှုဒီဒဏ်တွေက လွတ်ငြိမ်းဆိုပြီး ထိထိမိမိနှင့် အားရဝမ်းသာ သက်ပျင်းကြီးကို ချရင်း...သူ့ကို လှမ်းခေါ်သော ဦးလေးကြီးထံသို့ ပြန်လျှောက်လာရသည်။

"ဦးလေးကလည်း...စောစောက ခေါ်ရောပေါ့ဗျာ"

ညိုမောင့်စကားလုံးတွေက ဒေါသဖြစ်နေသည့် စကားလုံးတွေဖြစ်နေသော်လည်း ညိုမောင့်မျက်နှာက ပြုံးဖြီးဖြီးကြီးမို့ ဝမ်းသာကျေနပ်အားရစွာ ပြောခြင်းဖြစ်ကြောင်းသိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ...ငါလည်း မင်းကျော်သွားမှ အတွေးရတာနဲ့၊ နွေဆိုသင်ဖြူးဖျာကလေးခင်းအိပ်ရတာ ဇိမ်ပဲ ကိုယ့်လူရ"

"အာ...ဟုတ်တာပေါ့...အစ်ကိုကြီးရ"

"ကဲ...ချစမ်းပါဦးကွာ၊ တစ်ချပ်ဘယ်လောက်ဆိုဈေးလဲ"

"ဗျာ..."

ညိုမောင် သူ့ကိုဖျာသည်နှင့် မှားခေါ်မှန်း ချက်ချင်းရိပ်မိလိုက်ပါသည်။ သို့သော်...

"ကျွန်တော် ဖျာရောင်းတာမဟုတ်ဘူး" ဟု ပြောဖို့ကို အားနာနေမိသည်။

ညိုမောင် မျက်နှာပျက်သွားတာကိုလည်း ဦးလေးကြီးက သတိထားမိသွားသည်။ သူ့မျက်နှာမှာလည်း ညိုမောင့်ကို အားနာစိပ်ချက်ချင်းကြီးကို ရောက်သွားသည်။

သို့သော်...လူကြီးဆိုတာက လူငယ်ထက်တော့ ဣန္ဒြေအရာမှာသာကြစမြဲဖြစ်သည်။ ထို့ကြောင့် ဖျာသည်ခေါ်သော ဦးလေးကြီးကပင် ဣန္ဒြေကို ထိန်း၍မေးသည်။

"မင်း...ဖျာလိုက်ရောင်းတဲ့သူ မဟုတ်ဘူး မဟုတ်လား"

"ဟုတ်...ဟုတ်တယ်....ဦးလေး၊ ကျွန်တော် အဆောင်လိုက်ရှာတာပါ"

"ဆောရီးကွာ ငါက လုပ်လိုက် ဖြစ်လိုက်ရင် ဒီလိုချည်ပဲ၊ ကဲ...ကဲ...ဒါဆိုလည်း မင်းဖျာလိပ်ကြီးခဏချပြီး နားစမ်းပါဦးကွာ၊ ရေလေးဘာလေး သောက်ရင်းနဲ့ပေါ့"

ခေါင်းပေါ်က ဖျာလိပ်ထုပ်ကြီးကို ချလိုက်ရသဖြင့် ညိုမောင့်





ခန္ဓာကိုယ်က ပေါ့ပါးသွားသည်။ သို့သော်...အဆောင်ကို ရှာမတွေ့သဖြင့် စိတ်ကတော့ လေးလံနေဆဲဖြစ်၏။

"သော်သော်...သော်သော်..."

"ရှင်...ဖေဖေ"

"ရေခဲသေတ္တာထဲက ရေသန့်တစ်ဘူးနဲ့ ဖန်ခွက်ယူလာခဲ့စမ်းဟာ"

"ရှင်...."

"ဟာ...ဒီကောင်မလေး နားထိုင်းနေလား၊ ရေခဲသေတ္တာထဲက ရေတစ်ခွက် အဲ...ရေသန့်တစ်ဘူးနဲ့ ဖန်ခွက်တစ်ခွက်ယူခဲ့လို့ ပြောနေတာ"

အိမ်ထဲက ဘာတုံ့ပြန်သံမှ မကြားရတော့...။ဦးလေးကြီးက ခေါင်းကို ကုတ်သည်။ ပြီးတော့ ခါးကိုထောက်သည်။

"အင်း...ဒီခေတ်ကလေးတွေ ခက်တယ်ကွာ...ခက်တယ်"

"ဟုတ်ကဲ့...ဦး"

ညိုမောင်လည်း ဘာပြောရမှန်းမသိတာနှင့် ဝင်ထောက်ခံလိုက်ခြင်းဖြစ်သည်။

"ဟာ...ငါပြောတာ မင်းကိုပြောတာ မဟုတ်ဘူးကွ၊ ငါ့အိမ်ကကလေးတွေကို ပြောတာ၊ ငါ့မှာသမီးနှစ်ယောက်ရှိတယ်"

ထိုအချိန်တွင် ကောင်မကလေးတစ်ယောက် ရေသန့်ဘူးအဟောင်းကို ရေဖြည့်ပြီး၊ ရေခဲသေတ္တာထဲထည့်ထားသော ရေသန့်ဘူးကလေးနှင့် ရေခွက်ကိုကိုင်ကာ ဦးလေးကြီး၏နောက်ဘက်တွင် ရောက်နေပြီ ဖြစ်သည်။

"အကြီးမရော၊ အငယ်မရော တစ်ယောက်မှ အချိုးမပြေဘူး"

"ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



ရေသန့်ဘူး ကိုင်ထားသော ကောင်မကလေးက နှာခေါင်းကို ရှုံ့နေပြီ။ မျက်နှာကမဲ့နေပြီ။ ထို့ကြောင့် ညိုမောင်က...

"ဦးလေး" ဟု တမင်သတိပေးခြင်းဖြစ်၏။ သို့သော် မရ။

"သူတို့နှစ်ယောက်ပုံစံကလေ တြိဂံပုံစံလိုလို၊ စတုဂံပုံစံလိုလို၊ ပဉ္စဂံ၊ ဆဋ္ဌဂံ အိုကွာ ဘယ်လိုမှကို ထောင့်မကျိုးတာ၊ ငါပြောပြမယ်"

"ဖေဖေ"

"ဟေ"

"ရော့"

ကောင်မကလေးက ရေသန့်ဘူးနှင့် ရေခွက်ကို သူ့အဖေ့လက်ထဲသို့ ဒေါသနှင့် စောင့်ချပေးရင်း ခြေကိုဆောင့်၍ ဆောင့်၍ အိမ်ထဲသို့ ပြန်ဝင်သွားသည်။ အိမ်က နှစ်ထပ်ပျဉ်ထောင်အိမ်ကလေးဖြစ်၏။

"မင်းကလည်း နောက်မှာရောက်နေရင် ပြောမှပေါ့ကွ"

"ဦးလေး...လို့ ကျွန်တော် ခေါ်ပြီး သတိပေးသားပဲ၊ ဦးလေးက သတိမထားမိဘဲ ဆက်ပြောနေတာကိုး"

"ကဲကွာ...ထားပါ၊သူတို့စိတ်ဆိုးလည်းခဏပါ၊ကဲ...ရော့ရေသောက်"

ဦးလေးကြီးငှဲ့ချပေးသော ရေကို ညိုမောင်တစ်ယောက် အားရပါးရ သောက်ပါသည်။ ထိုသို့ ရေအားရပါးရသောက်နေတုန်းမှာပဲ ဦးလေးကြီးက မေးခွန်းတစ်ခုထပ်မေးသည်။

"မင်းလိုက်ရှာတဲ့အဆောင်က လိပ်စာပါလား၊ ပါရင် ငါ့ကိုပြစမ်း"

ညိုမောင် ရေကိုအားရပါးရ သောက်နေချိန်ကြီးမို့ ခေါင်းကို ညိတ်၍ လက်ကာပြထားရသည်။ ရေကုန်သွားတော့မှ...





"ပါတယ် ဦးလေး၊ ကျွန်တော့်မှာပါတယ်၊ ကျွန်တော်ပြမယ်"

ညိုမောင်က သူ့ကျောမှာ ပိုးထားသည့် စစ်ကျောပိုးအိတ်ကြီးကိုပါ ဖြုတ်ရတော့သည်။ လိပ်စာကို ခုနက အလွတ်ကျက်ထားသော်လည်း အခုမေ့သွားပြီဖြစ်သည်။ ထို့ကြောင့် စစ်ကျောပိုးအိတ်ကြီးထဲက စာအုပ်ကလေးကို ထုတ်ပြီးပြောမှ သေချာမည်ဖြစ်သည်။

"တွေ့ပြီ၊ ဒီမှာ ဦးလေး၊ ဒေါ်တင်နွယ်တဲ့၊ ၃ လမ်း၊ အိမ်နံပါတ် (၂၈)၊ ချမ်းသာသုခလမ်း၊ လှိုင်မြို့နယ်တဲ့"

"ချမ်းသာသုခလမ်းဆိုတာတော့ ဒီလမ်းပဲကွ၊ ဒေါ်တင်နွယ်ဆိုတာကတော့...၊ အင်း...ငါလည်း ရပ်ကွက်ထဲက လူတွေနဲ့ သိပ်ပေါင်းဖြစ်တာမဟုတ်ဘူး၊ ငါက ပန်းထိမ်ဆရာကွ၊ နေဦး...နေဦး"

"သော်သော်ရေ...သော်သော်"

အိမ်ထဲမှ ဘာမှတုံ့ပြန်သံမကြားရတော့ဘဲ ကောင်မကလေး နောက်တစ်ယောက်ထွက်လာသည်။ စောစောက ရေဘူးလာပေးတဲ့ ကောင်မလေးထက် နည်းနည်းငယ်ပုံရသည်။

"သော်သော်ပါဆိုနေမှပဲ"

"ရေဘူးသိမ်းတာ မော်မော်သိမ်းလည်း အတူတူပဲ"

"ရေဘူးသိမ်းဖို့မဟုတ်ဘူးဟ၊ ဒီက ကောင်လေးအဆောင်လိပ်စာ ရှာမတွေ့လို့ အဲဒါမေးမလို့"

"အဆောင်လိပ်စာ...၊ မော်မော့်ကို ပြလေ"

ဦးလေးကြီးက စာရွက်ပေးတော့ ကောင်မလေးက တစ်ချက်ကြည့်ပြီး အားရပါးရပြုံးသည်။

"အန်တီနွယ်တို့အဆောင်လား၊ အမလေး စောစောကပြောရော



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဟိုးမှာ အပြာရောင်ဆေးသုတ်ထားတဲ့ ခုံတန်းပြာကလေးတွေ့လား"

"ဟုတ်ကဲ့...တွေ့ပါတယ်"

"အဲဒါ အန်တီနွယ့်အဆောင်ပဲ"

"ဟာ...ကျေးဇူးတင်လိုက်တာ ညီမလေးရာ၊ အခုညနေသာ အဆောင်ရှာမတွေ့ရင် ကျွန်တော် ဘယ်မှာအိပ်ရမှန်းတောင် သိမှာမဟုတ်ဘူး ဦးရ"

"ဟာ...ဒါဆို ငါတို့ပါ ကံကောင်းသွားတာပေါ့၊ နို့မို့ရင်..."

"ဟာ...ဦးလေးကလဲ"

ညိုမောင် ရက်ရက်နှင့် ဖျာလိပ်ကြီးကို ကောက်ထမ်းပြီး ခုံတန်းပြာကလေးရှိရာသို့ ထွက်ခဲ့သည်။

သူ့အဆောင်သည် ဘယ်လိုပုံစံမျိုးလဲ။

သူနေရမည့် နေရာသည် ဘယ်လိုနေရာမျိုးလဲဆိုတာကို သူသိချင်လှပြီ။

ရွာမှာတုန်းက မြို့တက်ပြီးအဆောင်မှာ နေရတော့မည်ဆိုကတည်းက သူနေရမည့်အဆောင်ကို စိတ်ကူးယဉ်ခဲ့ရသည့်အကြိမ်ရေကား မနည်းတော့။ အဆောင်အကြောင်းကို စိတ်ကူးမယဉ်ဘဲ အိပ်တဲ့ညတစ်ညမှ မရှိ။ ဒီလောက်စိတ်ထဲက စွဲလန်းခဲ့ရသော်လည်း ညိုမောင် အိပ်မက်ထဲမှာတော့ အဆောင်အကြောင်းကို တစ်ခါမှ အိပ်မက် မမက်ခဲ့ပါ။

အခု...သူစိတ်ကူးယဉ်ခဲ့ရသော အဆောင်ကလေးဆီကို ရောက်တော့မည်။

Ð Ð Ð





ခုံတန်းပြာကလေးရှိသည့် အိမ်ရှေ့မှာရပ်လိုက်တော့ တံခါးကို သော့ခလောက်အကြီးကြီးအား သံကြိုးကွင်းကြီးတွေနှင့် ချည်ထားတာကို တွေ့ရသည်။သော့ခလောက်ကြီးက ခြံထဲဘက်အခြမ်းမှာရှိနေတာမို့ လူတော့ အိမ်ထဲမှာရှိရမည်ဟု ညိုမောင်တွေးလိုက်သည်။

ခြံကြီးထဲက အိမ်ကိုလှမ်းကြည့်လိုက်တော့ အိမ်က ဟိုးရှေးခေတ်က အိမ်မျိုးဖြစ်၏။ အိမ်နံဘေးဘက်မှ အုတ်လှေကားဖြင့် တက်လျှင် အိမ်ရှေ့ဝရန်တာတန်းကိုရောက်မည် ထိုဝရန်တာတန်းကနေ ခါးပန်း(ခပန်း)ကို ကျော်မှ အိမ်ရှေ့ခန်းကိုရောက်မည်။ အိမ်ရှေ့ဝရန်တာတန်း၏ လေးမေလောက်ကို သစ်သားဖြင့် ရိုက်ထားပြီး အပေါ်ပိုင်းကိုတော့ သံဇကာအကွက်ကြီးတွေနှင့် ကာ၍ထားသည်။

ခြံထဲမှာကတော့ အိမ်ဘေးအုတ်လမ်းကလေးဆီသို့သွားသော လမ်းကလေးမှတစ်ပါး၊ အခြားနေရာတွေအားလုံးမှာ မြက်ပင်တွေ အလေ့ကျ ပေါက်ပင်ရိုင်းတွေ၊ ထိကရုန်းပင်တွေ ရှင်ရှင်သန်သန်ကြီးကို ကြီးထွားနေတာကို တွေ့ရ၏။

ညိုမောင်ခုံတန်းပြာပေါ်သို့ သူ့ဖျာလိပ်ကြီးကိုချသည်။

ပြီးတော့ ဘယ်လိုခေါ်ရလျှင်ကောင်းမလဲဆိုတာ စဉ်းစားရသည်။

"အိမ်ရှင်တို့" ဟုခေါ်လျှင် ကောင်းမလား။

"အဆောင်ရှင်တို့" ဟု ခေါ်လျှင်ကောင်းမလား။

"အန်တီဈာင်နွယ်" လို့ခေါ်လျှင် ကောင်းမလား။

"အန်တီနွယ်ရေ" လို့ပဲ ခေါ်လျှင်ကောင်းမလား။ အထဲမှာ လူရှိဟန် တူသော အိမ်ကြီးကတော့ ပကတိငြိမ်နေတာကိုတွေ့နေရသည်။ ဒီလိုအခြေအနေမျိုးဆိုလျှင် ညိုမောင် အမြဲတွေဝေနေတတ်လေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မခေါ်မဖြစ်မို့ တကယ်ခေါ်ဖြစ်သွားတော့...

"အန်...အန်တီရေ...အန်တီ..."

ခြံကလေးထဲမှ ဘာတုံ့ပြန်မှုမျှမရ။ ထို့ကြောင့် ညိုမောင် သတ္တိပိုရှိသွား၏။

"အန်တီ...အန်တီ...အန်တီရေ..."

ခြံကလေးထဲမှာရှိသည့် အိမ်ကလေးထဲမှ တစ်စုံတစ်ရာ လှုပ်ရှားသွားသည်ဟု ညိုမောင်ထင်သည်။ ထို့ကြောင့် ပို၍အော်သည်။

"အန်တီ...အန်တီ...အန်...."

"လာပြီလို့ ငါပြန်ပြောနေတာကို ဘာဖြစ်လို့ ဒီလောက်အော်နေရတာလဲဟင်"

တင်းမာပြတ်သားစူးရှသောအသံကြောင့် ညိုမောင် ဘာဆက်ပြောရမှန်း မသိတော့ဘဲ လန့်သွားသည်။ ရင်လည်းတော်တော်လေး တုန်သွား၏။

ခဏကြာတော့ ဘေးတံခါးမှ အသက်လေးဆယ်ကျော် ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်နှင့် မျက်နှာထားတင်းတင်းနှင့် အမျိုးသမီးတစ်ယောက်ထွက်လာသည်။ ဘေးလှေကားသုံးထစ်ကို ဆင်းပြီးကတည်းက ခြံဝက ညိုမောင့်ကို ရင်ဆိုင်သောအကြည့်သည် တော်တော် ကြောက်စရာကောင်းသောအကြည့်ဖြစ်သည်။ ခက်ထန်သောအကြည့်မျိုး မဟုတ်ဘဲ တင်းမာ ပြတ်သားသောအကြည့်ဟု ဆိုလျှင် ပိုမှန်လိမ့်မည်ဖြစ်သည်။

ထိုအမျိုးသမီးကြီးသည် ဒေါ်တင်နွယ်သာဖြစ်ရမည်။

"ကျွန်တော် အဆောင်...နေဖို့လာတာပါ"

"အဆောင်က လူပြည့်သွားပြီ..."





"မဟုတ်ပါဘူး၊ဆရာတော် ရေးပေးလိုက်တဲ့ စာပါ,ပါတယ် ခင်ဗျ"

ထုံးစံအတိုင်း ညိုမောင်က သူ့စစ်လွယ်အိတ်ကြီးကို ဖြုတ်ပြီး အသေအချာ သိမ်းထားသောစာကိုထုတ်၍ပြသည်။

အမျိုးသမီးကြီးက မျက်မှောင်ကို ကျုံ့ရင်း စာကိုဖတ်သည်။ ပြီးတော့မှ မျက်နှာပေါ်ရှိ တင်းမာမှုက လျော့ကျသွားပြီး...

"အေး...ငါက ဆရာတော့်ဆီက လူရှိလို့ လူပြည့်သွားပြီလို့ ပြောတာ၊ မင်းက ဆရာတော့်ဆီက လူဆိုတော့ ပြီးပြီပေါ့"

အမျိုးသမီးကြီးက ပြောရင်း တံခါးသော့ကိုဖွင့်၍ သံကြိုးကြီးများကို ဖြည်သည်။ ညိုမောင်လည်း ကျောပိုးအိတ်ပြန်လွယ်၊ ဖျာလိပ်ကို ထမ်းပြီး အန်တီကြီးနောက် လိုက်ခဲ့ရ၏။ သူတို့နေရမယ့်အဆောင်က အိမ်အနောက်ဘက်ရှိ ကြမ်းခင်း ပျဉ်ကာသွပ်မိုး သပ်ရပ်သော အဆောင်ကလေးသာ ဖြစ်ပါသည်။

"ကဲ...မင်းက နောက်ဆုံးရောက်တဲ့သူဆိုတော့ ဟိုဘက်ထောင့်က ကျန်တဲ့ ခုတင်မှာ နေရာရမယ်"

"ဟုတ်ကဲ့...အန်တီ"

ညိုမောင့်စကားဆုံးတော့ အန်တီကြီးက ညိုမောင့်ကို စူးခနဲနေသော အကြည့်ဖြင့်စိုက်၍ကြည့်သည်။ ညိုမောင်ကြောင်သွားသည်။ သူပြောသည့်စကားထဲမှာ မှားစရာ ဘာမှမရှိပါ။

"မင်း...ငါ့ကို နောက် မမနွယ်လို့ခေါ်ရမယ် ကြားလား"

"ဟုတ်ကဲ့ အန်...အဲ မမနွယ်"

မမနွယ်က အဆောင်ထဲသို့ ဝင်သွားသည်။ ညိုမောင်က မှာ်ထို တွန့်ကာ နောက်မှလိုက်ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဆောင်နေဖူးသလား"

"မနေဖူးဘူး ခင်ဗျ"

"အေး...အဲဒါဆိုရင် ငါပြောတာ နားထောင်၊ မင်းတို့အဆောင်ကို သန့်ရှင်းရေးနေ့စဉ်လုပ်ရမယ်၊ ငါ့အဆောင်က ပွစိရှုပ်ယှက်နေတာ ငါ မကြိုက်ဘူး၊ အမှိုက်ကိုမြေကြီးပေါ်မပစ်ရဘူး၊ ဟိုမှာ အမှိုက်ပုံး၊ အဲဒီအထဲ ထည့်ရမယ်၊ ပြီးတော့ ဘယ်သူငယ်ချင်းကိုမှ ဘာအကြောင်းနဲ့မှ ညအိပ် လက်မခံရဘူး၊ အဆောင်တံခါးကို ၇ နာရီမှာပိတ်တယ်၊ အဲဒီထက် နောက်ကျရင် ကြုံရာအိပ်ပေတော့၊ တံခါးသော့ကို ငါတစ်ယောက်ပဲ ကိုင်တယ်"

မမနွယ်သည် မောသွားသလို ခဏနားသည်။

"နောက်ပြီးတော့ အဆောင်မှာ ဘာတစ်ခုမှ ချက်ပြုတ်စားလို့ မရဘူး၊ မင်းတို့အဆောင်မှာ ထင်း၊ မီးသွေး ဟာမှမသုံးရဘူး၊ လျှပ်စစ် မီးဖိုအတွက်လည်း ငါက ဘာပလပ်ပေါက်မှ တပ်ပေးမထားဘူး၊ စာမေး ပွဲနားနီးတာတို့၊ ဖျားတာနာတာတို့ရှိရင်တော့ ခေါက်ဆွဲထုပ်တို့ ကြာဇံ ထုပ်တို့ ပြုတ်သောက်လို့ရအောင် ငါပလပ်ပေါက်တစ်ခု ချပေးထားမယ်၊ အေး...နောက်ဆုံးနဲ့ အရေးအကြီးဆုံးကတော့ မိန်းမကိစ္စပဲ၊ဒီအဆောင် ထဲကို ဘယ်မိန်းမမှ ဝင်ခွင့် ဘာအကြောင်းနဲ့မှ မပေးဘူး၊ သူငယ်ချင်းတို့၊ ရည်းစား တို့မထားရဘူး မပြောဘူးနော်၊ ပါလာရင် ရှေ့မှာခုံတန်းပြာတွေ့ခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့....အန်...အဲ...မမနွယ်"

မမနွယ်က မျက်စောင်းအလတ်စားတစ်ချက်ထိုးလေသည်။

"အေး...အဲဒီခုံတန်းပြာဟာ မင်းတို့မိန်းကလေးတွေအတွက် နယ် မြေအကုန်ပဲ၊ အဲဒီမှာပဲထားခဲ့၊ ဒီခြံထဲမှာ မိန်းကလေးဆိုလို့ ငါတစ်ယောက် ပဲ ရှိရမယ်"





ညိုမောင် ပြုံးမိသည်။

"ဘာပြုံးတာလဲ"

သူပြုံးမိသည့် စိတ်ကူးအတိုင်းသာ ပြောရလျှင် ဒီအဆောင်က ချက်ချင်းလက်ငင်းကြွမြန်းရမှာ သေချာသောကြောင့် ဆရာတော့်ထံမှ ယူခဲ့သည့် ငါးပါးသီလထဲမှ သီလတစ်ပါးကျိုးရလေသည်။

"ဩော်...ဟိုလေ...မမနွယ်က တကယ်စနစ်တကျ တွက်ထားတာ ကို တွေးမိသွားလို့ပါ"

"နင်တို့လို ငတိမျိုးတွေနဲ့ အဲဒီလောက် စနစ်ကျထားမှ တော်ရုံ ကျတာ၊ စနစ်ကျတယ် ကျတယ် ငါကတော့ ဒါဆိုရင် ဒါပဲ၊ နောက်ဆုံး တစ်ခုရှိသေးတယ်၊ မင်း ဂစ်တာတီးတတ်သလား"

"ဗျာ..."

"ဂစ်တာတီးတတ်သလားလို့ မေးတာ"

"ဟာ...ဒုက္ခပဲ၊ ကျွန်...ကျွန်တော် ဂစ်တာမတီးတတ်ဘူး ခင်ဗျ"

ဒီတစ်ခါတော့ မမနွယ်သည် မျက်စောင်းကြီးကိုလည်း ထိုး၊ သက်ပြင်းကြီးကိုလည်း ချ၊ ခါးကြီးကိုလည်းထောက်ခါ ညိုမောင့်ကို ဘုကြည့်ကြည့်လေသည်။ ညိုမောင်မှာ မျက်နှာငယ်ကလေးနှင့် ဖြစ်နေ၏။

"ဒီမှာ ကိုယ်တော် ဂစ်တာတီးတော်မမူတတ်တာ ကောင်းတာပေါ့၊ ရှင် ကောင်းတာပေါ့ရှင် ကောင်းတာပေါ့၊ တီးတော်မူတတ်ရင် ဟောဒီ တပည့်တော်မက ည ၇ နာရီပဲ တီးခွင့်ပေးတယ်လို့ ပြောတော်မူမလို့ပါ ဘာကတည်း"

"ဟာ...မမနွယ်...အဲဒီလို မပြောရဘူးလေ၊ အဲဒါ ဆရာတော်ကြီး တွေကိုလျှောက်မှ လျှောက်ရတာ မမနွယ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ဒုက္ခပါပဲ၊ မှားတော်မူပါတယ်၊ မှားတော်မူပါတယ်၊ အဲဒါ မင်းကို တမင်ရွဲ့ပြီးပြောနေတာပေါ့၊ သိပြီလား...သိပြီလား"

"ဩော်..."

ဒီတော့မှ ညိုမောင်သဘောပေါက်၍ ခေါင်းကို ကုတ်ရင်း စပ်ဖြဲဖြဲ ဖြစ်သွားသည်။

"အင်း...တော်ပါသေးရဲ့ သိတော်မူပေလို့၊ ကဲ...ကိုယ်တော် ကျွန်မလည်း ပြောစရာကုန်ပြီ၊ ခေါင်းလည်း တော်တော်လေး နောက်သွားပြီ၊ အဲဒီတော့ မင်းအဆောင် မင်းသွားနားတော့၊ မင်းက နောက်ဆုံးရောက်တဲ့လူဆိုတော့ လွတ်နေတဲ့ ခုတင်ဟာမင်းအတွက်ပဲ၊ သွားတော့"

"ဟုတ်...ဟုတ်ကဲ့"

ညိုမောင် ဖျာလိပ်ကြီးထမ်းပြီး လှည့်ထွက်ခဲ့သည်။ စိတ်ထဲမှာ အခုမှ ပေါ့၍သွား၏။

"ဩော်...ဟော့...ဟော့...ညကျရင် မင်းနာမည်၊ အဖေနာမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနဲ့ ဓာတ်ပုံသုံးပုံ လာပေးထား၊ မင်းကို အဆောင်နေ စည်းစာရင်းတိုင်ရမှာ၊ ဓာတ်ပုံရိုက်ပြီးသားမရှိရင် သွားရိုက်ထား"

"ဟာ...ရှိပါတယ် ခင်ဗျ၊ ရှိပါတယ်၊ ကျွန်တော့်မှာ ဓာတ်ပုံရိုက်ပြီးသားတွေ အများကြီးပါလာပါတယ်"

"အေး...ဒါဆိုလည်း ပြီးရော"

လောကကြီးထဲမှာ ဒီလို အကြောင်းကြောင်း ငတိကလေးတွေလည်း ရှိနေပါသေးလားဆိုတာ ဒေါ်တင်တင်နွယ်ခေါ် မမနွယ် ကောင်းကောင်း သဘောပေါက်သွားလေသည်။

Ð Ð Ð





## အခန်း (၂)

ညိုမောင် ရွာမှာတုန်းက သူ့အကြိမ်ကြိမ် အိပ်မက် မက်ခဲ့ရသော အဆောင်ကလေးကိုဝင်ပြီး အခန်းကို ငေးနေမိသည်။

ခုတင်လေးခုရှိပြီး ခုတင်တစ်ခုနံဘေးတွင် သုံးပေခွဲအမြင့်ရှိသော သစ်သားခုံကလေးတွေတစ်ခုစီရှိသည်။ ကျန်ခုတင် ၃ ခုကတော့ အိပ်ရာခင်းတွေ၊ စောင်တွေ၊ ခေါင်းအုံးတွေ ခုတင်နံဘေးကစင်ကလေးပေါ်မှာလည်း နာရီတွေ၊ ရေခွက်တွေ၊ မှန်တွေ၊ ဘီးတွေ စသည့် တိုလီမိုလီ ပစ္စည်းကလေးတွေနှင့် ရှိနေကြသည်။ ညိုမောင့်ကိုစောင့်နေသော ခုတင်ကလေးတစ်လုံးသာ ဘာပစ္စည်းမှ မရှိ၊ ပကတိဟာလာဟင်းလင်းဖြစ်လျက် ရှိသည်။

ခုတင်ကလေးသည် သစ်ရိုင်းပကာသားဖြင့် ရိုက်ထားသော ခုတင်ကြမ်းကလေးတစ်လုံးသာဖြစ်ပါသည်။ ခုတင်ကလေးသည် သူ့ကို ရှက်ပြီး ခေါင်းကလေးကို ငုံ့ထားသော အပျိုမကလေးတစ်ယောက်နှင့် တူသည်ဟု ညိုမောင်ထင်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညိုမောင်သည် ခုတင်ကလေးကို တစ်ချက်ပြုံးပြရင်း ငြင်သာစွာဝင်ထိုင်လိုက်သည်။ ခုတင်ကလေးကိုကိုင်ကြည့်တော့ အေးစက်နေသည်။ နွေးထွေးသော ခံစားမှုကို မရသေး။ ကိစ္စမရှိပါ။ သူနှင့် ခုတင်ကလေးသည် မကြာခင် သူငယ်ချင်းဖြစ်သွားလိမ့်မည်ဟု ညိုမောင်သိနေပါသည်။

ခုတင်ကလေးပေါ်သို့ အမေပေးလိုက်သော ဖျာကိုခင်းသည်။ ပြီးတော့ အဘွားထည့်ပေးလိုက်သော ဂွမ်းစောင်ကိုခင်းသည်။ ပြီးတော့ ခေါင်းလေးထည့်ပေးလိုက်သော ခေါင်းအုံး၊ သူခြုံနေကျ အညာစောင်အနီကွက်ကလေး။

နံဘေးက စားပွဲကလေးပေါ်မှာတော့ ပရိတ်ကြီး ဆယ့်တစ်သုတ်၊ သူကျက်နေကျ အင်္ဂလိပ်စကားပြောစာအုပ်၊ ပြီးတော့ အလတ်စား အဘိဓာန်စာအုပ်၊ မှတ်စုစာအုပ် ဖောင်တိန်နှင့် ခဲတံတွေထည့်သည့် ကွန်ပါဘူးကလေး အားလုံးနေသားတကျပြင်ဆင်ပြီးတော့ သူ့ကျောပိုးအိတ်ကြီးကို ခုတင်အောက်သို့ သွင်းလိုက်ပြီး စိတ်ကို လျှော့ချရင်း သူပိုင်ခုတင်ကလေး ကို လှဲလိုက်တော့မှ သူဘယ်လောက်ပင်ပန်းနေသည်ဆိုတာကို သိရသည်။

ဒီနေ့သည် ရန်ကုန်မြေကို သူပထမဦးဆုံး ခြေစချသည့်နေ့ဖြစ်သည်။ သူ့အတွက် နောက်ဘက်ကို တစ်လှမ်းမှ ဆုတ်ခွင့်မရှိသော တားကုတ်ကျားခံနေရာကလေးတစ်နေရာလည်း ဖြစ်၏။ ဒီနေရာကလေးကနေ သူ့ကိုလွင့်စင်ထွက်သွားအောင်လုပ်မည့် စိန်ခေါ်မှုတွေ အများကြီးရှေ့မှာ ရှိနေမှာသေချာသည်။ ကြုံဆိုမည့်လက်ကတော့ ခုထိ မတွေ့ရသေး၊ တွေးချိပင်မရသေး။

သို့သော်...ဘယ်လို စိန်ခေါ်မှုမျိုးကိုပဲ ဖြစ်ဖြစ်၊ ဒီနေရာကလေးကနေ သူကြံ့ကြံ့ခံတော့မည်ဟု ညိုမောင် ရဲရင့်စွာ ဆုံးဖြတ်ချက်ချလိုက်သည်။





ထိုသို့ တွေးရင်းနှင့် နှစ်ရက်ဆက်တိုက် အိပ်ကောင်းခြင်း မအိပ်ခဲ့ရသော ညိုမောင်သည် အိပ်ကောင်းခြင်းထဲသို့ ရောက်သွားလေသည်။

အိပ်စက်ခြင်းဟူသော တွင်းနက်ကြီးထဲသို့ ညိုမောင့်၏ စိတ်အားအင် တစ်ခုလုံး အဆုံးအစမဲ့ နှစ်သက်စွာ မျောကျသွားလေသည်။

ဟက်ဟက်ပက်ပက် အားရပါးရ ရယ်သံကြီးကြောင့် ညိုမောင်အိပ်ရာမှ လန့်ပြီးနိုးလာသည်။ နိုးကာစက သူသည် သူ့အိမ်မှာ အိပ်နေသည်ဟုပဲ ထင်လိုက်မိသေး၏။နောက်တော့မှ သူ့ဦးနှောက်သည် ချက်ချင်းအလုပ်လုပ်လိုက်သည်။

ရန်ကုန်၊ အဆောင်၊ မမနွယ်စည်းကမ်းများ....

ဒါဆိုလျှင် အခုသူတွေ့နေရသော လူနှစ်ယောက်သည် သူနှင့် အတူနေရမည့် အခန်းဖော်တွေသာဖြစ်ရမည်။

“ဆောရီးဗျာ၊ ကျွန်တော်တို့ရယ်သံကြောင့် နိုးသွားတာထင်တယ်”

“ဟာ...မဟုတ်ပါဘူး၊ ရပါတယ်၊ ကျွန်တော်လည်း ရောက်လာတော့ ခရီးပန်းတာနဲ့ တုံးခနဲအိပ်ပျော်သွားတာ၊ အခုနိုးတာ နိုးချင်လို့ပါ။ Battery ပြည့်သွားတဲ့ သဘောပေါ့ဗျာ၊ ကျွန်တော့် Battery က မပြည့်သေးရင် ရယ်သံ မပြောနဲ့ ဆင်အော်သံတောင် မနိုးဘူး”

သူတို့သုံးယောက် ရယ်ဖြစ်လိုက်ကြသည်။

“ကျွန်တော်က ဇော်သစ်နိုင်ပါ၊ ကိုဇော်လေးလို့ ခေါ်ကြတယ်၊ ဒီကောင်က မိုးမြတ်ဝင်း ကိုမိုးပေါ့”

အသီးသီး ကမ်းပေးလာသောလက်တွေကို ညိုမောင်လိုက်ဆွဲနှုတ်ဆက်ပြီးတော့ မိတ်ဆက်ရသည်။

“ကျွန်တော်က ညိုမောင်ပါ၊ ရွှေဘိုဘက်ကပါ”



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဘို မြို့ပေါ်ကလား"

"အာ...မဟုတ်ဘူးခင်ဗျ၊ ရွှေဘိုမြို့ကနေ ကျွန်တော်တို့ရွာကို တစ်ရက်သွားရသေးတယ်၊ လမ်းက နေ့ဝက်လောက်အထိပဲ လှည်းလမ်း ပေါက်တယ်၊ ကျန်တာ ကုန်ကြောင်းပဲ"

"အား...တော်ပြီ တော်ပြီ ဟက်စကီးတစ်စင်းလောက် ဝယ်နိုင်မှပဲ လိုက်လည်တော့မယ်"

သူတို့သုံးယောက်ရယ်ဖြစ်ကြပြန်သည်။

"ခင်ဗျားက ကျွန်တော့်အတွက်တော့ Lucky man ပဲ၊ ကျွန်တော် က ကားပွဲစားပါ၊ ဒီငဖွတ်တွေနဲ့နေရတာ ဒီတစ်လလုံး တစ်ခါမှအလုပ် မဖြစ်ဘူး၊ ကဲ...အခု ခင်ဗျားရောက်လာတော့မှပဲ ဒီနေ့ ကျွန်တော် လေးပုံးလောက်ရလာတယ်၊ ပြီးရင် ဆိုင်သွားမယ်ကွာ"

"ဟာ...တိုးလွင်ကြီးကို မစောင့်တော့ဘူးလား"

"ဟော့ကောင် ကိုမိုး၊ ငါပြောကတည်းက ပြီးရင်ဆိုတဲစကား ပါတယ်နော်၊ ဟိုငတိ company က ပြန်လာမှပေါ့ကွ"

ပြောစရာစကားကုန်သွားသဖြင့် ညိုမောင်က သူ့ခုတင်ကလေး ပေါ်မှာ ထိုင်သည်။ ကိုမိုးနှင့် ကိုဇော်ကလည်း သူတို့ရပ်နေကြသည့် ခုတင်ကလေးပေါ်မှာ ထိုင်သည်။

"အခု မကြာခင်လာတော့မယ့်ကောင်က ကျော်မြင့်ဦးတဲ့၊ ကိုကျော် ပေါ့ဗျာ၊ ဒီခုတင်က သူ့ခုတင်လေ၊ ခင်ဗျားနဲ့ သူခုတင်ဘေးချင်းကပ်လျက် နေရမှာ"

"ဩော်...ကောင်းပါတယ်"

"ဒါနဲ့ ကိုညို အဘွားကြီးနဲ့ တွေ့ပြီးပြီလား"





"အဘွားကြီး...ဟင့်အင်း၊ ဘယ်အဘွားကြီးနဲ့မှ မတွေ့ရသေးဘူး"

"မဖြစ်နိုင်ဘူး၊ အဲဒီအဘွားကြီးနဲ့မတွေ့ဘဲနဲ့ ခင်ဗျားဒီအဆောင် ထဲကို ဘယ်နည်းနဲ့မှ မရောက်နိုင်ဘူး"

ကိုညို သေသေချာချာစဉ်းစားသည်။ ဒီခြံထဲမှာ အဘွားကြီး တစ်ယောက်ထပ်ရှိနေနိုင်သေးသည်။

"ကျွန်တော့်ကို ဒီအဆောင်ထဲကိုတော့ မမနွယ်ဆိုတဲ့ အစ်မတစ် ယောက်က လိုက်ပို့တာပဲ၊ အဲဒီအဘွားကြီးရဲ့သမီးလား မသိဘူး"

ကိုညို့စကားဆုံးသည်နှင့် ကိုမိုးနှင့် ကိုဇော်တို့က အားရပါးရ ရယ်၍ လက်ဝါးများကို အထက်အောက်ရိုက်ပြီး ပုတ်လိုက်ကြသည်။

"ငါတို့ပြောတဲ့ အဘွားကြီးဆိုတာ အဲဒီ မမနွယ်ကိုပဲ ပြောတာပေါ့ ကွ"

"ဟာ...သွားမလုပ်နဲ့နော်၊ အန်တီလို့ခေါ်တာတောင်မှ သူက ကြိုက်တာမဟုတ်ဘူးဗျ"

"အေး...ရှေ့ကျရင်တော့ မမနွယ်ပေါ့ကွာ၊ ကွယ်ရာမှာ ငါတို့က သူ့ကိုအဘွားကြီးလို့ပဲ ခေါ်တယ်"

ညိုမောင်သဘောတူပြီး ခေါင်းကိုညိတ်သည်။

ညိုမောင်ရသည့် သူငယ်ချင်းတွေက ခင်စရာ ပျော်စရာကောင်းနေ သဖြင့် ညိုမောင့်စိတ်ထဲမှာ ဘာအလုံးကြီးမှမရှိတော့၊ ဒါပေမယ့် တစ်ခုခု တော့ လိုနေသလိုထင်ရသည်။ ညိုမောင် ခဏစဉ်းစားသည်။

"ဟုတ်ပြီ၊ ကျွန်တော် ရေချိုးချင်တာ"

ညိုမောင် ရုတ်တရက် ထအော်သဖြင့် ကိုဇော်နှင့် ကိုမိုးတင် လန့်၍သွား၏။ ဟုတ်သည်။ သူရေမချိုးရတာ နှစ်ရက်ကျော်ခဲ့ပြီမဟုတ် လား။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအဆောင်လေးနောက်ဘက်မှာ ရေချိုးကန်ရှိတယ်၊ မင်းမှာ ရေခွက်နဲ့ ဆပ်ပြာပါလား"

"အာ..."

ညိုမောင် ခေါင်းကိုကုတ်သည်။ မပါ။သူအရေးအကြီးဆုံးပစ္စည်းကိုမှ မေ့ကျန်လာခဲ့သည်။ လမ်းမှာဝယ်ဖို့ကိုလည်း မစဉ်းစားမိခဲ့။

"ကဲ...ကဲ ဒါဆိုလည်း ငါ့ရေခွက်နဲ့ ဆပ်ပြာခွက်ပဲယူသွားတော့၊ ဟောဟိုမှာ အပြာရောင်ကလေး...ဇော်...လို့ အင်္ဂလိပ်လိုရေးထားတယ်၊ ဆပ်ပြာခွက်လည်း အဲဒီထဲမှာရှိတယ်"

"ကျေးဇူးပဲ......ကိုဇော်ရာ"

ညိုမောင် ရေခွက်ကိုယူပြီး အိမ်ပေါ်မှဆင်းခဲ့ပြီး အုတ်ကန်ကိုရှာရသည်။ တွေ့တော့ ရေညှိတွေက အုတ်ကန်တစ်ခုလုံးကို စိမ်းစိမ်းထ၍ နေသည်။ လူတစ်ယောက်စာ သွားလမ်းကလေးကလွဲ၍ ကျန်နေရာတွေမှာ မြက်ရိုင်းပင်ကြီးတွေက ဟီးဟီးထနေသည်။

ညိုမောင်...ခေါင်းကိုခါလိုက်သည်။

ပြီးတော့ အဆောင်ထဲပြန်ဝင်လာခဲ့သည်။ ပြီးတော့ ပိုက်ဆံအိတ်ကိုယူ၍ ပြန်ထွက်သွား၏။

"ဒီကောင်က မင်းပစ္စည်းကို သုံးချင်ပုံမရဘူးနဲ့တူတယ်ကွ"

"ဒီကောင့်ပုံကြည့်ရတာ ဒီလိုတော့ ဟုတ်မယ်မထင်ပါဘူး၊ သတိရတုန်း ဝယ်ထားလိုက်မယ်ဆိုတဲ့ သဘောမျိုးနေမှာပါ"

ကိုဇော်က အေးအေးဆေးဆေးပင်ပြောသည်။ ကိုဇော် ဒီနေ့ အရာရာကိုသည်းခံနေနိုင်သည်။ ခွင့်လွှတ်ပေးနိုင်သည်။ မနက်က သူ့ဆီက အကျီအကောင်းစားကိုမှ ရွေးပြီးငှားဝတ်သွားသော တိုးလွင်ကြီးကိုပင်





ခွင့်လွှတ်နေမိသည်။ ကိုတိုးတို့ Company က ဝတ်စုံပေးသော်လည်း Company မှအပြန် သူ့ကောင်မလေးနှင့် လျှောက်လည်ရန်အတွက် ငှားသွားခြင်းဖြစ်သည်။

ကိုဇော် စိတ်သဘောထားကြီးမှာပေါ့။ ဒီနေ့ ဘာမှမဟုတ်ဘဲ လေပေးဖြောင့်ရုံကလေးနှင့် ငွေငါးသိန်းလောက်ရလိုက်တာကိုး။ ဒီတော့ ကိုဇော်အတွက် လောကကြီးသည် အားလုံးလှပ၍နေလေသည်။

မမနွယ် အိပ်ရာကနိုးတော့ ဘလက်ကော်ဖီတစ်ခွက်ဖျော်သောက်သည်။

နေ့လယ်အိပ်ရာကအထ လေးလံထိုင်းမှိုင်းနေတာတွေ နည်းနည်းတော့ လျော့သွား၏။ ပြီးတော့ ဘာရယ်မဟုတ်၊ အဆောင်ရှိရာပြတင်းပေါက်သို့ မမနွယ်ထွက်ခဲ့သည်။ အရင်ကဆိုလျှင် မမနွယ်သည် ထိုပြတင်းပေါက်သို့သွားလေ့မရှိပါ။ ထိုပြတင်းပေါက်ကို အမြဲတမ်းပိတ်ထားလေ့ရှိ၏။ သူ့နှမ ထားထားနွယ်နှင့် အိမ်ဖော်မကလေး မိသန်းပင် ထိုပြတင်းပေါက်နားသို့မကပ်ရ။ အခုတော့ ဘာရယ်မဟုတ် အဆောင်သားအသစ်ရောက်သဖြင့် ဘာများထူးဆန်းနေမလဲဆိုကာ ပြတင်းပေါက်ကိုဖွင့်၍ ကြည့်လိုက်သည့်အခါ မမနွယ် မျက်လုံးပြူး၍သွားလေသည်။

ညိုမောင်...။

ရေညှိတွေတက်ချင်တိုင်းတက်ပြီး စိမ်းနေသော အုတ်ကန်ကြီးကို သံဘရပ်စ်ဖြင့် ကုံး၍တစ်မျိုး၊ ထ၍တစ်ဖုံ၊ ငုတ်တုတ်တစ်ပုံစံတိုက်၍နေသည်။ ရေကန်ပတ်လည်မှာပေါက်နေသော မြက်ပင်ရှည်ကြီးတွေကိုလည်း ပေါက်တူးဖြင့် ပေါက်ထားပြီးဖြစ်သဖြင့် ရှင်း၍နေသည်။ မမနွယ် ဘက်ကမြင်နေရသော ရေကန်၏ မျက်နှာပြင်နှစ်ဖက်စလုံးမှာ ဘာရေညှိ



www.burmeseclassic.com

www.burmeseclassic.com



မှ မရှိတော့။ ဖြူဖွေးကာ အင်္ကေတသားဖြင့် သန့်စင်၍နေသည်။ ညိုမောင်သည် ရေကန်၏ နောက်ဆုံးဘက်မျက်နှာပြင်ကို သံဘရပ်စ်ဖြင့် အားသွန်ခွန်စိုက် တိုက်၍နေသည်။

မမနွယ် ဒေါသအရမ်းထွက်သွားသည်။

ဒါ.....ဟိုကောင်တွေပဲ ဖြစ်ရမယ်။ အဆောင်ကျောင်းသားသစ်ရောက်တယ်ဆိုပြီး တမင်ပညာပေးတာပဲ ဖြစ်ရမယ်။ တွေ့ကြသေးတာပေါ့။

"ဒီမယ်...မင်းတို့ အဲဒါမျိုးဗိုလ်ကျတာ ကောင်းသလားကွ"

"ခင်ဗျာ..."

ကိုမိုးစာအုပ်ဖတ်ရင်းက ကြောင်၍သွားသည်။ မမနွယ် ဒေါသကမျက်နှာတစ်ခုလုံးနီရဲနေအောင်ကို ထင်ထင်ရှားရှားကြီးရှိ၍နေသည်။ ကိုဇော်ကတော့ သူ့နားထဲတွင်ထည့်ထားသည့် MP3 စီဒီပလေယာကလေးနှင့်မို့ မမနွယ်၏အသံကို မကြား။ လက်ဖျောက်ကလေးတီးကာ တီးကာဖြင့် ခေါင်းကလေးကို ညိတ်ရင်း ညိတ်ရင်းကနေသည်။

မမနွယ်သည် ကိုဇော်အနားသို့သွားကာ နားထဲမှ earphone ကို ဆွဲဖြုတ်ပစ်လိုက်သည်။

"သွား...မင်းတို့ပါသွားဝိုင်းလုပ်"

"ခင်ဗျာ ..."

"ဘာ အခုမှ ဘာခင်ဗျာ...ဘာခင်ဗျာ လုပ်နေတာလဲ၊ ငါကလည်း အဲဒီလိုဗိုလ်ကျတာမျိုးဆို သိပ်မုန်းသိရဲ့လား၊ မောင်ဇော်ရဲ့၊ မင်းလည်း နေစရာမရှိလို့နေတဲ့လူ၊ သူလည်းနေစရာမရှိလို့နေတဲ့လူ၊ ဘဝတူချင်း မင်းတို့ဗိုလ်မကျချင်ပါနဲ့ကွ၊ သွား...မင်းတို့ပါ ဝိုင်းလုပ်...ဒါပဲ"

ကိုဇော်နှင့် ကိုမိုး တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ဘာလုပ်ရမှန်းမသိဖြစ်နေကြသည်။





"သွား....ဝိုင်းလုပ်လို့ပြောနေတာ မကြားဘူးလား"

"ကျွန်တော်တို့ မမနွယ်ပြောနေ၊ ဆူနေတာတွေကို ဘာမှ နားမလည်ဘူး မမနွယ်၊ ဘာကိုသွားလုပ်ရမှာလဲ"

"အောင်မာ...မင်းတို့ ဒီနေ့မှ အသစ်ရောက်တဲ့ ကောင်လေးကို ပညာပေးပြီး ရေကန်ဆေးခိုင်းထားတယ်မဟုတ်လား"

"ခင်ဗျား"

ညိုမောင့်ဆီရောက်သွားကြတော့ ညိုမောင်လည်း အံ့ဩ၍နေသည်။

"မဟုတ်ဘူး အန်တီ၊ အဲ...မမနွယ်၊ ကျွန်တော့်ဘာသာ ကျွန်တော်တိုက်တာပါ၊ ကျွန်တော့်ကို သူတို့ကမခိုင်းပါဘူး၊ ရေချိုးဖို့လာတော့ ရေကန်က တော်တော်ကြီးကို အခြေအနေဆိုးနေတာနဲ့..."

"အေးပေါ့...အေးပေါ့၊ ငါနားလည်ပြီ၊ မင်းက လူလိုသိတတ်တာကိုး၊ ဒီမှာရှိတဲ့ကောင်တွေကတော့ ရေကန်ဒွတ်တက်ရုံမကလို့ ရေကန်ကြီးပြိုကျသွားလည်း ကျန်တဲ့နေရာမှာရှိတဲ့ ရေကိုချိုးမှာပဲ၊ အဆောင်ကိုပိုက်ဆံပေးပြီးနေတာ ကိုယ့်အိမ်မဟုတ်ဘူးဆိုတဲ့ စိတ်တွေနဲ့နေကြတဲ့ ကောင်တွေလေ...သွား...ဝိုင်းလုပ်ပေးလိုက်"

"ဟာ...ပြီးပြီ မမနွယ် ရေကန်ထဲက ရေတွေဖောက်ချဖို့ပဲ ကျန်တော့တာ၊ ဘာမှမလိုတော့ဘူး၊ ရပြီ...မမနွယ်...ရပြီ"

မမနွယ်က ဖင်ကုတ်ခေါင်းကုတ်လုပ်နေကြသော ကိုဇော်တို့ဘက်သို့ လှည့်ကာ...

"ဝမ်းသာသွားကြတယ် မဟုတ်လား"

"မဟုတ်ပါဘူး ဝမ်းမသာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေး…တကယ်ဝမ်းမသာရအောင် အဆောင်ခေါင်မိုးပေါ်မှာရှိတဲ့ ပိုးမျှင်တွေသွားရှင်း၊ ညကို မမလာကြည့်မယ်၊ ဟိုကောင်လည်း တော်တော့ ချီးမွမ်းတိုင်း စွတ်လုပ်ပြမနေနဲ့၊ ဒီနေ့မှ ခရီးဝေးကရောက်တာ နားဖို့လို တယ်၊ တော်ရုံဆိုတော်ပြီ"

"ကန်အောက်ခြေမှာ နွံတွေနဲ့ သဲတွေရော၊ သစ်ရွက်ဆွေးအမှိုက် တွေရော အများကြီး မမန္တယ်ရဲ့၊ အဲဒါလေးတွေသန့်ပြီးသွားရင် ပြီးပါပြီ၊ ပြီးတော့ နေ့ခင်းက ကျွန်တော် တရေးအိပ်ထားပါသေးတယ်"

"အင်း…မင်းကတော့ကွာ"

"ရေဖွင့်ရင် ဘယ်ကဖွင့်ရလဲဟင် မမန္တယ်"

"ဟို အိမ်နံရံမှာ အမိုးကလေးအုပ်ပေးထားတာတွေ့လား၊ အေး အဲဒါ မော်တာဖွင့်တဲ့ခလုတ်ပဲ"

Ð Ð Ð

"သူက ဘယ်ယောကျ်ားယူတော့မလဲကွ၊ ငါတို့ကို သူ့သားတွေ ပြောသလို ပြောချင်တိုင်း ပြောလို့ရနေတာကိုး"

"ဒါကိုတော့သွားအပြစ်မတင်နဲ့လေကွာ၊ ဒီလောက် အဆောင်လခ နဲ့ ဒီလိုအိမ်မျိုး၊ ဒီလိုအကျယ်အဝန်းမျိုးကို ဒီနားမှာ ဘယ်အဆောင်ရှိ သလဲ၊ ဝင်းအောင်တို့အဆောင်ကိုသွားကြည့်စမ်း။ ခုတင်မပါဘူး။အလျား လိုက်ကြမ်းပြင်မှာတန်းစီအိပ်ရတာ ကိုယ့်ပစ္စည်း ကိုယ့်ဘေးနားထား၊ ကိုယ့် သေတ္တာ ကိုယ့်ခြေရင်းထားပြီး အိပ်ရတာ၊ အိမ်သာ ဆိုလည်းကြည့်ဦး၊ စုတ်ပြတ်နေတာ၊ ဒီမှာက ဗိုလ်ထိုင်နဲ့…ကဲ…"

"ဟုတ်ပါတယ် ကိုဇော်ရာ၊ ငါက အခိုင်းသာခံလိုက်ချင်တယ်၊ နားပူတဲ့ဒဏ်ကို မခံနိုင်တာ၊ မင်းကလည်းရှည်ပြီး ဒီရေကန်ကို သွားဆေး





တယ်၊ ဆေးချင်ရင်လည်း ငါတို့ကိုပြောမှပေါ့"

"ကျွန်တော်လည်း ဒီနေ့မှတွေ့တဲ့လူတွေဆိုတော့ အားနာပြီး မခေါ်တာပါ၊ ပြီးတော့ ဒီလောက်လုပ်ရတာ ကျွန်တော့်အတွက် မပင်ပန်း ပါဘူး"

"အေးပေါ့ကွာ၊ မင်း ငါတို့အပေါ်ထားတဲ့ စေတနာက မမန္တယ် အတွက်တော့ ငါတို့အပေါ် ဝေဒနာဖြစ်သွားတာပေါ့ ဟုတ်လား"

ကိုမိုးက နောက်တာလား၊ အတည်ပြောတာလား မကွဲပြားသော အိုက်တင်ဖြင့် ဝင်ပြော၏။

"ဟား…စေတနာတွေ ဝေဒနာတွေနဲ့ ဘာတွေဖြစ်နေကြတာတုံး"

"ဟာ…တိုးလွင်…အေးပေါ့ကွာ မင်းကံကောင်းသွားတာပေါ့၊ နေစမ်းပါဦး၊ မင်းက ဘာဖြစ်လို့ ဒီနေ့ကျမှနောက်ကျနေရတာလဲ"

"မပြောချင်ပါဘူးကွာ၊ အိုဗာတိုင်တဲ့ ရှိုးက"

"အေး…မင်းအိုဗာတိုင်က ပိုက်ဆံရသေးတယ်၊ ငါတို့အိုဗာတိုင်က ပိုက်ဆံမရဘဲ အဆူပဲခံရတာကွ"

"မင်းပြောတာ ငါနားမလည်ဘူး"

ကိုဇော်ကပင် ညိုမောင်နှင့် တိုးလွင်ကို မိတ်ဆက်ပေးသည်။ ပြီးတော့ အုတ်ရေကန်အကြောင်းပြောတော့ တိုးလွင်က အားရ ပါးရကြီးကို ရယ်လေသည်။

"အပျိုကြီးတွေဆိုတာ ဒီလိုပဲလေကွာ၊ သူတို့မှာက တစ်နေ့တစ်နေ့ လုပ်စရာဘာမှမရှိတာ၊ မမန္တယ်က ပြည့်စုံတော့ ပိုဆိုးတာပေါ့၊ သူဆိုင် သွားရတဲ့ နေ့ကလေးပဲ တို့အဆူလွတ်တာ၊ မင်းလည်း သတိထားနေ ညိုမောင်ရေ၊ မနက်ဖက် သားသားနဲ့ ညဘက်ကျတော့ ဟောကောင်လာစမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်ဖြစ်သွားတာ"

"ဟော့ကောင် ကိုဇော် မင်းရဲ့ဝေသန္တရာအစီအစဉ်ကလေး ပျက်သွားပြီးလား"

"အဆောင်သန့်ရှင်းရေးလုပ်ရရုံလောက်နဲ့တော့ ငါ့ရဲ့ သဒ္ဓါတရားမိုးတိမ်ဟာ အဝေးလွင့်မသွားနိုင်ပါဘူးကွာ၊ မင်းတို့အပေါ် တိတိကျကျကို ရွာသွန်းမှာပါ"

"တော်တော်ပေါ်တာပဲ၊ ဒါကြောင့်လည်း မင်းရေးတဲ့ကဗျာတွေ တစ်ပုဒ်မှ မပါတာ"

ကိုတိုးစကားကြောင့် အားလုံးဝိုင်းရယ်လိုက်ကြသည်။

ဝ ဝ ဝ

"အခုသွားကြတော့မှာလား"

"အေးလေ ကိုတိုးကြီး ရေချိုးပြီးရင် သွားကြတာပေါ့"

"ကျွန်တော့်ကို ဧည့်စာရင်းဖောင်ဖြည့်ဖို့နဲ့ ဓာတ်ပုံ ၃ ပုံ တောင်းထားတာရှိတယ် ကိုဇော်"

"ဧည့်စာရင်းဖောင်က ငါတို့ဆီမှာ အပိုတွေအများကြီးရှိတယ်၊ တစ်စောင်ယူပြီးဖြည့်ပြီးရင် ဓာတ်ပုံ ၃ ပုံနဲ့ သွားပေးလိုက်ပေါ့ကွာ"

"ဟုတ်ကဲ့...ကိုဇော်"

စားသောက်ဆိုင်ကိုရောက်တော့ မီနူးကတ်ကိုကြည့်ကာ ကိုဇော်မှာသည့် အစားအစာတွေက ကြောက်စရာပင်ကောင်းနေသည်။

"ဘဲကင် အကောင်နုနုနော် တစ်ခြမ်း၊ ဝက်နံရိုးကြော်တစ်ပွဲ၊ ပြီးတော့ ငါးကြင်းမြီးကြော်တစ်ပွဲ၊ ရှော့ခြောက်စပ်၊ ပြီးတော့ ဘဲခြေ





ထောက်သုပ်ရယ်...ဟို..."

"ကိုဇော် တော်ပြီကွာ၊ မင်းမှာတာတွေသိပ်များနေပြီ"

"မင်းတို့ကလည်းကွာ၊တစ်ခါတစ်လေစားရတဲ့ဟာကို"

"လေ .... လေကွာ အခုဟာကတော်တော်များနေပြီ ထပ်မမှာနဲ့တော့"

"ကဲ...ဒါဆိုရင်လည်း ဘီယာက တစ်ဂျားအရင်ချကွာ၊ နေဦး၊ ငါးမုန့်ကြော်က မြန်တယ်မဟုတ်လား၊ ငါးမုန့်ကြော်နဲ့ ဘီယာအရင်လုပ်ကွာ၊ငါမှာတာတွေထဲက ငါးရှဥ့်ခြောက်စပ်နဲ့ ဘဲခြေထောက်သုပ်ကို အရင်လုပ်"

ဘီယာဂျားရောက်လာတော့ ကိုဇော်က ဦးဆောင်၍ ဘီယာတွေကိုထည့်ပြီး သူငယ်ချင်းတွေအားလုံးရှေ့တွင်ချပေးသည်။ ညိုမောင့်ရှေ့ကိုရောက်တော့ ညိုမောင်လန့်သွားသည်။

"ဟာ...ကိုဇော် ကျွန်တော် မသောက်တတ်ဘူး ကိုဇော်၊မလုပ်ပါနဲ့"

"အေး...ငါကလည်း မင်းကို အဲဒီလိုမလုပ်ပါနဲ့လို့ပဲ ပြောရလိမ့်မယ်၊ ဒါ ငါ့ဝင်ငွေတွေ့ပြီးလျှံလို့ ထောလို့ တိုက်နိုင်တာနော်၊ ပြီးတော့ မင်းငါတို့အဆောင်ကို စရောက်တဲ့အထိမ်းအမှတ်ဂုဏ်ပြုပွဲကလေးဆိုရင် လည်း ရတာပေါ့ကွာ၊ လုပ်စမ်းပါ"

ညိုမောင် တော်တော်အခက်တွေ့သွားသည်။

သူက ဘုန်းကြီးကျောင်းမှာနေရသူမို့ ဘီယာဆိုတာကို လုံးဝမသောက်ဘူးပါ။ ပြီးတော့ ဆရာတော်ဘုရားထံ နေ့စဉ် ငါးပါးသီလမြဲပါမည်ဟူသော ဝန်ခံကတိကလည်းရှိထားသေးသည် မဟုတ်လား။

"မရလို့ပါ ကိုဇော်ရာ၊ ကျွန်တော်က ဆရာတော့်ကို ငါးပါးသီလ



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်မြဲပါမယ်လို့ ဝန်ခံကတိပေးထားခဲ့ရတာ၊ အင်း...မနက်ကတောင် မမနွယ်ကြောင့် မုသာဝါဒကံတစ်ကံတော့ ကျိုးသွားသေးတယ်"

"မမနွယ်ကြောင့် လုပ်စမ်းပါဦးဟ ဘယ်လိုဖြစ်တာလဲ"

ဒီတော့ ညိုမောင်က....

"ငါကလွဲပြီး ဒီခြံထဲကို ဘယ်မိန်းမမှ မဝင်ရဘူး" ဆိုသည့် စကားကို ကိစ္စကို ပြန်ပြောပြတော့ ကိုဇော်တို့အားလုံး ဝိုင်းရယ်ကြသည်။

"ဒါကတော့ လိမ်တယ်မခေါ်ပါဘူးကွာ၊ ပရိယာယ်ခေါ်ကာပေါ့"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ဒါလိမ်တာ၊ မုသားပြောတာပေါ့ဟ၊ ကိုယ့်စိတ်ထဲမှာကြံမိတဲ့ မနောကံအတိုင်း ဝစီကံက မလိုက်ရင် လိမ်တာပဲ"

"မင်း....ငါးပါးသီလမှာ တစ်ပါးကျိုးပြီ မောင်ညို"

"ညိုမောင်ပါကွာ၊ မင်းက မသောက်ရသေးဘူး မူးနေပြီလား"

"မမူးပါဘူးကွ၊ ဒီကောင့်ကို ငါက မောင်ညိုပဲ ခေါ်ချင်တာ၊ ညိုမောင်ဆိုတာကြီးက တောင့်တယ်ကွ၊ အဲဒီတော့ တစ်ပါးကျိုးပြီးသား အတူတူ နောက်ထပ်တစ်ပါးထပ်ကျိုးလို့ မထူးတော့ပြီမို့...ကဲ...မောင်ညို၊ မင်းဘီယာတစ်ခွက်ကိုင်ပြီး လေထဲကို မြှောက်လိုက်ပါ"

ကိုဇော်က သူ့ခွက်ကိုကိုင်ပြီး လေထဲသို့ မြှောက်ထားလိုက်သည်။

"ဟုတ်တယ်ကွာ၊ မင်းနဲ့ ငါတို့လည်း သူငယ်ချင်းစဖြစ်တဲ့ အထိမ်းအမှတ်ပေါ့"

တစ်ချိန်လုံးစကားတစ်ခွန်းမှ ဝင်မပြောဘဲ ငြိမ်နေသော ကိုတိုးက လည်း ပြောသည်။ သူ့အတွက်ပွဲဟုဆိုလာသဖြင့် ငြင်းရမှာ ညိုမောင် အားနာနေမိသည်။ တစ်ပါးလည်း ကျိုးပြီးပြီ၊ ဒီတော့...

ဖန်ခွက်တွေအားလုံး လေထဲသို့မြှောက်တက်သွားကြသည်။





"မောင်ညိုပျော်ရွှင်နိုင်ပါစေ"

"မောင်ဇော် ဗွင်ကြီးကြီးမိပါစေ"

"အားလုံးလိုရာဆန္ဒတွေ ပြည့်ကြပါစေ"

"ချီးယားစ်..."

ညိုမောင် ဘီယာကို ခပ်လန့်လန့်ဖြင့် တစ်ငုံစငုံလိုက်သည်။ ရန့်သင်းသင်းကလေးနှင့်လည်ချောင်းထဲအေးကာသွား၏။ငါးမုန့်ကြော်တစ်ခု ကောက်ယူစားသည်။ မူးများမူးတော့မလားဟု စိတ်ထဲမှာ လန့်၍နေသည်။ ကျန်တဲ့သုံးယောက်စလုံးကတော့ ဖန်ခွက်တစ်ဝက်ကျိုးသွားကြပြီဖြစ်၏။

ငါးမိနစ်လောက်အထိ ဘာမှမဖြစ်တော့။ နောက်ထပ်တစ်ငုံ ငုံကြည့်သည်။ ရန့်သင်းသင်းကလေးနှင့် ရင်ထဲအေး၍သွားပြန်၏။ ငါးမုန့် ကြော်ယူစားသည်။

"အမှန်က ဒီဗွင်ကို ငါဖန်တာမဟုတ်ဘူးကွ၊ ဗွင်က ငါ့ဆီ ရောက်လာတာ၊ တောက တောသား၊ အူတွေပါကွာ၊ ငါကလည်း –"

"ဟေ့ကောင် မောင်ဇော်"

ကိုးလွင်က အသံမာမာနှင့် ဝင်ဟန့်ပြီး သူ့ဘက်ကိုမေးငေါ့၍ ပြသည်။

"ဟာ...ဆောရီးကွာ၊ ငါဆိုလိုတာက တောသား အူဆိုတာက ဒီလိုကွာ၊ တောသားနှစ်မျိုးရှိတယ်ကွ၊ ပထမတစ်မျိုးက သူမသိ သူမတတ် ဘာကို အမှန်အတိုင်း ရိုးရိုးသားသား ပြောတယ်ကွာ၊ အကူအညီတောင်း တယ်၊ တိုင်ပင်တယ်၊ အဲ...ဒုတိယတစ်မျိုးကျတော့ မသိလည်း မသိဘူး၊ သူ့ကိုယ်သူ သိနေတဲ့ပုံစံလည်းပြသေးတယ်ကွ၊ မင်းတို့ ရန်ကုန်သားတွေ လည်တယ်ဆိုတာ ငါတို့က သိပ်သိဆိုတဲ့ပုံစံမျိုး၊ ငါတို့ကို လာမနုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါတို့က အကုန်သိတယ်ဆိုတဲ့ပုံစံမျိုးချိုးတာကွ၊ ငါ ဒီနေ့တွေ့ခဲ့တာက အဲဒီပုံစံမျိုး"

"ပြောပါ ကိုဇော်ရာ၊ ကျွန်တော်နားလည်ပါတယ်၊ ရိုးသားတယ် မရိုးသားဘူးဆိုတာက တောနဲ့မြို့နဲ့ မဆိုင်ပါဘူး၊ ကိုယ်ကျင့်တရားနဲ့ပဲ ဆိုင်တာ၊ ကျွန်တော်နားလည်ပါတယ်"

"အဲဒါကွာ သူတို့က ဆရာကြီးစတိုင်မျိုးနဲ့ ချိုထောင်တစ်စီးကို ဆွဲချင်တယ်ဆိုပြီး ငါ့ကိုလာပြောတာ၊ အဲဒီကောင်က တစ်လစာပဲ ပြင်ထားတဲ့ကောင်ကွ၊ အမြင်လှအောင်တော့ ဖန်ထားတာပေါ့လေ၊ ငါက တခြားကားပြလေ၊ သူတို့က ဒါကိုပဲ မက်လေဖြစ်နေတော့ ကြားထဲက ငါခြောက်ပုံးလောက်ဖြတ်ရိုက်လိုက်တာပေါ့ကွာ၊ ဒါပါပဲ၊ ကဲ...နောက်တစ်ကျားပေါ့"

ကိုဇော်အော်သံကြားတော့မှ ညိုမောင်ငုံ့ကြည့်မိသည်။ သူ့ခွက်ထဲမှာ ဘီယာတစ်စက်မျှမရှိတော့။ ဘီယာမတ်ခွက်ကိုင်းကြီးကိုလက်က ကိုင်လျက်ကြီး သူလန့်သွားပြီး မူးနေပြီလားဟု သတိထားတော့ ဘာမှ မဖြစ် အရာရာက ပို၍ ကြည်လင်ပြတ်သားကာ တောက်ပ၍ပင်နေသေးသည်။ ဘီယာဟာ သူတို့ပြောတဲ့အတိုင်း သိပ်မမူးဆိုတာကို ညိုမောင် ယုံသွား၏။ နောက်ထပ် ဘီယာတစ်ဂျားရောက်လာသည်။

အမြည်းတွေလည်းအစုံရပြီ။

ကိုဇော်ကိုယ်တိုင်ကလည်း ဘီယာတွေထပ်ငှဲ့ပေးနေပြီ။

"မောင်ဇော်...ငါဒီတစ်ခွက်ပြီးရင် တော်ပြီကွာ၊ မနက် ငါအလုပ်စောစောဆင်းရမှာမို့လို့"

"တော်စမ်းပါကွာ၊ မင်းကုမ္ပဏီက ဘယ်တုန်းက စောစော





လာမခိုင်းတာ ရှိဘူးလို့လဲ၊ နောက်ပြီး ဘီယာဆိုတာက မူးအောင်သောက်ပြီး အိပ်မှ၊ မနက်ဆိုကြည်ကြည်လင်လင်နိုးတာ၊ ဟိုမရောက်၊ ဒီမရောက်ဆို မျက်စိတွေကြောင်ပြီး ခေါင်းတွေကိုက်ကုန်ရော၊ အဲဒီတော့ ချသာချ၊ အဆောင်ရောက်ရင် တစ်ခါတည်းသာ ထိုးအိပ်လိုက်တော့ ဒါပဲ"

"အေး မထူးတော့ပါဘူးကွာ၊ ငါ့နာရီနိုးစက်ကကောင်းပါတယ်"

"ကိုတိုးက ဘယ်ကုမ္ပဏီမှာလုပ်တာလဲ"

"Solo ကုမ္ပဏီမှာ"

"ဗျာ...Solo ကုမ္ပဏီ ဟုတ်လား"

"ဘာဖြစ်သွားတာတုံး မောင်ညို့ရ"

"ဒါ...ဒါဆို အဲဒီ Solo ကုမ္ပဏီမှာ ဦးငွေဝေဆိုတဲ့ ဦးလေးကို သိလား"

"နေဦး...ဦးငွေဝေ...ဦးငွေဝေ...ဩော်... ကုမ္ပဏီက ကားမောင်းတဲ့ ဦးငွေဝေလား"

"ဟာ...ဟုတ်တယ်....ကိုတိုး ဟုတ်တယ်၊ ကျွန်တော် အခုရန်ကုန်ကို ရောက်လာတာ အဲဒီကုမ္ပဏီမှာ လျှောက်ဖို့လာတာ၊ ဝမ်းသာလိုက်တာဗျာ၊ မနက် အင်တာဗျူးဖြေရမှာဗျ၊ ကျွန်တော့်ကိုခေါ်သွားပေးနော်"

"ဟ...ခေါ်မှာပေါ့ကွ၊ မင်းကလဲ"

ညိုမောင်က တိုးလွင်လုပ်သော ကုမ္ပဏီကိုပဲ သူလာလျှောက်တာဖြစ်ကြောင်းပြောတော့ ဘီယာတွေဝင်ကာစ အရှိန်ကာစ အားလုံး ပျော်သွားပြီး ဘီယာတွေထပ်မှာပြီးသောက်ကြသည်။

အဲဒီညက ညိုမောင် အဆောင်ကို ဘယ်လိုပြန်ရောက်သွားမှန်း မသိလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

လမင်းစိုးသည် အခုလိုအချိန်မျိုးရောက်တော့ ဒီလိုစိတ်ကူးမိသော သူ့ကိုယ်သူ ဒေါသဖြစ်လျက်ရှိ၏။

မနေ့က,ကတည်းကသာ ဒီစိတ်ကူးကိုရလျှင် ဘယ်လောက်ကောင်းလိုက်မည်နည်း။ အခု မဝတ်ရသေးသော အဝတ်တွေကိုကြည့်ရင်းက သူကိုယ်တိုင်ဝယ်ပြီး သူကိုယ်တိုင်မေ့နေသော ပုလဲပုတီးလည်ဆွဲကလေးကနေ ဒီပြဿနာတက်ခြင်းဖြစ်သည်။ ထိုပုလဲလည်ဆွဲကလေးလိုပင် သူ့မှာ တစ်ခါမျှ မဝတ်ရသေးသော အဖြူရောင် Arrow အင်္ကျီနှင့် စကတ်ဝမ်းဆက်ကလေးလည်းရှိသည်။ ပြီးတော့ တစ်ခါမျှ မဝတ်ရသေးသော ပလက်တီနမ်လက်ပတ်နာရီကလေးလည်းရှိနေသည်။





ခက်နေတာက ဖိနပ်ဖြစ်၏။

လမင်းစိုးထံတွင် အဖြူရောင်ဖိနပ်မရှိ။

ထိုပစ္စည်းတွေကို အကုန်ထုတ်ကြည့်ပြီး တစ်မိနစ်အတွင်း ဒီနေ့ အင်တာဗျူးကို မေးရန်သွားမည့်သူသည် တစ်ကိုယ်လုံးအဖြူရောင်ဝတ်ချင်စိတ်က မြွေတစ်ကောင်အဆိပ်ပျံ့သလို ချက်ချင်းပျံ့၍လာနေသည်။

နေ၍မရတော့...။

ဒါပေမယ့် လမင်းစိုး၏ဘဝမှာ လုပ်လို့မရဘူးဆိုတာက သုံးလေးငါး ခုလောက်သာရှိမည်ထင်ပါသည်။ ဥပမာ လူတစ်ယောက်ကိုချစ်ဖို့၊ လကမ္ဘာပေါ်တစ်ယောက်တည်းသွားဖို့ အဲဒီလောက်သာ ရှိလိမ့်မည်ထင်သည်။

လမင်းစိုး Hightper market မှ ယမင်းထံ ဖုန်းလှမ်းခေါ်လိုက်သည်။

"ယမင်း ကိုယ်အဖြူရောင်ဒေါက်ဖိနပ်တစ်ရံလောက်လိုချင်တယ်"

"ဟုတ်ပြီ....လမင်း၊ ကိုယ်ရှာထားပေးမယ်၊ ဘယ်တော့လာယူမှာလဲ"

"အခု..."

"မိန်းမ ဘယ်လိုဖြစ်ပြန်ပြီလဲ၊ နင့်ကိုယ်နင် သိကြားမင်းရဲ့ အငယ်ဆုံးသမီးများမှတ်နေသလား"

"အေး...ကိုယ့်အဖေကတော့ သိကြားမင်းမဟုတ်ဘူး၊ ဒါပေမယ့် ကိုယ်ကတော့ နတ်သမီးပဲ၊ မင်းရအောင်ရှာပေးကွာ၊ မရရင်မဖြစ်ဘူး"

"ဒါဆိုရင်.....ခဏကိုင်ထား"

လမင်းစိုး ဖုန်းကိုခဏချထားရင်း နှုတ်ခမ်းနီပန်းနုရောင်ကို ညီ



www.burmeseclassic.com

www.burmeseclassic.com



အောင်ညှိလိုက်သည်။ ပြီးတော့ မျက်တောင်ကလေးတွေကို သပ်သပ်ရပ်ရပ်ကလေး ကော့နေအောင် စိတ်ရှည်ရှည်ထားပြီး ကော့လိုက်သည်။

လမင်းစိုးသည် ဒီခေတ်မျက်လုံးတွေထဲမှာတော့ အလှဆုံးဟုဆိုလောက်သော မိန်းကလေးတွေကို စာရင်းကောက်လျှင် ထိပ်ဆုံးကပါမှာသေချာသည်။ သွယ်လျသော ခန္ဓာကိုယ်နှင့်လိုက်ဖက်သော အရပ်အမောင်းရှိသည်။ ထိုခန္ဓာကိုယ်အချိုးအစားကို ပေါ်လွင်ထင်ရှားစေပြီး မဟာပုရိသာတို့ မျက်လုံးအမြင်မှတစ်ဆင့် နှလုံးသားထဲအထိ ရောက်သွားအောင် ကူညီဆောင်ရွက်ပေးမည့် အထောက်အပံ့အဝတ်အစား၊ ဒီဇိုင်း ပြင်ဆင်မှုတွေကို စနစ်တကျကျွမ်းကျင်သည်။

လမင်းစိုးသည် တစ်ခုခုကို စဉ်းစားလျှင် ပထမ သူနှင့် လိုက်တာကို အရင်စဉ်းစားလေ့ရှိသည်။ ပြီးတော့မှ သူကြိုက်ရာကို စဉ်းစားသည်။ သူနှင့်လိုက်သော ပစ္စည်းသည် သူကြိုက်သော ပစ္စည်းလည်းဖြစ်လျှင်တော့ အဲဒီပစ္စည်းနောက်ကို မရရအောင် သဲကြီးမဲကြီး လိုက်တတ်သော မာနခပ်ကြီးကြီးကောင်မလေးတစ်ယောက်သာဖြစ်သည်။

အခုလည်းကြည့်။

သူကြိုက်၍ သူကိုယ်တိုင်ဝယ်ထားသော ပုလဲလည်ဆွဲကို မေ့နေပြီး ဒီနေ့ပစ္စည်းတွေမွှေတော့မှတွေ့ပြီး အဖြူရောင်ရောဂါချက်ချင်းရသွားသဖြင့် အဖြူရောင်နောက်ကို တောက်လျှောက်လိုက်တော့မည်ဖြစ်သည်။

"လမင်းမ မင်းကံဆိုးပြီ၊ အဖြူရောင်ရှိတယ်၊ ဒါပေမယ့် မင်းဝတ်နေကျ oninch ဒေါက်မရှိဘူး၊ Half တွေပဲရှိတယ်"

"အာ...မရဘူးကွာ၊ တခြားဆိုင်တွေမှာရှာပေးထား"

"တခြားဆိုင်က Brand တွေက မင်းကြိုက်မှာမဟုတ်ဘူးလမင်းမ၊





မင်း Brand တွေ သုံးတယ်ဆိုတာ ကိုယ်သိပြီးသားပဲ၊ အဲဒီတော့ မင်းအဖြူရောင်မှ အဖြူရောင်ဆို Half ဒေါက်ပဲရမယ်"

လမင်း နာရီကိုကြည့်တော့ ကိုးနာရီဆယ်မိနစ် နည်းနည်းတော့နောက်ကျတော့မည်။ မတတ်နိုင်တော့ ဒီနေ့တော့ အဖြူရောင် Half ဒေါက်နှင့်ပင် ကျေနပ်ရတော့မည်။

"ကိုယ်အခုလာခဲ့မယ် ယမင်းမရေ"

"OK"

Hand phone cover ကို အဖြူရောင်ကလေးလဲနေစဉ်မှာပင် ကိုကို့ဆီက ဖုန်းဝင်လာသည်။

"ညီမလေး on the way လား"

"ဟင့်အင်း...အခုမှထွက်မှာ ကိုကို၊ နောက်ထပ်မိနစ်အစိတ်လောက်ဆို ရောက်မယ်"

"မိနစ်အစိတ် အခု ညီမလေးက ဘယ်ရောက်နေလို့လဲ"

"အိမ်မှာပါ ကိုကိုရဲ့၊ ယမင်းရဲ့ဆိုင်မှာ ဒီနေ့စီးဖို့ဖိနပ်မှာထားတာ၊ အဲဒါသွားယူရမှာမို့လို့"

"ညီမလေးရာ မင်းက သိပ်ရှုပ်တာပဲ"

"ကိုကိုနော်၊ ညီမလေးကို အဲဒီလိုပြော ,လား"

"ကဲ...ကဲ အဲဒါဆိုလည်း အမြန်သွား၊ ကိုကိုအရင်ရောက်ထားနှင့်မယ် ဟုတ်လား"

"OK ကိုကို၊ ညီမလေးလာမှမေးရမယ်နော်၊ အင်တာဗျူးကို ညီမလေးလာတော့မှစနော်"

ကိုကိုက ဘာမှမပြောဘဲ ဖုန်းကိုပိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လမင်းပခုံးကိုတွန့်ပြီး လျှာကလေးတစ်လစ်လုပ်၍ သူ့ကိုယ်သူ ပြန်နောက်လိုက်သည်။ ကိုကိုရော လမင်းပါ ငယ်စဉ်ကတည်းက စည်းကမ်း အလွန်ကြီးခဲ့ကြပါသည်။ မိဘ၊ ဆရာသမားများက ဆိုဆုံးမ၍ မဟုတ်။ သူတို့ကိုယ်တိုင် သူတို့ ပင်ကိုယ်ဗီဇအရကြီးကြခြင်းသာ ဖြစ်ပါသည်။ အခု ကိုးနာရီခွဲတွင် လုပ်ရမည့် အင်တာဗျူးအတွက် လမင်းစိုး အချိန်အတိအကျရောက်ရန် ဆယ့်ကိုးမိနစ်ခန့်သာ အချိန်ရှိတော့သည်။

ဖိနပ်မှလွဲ၍ တစ်ကိုယ်လုံး အဖြူရောင်ကိုဆင်ထားသော လမင်းစိုးသည်....။

အမိုးဖွင့်ကားအဖြူကလေးကို ကျွမ်းကျင်လျင်မြန်စွာ မောင်းရင်း စိတ်ကူးထဲမှာ အချိန်ကိုပါ တစ်ခါတည်းတွက်နေသည်။ ယမင်းဆီရောက်ရန် လေးမိနစ်၊ ဖိနပ်ရွေးချိန် နှစ်မိနစ်၊ ယမင်းထံမှ ကုမ္ပဏီသို့သွားရန် ဆယ်မိနစ်၊ မီးပွိုင့်က စုစုပေါင်း တစ်မိနစ်ခွဲ၊ ကိုးနာရီခွဲရန် တစ်မိနစ်လောက်အလိုတွင် သူ့ကားအဖြူကလေးသည် ကုမ္ပဏီ ရုံးရှေ့ကားပါကင်သို့ဝင်ပြီး ဖြစ်နေရမည်။

ကိုင်းအဖြူရောင်ပါသော နေကာမျက်မှန်ကလေးကို နဖူးပေါ်မှ ဆွဲချပြီး တပ်လိုက်သည်။ ကားအရှိန်ကို ထပ်၍မြှင့်လိုက်သည်။

"လမင်းစိုး" လာပြီဟေ့...ဟု စိတ်ထဲက အကျယ်ကြီး အော်ပစ်လိုက်၏။

Đ Đ Đ

အဆောင်မှာဖြစ်နေသည့် ပြဿနာကတစ်မျိုးဖြစ်သည်။

ညိုမောင်သည် စာမေးပွဲတွေမြောက်များစွာကို ဖြေပြီးမှ စီးပွားရေးဘာသာရပ်ကို ဘွဲ့ရရှိခဲ့ခြင်းဖြစ်ပါသည်။ ထိုစာမေးပွဲတွင် ဖြေခဲ့တုန်းက





ညိုမောင်တစ်စက်ကလေးမှ မကြောက်ခဲ့ပါ။

အခု လူတွေ့ဆိုတာကြီးကို ညိုမောင်ဖြေရတော့မည်။

ဒီတော့ ညိုမောင်ကြောက်ပါသည်။ မျက်နှာချင်းဆိုင်ကြီးထိုင်နေရပြီး သူကမေးတဲ့မေးခွန်းကို ကိုယ်ကမဖြေနိုင်လျှင် အဲဒီမေးခွန်းကို မေးသောသူ၏ရှေ့တွင် ဘယ်လိုမျက်နှာမျိုးနှင့် ထိုင်နေရမည်နည်း။ "ကျွန်တော် အဲဒီအကြောင်းကို မသိပါဘူးခင်ဗျာ" ဟု မျက်နှာပြောင်တိုက်၍ ပြောရမည်လား။ နောက်တစ်ခုထပ်မေး၍ နောက်တစ်ခုပါ ထပ်၍မရလျှင်ရော ဘယ်လိုလုပ်ရဦးမည်နည်း။

လူတွေ့မေးသည်ဆိုသည်က ကျောင်းသားစာမေးပွဲလိုမျိုး သင်ခန်းစာ အတိအကျရှိသည်မဟုတ်။ သူမေးချင်တာကို မေးမှာဖြစ်သည်။ ထို့ကြောင့် သူမေးတာနှင့် ကိုယ်သိထားတာ နှစ်ခုဆုံဖို့ရန်မှာ ကံကိုသာ အားကိုးစရာရှိတော့သည်ဟု ညိုမောင်ထင်သည်။

ထို့ကြောင့် ညိုမောင်သည် သူ့ခုတင်ကလေးပေါ်မှာ စနစ်တကျ သေသေချာချာထိုင်ကာ မန္တလေးမှသူဝယ်လာသည့် မဟာမြတ်မုနိ ပလတ်စတစ်လောင်းပုံတော်ရှေ့မှာ ဘုရားရှိခိုးသတည်း။

ဘုရားကို ဘုန်းကြီးကျောင်းသားမို့ စနစ်တကျရှိခိုးတတ်ပါသည်။ ကျန်သည့် သုံးကောင် ညိုမောင်ဘုရားရှိခိုးနေသော အစွဲအငင်၊ ပါဠိပါဌ်သားပါသော အဖြတ်အတောက် စတာတွေကို ငေးပြီးနားထောင်ရ၏။

အိမ်ပေါ်တွင် ဘုရားသောက်တော်ရေလဲနေသော မမနွယ်လည်း အစွဲအငင် အဖြတ်အတောက် ပီသခြင်း၊ အသံသြဇာပြည့်စုံခြင်း၊ ရွတ်ဖတ်နေသော အကြောင်းအရာကလည်း မြတ်စွာဘုရားကိုယ်တော် ဟောကြားခဲ့သော ကျက်သရေကိုဆောင်သည့် နတ်သိကြားများပင် တုန်လှုပ်ရမည့် ဂုဏ်တော်များဖြစ်နေခြင်းကြောင့် အာရုံစိုက်၍ နားထောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညိုမောင် အမျှပေးတော့ နှုတ်မှလိုက်၍ ခပ်တိုးတိုး သာဓု သာဓု သာဓု ခေါ်မိသည်။

တိုးလွင်လည်း ဝမ်းသာအားရ သာဓုကို စိတ်ထဲကကြိတ်၍ခေါ်မိပါသည်။ ၈ နာရီထိုးပြီမို့ 'စေတနာရှင်' မှာ ထမင်းကြော်စားပြီးလျှင် ကားဘယ်လောက်ပဲကြပ်ကြပ် မတ်တတ်ရအောင်စီး၍ ရုံးသို့ရောက်အောင် လစ်ရမည်ဖြစ်သည်။ဒီနေ့ သူ့ဆောာရှိ ဆရာချစ်မင်းစိုးကို ကိုးနာရီအရောက် ရုံးသို့ပို့ပေးရမည်ဖြစ်သည်။

တိုးလွင် သာဓုခေါ်ပြီးသော်လည်း ညိုမောင့်ဘုရားရှိခိုးက မရပ်သေး။ ညိုမောင်သည် ပရိတ်ကြီးဆယ့်တစ်သုတ်ထဲက အခက်ခဲဆုံး အရှည်ဆုံးဖြစ်သော 'ဓဇဂ္ဂသုတ်' တော်ကို စရွတ်သောကြောင့်ဖြစ်သည်။

'ဓဇဂ္ဂသုတ်'တော်သည် တစ်ယောက်တည်းနေရသောအခါ ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်းများဖြစ်ပေါ်လျှင် ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါးနှင့် သံဃာ့ဂုဏ်တော် ကိုးပါးတို့တွင် တစ်ပါးပါးကို ဆင်ခြင်အောက်မေ့ပါက ထိတ်လန့်တုန်လှုပ်ခြင်း ပျောက်ကင်းသွားနိုင်ကြောင်းကို ဟောထားသောသုတ်တော်ဖြစ်ပါသည်။

'ဓဇဂ္ဂသုတ်' ကို ကြောက်မက်ဖွယ်ရာ၊ တုန်လှုပ်ဖွယ်ရာ ဘေးအန္တရာယ်တို့နှင့် တွေ့သောအခါ ရွတ်ဖတ်ကြရသည်။ ထိုအခါ ထိတ်လန့်တုန်လှုပ်၍ ဆောက်တည်ရာမရ ဖြစ်နေမှုမှ ကင်းလွတ်၍ တည်ငြိမ်စွာ နေနိုင်ပြီး ကြောက်လန့်ခြင်းဘေးအမျိုးမျိုးမှ ကင်းလွတ်နိုင်သည်။

သို့သော် 'ဓဇဂ္ဂသုတ်'တော်သည် ပရိတ်ကြီးဆယ့်တစ်သုတ်ထဲတွင် အရှည်ဆုံးသုတ်တော်တစ်ခုဖြစ်သဖြင့် ညိုမောင်သည် အချိန်ကိုလည်းငဲ့ရ





သေးသဖြင့် ဆွဲသည့်နေရာ၊ ဖြတ်သည့်နေရာ၊ ရပ်သည့်နေရာတို့ကို ခပ်သွက်သွက်ကလေးရွတ်ရသည်။ 'ရှင်ကိုဖျက် ဓဇဂ္ဂ' ဟူသောစကား တစ်ခွန်း ဘုန်းကြီးလောကတွင်ပေါ်သည်။ တော်ရုံရှင်ကလေးများသည် ဓဇဂ္ဂသုတ်နှင့် တွေ့လျှင် လူထွက်ကုန်တတ်ကြသောကြောင့်ဖြစ်သည်။

ညိုမောင်ကတော့ ဆယ်နှစ်သားကတည်းက ဘုန်းကြီးကျောင်းနေလာသူမို့ ဓဇဂ္ဂသုတ်ကို မမှုပါ။ အဘယ်ကြောင့်ဆိုသော် ညိုမောင့်မှာက ပြေးစရာနေရာလည်း မရှိဘူးမဟုတ်လား။

ဘုရားနှင့်ပတ်သက်လျှင် ဘုရားရှိခိုးကိုပင် ဘယ်ကစရသည်ဆိုတာကို မသိကြသော တိုးလွင်နှင့် ကိုဇော်တို့ကတော့ ပါဠိလိုတွေရွတ်နေသော ညိုမောင့်ကို ခဏဟုပဲထင်သည်။ နောက်ထင်ထားသည်ထက် ပိုကြာလာတော့ တိုးလွင်ကြီးနာရီကြည့်ရပြီ။

၈ နာရီ ၁၀ မိနစ်။

"ညိုမောင်...ညိုမောင်...မြန်မြန်လုပ်ကွာ၊ ၈ နာရီ ၁၀ မိနစ်ရှိနေပြီ"

"နော....စေ....မေ ဓဇဂ်ဂံ အုန်လောကေယာထ"

"ညိုမောင်...ညိုမောင်...ပြဿနာပဲကွာ၊ဒီမှာ ၈ နာရီ ၁၀ မိနစ်ရှိနေပြီ၊ ၉ နာရီကို ငါ့ဆရာဆီအရောက်သွားမှ ရမှာကွ၊ ငါ့ကို သေသေချာချာ မှာထားတာ"

"လောမဟံသောဝါ...သောပဟီယိတ်သတိ"

"ဘုရားရှိခိုးနေတာကြီးကို ရပ်လိုက်လို့ ဘယ်လိုလုပ်သွားပြောလို့ရမလဲ၊ဒီတော့ စေတနာရှင်မှာ မင်းစားစရာရှိတာကို သွားစားပြီး၊ မင်း ကားမှတ်တိုင်ကိုသွားတော့၊ ကားလာရင်တက်စီးသွားတော့၊ ငါ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ဘာနဲ့ ကားမှတ်တိုင်ကို စက်ဘီးနဲ့ လိုက်ပို့ပေးမယ်၊ မင်းကားမရသေးဘူးဆိုရင်လည်း အတော်ပဲပေါ့ကွာ"

"အေးကွာ...ဒါဆို ငါလစ်ပြီ"

ညီမောင့် ဓဇ္ဇသုတ်ဆုံးတော့ ၈ နာရီ ၂၅ မိနစ် ဖြစ်နေပြီ။

ကိုဇော်က ညီမောင့်ကို ကားဂိတ်သို့ပို့ပေးသည်။ ကံကောင်းထောက်မစွာပင် တိုးလွင်လည်း ကားမရသေး၊ ဒါပေမယ့် တိုးလွင်က ထမင်းကြော်စားပြီးသွားပြီ၊ ညီမောင်က ဘာမှမစားရသေး။

ကားမှတ်တိုင်နောက်တွင်ရှိသော ကွမ်းယာဆိုင်မှ ငှက်ပျောသီး ၃ လုံးကို ညီမောင်ဝယ်လိုက်သည်။ တစ်လုံးကုန်သောအချိန်တွင် ညီမောင်တို့ စီးရမည့်ကားသည် လူပေါင်းများစွာကို တင်ဆောင်၍ မှတ်တိုက်ရှေ့သို့ လေးပင်စွာထိုးရပ်လိုက်လေသည်။

ဓဇ္ဇသုတ်တော်၏ အစွမ်းကြောင့်ပဲလား၊ ကံတရား၏ အကျိုးပေးကြောင့်ပဲလား၊ ကံကြမ္မာက ဖန်တီးထားတာလေးတွေကို တစ်ခုစီထုတ်ပြနေသောကြောင့်လား၊ သုံးခုသောကြောင်းအရာတွေကြောင့်လားတော့မသိ၊ ညီမောင် Solo ကုမ္ပဏီကြီးထဲသို့ ရောက်သွားတော့ နာရီက ၉ နာရီတိတိ ဖြစ်သည်။

ဖိုင်ကလေးတွေကိုယ်စီနှင့် သူ့လိုကိုယ်လို ရပ်နေကြသည့် ကောင်လေးတွေ ကောင်မလေးတွေကိုလည်း တွေ့ရသည်။

အညိုရောင်မှန်ချပ်ကြီးတွေ နင်းရက်စရာမရှိအောင် အိစက်ညက်သော လှပလွန်းလှသော ကောဇောကြီးတွေ၊ မီးဆိုင်းကြီးတွေ အဝါရောင်အင်္ကျီလက်စက အနက်ရောင်ဝတ်စကုတ်နှင့် အနက်ရောင်စကတ်လေးတွေကို ဝတ်ထားသော ချောချောလှလှဝန်ထမ်းကောင်မလေးတွေ၊ ယောကျ်ား





လေးတွေကျတော့ အဖြူရောင်အင်္ကျီလက်ရှည်နှင့် ဆီးရောင် Style ဘောင်းဘီကို ဝတ်ဆင်ရပြီး ခေါင်းကို ဆံပင်တိုတိုနှင့် သပ်ရပ်စွာဖြီးသင်ထားရသည်။

ဒီတော့မှ သူခေါင်းညှပ်ဖို့မေ့လာတာကို ညီမောင်သတိရပြီး၊ ဒိတ်ထဲမှာ ကိုယ့်ကိုကိုယ် ဒေါသဖြစ်သွားသည်။ သို့သော် ဘာမှတတ်နိုင်သည့်ကိစ္စမဟုတ်သည့်အတွက် စိတ်ထဲကနေ မေ့ပစ်လိုက်သည်။ ထိုအချိန်မှာ တိုးလွင်ရောက်လာ၏။

"ညီမောင် အင်တာဗျူးက မစသေးဘူးကွ၊ မင်းကံကောင်းတယ်၊ ငါကတော့ Boss ဆီလစ်ပြီ၊ မင်းတို့ရွာက ဦးဌေးဝေလည်း ဒီအချိန်ဆိုရင် အားမှာမဟုတ်ဘူး၊ မင်း အင်တာဗျူးပြီးတော့မှ ငါတွေ့ပေးမယ် ဟုတ်လား"

"အေး...ငါဖြေပြီးသွားရင် အပြင်မှာစောင့်နေမယ်နော်"

"အပြင်က မစောင့်နဲ့လေ၊ ဟိုမှာနံရံနဲ့ကပ်ထားတဲ့ ပလတ်စတစ် အဝါရောင်ခုံကလေးတွေ တွေ့သလား၊ အဲဒါ ဧည့်သည်စောင့်တဲ့ခုံကလေးတွေ၊ အဲဒီက စောင့်...ဟုတ်ပြီလား"

"Ok...OK"

တိုးလွင်ထွက်သွားပြီး ၁၀ မိနစ်လောက်ကြာတော့ ဖိုင်ကလေးတွေကိုင်ထားသော ကောင်မလေးတွေ ရုံးစုရုံးစုဖြစ်ပြီး နံရံတစ်ခုကို ဝိုင်းကြည့်နေကြတာနှင့် ညီမောင်လည်း ဝင်ကြည့်တော့ အင်တာဗျူးအချိန်ကို မနက် ၁၀ နာရီသို့ ရွှေ့ပြောင်းလိုက်ကြောင်းနှင့် အင်တာဗျူးဖြေရမည့် အမှတ်စဉ်စာရင်းကို ကပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ညီမောင်အခုမှပင် သက်ပြင်းချနိုင်သည်။

အင်တာဗျူးအတွက်က နောက်ထပ် တစ်နာရီလောက်အချိန်ရ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ထို့အပြင် ယောက်ျားလေး ၂၂ ယောက်ရှိသည့်အနက် ညိုမောင်က အမှတ်စဉ် ၂၀ မှာကျသည်။ မိန်းကလေး ၆၄ ယောက်နှင့် ရောလိုက်သည့်အခါ ညိုမောင်သည် မနက်ခင်း ပထမအသုတ်တွင်မပါဘဲ နေ့လယ်ပိုင်း ဒုတိယအသုတ်၏ ၁၂ ယောက်မြောက်ကျမှ ဝင်ရမည်ဖြစ်သည်။ အားလုံးလည်း ဆူညံပွက်လောရိုက်ကုန်ကြ၏။

ထို့ကြောင့် ညိုမောင်တစ်ခုခုစားဖို့လိုပြီဟု ဆုံးဖြတ်၍ Solo ကုမ္ပဏီကြီးထဲမှ ထွက်လာခဲ့လေသည်။

Ð Ð Ð

ကံကောင်းချင်တော့ လမင်းစိုးသည် လူးဝစ်ဘော်တန် (Louis Vuitton) အဖြူရောင်လက်ကိုင်အိတ်ကလေးတစ်ခုနှင့် Half ဒေါက်အဖြူရောင်ဖိနပ်ကလေးတစ်ရံကို ရသည်။

"Vuitton ဆိုတော့ မင်းကြိုက်နိုင်တယ်လို့ထင်တာနဲ့ မေမီတို့ဆိုင်ကနေ လှမ်းမှာပေးထားတာ၊ အိတ်ကတော့ ငါ့ဆိုင်ကပဲ၊ လမင်းမ ညည်းက ဘာဖြစ်လို့ ဒီနေ့ကျမှ တော်တော်အကဲဆတ်နေရတာလဲ"

လမင်းက အဖြူရောင်ဖိနပ်ကလေးကိုစိုက်ကြည့်နေရင်းကမေးသည်။

"အင်တာဗျူးရှိလို့ဟ"

"ဘုရား...ဘုရား...လမင်းမ နင်က အင်တာဗျူးဖြေပြီး ဘာတွေထပ်လုပ်ဦးမှာလဲ၊ ဒီလောက်ချမ်းသာရင်တော်ပြီပေါ့ဟယ်၊ တော်ပါတော့ ငါတို့ဖို့လည်းထားပါဦး"

"ယမင်းမကလဲဟာ အင်တာဗျူးက ငါကမေးရမှာဟ၊ ငါ့ ကုမ္ပဏီက ထပ်ပြီးချဲ့တယ်လေ၊ အဲဒီတော့ လူလိုလို့ထပ်ခေါ်တာ၊ OK မင်းနဲ့ လေပန်းဖို့အချိန်မရှိဘူး၊ ကိုယ်....ဒါတွေတစ်ခါတည်းဝတ်သွားတော့မယ်၊





ပြီးတော့မှ ပိုက်ဆံအမောင့် လှမ်းပြောလိုက်...တာ့တာ"

ယမင်းသည် ခပ်သွက်သွက်ထွက်သွားသော လမင်းကို ငေးကြည့်ရင်း ခါးကိုထောက်ကာ သက်ပြင်းကိုချမိလေသည်။

မီးပွိုင့်မိလျှင် လမင်းစိုး၏ကားကိုရော လူကိုရော ဝိုင်း၍မကြည့်သူမရှိသလောက် ဖြစ်သည်။ Air-con Bus ပေါ်က လူတွေကလည်း ငေးကြသည်။ နံဘေးက ယှဉ်ရပ်သော ကိုယ်ပိုင်ကားပေါ်က လူတွေကလည်း ငေးကြသည်။ ယမင်းက ဒါတွေကိုသိပါသည်။ ဒီတော့ အဖြူရောင်ကိုင်းပါသည့် မျက်မှန်အဖြူကလေးကို ကောက်တပ်ထားလိုက်သည်။

ကားတစ်စင်းထဲက ငနဲဆို မီးပွိုင့်စိမ်း၍ လမင်းကားဝေါခနဲထိုးထွက်သွားသည့်အထိ ကြောင်ပြီးငေးကျန်ခဲ့သဖြင့် နောက်ကားများ၏ မငြင်သာ၊ မလှမပသော စကားလုံးတွေနဲ့ တစ်ပွဲ့တစ်ပိုက်ကြီးရရှိသွား၏။

ရွှေတောင်ကြားလမ်းထဲရောက်တော့ မျက်လုံးတွေရဲ့ ဒုက္ခက လွတ်သွားသဖြင့် အတန်ငယ် စိတ်ချမ်းသာမှုကိုပြန်ရသည်။ အကြည့်ခံချင်တုန်းကလည်း သူ့အကြည့်ခံရလို့ စိတ်ညစ်ရတော့လည်း သူ။

ဒါဆိုလျှင် သူတစ်ခုခုတော့ မှားနေပြီဟု လမင်းစိုး ချက်ချင်းတွေးလိုက်သည်။ သူ့စိတ်ထဲမှာ အကြည့်ခံချင်စိတ်ရှိနေတာကလည်း အမှန်ပင်ဖြစ်၏။ ကားကို ငြင်ငြင်သာသာမောင်းရင်း လမင်းစိုး စဉ်းစားနေမိသည်။

လမင်းစိုးရင်ဘတ်ထဲမှာ 'ဖောက်ခနဲ' အသံတစ်ခုမြည်သွားသည်။ လမင်းစိုးအဖြေရပြီ။

လမင်းစိုးအကြည့်ခံချင်တာက လမင်းစိုးချစ်ရတဲ့လူက ကြည့်တာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးကို ခံချင်တာပဲဖြစ်သည်။ အဖြေမှန်ကိုရသွားသဖြင့် လမင်းစိုးပျော်၍သွား၏။

ပြီးတော့ လမင်းစိုးချက်ချင်း စိတ်ပြန်ညစ်သွားသည်။

လမင်းစိုးချစ်ရတဲ့သူက ဘယ်သူလဲ။

လမင်းစိုးမှာ ချစ်ရမယ့်သူတစ်ဦးမျှမရှိ။

လမင်းစိုးကိုချစ်သည့်လူတွေကတော့ အများကြီးဖြစ်သည်။ ကိုကို့သူငယ်ချင်းတွေထဲကရော၊ စီးပွားလုပ်ဖော်ကိုင်ဖက်တွေထဲကရော၊ ကျောင်းနေဖက်သူငယ်ချင်းတွေထဲကရော များစွာရှိသည်။

အမှန်အတိုင်းပြောရလျှင် လမင်းစိုးသည် ရည်းစားရော ချစ်သူပါလုံးဝမထားဖူးသေးသော နှစ်ဆယ့်တစ်နှစ်သမီးကလေးသာ ဖြစ်ပါသည်။

ဘဝက ပြည့်စုံလွန်းနေ၍ သူ့ဘဝမှာ သူလုပ်ချင်တာတွေလျှောက်လုပ်ခွင့် အကုန်ရနေသဖြင့် ရည်းစားမထားဖြစ်တာလည်း ဖြစ်ချင်ဖြစ်မည်။ ဒါမှမဟုတ် ဘယ်သူ့ကိုဖြစ်ဖြစ် စိတ်တိုင်းကျအနိုင်ရနေကျမို့ ရည်းစားမထားဖြစ်တာလည်း ဖြစ်ချင်ဖြစ်မည်။

လမင်းစိုးကိုယ်တိုင်ကတော့ တစ်ခါတလေ ရည်းစားထားချင်သလိုလို ဘာလိုလိုတော့ ဖြစ်ဖူးသည်။ နောက်ကျတော့လည်း နိုင်ငံခြားကိုသူငယ်ချင်းတွေနဲ့ ဈေးသွားဝယ်တာတို့၊ ကိုကိုနဲ့ ဂျပန်ကိုအလည်ခဏလိုက်သွားတာတို့နှင့်ကြုံသည့်အခါ ရည်းစားထားဖို့ကို မေ့သွားပြန်သည်။

ဒီတော့ ရည်းစားတစ်ယောက်တော့ ထားဖို့လိုပြီဟု လမင်းစိုးသည် ကိုယ့်ကိုကိုယ် ဘဲလ်ပေးလိုက်သည်။

ထိုအချိန်မှာပင် မောင်းလာသော ကားကလည်း ထိုးရပ်သွားလေသည်။





စက်ပြန်နှိုးသည်မရ။ လမင်းစိုးကလည်း ကားဆိုလျှင် မောင်းဖို့လောက်သာသိသူဖြစ်သည်။ ဘာဆိုဘာမှ နားမလည်။ စက်ကိုထပ်နှိုးကြည့်သည် မရပါ။ ဒီလိုမျိုး တစ်ခါဖြစ်ဖူးသည်။ နောက်ကနေ နည်းနည်း ကလေးတွန်းပေးလိုက်၍ ကားဘီးလိမ့်သွားလျှင် စက်ကိုနှိုး၊ သုံးလေးခါနှိုးလိုက်လျှင်ရပြီ။

ခက်နေတာက ရွှေတောင်ကြားထဲမှာ လမ်းလျှောက်တဲ့သူကအလွန်ရှားသည်။ ကားတစ်စင်းတော့လာသည်။ မောင်းလာသူက ကောင်မလေးတစ်ယောက်ဖြစ်၏။ လမင်းစိုးကားပျက်နေမှန်းသိသော်လည်း လှည့်ပင်မကြည့်။ ဒီတော့ လမင်းတို့ကလည်း ဆောရီးပဲပေါ့။

လမင်း ကိုကို့ဆီ ဖုန်းလှမ်းဆက်လိုက်သည်။

"ကိုကို...လမင်းရဲ့ကားစုတ်က ဟိုတစ်ခါကလို ဖြစ်ပြန်ပြီ"

"ကားကမစုတ်ဘူး အကောင်းစား၊ ညီမလေးကို ဘက်ထရီလဲပါလို့ ပြောနေတာဟာကို ဂရုမှမစိုက်ဘဲ ဘယ်မှာပျက်နေတာလဲ"

"ရွှေတောင်ကြားထဲမှာ၊ သံလွင်လမ်း၊ ကိုကိုလာခဲ့"

"ခွီးပဲ ကိုကိုက အခုမှ FMI က ထွက်မှာ ညီမလေးဆီရောက်ဖို့ နာရီဝက်လောက်ကြာဦးမှာ၊ တစ်ယောက်ယောက်အကူအညီတောင်းလိုက်ပါလား"

"ဒီလိုနေရာမှာ ဘယ်သူရှိမှာလဲ၊ ဘယ်သူကရော ကူမှာလဲ"

"ကောင်းပြီ....အဲဒါဆို ညီမလေးစောင့်နေ ကိုကိုလာခဲ့မယ်၊ အင်တာဗျူးအချိန်ကို နောက်ထပ်တစ်နာရီ လှမ်းရွှေ့ခိုင်းထားလိုက်မယ် သိလား"

ဒီလိုနှင့် လမင်းစိုးသည် ကားရှေ့ဖုံးကိုမှီကာ လက်ကိုင်ဘားနှုတ်ခမ်းကို ကိုက်၍နေသော အဖြူရောင်ဒေါသနတ်သမီးကလေးဖြစ်၍နေ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ညိုမောင် လမ်းကိုရောက်မှ ရုတ်တရက်သတိရသည်။ ဒီလမ်း ဒီနေရာတွေက သူသွားဖူး လာဖူးသည့်နေရာတွေမဟုတ်။ ပြီးတော့ အိမ်တွေကလည်း ဟိုးကုန်းအမြင့်ကြီးတွေပေါ်မှာ၊ ကုန်းပေါ်ကအိမ်မဟုတ်ပြန်ရင်လည်း ခြံဝန်းနှင့် အိမ်တွေက တော်တော်လေး ဝေးသည်။ အကောင်းစား သံတံခါးအပိတ်ကြီးတွေတပ်ထားသည်။ ၁၀ပေအမြင့်ရှိသော အုတ်နံရံပေါ်မှာ ချွန်မြှထက်မြသော သံကြိုးခွေတွေတပ်၍ထားသည်။ လမ်းသွားလမ်းလာဆို၍လည်း ညိုမောင်လျှောက်လာသည့်တစ်လျှောက် တစ်ယောက်မှ မတွေ့ရသေး။ ဝေါခနဲ ဝေါခနဲ ဖြတ်မောင်းသွားသော ကားသုံးလေးစင်းကိုတော့ တွေ့ရသည်။

ညိုမောင်သည် သူ့စိတ်ကူးနှင့် သူ ထွက်လာခဲ့တာဖြစ်သည့်အတွက် ဘယ်လမ်းကိုကွေ့၍ ဘယ်လမ်းကိုချိုးခဲ့သည်ဆိုတာကို မမှတ်မိတော့။ ထိုသို့ အားငယ်ထိတ်လန့် ကြောက်ရွံ့လာတော့ 'ယသာနုဿရဏာဏာပါ' ဆိုသည့် ဓဇဂ္ဂသုတ်ကိုသာ ရွတ်ရပြန်သည်။

ဓဇဂ္ဂသုတ်မဆုံးခင်မှာပင် ကုက္ကိုလ်ပင်ကြီးတစ်ပင်အောက်မှာ ကွမ်းယာဆိုင်ကလေးတစ်ဆိုင်ကို ညိုမောင်သွားတွေ့တော့ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

"အစ်မ...အစ်မ...ဒီကနေ 50I0 ကုမ္ပဏီကို ဘယ်လိုသွားရသလဲ ဟင်"

ကွမ်းရွက်အညှာတွေကိုညှပ်နေသော အသက်ခပ်လတ်လတ် ကုလားမကြီးက သူ့ကိုမော့ကြည့်သည်။

"ကျွန်မ...မသိဘူး ရှင့်"

"အာ...၊ ခဏ...ခဏ ကျွန်တော့်ဆီမှာ လိပ်စာပါတယ် အစ်မ"





ညိုမောင် လွယ်အိတ်ထဲက လိပ်စာကို ကမန်းကတမ်း စိတ်လှုပ်ရှားစွာနှင့် ရှာတော့...ပထမရှာ၍မတွေ့။ ဒုတိယအကြိမ်ရှာတော့မှ တွေ့သည်။

"ဒီမှာ အစ်မ...ဒီမှာ ဒီလိပ်စာ"

ကုလားမကြီးက ညိုမောင်ထိုးပေးသော လိပ်စာရေးထားသည့် စာရွက်ကို အနားကပ်ကာ သေသေချာချာကြည့်သည်။ ပြီးမှ...

"အားကိုနော်...ကျွန်မ...စာ...မတတ်ဘူး"

"သေလိုက်ပါတော့ဗျာ"

ညိုမောင် ဒါပဲပြောနိုင်တော့သည်။ ဒါမျိုးဆိုင်ကလေးတွေရှိသေးလားဆိုတော့....

"ဟိုဘက်နားမှာနော် ရှိတယ်"ဆိုသဖြင့် ထိုကုလားမကြီး လက်ညိုးညွှန်ရာရေဖြစ်ပါစေဟူသော ဆုတောင်းနှင့်ထွက်ခဲ့ရသည်။

ကုလားမကြီးပြသောလမ်းကလေးထဲကို ချိုးကွေ့လိုက်တော့မှ ညိုမောင်ဝမ်းသာသွားသည်။ ကားအဖြူကလေးတစ်စင်းနှင့် တစ်ကိုယ်လုံး အဖြူရောင်ဝတ်ထားသော ကောင်မကလေးတစ်ယောက် ကားခေါင်းတိုမိုကာ လက်ပိုက်ရပ်နေ၏။

ညိုမောင်လာနေတာကို တွေ့လိုက်ရတော့ လမင်းစိုးလည်း တော်တော်ပျော်သွား၏။ အခုလာနေသောသူသည် သန်မာသော အရွယ်ရှိသော ယောကျ်ားလေးမို့ ပို၍ပျော်သွားသည်။ သူ့အမိုးဖွင့်ကားကလေးသည် ခွန်အားနှင့်ပြည့်စုံသော ယောကျ်ားလေးတစ်ယောက်တွန်းလျှင် အလွယ်တကူရွေ့နိုင်ပါသည်။

"ဒီမှာ..."



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ…"

နှစ်ယောက်စလုံးပြိုင်တူခေါ်မိကြခြင်းဖြစ်သည်။

ဒါပေမယ့် လမင်းစိုးက ကြောင်၍မသွား၊ ပို၍သွက်သည်။

"ကျွန်မကို ကားလေးတစ်ချက်လောက်ကူပြီးတွန်းပေးပါလားရှင်၊ ဟိုလေ…ကျွန်မကားက ပေါ့ပါတယ်၊ ပြီးတော့ အရှိန်ကလေးနည်းနည်းရရင် စက်နိုးမှာပါ၊ အဲဒီလို ခဏ ခဏ ဖြစ်တတ်လို့ပါနော်…တွန်းပေးနော်"

လမင်းစိုးသည် ထိုစကားတွေကို မျက်လုံးကလေးပြူးပြလိုက်၊ ခေါင်းကလေးကိုငဲ့လိုက်၊ ယိမ်းလိုက်၊ ပခုံးကလေးကိုတွန့်လိုက်၊ နှုတ်ခမ်းကလေးကို စူလိုက်ဖြင့် ပြောသွားပြီး ကားတံခါးကိုဖွင့်၍ ကားမောင်းသောနေရာတွင် ဝင်ထိုင်လိုက်သည်ကို ညိုမောင်ငေးနေမိသည်။

ညိုမောင့်မှာ ဘာပြောစရာမှ မရှိတော့ပါ။

ကားကိုတွန်းရန်သာရှိတော့၏။

"တွန်း…"

အမိန့်ပေးသံပါသောစကားတစ်ခွန်းဖြစ်သည်။ သို့သော် ညိုမောင်တွန်းပါသည်။ ခြေကိုကန်ကာ စစချင်းအနည်းငယ်အားစိုက်လိုက်ရပြီးသည့်နောက် သိပ်အားမစိုက်ရတော့ဘဲ ကားကလေးက အရှိန်ဖြင့် လိမ့်၍သွားသည်။ ညိုမောင်သွက်သွက်ကလေး တွန်းပေးလိုက်ချိန်တွင် ကားစက်ကိုနိုးတော့ ကားစက်က နိုး၍သွားသည်။

ဓာတ်တိုင်နှစ်တိုင်စာလောက်သာ ညိုမောင်တွန်းလိုက်ရပါသည်။ စက်နိုးသွားသောကားကို ကောင်မကလေးက ရပ်ထားရင်းက လီဗာကို အဆုံးထိနင်းကြည့်သည်။ ပြီးတော့ Slow အထိချကြည့်သည်။ ပြီးတော့ ပုံမှန်ပြန်နင်းကြည့်သည်။ အားလုံး OK။





ကားကို စိတ်တိုင်းကျသွားတော့မှ ကားလမ်းနံဘေးကနေ လျှောက်သွားသော ညိုမောင်နောက်သို့ ကားကိုဘီးလိမ့်ရုံကလေး လိမ့်ပြီး ညိုမောင်ရှေ့ကနေ ရပ်လိုက်သည်။

"ဟေ့….ရော့…."

ပြောပြီးတော့မှ လူးဝစ်ဘော်တန်လက်ကိုင်အိတ်အသစ်၏ ခလုတ်ကို ရုတ်တရက်ရှာမတွေ့ဖြစ်နေသည်။ အခုမှဝယ်ပြီး ပထမဦးဆုံး ဖွင့်ရတာရော ကားအတွက် စိတ်လောရတာရောကြောင့်ဖြစ်မည်ထင်သည်။

ညိုမောင်ကလည်း ဘာမှန်းမသိ၍ ကြောင်ကြည့်ရင်း ရပ်နေမိသည်။

လမင်းစိုး ဟိုနှိပ် ဒီနှိပ် လျှောက်နှိပ်တော့မှ လက်ကိုင်အိတ်က ပွင့်တော်မူသည်။ တော်ပါသေးရဲ့။ နို့မို့ဆို အရှက်ကွဲရဦးမည်။ လမင်းစိုး တစ်ထောင်တန်တစ်ရွက်ကို ထုတ်ပြီး လက်ညိုးနှင့် လက်ခလယ်ကြားမှာ ညှပ်၍လှမ်းပေးသည်။

ညိုမောင့်မျက်နှာရှိန်းခနဲဖြစ်သွားသည်။

"ဟာ…မဟုတ်တာဗျာ၊ ဘာမှမဟုတ်ဘဲနဲ့ မပေးပါနဲ့၊ မယူပါရစေနဲ့"

"မင်းက တို့ကိုကူညီတယ်လေ၊ အဲဒီတန်ဖိုးကို အသိအမှတ်ပြုတာပါ"

"ဒါဆိုရင်လည်း ကျွန်တော့်ကို တစ်ခုလောက်ပြန်ကူညီပါလား"

"ဘာလဲ ရှင်ကိုတော့ ကားနဲ့တင်ပြီး လိုက်ပို့မပေးနိုင်ဘူး"

လမင်းစိုး၏စကားသံကမာသည်။ မျက်နှာအမူအရာက ချက်ချင်းပြောင်း၍သွား၏။ ညိုမောင် လန့်၍သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ကျွန်တော် တောင်းမယ့်အကူအညီက အဲဒါမျိုးမဟုတ်ပါဘူး ခင်ဗျ၊ ကျွန်တော် မနေ့ကမှ ရန်ကုန်ကိုရောက်တာပါ"

"အဲဒါတွေက ကျွန်မနဲ့ ဘာမှမဆိုင်ဘူး၊ ရော့...ဒါယူလိုက်ပြီးပြီ"

"ဟာ...မယူပါရစေနဲ့ဗျာ၊ ကျွန်တော်မျက်စိလည်နေလို့ အဲဒါ ကျွန်တော့်ကို တဆိတ်လောက် လမ်းညွှန်ပေးပါလား"

လမင်းစိုးလီဗာကို ပုတ်ရင်း တစ်ချက်စဉ်းစားသည်။ ပုံစံကတော့ တောသားမှန်း မပြောလည်းသိတယ်ဆိုတာ မျက်မြင်ဖြစ်သည်။ သူ့ကို ကူညီထားခဲ့တော့ ဒီလောက်တော့ ကိုယ်ကလည်း ပြန်ကူညီသင့်သည်ဟု ထင်သည်။

ကော်လံလည်ကတုံးအသစ်၊ လုံခြည်က အသစ်ကို ရေမချဘဲ ဒီအတိုင်းဝတ်ထားသဖြင့် ခေါက်ထားသောနေရာတွေက ကော့လန်၍နေသည်။ ကြည့်ရတာ ရယ်ချင်စရာ။ လွယ်အိတ်ကြီးကလည်းလွယ်လို့။ ဆော်တန်လူးဝစ်လွယ်အိတ်ထင်ပါရဲ့။

"လိပ်စာပါလား"

"အာ...ပါ ပါတယ် ခင်ဗျ"

ညိုမောင်က ကမန်းကတမ်း လွယ်အိတ်ထဲက တိုးလွင်ပေးထားသော Solo လိပ်စာကတ်ပြာကလေးကို ထုတ်၍ပေးလိုက်သည်။

ညိုမောင်လှမ်းပေးသောကတ်ကိုတွေ့လိုက်ရတော့ လမင်းစိုးခေါင်းထဲမှာ 'ဝုန်း'ခနဲ ပေါက်ကွဲသံကို ကြားလိုက်ရသလို ဖြစ်သွားသည်။ ရင်ခုန်သံလည်း တဒုတ်ဒုတ်မြည်၍လာသည်။ ချက်ချင်းရရှိသော ဒေါသဖြင့် မော့ကြည့်တော့ သူ့ကိုလိပ်စာကတ်ပေးသူက ရိုးရိုးသားသား သိချင်စိတ်၏ စိတ်အားထက်သန်မှုဖြင့် သူ့ကို ငေး၍ကြည့်နေတာကို တွေ့ရသည်။





ထိုလူ့ကိုလည်း လမင်းစိုး တစ်ခါမျှ မမြင်ဘူးပါ။ ထိုလူကလည်း လမင်းစိုးကို Solo ကုမ္ပဏီပိုင်ရှင်ဟု သိထားပုံမပေါ်ပါ။ လမင်းစိုးသည် ဒေါသကို ခဏသိမ်းလိုက်သည်။

"မင်း....အဲဒီကို ဘာသွားလုပ်မလို့လဲ"

"အင်တာဗျူးသွားဖြေမလို့ခင်ဗျ၊ အင်တာဗျူးအချိန်က ၉ နာရီခွဲကနေ ၁၀ နာရီခွဲကို ပြောင်းလိုက်လို့ မနက်က ဘာမှမစားခဲ့ရတာနဲ့ တစ်ခုခုစားဖို့ထွက်လာရင်း မျက်စိတွေလည်ကုန်လို့ပါ၊ သိရင် တစ်ဆိတ်လောက်..."

"သေဟဲ့...နန္ဒိယ..." ဟု စိတ်ထဲက အော်ရင်း လမင်းစိုး သူ့နဖူးကို သူစိတ်ထဲက ထုပစ်လိုက်သည်။ ရုတ်တရက် ဘာလုပ်ရမှန်းမသိ၊ ခဏတော့ ဖြစ်သွား၏။ စိတ်ကိုတည်ငြိမ်အောင်ပြန်ထိမ်းလိုက်သည်။ ကိုယ်က အင်တာဗျူးရမည့်လူနှင့် ဒီထက်ပိုမဆက်ဆံသင့်ဟု ယူဆလိုက်သည်။

"အဲဒီလိပ်စာကို မသိဘူး"

ပြောပြီးမှ မှားသွားမှန်းသိလိုက်သည်။ သူနှင့် ဒီလူက အင်တာဗျူးအခန်းထဲမှာ ပြန်တွေ့ကြရဦးမှာမဟုတ်လား၊ သွားပြီ

"ရော့...ရော့ ယူလိုက်"

"အာ...ကျွန်တော် ပိုက်ဆံမယူပါဘူး၊ မသိရင်လည်းရပါတယ်"

ညိုမောင်က လမင်းစိုးလက်ညှိုးနှင့် လက်ခလယ်ကလေးနှင့် ညှပ်ထားသော တစ်ထောင်တန်နှင့် လိပ်စာကတ်နှစ်ခုမှ လိပ်စာကတ်ကိုသာ ရွေးယူလိုက်သည်။

လမင်းစိုး၏ ညာဘယ်လက်သည် အပေါ်ကိုမြောက်တက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင်တန်ကလေးက ခေါက်ထိုးလျှမ်းပြန်အကျမှာ အဖြူရောင်ကားကလေးက ဝေါခနဲ မောင်းထွက်သွားသဖြင့် ပိုက်ဆံကလေးသည် ကားနောက်ကို အရှိန်ဖြင့်ပါသွားကာ လေထဲတွင် ဝဲပျံရင်းမှ ကားလမ်းနံဘေးတွင် ထူထပ်စွာပေါက်နေသော မြက်ပင်များပေါ်တွင် ငြင်သာစွာ တင်ကျန်ရစ်ခဲ့လေသည်။

ညိုမောင်သည် လမင်းစိုး၏ ကားအဖြူကလေးကို ငေး၍နေမိသည်။ ညိုမောင်ငေးနေသောလမ်း၏ မျက်စိတစ်ဆုံးကိုရောက်တော့ ကားကလေး ဆတ်ခနဲကွေ့ချပြီး ညိုမောင့် မြင်ကွင်းထဲကနေ ပျောက်၍သွားသည်။

ရန်ကုန်သူတွေ တကယ်ချောတယ်ဆိုတာကို ညိုမောင် နဖူးတွေ့ဒူးတွေ့ကြုံလိုက်ရသဖြင့် လုံးဝလက်ခံသွားပြီဖြစ်လေသည်။ ကားလေးကလည်း အဖြူရောင်၊ ဝတ်ထားတာကလည်း တစ်ကိုယ်လုံးအဖြူရောင်... ဆိုတော့ ဒီကောင်မလေးကို ညိုမောင်က 'လမင်းလေး' ဟု သူ့ဘာသာ အမည်ပေးလိုက်၏။

ပြီးတော့ မြက်ပင်ရှည်တွေပေါ်မှာ ကိုယ်ဖော့၍ ပလက်ကလေး လှန်အိပ်နေသော တစ်ထောင်တန်ကလေးကို သွားကောက်ပြီး ကားကလေး ထွက်ရာဘက်သို့ပင် လမ်းလျှောက်ခဲ့သည်။

သူ့နာရီကို ငုံ့ကြည့်တော့ ၉ နာရီနှင့် ၄၁ မိနစ်ရှိနေပြီ၊ ၁၀ နာရီခွဲဖို့ အချိန် ၄၁ မိနစ်တိတိလိုသေးသည်။ ထိုအချိန်တွင်း သူကုမ္ပဏီ ကို ပြန်ရောက်ဖို့လိုသည်။

ညိုမောင်သည် တဆတ်ဆတ်ဖြင့်သွားနေသော နာရီကလေးကို ညာဘက်လက်ဖဝါးကလေးနှင့်အုပ်ပြီး ပြုံးလိုက်သည်။ ထိုနာရီကလေးကို သူ့အဘိုးက သူ့အဖေကိုပေးခဲ့သည်။ သူ့အဖေက သူ စတန်းဖြေသည့်





နေ့မှာ သူ့ကို ဒီနာရီကလေးအမွေပေးခဲ့သည်။

"ဒီနာရီကို မင်းအဘိုးရပုံက ဆန်းတယ်ကွ၊ ငါတို့ရွာချောင်းထဲမှာ သေနတ်မှန်ပြီး ရေနစ်နေတဲ့ အင်္ဂလိပ်ကြီးတစ်ယောက်ကို မင်းအဘိုးက ဆင်းဆယ်ပြီး ဆရာတော့်ဆီ ပို့၊ ဆရာတော်က သူဖော်ထားတဲ့ဆေးနဲ့ ကုလို ပျောက်သွားတော့ အင်္ဂလိပ်ကြီးက မသေတော့ဘဲ နောက်ရောက် လာတဲ့ စစ်တပ်နဲ့ ပြန်ထွက်လိုက်မယ့်နေ့မှာပဲ မင်းအဘိုးကို အမှတ်တရ လက်ဆောင်ဆိုပြီးပေးခဲ့တာ၊ ထူးဆန်းတာက အဲဒီအင်္ဂလိပ်ကြီးကိုလည်း သူ့အဖေရဲ့အဖေ သူ့အဘိုးကပဲ ပေးခဲ့တာတဲ့ကွ"

"ဟာ...ဒါဆို ဒီနာရီက သက်တမ်းကြာပြီပေါ့"

"ဒါပေါ့ကွ၊ ဆွစ်ဇာလန်မိတ်ကွ၊ နှစ်တစ်ရာမှာ တစ်မိနစ်လွဲရင် နာရီရဲ့တန်ဖိုးထက် အဆတစ်ရာဆိုလား တစ်ထောင်ဆိုလား၊ တစ်သောင်း ဆိုလား ပြန်ပေးမယ်ဆိုတာ သူတို့ကြော်ငြာတာပေါ့ကွ"

ထို့ကြောင့် ညိုမောင်သည် ရာဇဝင်ရှိသော ထိုနာရီကလေးကို သိပ်မြတ်နိုးသည်။ သူ့နာရီကလေးက ပြသောအချိန်သည် ဒီကမ္ဘာပေါ်တွင် အမှန်ဆုံးဟု လုံးဝစွဲမြဲစွာ ယုံကြည်ထားသည်။

လူတစ်ယောက်မှာ တစ်ခါတလေ တစ်ခုခုရှုံးသွပ်ခွင့်ကလေးတော့ ရှိထားသင့်သည်ဟု ထင်ပါသည်။

ထိုအချိန်မှာပင် ညိုမောင်လမ်းကလေးကိုကွေ့လိုက်တော့ ဟိုဘက လမ်းကနေ ညိုမောင့်လိုပဲ ကွေ့လိုက်သော လူတစ်ယောက်ကို တွေ့လိုက တော့ ညိုမောင်ဝမ်းသာသွားသည်။ ပြီးတော့ အံ့ဩသွား၏။ အဘ ကြောင့်ဆိုသော် ထိုလူက ညိုမောင့်ကို ပြုံးပြလိုက်သောကြောင့်ဖြစ်သည်

"စားခဲ့ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ..."

အပြုံးအပြင်စကားပါပြောသဖြင့် ညိုမောင်ပို၍ ဘာလုပ်ရမှန်း မသိဖြစ်သွားသည်။ သေချာတာက ထိုလူ့ကို ညိုမောင်လုံးဝမသိပါ။

"ခင်ဗျား အင်တာဗျူးလာဖြေတာမဟုတ်လား၊ ကျွန်တော်လည်း အတူတူပါပဲ၊ ခင်ဗျားကို အချိန်ပြောင်းတာဖတ်ကတည်းက သတိထားမိတာ"

"ဟာ...ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော် မျက်စိလည်နေလို့"

"ဒါဆို ဘာမှမစားရသေးဘူးပေါ့"

"ဟုတ်တယ်မစားရသေးဘူး"

"ဒီဘက်အကွေ့မှာ မုန့်ဟင်းခါးတို့ အသုပ်တို့ရောင်းတဲ့ ဆိုင်ကလေးတွေ ရှိတယ်ဗျ၊ သွားကြရအောင်"

"ကုမ္ပဏီနဲ့တော်တော်ဝေးသေးလား"

"ဟာ...ခင်ဗျားကလည်း ကုမ္ပဏီက ရှေ့ကွေ့ကလေးတင်ဟာ၊ လာစမ်းပါ"

ညိုမောင်သက်ပြင်းကြီးကိုချရင်း ထိုလူနှင့်အတူ ထွက်ခဲ့လေသည်။

Ð Ð Ð





## အခန်း (၄)

ယောကျ်ားလေးတွေက ဒေါသဖြစ်နေသော မျက်နှာမျိုးဖြင့် ခပ်သွက်သွက်ထွက်လာကြပြီး၊ မိန်းကလေးအများစုက နှာခေါင်းထိပ်ကလေးတွေ နီကာ မျက်ရည်လည်ရင်း အင်တာဗျူးအခန်းထဲက ထွက်လာတာကို မြင်ရလေလေ ညိုမောင်က ဓာတ္တသုတ်ကို ဖိ ၍ ဖိ၍ ရွတ်လေဖြစ်သည်။

"သိပ်တော့ မလွယ်ဘူးထင်တယ်ဗျို့၊ ရှေ့ကလူတွေပုံစံကြည့်ရတာ သိပ်မဟုတ်ဘူး"

သူနှင့်အတူ မနက်စာ စားခဲ့သော ဝင်းထွန်းက လေသံသဲ့သဲ့ဖြင့် သူ့ကိုကပ်၍ ပြောခြင်းဖြစ်သည်။ ညိုမောင် စိတ်ထဲက မေတ္တာသုတ်ကို ရွတ်နေတာ မပျက်ရအောင် ခေါင်းကိုသာညိတ်ပြလိုက်ရ၏။

အခန်းထဲက အင်တာဗျူးနေသည့် ပုဂ္ဂိုလ်များကို မေတ္တာပို့နေခြင်းဖြစ်သော်လည်း တစ်ခါမျှ မမြင်ဘူးသောကြောင့် မေတ္တာပို့ရတာ တော်တော်အူကြောင်ကြောင်နိုင်သည်ဟု ညိုမောင်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာသုတ်ရွတ်တိုင်း သူ့မျက်နှာထဲမှာ မြင်နေတာက မနက်က တွန်းပေးလိုက်တဲ့ ကားအဖြူရောင်ကလေးထဲက အဖြူရောင်တွေချည်း သာ ဝတ်ထားသောအဖြူရောင် လမင်းကလေးမျက်နှာကိုပဲ မြင်မြင်နေသည်။

ဘယ်လောက်ကိုလေသာတရားများလိုက်တဲ့ကောင်လဲဟု ဆရာတော်ဘုရား အမြဲဆုံးမတော်မူသည့်အတိုင်း ကိုယ့်ကိုကိုယ် နာနာ ကြည်းကြည်းနှင့် ယဉ်ကျေးလာအောင်ဆုံးမရင်း မေတ္တာသုတ်ကိုသာ အာရုံနှစ်၍ ရွတ်နေရသည်။ သူ့မှာ အားကိုးစရာဆို၍ ဘုရား၊ တရား၊ သံဃာသာရှိသည်။

သူနှင့် ဒီနေ့မနက်မှ ရင်းနှီးခဲ့သည့် ဝင်းထွန်းက အမှတ် ၂၂ နောက်ဆုံးလူဖြစ်၏။ သူနှင့် ဝင်းထွန်းကြားတွင် တစ်ယောက်ခြားသည်။ သို့သော် ထိုတစ်ယောက်က မလာပါ။ ထို့ကြောင့် သူပြီးလျှင် ဝင်းထွန်း အလှည့်ပင်ဖြစ်သည်။

"ခင်ဗျားပြီးရင် ခဏစောင့်ဗျာ၊ အတူပြန်ကြတာပေါ့၊ ဟုတ်လား၊" သူ့ခေါင်းကို ညိတ်ပြလိုက်၏။

"ကာမေသု ဝိနယဂေဓံ၊ နဟိဇာတုတ်ဂတ်ဘ သေယပုန ရေတိ မစ်တ သုတ်တံနိတ်ထိတံ"

"အမှတ်စဉ် ၂၁ မောင်ညိုမောင်"

မေတ္တာသုတ်ရွတ်အပြီး သူ့အမည်အခေါ် တိုက်ဆိုင်သွားသဖြင့် ညိုမောင့်စိတ်ထဲမှာ တော်တော်လေးပီတိဖြစ်သွားသည်။

"ဟုတ်ကဲ့...ရှိပါတယ်ခင်ဗျ"

"အဆင်သင့်ပြင်ထားပါ၊ ဒီခုံမှာနေရာယူထားပါ"





ညိုမောင် ဝင်းထွန်းလက်ကိုပုတ်ရင်းထပြီး အမည်ခေါ်သူညွှန်ပြသော နေရာတွင် ဝင်ထိုင်ရသည်။

အထဲကိုရောက်လျှင် အင်တာဗျူးသူများက ထိုင်ပါဟု မပြောမချင်း မတ်တတ်ရပ်နေရမည်။ သူတို့က "ထိုင်ပါ" ဆိုမှ ထိုင်ရမည်။ ထိုင်သည့်အခါတွင် လျှော့တိလျှော့ရဲမထိုင်ရ။ တောင့်တောင့်တင်းတင်းကြီး မနေရ။ မျက်လုံးကို တစ်ခန်းလုံးလျှောက်ကြည့်တာမျိုး မလုပ်ရ။ ပြီးတော့ ကိုယ့်ကိုမေးမည့်လူကြီးများကို တစ်ယောက်ပြီးတစ်ယောက် လျှောက်ကြည့်တာမျိုး မလုပ်ရ။ တစ်ယောက်တည်းကို စူးစိုက်ကြည့်တာမျိုးလည်း မလုပ်ရ ဆိုတာတွေကို ညိုမောင် သတိထားဖို့ တစ်ကြိမ်စီပြန်စဉ်းစားလိုက်သည်။

"ကဲ...ကိုညိုမောင်...ဝင်လို့ရပါပြီ"

သူ တံခါးကိုတွန်းဖွင့်ပြီး ဝင်လိုက်တော့ အမျိုးအမည် ဖော်ပြ၍မရသော ရနံ့တစ်ခုကို နှလုံးသားထဲက ရပါသည်။ ထိုရနံ့မျိုးကို အင်တာဗျူးဖြေဖူးသူမှသာ ခံစားနိုင်မည်ဖြစ်ပြီး စာဖြင့်ရေးပြရန်မလွယ်ကူပါ။ ရလည်း မရနိုင်ပါ။

သူထိုင်ရန်အတွက် စီစဉ်ထားသော ခုံ၏နောက်တွင် ခေါင်းကို ငုံ့မှန်ထားပြီး မျက်ဝန်းတွေကိုတော့ အောက်ကိုစိုက်ထားလိုက်သည်။ လမင်း ငါး ဘာလုပ်ရမှန်းမသိ ဖြစ်၍သွားသည်။

ထို့ကြောင့် ရှေ့မှာရှိနေသော စာရွက်တွေကို ကောက်ကိုင်ပြီး ဘာအဓိပ္ပါယ်မှ မရှိဘဲ လျှောက်ဖတ်၍နေမိသည်။ ဒီငတိ မျက်စိလည် လမ်းမှားပြီး ကမ္ဘောဇကိုရောက်မလာပါစေနဲ့ဟူသော သူ့ဆုတောင်းမှာ မပြည့်ခဲ့။


www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ"

ငြင်သာဖော်ရွေသော အသံကြောင့် ညိုမောင်ခေါင်းကို တစ်ချက်ညိတ်ပြပြီး ခုံတွင် ဝင်ထိုင်သည်။ ပြီးတော့ ရှေ့က စားပွဲပေါ်မှာ မြင်ရသည့် သူ့မျက်ဝန်းတစ်စုံ့စာ စာရွက်တွေ ဖိုင်တွေကိုသာ စိုက်ကြည့်နေမိသည်။ သူက စကားမပြောဘဲ ကိုယ်က သူတို့ကို မကြည့်ရပါ။

"ကိုညိုမောင်က Eco နဲ့ ပြီးတာနော်"

"ဟုတ်ပါတယ် ခင်ဗျာ"

ချိုသာစွာဖြေရင်း ခေါင်းကိုမော့လိုက်တော့မှ ညိုမောင့်ခေါင်းသည် အင်တာဗျူးအခန်းနှင့် ပြည့်သွားသည်ဟုပင်ထင်ရသည်။

သူ...။

အဖြူရောင် လမင်းလေး။

သူ ကားတွန်းပေးခဲ့သူ။ ပိုက်ဆံတစ်ထောင်။

"ကျွန်တော်က ချစ်မင်းစိုးပါ၊ Solo ကုမ္ပဏီရဲ့ မန်နေဂျာချုပ်ပါ၊ ပိုင်ရှင်ကလည်း ကျွန်တော်ပါပဲ၊ သူက ကျွန်တော့် ညီမပါ၊ မလမင်းစိုး၊ Solo ရဲ့ ဒုတိယမန်နေဂျာချုပ်ပါ၊ ကိုညိုမောင့်ကို ကျွန်တော်တို့ အခုလိုခေါ်တွေ့ရတာရဲ့ အဓိကအချက်က ကျွန်တော်တို့ရဲ့ Solo စီးပွားရေးလုပ်ငန်းကို ကိုညိုမောင် ဘယ်လိုစိတ်ဝင်စားသလဲ၊ ဘယ်လိုမြင်သလဲဆိုတာကို ရိုးရိုးသားသားသိချင်တာပါပဲ"

ကိုချစ်မင်းစိုးဆိုသူက ညိုမောင့်ထက် ၂ နှစ်လောက်တော့ကြီးမည့်ပုံစံပေါ်သည်။ စကားပြောရည်မွန်သည်။ တည်ငြိမ်အေးဆေးသည်။ သူပေးထားသည့် နာမည်က လမင်းဖြစ်ပြီး၊ အခုတွေ့ရတော့ ဒီကောင်မလေးနာမည်က 'လမင်းစိုး' ဆိုတာရယ်၊ သူမေတ္တာရှတ်နေတုန်းက ဒီ'လမင်း'





မျက်နှာပဲ ပေါ်ပေါ်လာနေတာရယ်နဲ့ သူ့ကိုမေးမည့်သူက လမင်းစိုးဖြစ်နေတာတွေရယ်ကြောင့် ညိုမောင်စိတ်တွေလှုပ်ရှားပြီး ကိုချစ်မင်းစိုးမေးသောမေးခွန်းကို အတင်းပြန်စဉ်းစားယူရသည်။

"ကျွန်တော် Solo ကုမ္ပဏီကို ဈေးကွက်ထဲကို ထိုးဖောက်ကာစကုမ္ပဏီတစ်ခုလို့ပဲ သုံးသပ်မိပါတယ် ခင်ဗျာ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ရွာကလေးမှာ ဒီနာမည်ကို မကြားဘူးသေးပါဘူး၊ တခြားကုမ္ပဏီတွေ တော်တော်များများကိုတော့ သိနေကြပါတယ်၊ ကျွန်တော်တို့ကြော်ငြာအားသုံးရပါ့မယ်"

"မှန်တယ်၊ ဘာဖြစ်လို့ ကျွန်တော်တို့ ကုမ္ပဏီကို စိတ်ဝင်စားရတာလဲ"

"ကျွန်တော် ခက်ခက်ခဲခဲကြိုးစားသင်ထားခဲ့ရတဲ့ ပညာကို အသုံးချဖြစ်ချင်တာရယ်....ပြီးတော့..."

ညိုမောင် စကားဆက်မပြောဘဲ မျက်လွှာကိုချလိုက်သည်။

"ပြောပါ ဘာကိုမဆို ပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ်"

"ပြီးတော့ ကျွန်တော့်အမေနှင့် ဆရာတော်တို့ရဲ့ မိဘကျေးဇူးကို ဆပ်တဲ့အနေနဲ့ လုပ်ကျွေးချင်လို့ပါ"

ကိုချစ်မင်းစိုးက လေးနက်စွာခေါင်းညိတ်လေသည်။ ပြီးတော့—

"ကိုညိုမောင့်လိပ်စာက ဘုန်းကြီးကျောင်းလိပ်စာကြီးနော်"

"ဟုတ်ပါတယ်၊ ကျွန်တော် ၁၀ နှစ်သားကတည်းက ဘုန်းကြီးကျောင်းကို စရောက်ပါတယ်၊ ကျောင်းက ကျွန်တော်တို့ရွာအပါအဝင် ရွာ ၃ ရွာစလုံး ကိုးကွယ်တဲ့ကျောင်းပါ၊ ဆရာတော်ကိုယ်တိုင်က ကျွန်တော့်ကို ဘွဲ့ရသည်အထိ ကျောင်းတက်ဖို့ စရိတ်ကို တာဝန်ယူခဲ့တာပါ၊အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဆရာတော့်ကျေးဇူးနဲ့ မိဘကျေးဇူးကို ကျွန်တော်က ဆပ်ချင်တာပါ"

"ကိုညိုမောင်တို့ရွာမှာ ပွဲရုံတို့၊ ပွဲဒိုင်တို့ မရှိဘူးလား"

"ရွာမှာတော့ မရှိပါဘူး၊ ရွာကနေ ၃ နာရီလောက်လှည်းနဲ့ သွားရင်တော့ ကမ်းနီးကိုရောက်ပါတယ်၊ အဲဒီမှာ ဒိုင်တွေရှိပါတယ်"

"အဲဒီဒိုင်တွေမှာ ကိုညိုမောင်လို ပညာတတ်တွေလိုမှာပဲ၊ ဘာဖြစ်လို့ မလုပ်တာလဲ"

"အဲဒီမှာဆိုရင် ကျွန်တော် ဘယ်လောက်ကြိုးစား ကြိုးစား ထူးခြားမှာမဟုတ်ပါဘူး၊ အဲဒီဒိုင်တွေမှာလုပ်ဖို့က Eco နဲ့ ဘွဲ့ရစရာမလိုပါဘူး၊ ၈ တန်းအောင်လောက်ဆိုရင် ရပါပြီ၊ အဲဒါကြောင့် ကျွန်တော့်ပညာကို နှမြောတာလည်း ပါ,ပါတယ်"

"ကိုညိုမောင် ဒါပထမဦးဆုံး အလုပ်လျှောက်ဖူးတာနော်"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ ကျွန်တော် မေးစရာမရှိတော့ပါဘူး၊ ကဲ...ညီမလေး"

ကိုချစ်မင်းစိုးက သူ့ညီမလေးဘက်သို့လှည့်၍ မေးဆတ်ပြသည်။ လမင်းစိုးက မဲ့ပြုံးကလေးပြုံးကာ မျက်နှာကို ညိုမောင့်ဘက်သို့ တည်လိုက်သည်။

"ရှင်...အလုပ်လုပ်ချင်တာက ကျွန်မတို့ ကုမ္ပဏီအတွက် တစ်ခုမှ မပါဘူးနော်၊ ရှင့်ပညာကို အသုံးချချင်တာရယ်၊ ရှင့်ဆရာတော်နဲ့ အမေကို ငွေပေးချင်တာရယ်၊ ဒါပဲရှိတာပေါ့ ဟုတ်လား"

လေသံက တင်းမာပြတ်သားလွန်းသဖြင့် ညိုမောင် တော်တော်လေး လန့်၍သွားသည်။





ညိုမောင်ထင်ထားတာက သူ့ကားတွန်းပေးခဲ့သဖြင့် ထို လမင်းတာလေးက ထိုကိစ္စကို ဖွင့်ပြောမပြောသည့်တိုင်အောင် သူ့ကို ဖော်ဖော်ရွေရွေနှင့် မေးခွန်းအသင့်အတင့်လောက်သာ မေးလိမ့်မည်ဟု ထင်ထားတာကြောင့်လည်းပါသည်။

"အာ...မဟုတ်ဘူး၊ ဒီလိုခင်ဗျ၊ ကျွန်တော့်ပညာကို အသုံးချချင်တာက ကုမ္ပဏီအတွက်ပါ၊ ပြီးတော့ ကျွန်တော် ဒီ ကုမ္ပဏီကို တိုးတက်ကြီးပွားအောင် လုပ်နိုင်တော့မှ ကျွန်တော်လည်းရာထူးတိုးမယ်၊ လခများများရမယ်၊ ဒီတော့မှ ကျွန်တော့်ကျေးဇူးရှင်တွေကို ပိုကျေးဇူးဆပ်နိုင်မှာမို့ ဒီကိစ္စ နှစ်ခုစလုံးမှာ ကုမ္ပဏီရဲ့ အကျိုးစီးပွားက ပါထားပြီးသားပါ ခင်ဗျာ"

"ဟင်း...ဟင်း...မင်းက စကားပြောတော့ ကောင်းသားပဲ၊ ကဲ...ဗူးအက်တူးမြောင်းက ဘယ်နှခုနှစ်မှာစဖွင့်တာလဲ သိလား"

"ဗူးအက်က...."

"မသိရင်ထားတော့....၊ ဗူးအက်တူးမြောင်းက ဘယ်နမှာရှိသလဲ၊ ဘယ်နိုင်ငံနဲ့ ဘယ်နိုင်ငံကို ဆက်သွယ်ပေးထားလဲ"

"--------"

"မသိရင် မသိဘူးပြောကွာ"

"ဟုတ်ကဲ့....မသိပါဘူး"

"ဗူးအက်တူးမြောင်းကြောင့် ပြောင်းလဲသွားတဲ့ စီးပွားရေးမှာ ဘာပို့ကုန်သွင်းကုန်တွေက အာရှအတွက်အရေးကြီးခဲ့သလဲ"

"မသိပါဘူး ခင်ဗျာ"

"ကောင်းပြီ၊ စီးပွားရေးတစ်ခု စလုပ်တော့မယ်ဆိုရင် အခြေခံ အဓိကကျတဲ့ အချက်တွေက ဘာတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီမေးခွန်းအတွက်ကိုတော့ ညိုမောင် ခေါင်းကိုမော့လိုက်ပါသည်။ ထိုမေးခွန်း၏အဖြေကို သူကောင်းကောင်းသိပါသည်။

"ဘယ်စီးပွားရေးအတွက်မဆို (5-M) လိုအပ်ပါတယ်"

"ကောင်းပြီ၊ ပြောပြစမ်းပါဦး"

"ဟုတ်ကဲ့၊ 5-M မှာ ပထမ M က Money ပါ၊ စီးပွားရေးတစ်ခု လုပ်ဖို့အတွက် လုံလောက်တဲ့ငွေအရင်းအနှီးရှိရမယ် ဆိုပါတယ်၊ ဒုတိယ M က Man ပါ၊ အဲဒီစီးပွားရေးနဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့လူရှိထားရပါ့မယ်"

"ဟုတ်ပြီ ဆက်စမ်းပါဦး"

"တတိယ M က Market ပါ၊ ကိုယ်ထုတ်လုပ်မယ့် ကုန်ပစ္စည်းကို လက်ခံပြီး ဖြန့်ဖြူးပေးနိုင်မယ့် ဈေးကွက်လည်းရှိဖို့လိုပါတယ်"

"အင်း…အင်း"

"စတုတ္ထ M ကတော့ Method ပါ ကိုယ်ထုတ်မယ့်ကုန်ပစ္စည်း ထုတ်လုပ်တဲ့ နည်းလမ်းဟာရှိပြီးသား၊ ကိုယ်နဲ့အမျိုးတူ ကုန်ပစ္စည်းတွေနဲ့ နည်းလမ်းကွာခြားမှုရှိရပါ့မယ်၊ ကိုယ်ထုတ်လုပ်တဲ့နည်းလမ်းက ခေတ်ကာလ အခြေအနေနဲ့ ပိုပြီး သဟဇာတဖြစ်တဲ့နည်းလမ်း methord ရှိထားရပါ့မယ်၊ နောက်ဆုံး M ကတော့ Management စီမံအုပ်ချုပ်မှုပါ၊ ကိုယ်က ထုတ်ကုန်အတွက် ပညာရှင်တွေ ကျွမ်းကျင်လုပ်သားတွေ အခြေခံလုပ်သားတွေအားလုံးကို စီမံအုပ်ချုပ်တဲ့ ပညာရှင်၊ ဒါမှမဟုတ် ကျွမ်းကျင်တဲ့ လိုက်ရောညီထွေဖြစ်မယ့် စီမံအုပ်ချုပ်မှု လိုအပ်တယ်လို့ ဆိုတာပါ"





လမင်းစိုးက မျက်နှာကိုမဲ့၍ ခေါင်းကိုတဆတ်ဆတ်ညိတ်နေသည်။ သူ့ပုံစံက ညိုမောင်ပြောနေသည့်စကားတွေကို မထီမဲ့မြင်ပြုနေသည့်ပုံစံမျိုးဖြစ်နေသည်ဟု ချစ်မင်းစိုးထင်သည်။

တကယ်တော့ လမင်းစိုးသည် M-D ဆိုသော ရာထူးအတွက် ရင့်ကျက်မှုနည်းပါးနေသေးသည်ဆိုတာကို ချစ်မင်းစိုးသိပါသည်။သူ့ရှယ်ယာ mamber တွေကလည်း တည့်တည့်မဟုတ်သည့်တိုင်အောင် စောင်းပါးရိပ်ချေလောက်တော့ ချစ်မင်းစိုးကို ပြောပြပါသည်။ ဒါပေမယ့် လမင်းစိုးမှားတာတွေက ကြီးကြီးမားမားတော့ မရှိသေး။ ပြောရဲ ဆိုရဲ လုပ်ရဲ ကိုင်ရဲတဲ့နေရာမှာကျတော့လည်း လမင်းစိုးသည် သူ့ထက်ပို၍ မာကြောသည်ဆိုတာကိုတော့ ချစ်မင်းစိုး ဝန်ခံရမည်ဖြစ်သည်။

အခုလည်း တစ်ဖက်က သူသိသမျှကို အားတက်သရောပြောနေချိန်တွင် လူကြီးနေရာတွင်ရှိနေသော ကိုယ်က မထီမဲ့မြင်လုပ်တာမျိုး ကို မဖြစ်သင့်ဟု ချစ်မင်းစိုးထင်သည်။

"အင်း…ကောင်းပါပြီ၊ အခု မင်းပြောသွားတဲ့ (5-M) ထဲမှာ ဘယ် M က အရေးအကြီးဆုံးလဲကွ"

"ဟာ…အကုန်လုံး အရေးကြီးတယ် ခင်ဗျ၊ အဲဒီ M-5 ထဲက တစ်ခုမရှိရင် အဲဒီစီးပွားရေးက လုံးဝအောင်မြင်ဖို့ မလွယ်နိုင်ပါဘူးခင်ဗျ"

ညိုမောင့်စကားဆုံးသည်နှင့် လမင်းစိုးက ခေါင်းကလေးကို အနည်းငယ်မော့၍ လေသံသဲ့သဲ့ဖြင့် ရယ်လေသည်။ လမင်းစိုးရယ်ပုံက လှောင်ရယ်ရယ်ခြင်းဖြစ်သည်ဆိုတာကို သူ့ညီမအကြောင်း သိပြီးသားဖြစ်သဖြင့် ချစ်မင်းစိုး မျက်နှာမှာ ရှက်စိတ်ဖြင့် နီရဲစပြုလာသည်။

"အေး…မင်းပြောတဲ့ 5-M ဆိုတာကြီးက ၁၈၀၀ နဲ့ ၁၉၀၀ ခုနှစ်အစပိုင်းမှာတင် ပြီးသွားပြီကွ၊ အခုအချိန်မှာ အဲဒီ 5-M မလိုတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မင်းဆီမှာ တစ်ကမ္ဘာလုံးနဲ့ ဆက်သွယ်လို့ရတဲ့ ကွန်ပျူတာတစ်လုံးရှိမယ်၊ အဲဒီ ကွန်ပျူတာကိုလည်း မင်းက ကျွမ်းကျွမ်းကျင်ကျင်ကိုင်တွယ်တတ်မယ်၊ စတော့ရှယ်ယာဈေးကွက်သတင်း၊ ရေနံသတင်း၊ သစ်၊ ဆန် စတဲ့ နိုင်ငံအသီးသီးက ဈေးတွေကို မင်းကွန်ပျူတာကွန်ရက်နဲ့ ချိတ်ဆက် ထားပြီး လုပ်မယ်ဆိုရင် အဲဒီသတင်းတွေကို မင်းက လူများထက်ပိုမြန်၊ ပိုမှန်အောင် သိထားနိုင်မယ်ဆိုရင် စီးပွားရေးပြီးပြီ၊ ဒီခေတ်က IT ခေတ်ကွ၊ သိရဲ့လား"

ညိုမောင်ဘာမှပြန်မပြောနိုင်။ သူ့ကို အငြိုးတကြီးနဲ့ စကားလုံးတွေကို အားအင်အပြည့်ဖြင့် ပြောချသွားသော လမင်းစိုးကိုသာ တအံ့တသြ ငေးနေခဲ့မိသည်။

"ညီမလေး..."

ချစ်မင်းစိုးထံမှခေါ်သံကြောင့် လမင်းစိုးစကားကိုရပ်ပြီး သူ့အစ်ကိုကို ကြည့်သည်။

"ညီမလေး အခုလုပ်နေတာ အင်တာဗျူးပါ၊ Lecture ပို့ချနေတာမဟုတ်ဘူး၊ သူသိသလောက်ကို သူပြောမယ်၊ မင်းက သူ့ကို အကဲဖြတ်မယ်၊ အမှတ်ပေးမယ်၊ မင်းသိထားတာတွေ သူ့ကို ပြောဖို့မလိုဘူး၊ လှောင်ဖို့မလိုဘူး၊ ဟောက်ဖို့မလိုဘူး၊ ညီမလေးတာဝန်က ကိုကိုတို့လို အပ်တဲ့အလုပ်နဲ့ ကိုယ် အင်တာဗျူးတဲ့လူဟာ အဆင်ပြေနိုင် မပြေနိုင် ဒါပဲအကဲဖြတ်ရမှာ၊ ပညာပြတာတွေလုပ်ဖို့မလိုဘူး၊ ကဲ...ညီမလေး သူ့ဆီက ဘာသိချင်တာရှိသေးလဲ"

"ဟင်း...ဟင်း...မလိုတော့ပါဘူး"

"ကဲ...ဒါဆိုရင် ကိုညိုမောင့်အတွက် အင်တာဗျူးပြီးပါပြီ၊ ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့ပါ ခင်ဗျ၊ ခွင့်ပြုပါဦး"





အင်တာဗျူးခန်းမထဲက ထွက်လိုက်တော့ ညိုမောင် ပေါ့ပါးလန်းဆန်း၍သွားသည်။ ဒါပေမယ့် သူဒီအလုပ်ကို မရနိုင်တော့ဆိုတာတော့ သေချာ နေပြီဖြစ်ကြောင်း ကောင်းကောင်းကြီးသိလေသည်။ သူ ကိုဝင်းထွန်းကို စောင့်မယ်လို့ပြောပြီးထားသဖြင့် အပြင်ခန်းမထဲမှာပင် ထိုင်နေလိုက်သည်။

၁၀ မိနစ်လောက်ကြာတော့ ဝင်းထွန်းပြန်လာသည်။

"အခြေအနေကောင်းလား..."

"ဟာ...M-D ဆိုတဲ့ အမျိုးသမီးက တော်တော့်ကိုရစ်တာဗျာ၊ ရတာ မရတာတော့ ကံတရားပဲ"

"ခင်ဗျားရော"

"ကျွန်တော့်ကိုလည်း ရစ်တာပါပဲဗျာ၊ သူ့အစ်ကိုကမှ တော်သေးတယ်"

"သြော်...သူတို့က မောင်နှမတွေလား"

"ဟုတ်တယ်ဗျ၊ ကိုချစ်မင်းစိုးက အကြီးတဲ့ ကျွန်တော်ကတော့ မျှော်လင့်ချက်မရှိပါဘူး၊ ကျွန်တော့်လိပ်စာယူထားဗျာ၊ ခင်ဗျားလိပ်စာလည်း ပေးထားခဲ့၊ နောင်အလုပ်တွေ့တော့လည်း အတူတူလျှောက်ကြတာပေါ့ မဟုတ်ဘူးလား"

အဆောင်ကိုပြန်ရောက်တော့ ဘယ်သူမှမရှိသည်နှင့် ညိုမောင် ခုတင်ပေါ်လှဲရင်း သူဒီနေ့မနက်ဖြစ်ခဲ့တာတွေကို တွေးနေမိသည်။ သူ ကားတွန်းပေးခဲ့သော လမင်းကလေးသည် Solo ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ M-D ဖြစ်နေသည်။ ထိုကောင်မလေးကို သူက ကူညီပြီးကားတွန်းပေးခဲ့သည်။ ပုံပြင်ထဲမှာ ဒါမှမဟုတ် ရုပ်ရှင်တွေ ဘာတွေထဲမှာဆိုလျှင်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝသည် အလွန်တစ်ရာအဆင်ပြေသွားဖို့ရှိသည်။ အခု တကယ့်လက်တွေ့ကျတော့ ဘာတွေဖြစ်ကုန်မှန်း မသိ။

ဒီအလုပ်ကိုရရန် အားခဲလာခဲ့သော ညိုမောင့်အတွက် အားလျှော့ရုံတင်မက အားပါကုန်သွားခြင်းဖြစ်သည်။ ဒီအလုပ်ရမှမဟုတ် ဘယ်အလုပ်မဆိုရအောင် လုပ်ဟူသောဆုံးဖြတ်ချက်ဖြင့် ညိုမောင် ရန်ကုန်သို့ တက်လာခြင်းဖြစ်ပါသည်။ ထို့ကြောင့် ညိုမောင် တုန်လှုပ်ခြင်းတော့ မဖြစ်ပါ။ ဒါပေမယ့် အားငယ်ဝမ်းနည်းသွားသလိုတော့ အမှန်တကယ်ခံစားရပါသည်။

သူခံစားနေရတာကို အားရပါးရ ပြောချလိုက်ရလျှင်လည်း ညိုမောင့်ရင်ထဲမှာ ပေါ့ပါးသွားနိုင်စရာရှိသည်။ သို့သော် အဆောင်မှာ ဘယ်သူမှမရှိ။ ဒီတော့ ဝမ်းနည်းခြင်းအပေါ်မှာ အားငယ်ခြင်းကပါ ထပ်ဆင့်ရောက်လာခြင်းဖြစ်၏။

ညိုမောင် မျက်စိကို မှိတ်ထားလိုက်သည်။

သူ့ကို လှောင်ရယ်ရယ်နေသော လမင်းလေးပုံပေါ်လာသည်။ ဘယ်လောက်တိုက်ဆိုင်လိုက်သလဲ။ အဖြူတွေချည်းပဲဝတ်ထားသဖြင့် သူက ရင်ထဲမှာ လမင်းလေးလို့ အမည်ပေးခဲ့သည်။ ပြန်တွေ့ရဖို့ကိုလည်း မမျှော်လင့်ခဲ့ပါ။ ပြန်တွေ့တော့ သူ့နာမည်က 'လမင်းစိုး'တဲ့။ လမင်းကို ဆိုးမည့်သူတော့မဖြစ်နိုင်ပါ။ လူတစ်ယောက်ကို လမင်းက စိုးမိုးသလို စိုးမိုးမည့်သဘောသာဖြစ်လိမ့်မည်ဟု ညိုမောင်ထင်ပါသည်။

ညိုမောင်သည် ဤသို့ လမင်းစိုးအကြောင်းကိုတွေးရင်းနှင့် အိပ်ပျော်၍သွားလေသည်။

ညိုမောင်နိုးလာတော့ ညနေခင်းနေကျချိန်ကို ရောက်နေပြီဖြစ်





သည်။ ကိုဇော်က ဝတ္ထုတစ်အုပ်ကို သဲကြီးမဲကြီးပက်လက်လှန်ရင်း ဖတ်နေသည်။ ကိုမိုးကတော့ ရေကန်မှရေကို အားရပါးရ ချိုးနေတာကြားရသည်။ သူက သီချင်းကလေးနှင့် ရေချိုးနေသည့်အတွက် ကြားရသည်ဟု ဆိုခြင်းဖြစ်သည်။ တိုးလွင်ကို မတွေ့၊ အသံလည်း မကြားရ။ ကျောင်းပြန်မရောက်သေးတာ ဖြစ်လိမ့်မည်ထင်သည်။

နေ့လယ်ခင်းအိပ်ပြီး ညနေရီ နေဝင်ချိန်မှာ နိုးလေ့နိုးထရှိသူတိုင်း ခံစားရလေ့ရှိသော စိတ်လေးလံထိုင်းမှိုင်းခြင်း၊ ငေါင်နေခြင်းဆိုသော ဝေဒနာကို ခံစားနေရသည်။ ညိုမောင် သူ့လက်က နာရီကလေးကို ငုံ့ကြည့်လိုက်တော့ ၅ နာရီ ၄၂ မိနစ်ရှိနေပြီ။ ကိုမိုးပြီးရင် သူရေချိုးလိုက်လျှင် လန်းဆန်းသွားမည်ဟု ညိုမောင်တွေးလိုက်သည်။ ကိုဇော်ကတော့ သူနိုးတာကိုသိသော်လည်း လှည့်မကြည့်။ စာအုပ်ကိုသာ သဲကြီးမဲကြီး ဖတ်၍နေသည်။

"နွေဦး ကံ့ကော်များ ဩော်...ခြံထဲပွင့်ဝေ ဆွတ်သင်း...မွှေ့ဝေမြ...ဝါရွှေနု ပွင့်ဖြူ...ဩော်...နိုးပြီလား"

သီချင်းကလေးဖြင့် ဝင်လာသော ကိုမိုးက ရေခွက်ကိုတင်ရင်း လှမ်းမေးသည်ကို သူခေါင်းညိတ်ပြလိုက်ပြီး အပြင်းကြောဆန့်လိုက် သည်။ ပြီးတော့သူ့ဘယ်ဘက်လက်မှာ ပတ်ထားသည့် နာရီကလေးကို ချွတ်ပြီး တိုင်မှာ ရိုက်ထားသော သံချောင်းကလေးမှာ လှမ်းချိတ်လိုက်သည်။ ဒီသံချောင်းကလေးကို အရင် သူ့ခုတင်မှာ နေသွားသူက ဘာအတွက် အသုံးချဖို့ ရိုက်ထားတာလည်းတော့မသိ၊ ညိုမောင့်အတွက်ကတော့ သူ့နာရီကလေး ချိတ်ရန်အတွက် အလွန်အသုံးတည့်လှသည်။

ညိုမောင်သည် တိုင်မှာချိတ်ထားသော နာရီကလေးကို မြော်မြတ်



www.burmeseclassic.com

www.burmeseclassic.com



နိုးနိုးကြည့်လိုက်သည်။ နာရီကလေးက မင်းက ဘာကြည့်တာလဲ၊ ငါနေကောင်းပါတယ်ကွ၊ ငါက ဒေါင်ဒေါင်မြည်ပါဆိုသော သဘောနှင့် တဆတ်ဆတ်လည်၍ပြနေသည်။ သို့သော် နာရီလက်ပတ်ကြိုးက ဟောင်းလှပြီ၊ အနားတွေဖွာနေသော လည်သာလက်ပတ်ကြိုးဖြစ်၏။

ဒီနာရီကလေး၏ မူလလက်ပတ်ကြိုးသည် ရွှေရည်စိမ် အကောင်းစား လက်ပတ်ကြိုးဖြစ်သည်ဟု အဘိုးက ပြောသည်ဟု အဖေက သူ့ကို ပြန်ပြောပြသည်။ အဖေပတ်တုန်းက နီကယ်စိမ်ထားသော လက်ပတ်ကြိုးနှင့်ဖြစ်၏။အဖေ သူ့ကိုပေးတော့ဆို သံလက်ပတ်ကြိုးသည် နီကယ်တွေကွာ၍ ရုပ်ပျက်ဆင်းပျက်ဖြစ်၍နေသည်နှင့် ထိုလည်သာကြိုးကလေးကို သူတို့ရွာမှသွားလျှင် ပထမဦးဆုံးတွေ့ရသည့် မြိုင်ဝန်းကားကြီးဂိတ်မှ တစ်ဆိုင်တည်းရှိသော နာရီဆိုင်မှ ဝယ်လဲခဲ့ခြင်းဖြစ်သည်။

ထိုကတည်းက ညိုမောင်ဆုံးဖြတ်ချက်ချခဲ့တာက ဒီနာရီကလေးကို နောက်တစ်ကြိမ်လဲသည့်အခါတွင် အကောင်းစားရွှေရည်စိမ် လက်ပတ်ကို ဝယ်လဲနိုင်တော့မှပဲ လဲတော့မည်ဟု ဆုံးဖြတ်ချက်ချခဲ့သည်။

ညိုမောင်သည် နာရီလေးကို အလွန်တန်ဖိုးထားသည်။

သူ့အသက်ပြီးလျှင် ဒုတိယတန်ဖိုးအထားဆုံးဟုဆိုလျှင်ပင် လွန်လိမ့်မည်မထင်ပါ။

ညိုမောင် တိုင်မှာချိတ်ထားသော နာရီကလေးကိုလက်ဖြင့် အသာလှမ်းပုတ်လိုက်ပြီး ပြုံးရင်းထရပ်ကာ ရေချိုးရန် အကျႌချွတ်လိုက်သည်။

ညိုမောင်ရေချိုးနေစဉ် မမနွယ်ဆိုင်မှ ပြန်လာဟန်တူသည်။ မမနွယ်သည် ရန်ကင်းစင်တာမှာ ကီမိုနို၊ပါတိတ်နှင့် ယနေ့ခေတ်ဝတ်အထည်ဆိုင် ဖွင့်ထားကြောင်းကို ကိုမိုးကပြောပြထားသဖြင့် ညိုမောင်





သိရသည်။ မမနွယ်မှာ တင်မေသွယ်ဆိုသော ညီမကလေးတစ်ယောက်ရှိပြီး M-A ဆက်တက်ပြီး ဆရာမလုပ်ရန် ကြိုးစားနေသည်ဟု ကိုမိုးကဆိုသည်။ တစ်ဆက်တည်း ကိုမိုးပြောသည့်စကားက...

"မင်း မေသွယ့်ကိုတော့ ညီမလေးတစ်ယောက်လို ခင်ပေါ့ကွာ၊ ငါနဲ့ မေသွယ်က..."

"ဟာ...ဘာလဲ...ဖြစ်နေပြီလား"

"သိပ်မကြာခင် ဖြစ်တော့မှာ"

"စကားရထားပြီလား"

"အင်း...ပါးရိုက်ခံရမယ်တဲ့၊ ကိုယ့်အိမ်နဲ့ ကိုယ်နေနိုင်အောင်ပဲ အရင်ကြိုးစားပါဦးတဲ့၊ သူပြောတဲ့စကားတွေက ငါချစ်တာနဲ့ ဘာဆိုင်လို့လဲကွာ၊ မဟုတ်ဘူးလား"

သူကတော့ အခုမှရောက်တာ တစ်ရက်နှင့်တစ်ပိုင်းမို့ မေသွယ့်ကို မတွေ့ဖူးသေးပါ။ မမနွယ်က အိမ်ပေါ်သို့တက်ရန် လှေကားသုံးထစ်ကို တစ်ထစ်တက်ပြီးမှ သူ့ဘက်သို့လှည့်၍ လှမ်းအော်မေးသည်။

"ကောင်လေး မနက်က အဆင်ပြေလား"

ညိုမောင်က ခေါင်းမှရေလောင်းအချနှင့်မို့ ရုတ်တရက် မဖြေနိုင်၊ မျက်နှာမှရေသပ်ပြီးမှ ပြန်ဖြေရသည်။

"ဟုတ်ကဲ့ မမနွယ် ပြေပါတယ်"

"အေး...အေး...ရပါစေကွာ"

"ဟုတ်ကဲ့ မမနွယ်"

ဒါမျိုးကို မုသားစကားဟုခေါ်နိုင်သလားဟု ညိုမောင် စဉ်းစားနေမိသည်။ သူ့အမှန်အတိုင်းဖြစ်ခဲ့တာကို မမနွယ်နားလည်အောင် ရှင်းပြနေလျှင် သူလည်း အဆုတ်အအေးပတ်သွားနိုင်သည်။ မမနွယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



လေ့ကားထစ်မှာ မိနစ်အစိတ်လောက် စိတ်မဝင်စားချင်တော့ပဲ ရပ်နေလိမ့်မည် ပြီးတော့ သူ့ကိုလည်း စိတ်မှန့်ရဲ့လားဟု ထင်ချင်ထင်မည်။ ဒီတော့ အခုလို မှသားမျိုးသည် အခြေအနေအချိန်အခါအရ ပြုသင့်သော မုသားဟု ညိုမောင် ယုံကြည်လိုက်သည်။

ညိုမောင် ရေသုတ်နေတုန်း တိုးလွင်ရောက်လာသည်။

"ငါပြန်ရောက်တော့ ဒစ်စပါတ်က ကောင်မလေးတွေက ပြောတယ်ကွ၊ မင်းကလည်း ပြန်မယ်ဆိုရင်လည်း သူတို့ကို ပြန်မယ်လို့ ပြော သွားရောပေါ့၊ ငါက မင်းရှိသေးတယ်ဆိုပြီး လျှောက်ရှာလိုက်ရတာ၊ ဦးဌေးဝေလည်း ၃ နာရီခွဲလောက်မှ ပြန်ဝင်လာတာတွေ့တယ်၊ ဘယ်လိုလဲ အဆင်ပြေတယ် မဟုတ်လား"

"မပြေဘူး တိုးလွင်၊ မင်းတို့ကို ငါဘာဖြစ်ခဲ့တယ်ဆိုတာ အစအဆုံး ပြောပြမယ်ကွာ"

ကိုဇော် စာအုပ်ဖတ်တာရပ်သွားသည်။ ကိုမိုးက သီချင်းညည်းတာ တိတ်သွားသည်။ တိုးလွင်က သူ့ခုတင်ပေါ်တွင် ထိုင်ချလိုက်ရင်း သူ့မျက်နှာတည့်တည့်ကြည့်ရင်းမေးသည်။

"မင်း...ဘာတွေဖြစ်ခဲ့လို့လဲ ညိုမောင်"

ညိုမောင်က သူဖြစ်ခဲ့သည့် ပြဿနာအားလုံးကို ပြောပြလိုက်တော့ သူငယ်ချင်းတွေအားလုံး ငူငူငါးငါးတွေဖြစ်ကုန်သည်။

"ဟာ...ဒါဘာသဘောလဲကွ၊ မင်းက သူ့ကိုကူညီခဲ့တာတောင်မှ သူက ဘာဖြစ်လို့ ဒီလောက်ရစ်ရတာလဲ၊ သူက ပြန်မကူညီချင်နေကွာ၊ ထပ်ရစ် တာကြီးကတော့ တရားလွန်တာပေါ့၊ သူက ဘာမို့လို့လဲ"

ကိုမိုးက ဒေါသတကြီးဝင်အော်သည်။ တိုးလွင်က...





"မင်း...လမင်းအကြောင်းကို မသိလို့ အဲဒီလိုပြောတာ ငမိုး၊ လမင်းက Solo မှာ ဘုရင်မပဲ၊ သူ့အစ်ကိုကတောင် သူ့ကိုနိုင်တာမဟုတ်ဘူးကွ၊ သူကထင်ရာလုပ်တာ၊ သူ့အစ်ကိုက လူအေး လူမှန်မို့သာ ငါတို့ တော်တော်သက်သာနေတာ"

"သွားစမ်းပါ ငတိုးရာ၊ ဒီမှာ ဟော့ကောင် ရွှေချည်းပဲ ပစ္စည်းလုပ်လို့မရဘူးကွ သိလား၊ ကြေးရောရတယ်၊ ကြေးရောရတယ်၊ သူ ဘုရင်မဖြစ်တယ်ဆိုတာ သူ့ကို ဘုရင်မဖြစ်အောင် လုပ်ပေးနေတဲ့လူတွေရှိနေလို့ ဖြစ်တာပါကွ"

"ငါတို့က သူ့ကို ဘုရင်မနေရာပေးမထားရင် Solo ကနေ Solo တီးလုံးကလေးနဲ့ ကပြီးထွက်သွားရမှာပေါ့ကွ"

"အေးပါ၊ မင်းတို့ရဲ့ ရပ်တည်ချက်ကို ငါနားလည်ပါတယ်၊ အဲဒီအပေါ်မှာ သူက အခွင့်ကောင်းယူနေတာပေါ့ကွ၊ ငါတို့ ဗုဒ္ဓဘာသာတွေပဲကွာ၊ ကိုယ့်အပေါ်မှာ ကျေးဇူးရှိတဲ့လူကို ကျေးဇူးပြန်မဆပ်ချင်ရင်နေ၊ ထပ်ပြီးတော့ ဇော်ကားတာတော့ တရားမဲ့လွန်း လူမဆန်လွန်းအားကြီးပါတယ်ကွာ၊ မင်းမို့လို့ ညိုမောင် ငါသာဆို အဲဒီလိုပြောပြီး ထွက်လာခဲ့တယ်"

တွေ့ရ သိရတာ တစ်ရက် နှစ်ရက်သာ ရှိသေးသော်လည်း ကိုမိုးသည် သူ့ဘက်က မခံမရပ်နိုင်ဖြစ်ပြီး ဒေါသတကြီးဖြစ်နေသည်ကို ငေးရင်း ညိုမောင့်ရင်ထဲနွေးထွေး၍သွား၏။

"သူက ကားတွန်းခ တစ်ထောင်ပေးခဲ့တယ်လေ"

"ဟ...အဲဒါကို မင်းရယူတာမှမဟုတ်ဘဲ၊ သူ့ကို မင်းပြန်တောင်းတာက အကူအညီပဲ မဟုတ်လား၊ ဒါကိုမှ သူက သူတောင်းစားနေသလို လွှင့်ပစ်ပြီးလည်းပေးသေးတယ်၊ အထဲမှာ တွေ့တော့လည်း ဇော်ကားသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဘာလဲကွ"

"ငမိုး အဲဒီဖြစ်ရပ်တွေအားလုံးရဲ့ တရားခံက ကားကြောင့်ဖြစ်တာတွ"

"ကားကြောင့် ဘာလဲကွာ၊ မင်းကလည်း ကားပွဲစားလို့ မပြောရဘူးဘာပဲဖြစ်ဖြစ် ဖြစ်တာနဲ့ ကားကြောင့်ဆိုတာချည်းပဲ၊ ဒီကိစ္စက ကားနဲ့ ဘာဆိုင်လို့လဲ"

"တိုက်ရိုက်ကိုဆိုင်တယ် ငမိုး၊ ဒီကောင် ပြောပုံအရဆိုရင် ဒီကောင်မကလေးစီးတဲ့ကားဟာ ငါတို့ ဈေးကွက်မှာတော့ နောက်ဆုံးပေါ်ပဲ၊ သူက ကားအတွက် လုပ်ဆောင်ချက်တွေအားလုံးကို ဒစ်ဂျစ်တယ်စနစ်စတန် (Degital system) နဲ့သွားတာကွ၊ အနည်းဆုံးတစ်ထောင်အထက်မှာ ရှိတယ်"

တစ်ချိန်လုံးတိတ်နေရာမှ ဝင်ပြောသော ကိုဇော်ကိုလည်း ညိုမောင် ငေးနေမိသည်။ ရွှေသမားက ရွှေနှင့် သူ့ကိစ္စကို ဆုံးဖြတ်သည်။ အခု ကားသမားက ကားနှင့် သူ့ကိစ္စကို ဆုံးဖြတ်နေတာကို ညိုမောင်ဝင် ပြန်စိတ်ဝင်စားနေရ၏။

"ကားကောင်းစီးတဲ့သူဌေးတွေမှာမှ ကျရောက်တတ်တဲ့ ရောဂါရှိတယ်၊ အဲဒါက ကားပျက်ရင် သေမတတ်ရုက်တာပဲ၊ ဒီကောင်မလေးလည်း ဒစ်ဂျစ်တယ်တစ်ထောင်ကျော်ကားကြီးစီးပြီး ရွှေတောင်ကြားထဲမှာ ကားပျက်တာကို ရှက်မှာပေါ့၊ ကားဆိုတာကလည်း အဖိုးတန်ကြီးလေ၊ ပြင်တတ်တဲ့ သူရှားလေလေ၊ ဝယ်ထည့်ရမယ့် စပါယ်ယာပစ္စည်းရှားလေလေပဲ"

"ဟေ့ကောင်....ငဇော် မင်း ကားအကြောင်းတွေ လာမပြောနဲ့ ကွာ"





"ဒါမှ မင်းတို့ ငါပြောတာကို သဘောပေါက်မှာပေါ့ကွ၊ အဲဒီတော့ ဒီကားဟာ ဒီလို တစ်ခါ နှစ်ခါဖြစ်ထားဖူးရမယ်၊ သူကိုသွားပြကြမှာပဲ၊ ကိုင်နိုင်တဲ့သူ မရှိသေးလို့ဖြစ်မယ်၊ ဒါပေမယ့် စက်ထိုးရပ်သွားရင် တွန်းနိုးလို့ရတယ်ဆိုတာကိုတော့ ကောင်မလေးက သိထားတယ်၊ သူတို့ကံကောင်းတာပေါ့၊ တချို့ ကားဆို ကြိုးနဲ့ဆွဲပေတော့ပဲ"

"ကဲ...ကားအကြောင်းတွေ မပြောပါနဲ့ ဆိုနေကွာ"

"နေစမ်းပါဦး မင်းကလဲ၊ အဲဒီမှာ ဒီကောင့်ကိုတွေ့တော့ လမ်းသွား လမ်းလာပဲ၊ ပုံစံကိုကြည့်ပြီးတော့ ကားအကြောင်း ဘာမှနားမလည်တဲ့ အကောင်ပဲဆိုပြီး တစ်ခါဆက်ဆံသဘောမျိုးနဲ့ တွန်းခိုင်းတာ၊ ပြီးတော့ သူဌေးတို့ထုံးစံအတိုင်း ငွေကို အားကိုးတာပေါ့ကွာ၊ ကားလည်း စက်နိုးပြီ၊ မုန့်ဖိုးတစ်ထောင်ပေးခဲ့မယ်၊ ဒီဘဝမှာ နောင်တစ်ခါ ဒီလိုကောင်မျိုးနဲ့ ဆုံစရာကိစ္စလည်းမရှိတော့ဘူးဆိုပြီး ပိုက်ဆံထုတ်ပေးတော့မှ ဒီကောင်က မယူဘဲ သူ့ Solo ကတ်ကိုပြပြီး အဲဒီမှာ အင်တာဗျူးဖြေမယ်ပါ ပြောလိုက်တော့ အရှက်ကွဲပါပြီဆိုပြီး ပိုက်ဆံကိုချပြီးလစ်တာ၊ ပိုက်ဆံတစ်ထောင်ကို သူတောင်းစားပေးသလိုစော်ကားပြီး ပေးသွားတာ မဟုတ်ဘူးကွ၊ ရှက်ပြီးလစ်တာ..."

ကိုဇော်စကားဆုံးတော့ အားလုံးငြိမ်သွားကြသည်။

ကိုဇော်ပြောသည့် သုံးသပ်မှုကို ဘယ်သူမှ မငြင်းနိုင်ကြ။

"မဟုတ်သေးဘူးကွ၊ မင်းပြောတာ မှားတော့မမှားဘူး၊ ဒါပေမယ့် ကောက်ချက်ချတာမှားနေတယ်"

ရုတ်တရက် တံခါးဝမှထွက်လာသော မမနွယ်၏အသံကြောင့် အားလုံး ထိတ်လန့်၍သွားကြသည်။ မတ်တတ်တွေဘာတွေထရပ်ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်၊

မမနွယ်၏ ဘယ်ဘက်လက်ခုပ်ထဲမှာ စပါယ်ပန်းဖူးကလေးတွေကို တွေ့ရသည်။ သူတို့အဆောင်၏ ညာဘက်တွင် မမနွယ်စိုက်ထားသော စပါယ်ရုံကြီးတစ်ရုံရှိသည်။ မမနွယ်သည် ထိုစပါယ်ရုံမှ စပါယ်ဖူးများကို ညဘက်ဆင်းခူးလေ့ရှိပြီး၊ ကြိုးနှင့်သီကာ ရေစွတ်ထားသော ပိတ်ပါးစကလေးနှင့် ထုတ်ထားတတ်သည်။ မနက်မိုးလင်းလျှင် ပွင့်နေသော စပါယ်ပန်းကုံးကို ပလာဇာသို့ ပန်သွားလေ့ရှိသည်။

အခုလည်း ထိုစပါယ်ဖူးတွေလာခူးရင်း သူတို့ပြောတာတွေကို မမနွယ်ကြားပြီးတော့ ဝင်လာတာဖြစ်ပုံရသည်။

"ထိုင်ပါကွ...ထိုင်ပါ"

ကိုမိုးက သူ့ပန်းထိမ်ထိုင်ခုံကို ပြေးဆွဲသည်။

"နေပေစေ...မောင်လေး၊ မမနွယ် ပလာဇာမှာ တစ်နေ့လုံးထိုင်ရတော့ ခုံမြင်ရင် မုန်းလွန်းလို့ ရတယ်"

မမနွယ်က တံခါးဝမှာ ရပ်ရင်း စပါယ်ပန်းဖူးတွေကို ဟိုဘက်ဒီဘက် ကစားရင်းပြောသည်။

"မောင်ဇော်တွက်တာကတော့ ကားကိုမူတည်ပြီး တွက်တာပေါ့လေ၊ မောင်ဇော်ပြောတဲ့ ကားကိစ္စတွေ ဘာတွေက ပါချင်လည်း ပါမှာပေါ့၊ ဒါပေမယ့် အဓိကကတော့ မိန်းကလေးတစ်ယောက်ရဲ့ မာနစိတ်ကြောင့် ဖြစ်တာကွ"

အင်း...အပျိုကြီးကလည်း သူ့အဖြစ်ကို အပျိုကြီးတွက်တွက်ဦးမည်ဟု ညီမောင်တွေးကာ စိတ်ထဲမှာ ကြိတ်ပြုံးမိသည်။

"မိန်းကလေးဆိုတာ လူတစ်ယောက်ကို အကူအညီတောင်းဖို့ တော်တော်လေးကိုဝန်လေးတတ်ကြတယ်ကွ၊ အထူးသဖြင့် မိန်းကလေး





တွေက ယောကျ်ားလေးတွေဆီက အကူအညီတောင်းရမှာကို ပိုပြီးဝန်လေးတတ်ကြတယ်။ မောင်ညီတို့ အင်တာဗျူးကို နာရီအချိန်ရွှေ့တယ်ဆိုတာ သူ့ကားပျက်နေလို့ရွှေ့တာကွ၊ မင်းကို အကူအညီတောင်းတော့ မင်းက လိုလိုလားလားပဲ ပေးခဲ့တယ်၊ သူက မင်းကို မုန့်ဖိုး၊ လက်ဖက်ရည်ဖိုးပေးဘာ မရိုင်းပါဘူး၊ မိန်းကလေးဆိုတာမျိုးက အကူအညီကို ဆန့်ကျင်ဘက်ယောကျ်ားလေးတစ်ယောက်ဆီက ယူမိပြီးပြီဆိုရင် အဲဒီကိစ္စကို တစ်ခါဘည်း ရှင်းချင်တတ်ကြတယ်၊ အဲဒီလို ရှင်းမထားရင် အဲဒီအကူအညီကို ခုတုံးလုပ်ပြီး မလိုအပ်တဲ့ အခြားလူမှုရေးကိစ္စတွေ ပါဝင်လာတတ်ကြတယ်"

"ဟာ...အဲဒါတော့ မမနွယ်မှားပြီ"

"မောင်မိုး မမနွယ်ပြောတာ ခပ်ညံ့ညံ့ယောကျ်ားတွေကို ပြောနေဘာပါ၊ ယောကျ်ားလေးတွေအားလုံးအပေါ်မှာ ချတဲ့ကောက်ချက်မဟုတ်ပါဘူး၊ တစ်ခါတုန်းက မမနွယ်ကို ကားပေါ်မှာ လူတစ်ယောက်က ခြင်းပေးထားပါလားဆိုလို့ ထမင်းချိုင့်ရယ်၊ ထီးရယ်၊ ဘာညာထည့်ထားတဲ့ ခြင်းကလေးပေးကိုင်မိတော့ သူက ထိုင်ခုံမှာပေါ့လေ၊ ကူညီတယ်လို့ပဲ မမနွယ်ကတော့ ထင်တာပေါ့၊ နှစ်မှတ်တိုင်လောက်ကြာတော့ အဲဒီလူက ဘယ်မှာလုပ်တာလဲတဲ့၊ မမနွယ်ကလည်း ထုံးစံအတိုင်းမေးတယ်ထင်လို့ ရန်ကင်းစင်တာမှာ အထည်ဆိုင်ပေါ့လေ၊ သူက တစ်ဆင့်တက်တယ်၊ ဘယ်အထပ်မှာလဲ၊ ဆိုင်နံပါတ်ဘယ်လောက်လဲ၊ သူကြုံရင် လာလည်လို့ရမလား ဘာလား နာမည်ဘယ်လိုခေါ်သလဲတွေ တပြုံကြီးဝင်လာရော၊ အဲဒီတော့ မမနွယ်တစ်ခွန်းပဲ ပြန်ပြောလိုက်တယ်၊ ရှင် ကျွန်မရဲ့ ခြင်းကို ပြန်ပေးတော့လို့ အဲဒါမမနွယ်ကိုယ်တွေ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်နှင့် ကိုမိုးက ခေါင်းကိုညိတ်ကြသည်။

လောကကြီးထဲမှာ ဒီလိုကောင်မျိုးတွေလည်း ရှိနိုင်တာပဲဟုသာ ဒေါသထွက်ထွက်နှင့် ခေါင်းကိုညိတ်ကြရခြင်းဖြစ်၏။

"အဲဒီတော့ မိန်းကလေးတစ်ယောက်ဟာ အကူအညီတောင်းဖို့ ဒါမှမဟုတ် ယူဖို့ဆိုတာကို တော်တော်လေးကို သတိထားကြရတာ၊ အခု ကိစ္စက လူပြတ်တဲ့လမ်းပေါ်မှာ ပြီးတော့ တစ်ယောက်ချင်း အကူအညီ ယူရတာ၊ အကူအညီကြောင့် ကိုယ်အဆင်ပြေသွားတော့ ဒီကျေးဇူးကို ဖြတ်ပစ်တဲ့အနေနဲ့ အကောင်းဆုံးလုပ်နိုင်တာကတော့ လက်ဖက်ရည်ဖိုးပေး တာပဲ၊ အဲဒီမှာ မင်းက Solo ကို ပြောလိုက်တော့ သူကိုယ်တိုင်ကလည်း အင်တာဗျူးမေးမယ့်သူဖြစ်နေတော့ မင်းကိုတစ်ထောင်အတင်းပေးပြီး မင်း ကျေးဇူးကို ရအောင်ဖြတ်တာ၊ အင်တာဗျူးခန်းထဲမှာ မင်းကို ဒုက္ခရောက် အောင် မေးတာတွေက တမင်မေးတာ၊ မင်းကို သူမညှာဘူး၊ မင်းနဲ့သူ့ ကြားမှာ ဘာကျေးဇူးမှမရှိဘူး၊မင်း သူ့ကားကို တွန်းပေးရုံနဲ့ Solo မှာ အလုပ်မရဘူး...အစရှိတဲ့ ခံစားချက်တွေနဲ့ မင်းကို တမင်ရစ်ပြီးမေးခဲ့တာ၊ သူ မောင်ညို့ကို သိစေချင်တာက သူနဲ့ မင်းနှစ်ယောက်တည်း ရှိတုန်းမှာ သူတောင်းခဲ့တဲ့အကူအညီဟာ မင်း Solo မှာ အလုပ်ရဦးတော့ အဲဒီအကူ အညီကြောင့်မဟုတ်ဘူးဆိုတာကို သိစေချင်လို့ တမင်လုပ်တာပဲ"

အားလုံးသက်ပြင်းတွေချဖြစ်သွားကြသည်။

ဘာမှမဟုတ်တဲ ဖြစ်ခဲ့သည့်ကိစ္စသည် ဒီလောက်နက်ရှိုင်း သွားမှန်း မောင်ညိုမောင်လည်း အခုမှသိတော်မူတော့၏။

မမနွယ်ထွက်ပြေးသွားသည့် အချက်တွေကိုလည်း ကိုဇော်နှင့် ကိုမိုးတို့ မဖြစ်နိုင်ဟု မပြောနိုင်ကြပါ။ မမနွယ်ထွက်ပြတာကလည်း





ထောင့်စေ့ပါသည်။ မိန်းကလေးချင်း စိတ်ထားကို အခြေခံထားသဖြင့် သဘာဝလည်းကျပါသည်။ မမနွယ်သည် သူပြောတာကို ဘယ်သူက ငြင်းဦးမလဲဆိုသော သဘောနှင့် စပါယ်ဖူးကလေးတွေကို လက်ပြောင်း ဆော့ရင်း စောင့်၍နေသည်။

"မမနွယ်ပြောတာ ဖြစ်နိုင်ချေအရှိဆုံးပါပဲ၊ ကျွန်တော် အင်တာ ဗျူးအခန်းထဲမှာ လုံးလုံးမလှန်နိုင်အောင်ကို မေးတာ၊ သူ့အစ်ကိုကတောင် တားယူရတယ်"

"အေး...မမနွယ်တွက်တဲ့အတိုင်းသာမှန်ရင် မင်း အဲဒီအလုပ်ကို ရလိမ့်မယ် မောင်ညို"

"ဗျာ"

ညိုမောင် တအံ့တသြလှမ်းကြည့်တော့ မမနွယ်က တံခါးကို ကျောခိုင်းပြီးထွက်သွားပြီဖြစ်၏။

ဒီတစ်ခါတော့ မမနွယ်မှားပြီထင်ပါသည်။

"ကဲ...စေတနာရှင်ကို ချီတက်ကြစို့ကွာ၊ စောစောစားတော့ ဟင်းစုံ စုံလည်းရတာပေါ့၊ ချဉ်ရေဟင်းလည်း နှစ်ခါလောက်ဖိတောင်းလို့ရတာပေါ့"

တိုးလွင်စကားအဆုံးမှာ သူတို့အားလုံး မတ်တတ်ရပ်လိုက်ကြသည်။

Ð Ð Ð

သူတို့ရောက်တော့ 'စေတနာရှင်' သည် လူစည်းကားစပြုနေပြီ ဖြစ်သည်။ သူတို့ထိုင်နေကျ သူတို့အတွက် ဝိုင်းကတော့ လွှရှင်းနေသ ဖြင့် ကိုဇော်တို့ဝမ်းသာနေကြသည်။

"ဟော့ကောင်တွေ လက်နှောက်မှဆေး၊ နေရာအရင်ဦးထား၊ ကိုဇော့်စကားကို ညိုမောင်နားမလည်ပါ၊ အပြင်မှာပင် စားပွဲ[illegible]လေးခွဲ



www.burmeseclassic.com

www.burmeseclassic.com



လွတ်နေသည်။ အထဲမှာလည်း သုံးခုလောက်လူမရှိပါ။ ဘာ့ကြောင့် စားပွဲကို အရင်းဦးနိုင်းနေရသနည်း။

ပြီးတော့ နေရာဦးကြ ထိုင်ကြတော့လည်း ကြည့်ဦး၊ ဆိုင်အတွင်းထဲက မီးဖိုတွေစီချပြီး ရေနွေးအိုးနှင့် ထမင်းအိုးတည်နေသည့် မီးဖိုတန်းနံဘေးက နေရာကြီးမှာ အပြင်မှာ လေကလေးတဟူးဟူးနဲ့စားရလျှင် ပိုမကောင်းဘူးလား။

"ကိုမိုး...ဘယ်နေရာကြီး ထိုင်တာလဲဗျာ၊ အပြင်မှာ ထိုင်ရတာ ပိုမကောင်းဘူးလား"

ကိုမိုးက သူ့ကိုဘာမှပြန်မပြောဘဲ တံတောင်နှင့် တွက်ပြီး အသာနေဆိုသည့်သဘောမျိုးပြသဖြင့် သူလည်း ဘာမှမပြောတော့ဘဲ ဝင်ထိုင်လိုက်ရ၏။ မီးဖိုမှအပူငွေ့သည် ပခုံးတစ်ခြမ်းကို ခပ်ဖွဖွတိုးဝှေ့ရှိနေသည်။

"သော်သော်...အိုးအသစ်ကြာဦးမလား"

"၁၀ မိနစ်လောက်လိုသေးတယ်"

"၁၀ မိနစ်..."

ညိုမောင် ကိုဇော်လိုက်ပြောစကားကြောင့် သူ့လက်ကနာရီကို ငုံ့ကြည့်လိုက်သည်။ ညိုမောင့်ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။ သူ့လက်မှာ နာရီပါမလာ။ ရေချိုးမယ်လုပ်တုန်းက တိုင်မှာချိတ်ထားခဲ့ပြီး၊ တိုးလွင်မေးတော့ သူ့အကြောင်းကိုပြောရင်း စကားတွေဆက်ကုန်ပြီးတော့ ထမင်းဆိုင်ကို တန်းထွက်ခဲ့သဖြင့် နာရီကိုပတ်ခဲ့ဖို့ မေ့သွားခြင်းဖြစ်သည်။

"ဟာ...ကျွန်တော့်နာရီကျန်ခဲ့ပြီ၊ သွားယူလိုက်ဦးမယ်"

"ဘယ်မှာကျန်ခဲ့တာလဲ"





"အဆောင်မှာ..."

"ဟာ...အဆောင်မှာကျန်ခဲ့တာပဲကွာ ဘာဖြစ်လဲ၊ မင်းက ထမင်းစားပြီးရင် ဘယ်ကိုသွားဦးမှာမို့လို့လဲ"

"မသွားပါဘူး"

"အဲဒါများကွာ၊ ထားစမ်းပါ၊ ငါတို့ဒီအဆောင်မှာ နေလာတာ ၃ နှစ်ရှိပြီ၊ အပ်တိုတစ်ချောင်း မပျောက်ဖူးဘူး"

"မင်းအပ်တိုက ဘာတန်ဖိုးရှိလို့ ဘယ်သူက ခိုးမှာလဲ၊ ငါ့ဟာက နာရီကွ၊ တန်ဖိုးရှိတယ်၊ ငါ ပြန်ယူလိုက်ဦးမယ်"

"ကိုဇော်တို့ ထမင်းပူစောင့်မှာနော်"

"ဟုတ်တယ် ညီမလေး"

"ဩော်...ဟိုအစ်ကို...အဆောင်အဆင်ပြေသွားပြီလား"

"ခင်ဗျာ"

ညိုမောင် ကြောင်သွားသည်။ သူ့ကိုမေးသော သော်သော့်ကို သူမမှတ်မိချေ။

"ဆိတ်ကလီစာတစ်၊ ငါးတန်တစ်၊ ချဉ်ရည်ဟင်းလိုက်မယ်"

သော်သော် မျက်နှာက ဟင်းအိုးတွေဘက်သို့ ရောက်သွား၏။

"ဟေ့ကောင် ညိုမောင်၊ မင်းက သော်သော်နဲ့ ဘယ်တုန်းက သိတာလဲ"

"သော်သော်...ကျွန်တော်...သူ့ကို မသိဘူးဗျ"

ထိုစကားသံကြောင့် သော်သော့်မျက်ဝန်းက ညိုမောင့်ဆီသို့ ဖျတ်ခနဲရောက်လာသည်။

"ဘာမသိတာလဲ၊ မမှတ်မိတာနေမှာပါ၊ ဖေဖေက ဖု[illegible]သည်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပြီး လှမ်းခေါ်တော့ မမနွယ်တို့အဆောင်ကိုမေးလို့ ကျွန်မတို့ လမ်းညွှန်လိုက်တာလေ၊ မှတ်မိပြီလား"

"ဟာ...ဟုတ်ပြီ...ဟုတ်ပြီ၊ မှတ်မိပြီ၊ တောင်းပန်ပါတယ်ဗျာ၊ အဲဒီတုန်းက တွေ့တဲ့နေရာနဲ့ အခုတွေ့တဲ့ နေရာ ဆက်စပ်လို့မရတာလည်း ပါလို့ပါ၊ စိတ်မဆိုးပါနဲ့"

"စိတ်မဆိုးပါဘူး၊ နောင်လည်း အားပေးပေါ့နော်"

"အာ...စိတ်ချပါ၊ ဒီဆိုင်မှာပဲ စားမှာပါ၊ တိုးလွင် ငါအဆောင်ခဏပြန်ဦးမယ်"

ထထွက်သွားသော ညိုမောင့်ကိုကြည့်ရင်း ကိုမိုးနားမလည်နိုင်ဖြစ်၍နေသည်။

"ဒီကောင် ဘာဖြစ်တာလဲကွ၊ အဆောင်မှာ နာရီကျန်ခဲ့တာပဲ၊ စိန်ထုပ်ကျန်ခဲ့တာကျနေတာပဲ၊ သူ့နာရီကိုကြည့်တော့ဖြင့်အစုတ်၊ အဲဒီနာရီအစုတ်ကို ဘယ်သူက ယူမှာမို့လို့လဲ"

"အာ...အဲဒါတော့ သူ့ကိုသွားမပြောလိုက်နဲ့ မောင်မိုးရေ၊ အဲဒီနာရီကို သူသိပ်မြတ်နိုးတာ၊ သူ့အဖေကို သူ့အဘိုးကပေးခဲ့တာ၊ သူ့အဖေက မသေခင်မှာ သူ့ကိုပေးခဲ့တဲ့တစ်ခုတည်းသော အမွေကလည်း ဒီနာရီပဲ၊ မင်း အဲဒီနာရီကိုသွားထိရင်တော့ ဒီကောင်နဲ့ ပြဿနာ အကြီးအကျယ်တက်လိမ့်မယ်"

မောင်မိုးက ပခုံးကိုတွန့်ပြီး မျက်လုံးကိုပြူးပြ၏။

မောင်ဇော်စိတ်ဝင်စားတာကတစ်ခုဖြစ်၏။

"သော်သော်...နင်နဲ့ ညိုမောင် စသိတာကို ငါတို့နားလည်အောင်ပြောပြပါဦးဟ၊ နင်တို့နှစ်ယောက်ပြောသွားတာ ငါတို့ နားမရှင်းဘူး"





"ဒီလိုကိုဇော်ရ၊ အိမ်မှာက တစ်ယောက်အိပ်ဖျာတစ်ချပ် လိုနေတာကြာလှပြီ"

သော်သော်က ညိုမောင်နှင့် ဓာတ်လမ်းကိုလည်းပြောရင်း ဟင်းကိုလည်း ထည့်ရင်း၊ ထမင်းကိုလည်းခူးရင်း ရှေ့မှာခေါ်တာ လိုတာတွေကိုလည်း လှမ်းအော်ရင်း ခြေမျက်စိကိုထိလုနီးပါးရှည်သော သူ့ကျစ်ဆံမြီးကိုလည်း ထိန်းသိမ်းရင်းနှင့် ကိုဇော့်ကို ညိုမောင့်အကြောင်းကို ပြောပြသွားသဖြင့် တိုးလွင်ရော မောင်မိုးရောပါ ကြားသွားကြသည်။

"ဟော့ကောင်...ငတိုး၊ မင်းအညာသားက ကြာရင် ငါတို့ကိုကျော်တက်ရုံတင်မဟုတ်ဘူး၊ ဝင်ပါတိုက်သွားမလားတောင်မှ မသိဘူးကွ"

ကိုဇော့်စကားကြောင့် တိုးလွင်တို့အားလုံးရယ်လိုက်ကြသည်။

ညိုမောင်ပြန်ရောက်လာတော့ လက်ထဲမှာ နာရီပါလာသည်။

ထမင်းစားပွဲပေါ်မှာလည်း ပူပူနွေးနွေး ထမင်းပန်းကန်တွေ ရောက်နေပြီဖြစ်သည်။ တိုးလွင်တို့က လူလေးယောက်ကို ဟင်းသုံးပွဲသာမှာသည်။ ဝက်သားနှင့်မှိုချဉ်တစ်ပွဲ၊ ငါးကြင်းရေချိုတစ်ပွဲ၊ ပုစွန်ကျော်ကလေးတွေတစ်ပွဲ၊ အရံဟင်းက ဂေါ်ဖီထုပ်ကြော်နှင့် မရမ်းသီးငါးပိချက်ဖြစ်၏။

ထမင်းပူပူကလေးနှင့်ဆိုတော့ လျှောခနဲ လျှောခနဲ ဝင်သွားကြသည်။ နောက်လိုက်ပွဲတွေမှာကြတော့မှ ဒီခုံမှာ ဘာကြောင့် ကျော်အမှုခံပြီးထိုင်ကြသည်ဆိုတာကို ညိုမောင်သဘောပေါက်သွားသည်။

လိုက်ပွဲမှာရင်း သူတို့က ကြက်သားဟင်းရည်ကလေးဆမ်းပါဦး၊ ဝက်ချိုဟင်းရည်ကလေးဆမ်းပေးပါဦး၊ ဝက်သားနှင့် မှိုစ်ပန်းကန်ကိုပေးကာ မှိုစ်နှင့် အရည်ကလေးထည့်ပေးပါဦး၊ ငါးကြင်းရေချိုဟင်းရည်ကလေး ထည့်ပေးပါဦးဟု ကပ်၍တောင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်းအိုးတွေနှင့် နီးနေသဖြင့် သော်သော်နှင့် မော်မော်တို့ကလည်း တခြားဟင်းပွဲတွေထည့်ရင်း အလိုက်သင့် ဘာမှမပြောတော့ဘဲ ထည့်ပေးသွားကြ၏။ပုစွန်ကိုတော့ မတောင်းကြပါ၊ 'စေတနာရှင်' ဟူသော နာမည်နှင့်လိုက်သော ထမင်းဆိုင်ကလေးဟု ညိုမောင် ထမင်းစားရင်းက တွေးနေမိပါသည်။

Ð Ð Ð





## အခန်း (၅)

ညိုမောင့်မျက်ဝန်းတွေ ဖျတ်ခနဲပွင့်လာတော့ ညိုမောင် ခုတင်နံဘေးက သူ့နာရီကလေးကို ယူကြည့်လိုက်တော့ တစ်မိနစ်မလွဲ မနက်လေးနာရီတိတိပင်ဖြစ်သည်။

၁၀ နှစ်သားကတည်းက ယခု အသက် ၂၄ နှစ်အထိ ဆယ့်လေးနှစ်တိတိ နေ့စဉ်လိုက်နာခဲ့ရသောအကျင့်သည် မည်သို့မျှ ဖျောက်ဖျက်ပစ်၍ရနိုင်တော့မည်မဟုတ်ဆိုတာကို ညိုမောင် နားလည်ပါသည်။

နေ့လယ်နှင့် ညနေတွင် ဆရာတော်က ခိုင်း၍ဖြစ်စေ၊ တိုက်အုပ်နှင့် ဒု-ကျောင်းထိုင်ဆရာတော်က ခိုင်း၍ဖြစ်စေ တစ်နေကုန် ဘယ်မျှပင်ဆောက် ပင်ပန်းထားထား မနက် ၄ နာရီထိုးလျှင် ညိုမောင်တို့ ထကြရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှ ၄ နာရီထိုးတုံးခေါက်သံနှင့်အတူ ထ၍မျက်နှာသစ်ပြီးသည်နှင့် စကားမပြောရဘဲ သိမ်ထဲသို့ ကြွ၍ ဘုရားရှိခိုးပြီးသည်နှင့် တရားထိုင်ကြရသည်။ ဒေါ်သိန်းငွေနှင့် သူ့မြေးမကလေး မိကူး၊ ကြီးတော်ဆင်တို့က မနေ့ နေ့လယ်က ဆွမ်းဘုဉ်းပေးပြီး ကျန်ခဲ့သော ဆွမ်းနှင့် ဆွမ်းဟင်းတို့ကို စုပေါင်းပြီးသိမ်းထားသော ထမင်းကျန်ဟင်းကျန်အားလုံးကို 'တာလပေါ' ဟင်းအဖြစ် ကျိုကြရသည်။ ဆရာတော်ဘုရားအတွက်ကတော့ ဆွမ်းဆန်စိမ်းထဲမှ ဆွမ်းကိုချက်၍ ဘုရားကပ်ပြီးလျှင် ကျန်ထမင်းနှင့် ဆွမ်းဘုဉ်းပေးရန် တစ်ခုခုစီစဉ်လေ့ရှိပါသည်။

၄၅ မိနစ်တရားထိုင်ပြီးလျှင် စာသင်သားကိုယ်တော်များနှင့် ကျောင်းနေကိုယ်တော်များအားလုံး ဆွမ်းစားဆောင်သို့ ဆိတ်ငြိမ်စွာ အရုဏ်ဆွမ်းဘုဉ်းပေးရန် ကြွကြရသည်။

အရုဏ်ပျို့ကာစ ညနှောင်းနှင့် နေ့အပျို့အလင်း ပါးပါးနှင့် အမှောင်နနကလေးရဲ့အောက်မှ သိမ်ကျောင်းထဲမှ ဆွမ်းစားဆောင်သို့ တိတ်တဆိတ် ဟန်းစီ၍ကြွကြသော ကိုယ်တော်တို့ကို မြင်ရဖူးရသော မြင်ကွင်းကို ၁၄ နှစ်စလုံး ညိုမောင်မြင်ခဲ့ရသော်လည်း တစ်ကြိမ်တစ်ခါမျှ ညည်းငွေ့သည်ဟူ၍ မရှိခဲ့။

ဆွမ်းစားဆောင်သို့ရောက်သောအခါ ဆရာတော်ကြီးကို စ၍ဆွမ်းကပ်သည်။ဆရာတော်ကြီး၏ ဆုံးမစကား(နံနက်ခင်းဩဝါဒ)ပြီးမှ ကိုယ်တော်တို့က တစ်ညီတစ်ညာတည်း အရုဏ်ဆွမ်းကိုဘုန်းပေးကြသည်။

ထိုအစီအစဉ်နှင့် ပြုဖွယ်ရှိသည်တို့မှာ ဝါလကင်းလွတ်၍ နံနက်အရုဏ်ဆွမ်းအလှူရှင်များရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ တစ်ပုံစံတည်းသာဖြစ်သည်။ အရုဏ်ဆွမ်းအလှူရှင်ရှိသည့်နေ့ကျလျှင်တော့ ညိုမောင်တို့





အလုပ်လည်းပိုရှုပ်သည်။ ကောင်းကောင်းလည်းစားကြရသည်မို့ ပျော်ကြသည်။ ဆရာတော်ကြီး၏ မျက်နှာလှုပ်ရှားပုံ၊ သီလပေးပုံတို့ကတော့ ဘယ်တော့မှ မပြောင်းလဲတတ်ပါ။

အရုဏ်ဆွမ်းဘုဉ်းပေးပြီးသည်နှင့် စာသင်သားတို့က စာအံကြရသည်။ ညိုမောင်တို့က ရှင်းစရာရှိတာ ရှင်း၊ ချန်စရာရှိတာချန်၊ သိမ်းစရာရှိတာ သိမ်းလုပ်ကြရသည်။ ၈ နာရီခွဲမှ ၉ နာရီအထိ စာသင်သားတို့ရော၊ ကိုယ်တော်တို့ပါ ခဏနားခွင့်ရကြပြီး၊ ၉ နာရီထိုးသည်နှင့် မိမိတို့ဆွမ်းထောက်ထားသော ဒါယကာ ဒါယိကာမတို့၏ အိမ်အသီးသီးသို့ ဆွမ်းခံကြွကြရသည်။

ဆွမ်းခံပြန်လာလျှင် ညိုမောင်တို့က ဆွမ်းနှင့် ဆွမ်းဟင်းများကို ကပ္ပိယကြီးစီစဉ်သည့်အတိုင်း စီစဉ်၍ ၁၁ နာရီခွဲတွင် ဆရာတော်ကြီးကဆွမ်းကို မြတ်စွာဘုရားအား အရင်ကပ်ပြီးမှ ဆွမ်းစားခွင့်ရကြသည်။

ထို...သို့ ပြုမူဆောင်ရွက်ချက်များသည် နေ့စဉ် ညစဉ် မပြောင်းလဲသော ဖြစ်စဉ်များသာဖြစ်သည်။ ထိုစည်းကမ်း ထိုအလေ့အကျင့်ကြားမှာ ကြီးပြင်းလာခဲ့သော ညိုမောင်သည် အခုမနက် ၄ နာရီမှာနိုးနေတာ ဘာမှမဆန်းပါ။

သူ့အခန်းဖော်တွေကတော့ ခြင်ထောင်တွေထဲမှာ ပုံစံအမျိုးမျိုးနှင့် အိပ်ပျော်လျက်ရှိကြသည်။ ညိုမောင်ကတော့ ဆက်အိပ်နေ၍မရတော့သောကြောင့် သူ့ကိုယ်သူ သိသဖြင့် ခြင်ထောင်ထဲမှထွက်၍ မျက်နှာကို သေသေချာချာသစ်ပြီး မဟာမြတ်မုနိပုံတော်ကိုသာ အာရုံပြု၍ ဘုရားရှိခိုးသည်။

ဘုရားရှိခိုးတော့ အခန်းဖော်သူငယ်ချင်းတွေကို အားနာသဖြင့် ကျောင်းမှာရှိခိုးသလို သိမ်ကြီးတစ်ခုလုံးဟိန်းသွားအောင် အားရပါးရ



www.burmeseclassic.com

www.burmeseclassic.com



ရှိခိုးခွင့်မရဘဲ အသံဖွဖွနှင့်သာ ရှိခိုးရသဖြင့် အားမရပါ။ ဒီအချိန်ဆို ကျောင်းမှာ ကိုယ်တော်တွေကလည်း သူ့လိုပဲ ဘုရားဝတ်တက်နေပြီဟု ကြည်နူးစွာတွေးလိုက်မိတော့ သူ့အာရုံထဲတွင် သိမ်ကြီးထဲမှ ဘုရားဝတ်တက်သံများကို ကြည်နူးစွာကြားရလေသည်။

ဘုရားဝတ်တက်ပြီးတော့ ညိုမောင့်ပြဿနာက ဗိုက်ဆာခြင်းပင် ဖြစ်သည်။ ထိုအကျင့်သည်လည်း ၁၄ နှစ်လုံးလုံးနေ့စဉ်ပြုခဲ့သော အကျင့်ဖြစ်သဖြင့် ဖျောက်၍မရနိုင်။ ညိုမောင် နာရီကိုကြည့်လိုက်တော့ ၄း၄၈ မိနစ်။ ဒီအဆောင်က လမ်းထိပ်ကိုထွက်လျှင် ၅ မိနစ်ကြာမည်။ သူတို့အဆောင်လမ်းသွယ်မှ မြေနီမိန်းလမ်းမကြီးကိုရောက်ပြီး နောက်ထပ် ၅ မိနစ်လောက်ထပ်လျှောက်လိုက်လျှင် ကားလမ်းမကို ရောက်မည်။ ထိုကားလမ်းမ ဝဲယာမှာတော့ နံနက်စောစောထွက်တတ်လေ့ရှိသော လက်ဖက်ရည်၊ မုန့်ဟင်းခါး တစ်ဆိုင်ဆိုင်တော့ ရှိနိုင်လိမ့်မည်ဟု ညိုမောင်တွေးပြီး အင်္ကျီလက်ရှည်ကိုဝတ်ရင်း တိုးလွင်ကို နိုးရလျှင်ကောင်းမလားဆိုပြီး ခြင်ထောင်ကိုမကြည့်တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေသော တိုးလွင်ကို တွေ့ရသဖြင့် မနိုးရက်တော့ဘဲ တစ်ယောက်တည်းထွက်လာခဲ့သည်။

အဆောင်အပြင်ကိုရောက်တော့ ကောင်းကင်ပေါ်မှာ အမှောင်နှင့် အလင်းသည် လောကသဘာဝကို သူ့ဘက်ကိုယ့်ဘက်သို့ ပါအောင်ဆွဲယူလုနေကြသည်ဟု ညိုမောင်ထင်သည်။ မမိုတ်သေးသော လမ်းမီးများက အလင်းရောင်လာတော့မည့် မနက်ခင်းဘက်ကလား၊ သူတို့လင်းခဲ့ရသော အမှောင်ဘက်ကလားတော့မသိ အစွမ်းကုန်တော့ လင်းနေကြသည်။

တိတ်ဆိတ်ပြီး လူတွေအိပ်နေကြသည့် တစ်ဖက်တစ်ချက် အိမ်တွေကြားမှ ညိုမောင်တိတ်ဆိတ်စွာပင် လမ်းလျှောက်လာခဲ့သည်။ ထို





အချိန်တွင် တိုက်သောလေတွင် ရနံ့တစ်ခုပါသည်။ ဘာ့ကြောင့်လဲတော့မသိ ထိုအချိန်တွင်တိုက်သော လေပြေ၏ရနံ့သည် တစ်နေ့လုံး ဘယ်အချိန်မှာမှ ရလေ့မရှိ။ အလင်းနုရနံ့နှင့် အမှောင်ဖျော့ရနံ့ကြားမှ လေပြေ၏ရနံ့တစ်ခုဖြစ်သည်။

လမ်းထိပ်ကိုရောက်တော့ ကားလမ်းမဘက်သို့အထွက်မှာ ညိုမောင်မြင်လိုက်ရသော မြင်ကွင်းကြောင့် ဝမ်းသာသွားသည်။ 'စေတနာရှင်' ထမင်းဆိုင်ရှေ့မှာ ခုံတန်းရှည်နှင့် ပန်းကန်တွေ ခွက်တွေ အိုးတွေကို တွေ့ရသောကြောင့် ဖြစ်သည်။ 'စေတနာရှင်' ထမင်းဆိုင်ထဲမှာ မဟုတ်ဘဲ ထမင်းဆိုင်နံဘေးက ဓာတ်တိုင်အောက်တွင်ဖြစ်သည်။ မနက်ခင်းစားစရာ တစ်ခုခုကို ရောင်းတာတော့ သေချာပြီဖြစ်သည်။

ဆိုင်နားကိုရောက်တော့ မော်မော်တစ်ယောက်တည်း ထင်းခြောက်ကလေးတွေနှင့် မီးမွှေးနေတာကိုတွေ့ရသည်။

"ဟာ...အခုမှ မီးမွှေးနေတာလား"

"ဩ...ဖျာသည်ကြီးပါလား၊ ဒီအချိန်ကြီး ဘာထွက်လုပ်တာလဲ"

"ဗိုက်ဆာလို့ပါ ဘာရောင်းတာလဲဟင်"

"ဧကန္တ အိပ်ရာပြောင်းလို့ အိပ်မရဘူးနဲ့တူတယ် ဟုတ်တယ်ဗျ အိပ်ရာပြောင်းရင် အိပ်မရတတ်ဘူး၊ ကျွန်တော်လည်း ဒီလိုပဲ"

မော်မော်သည် ယောကျ်ားလျာကလေးတစ်ယောက်မဟုတ်ပါ။ သို့သော် ယောကျ်ားလေးအင်္ကျီဝတ်တတ်လေ့ရှိပြီး စကားပြောလျှင် 'ခင်ဗျား' 'ကျွန်တော်' နှင့် မန္တလေးသူတွေပြောသလို ပြောတတ်လေ့ရှိတာကို ညိုမောင် သတိထားမိသည်။

မော်မော်က မီးစွဲကာစ ထင်းချောင်းကလေးတွေအပေါ်မှာမီးသွေး



www.burmeseclassic.com

www.burmeseclassic.com



ခဲကလေးကို မီးစွဲအောင်တင်နေသည်။ သူ့ကိုမော့မကြည့်ဘဲ မီးသွေးထည့်ရင်း ပြောခြင်းဖြစ်၏။

"အင်း...ကျွန်တော်ကတော့ နိုးနေကျမို့ နိုးတာပါ၊ ဒါနဲ့ ဘာရောင်းတာလဲဟင်"

"ထမင်းကြော်......ခေါက်ဆွဲသုပ်"

"ဟာ...တော်သေးတာပေါ့ဗျာ၊ ကျွန်တော်က ကားလမ်းကို ထွက်ပြီး ဆိုင်လျှောက်ရှာတော့မလို့"

"ခင်ဗျားက ကျွန်တော်တို့ နေ့တိုင်းရောင်းတာမသိဘူးလား၊ အေးလေ ခင်ဗျားက အခုမှအဆောင်ကို ပြောင်းတာဆိုတော့"

"ဒီအချိန်ရောင်းရရဲ့လားဗျ"

"အမလေး ဒီအချိန်မှာ အလုပ်စဆင်းတဲ့သူရှိတယ်၊ အလုပ်က ပြန်တဲ့သူရှိတယ်၊ ကုန်စိမ်းတို့ ငါးတို့ ကိုးတဲ့သူတွေရှိတယ်၊ ပြီးတော့ ခင်ဗျားတို့လိုလူမျိုးတွေရှိတယ်"

မော်မော်က သူ့စကားကို သူ့သဘောကျပြီး ရယ်နေသည်။

"ဟော မမတောင်လာနေပြီ"

မော်မော့်စကားကြောင့် ညိုမောင်လှမ်းကြည့်တော့ ထမင်းအိုးကြီးကို ပုဆိုးကရွတ်ခွေနှင့် ရွက်လာသည်။ လက်နှစ်ဖက်မှာက တစ်ဖက်မှာ ပလတ်စတစ်ရေပုံး၊ တစ်ဖက်မှာက ထိုင်ခုံနှင့် ပိုက်ဆံဘူး။

ညိုမောင် ကမန်းကတန်းပြေးသွားပြီး သော်သော့်လက်ထဲက ပလတ်စတစ်ရေပုံးတို့ကို အရင်ယူသည်။ ပြီးတော့မှ ကျန်သည့်လက်ထဲက ပစ္စည်းတွေကို ယူသည်။ သော်သော်က...

"ရပါတယ်" တို့၊





"အားနာလိုက်တာ" တို့၊

ဘာမှမပြောသဖြင့် ညိုမောင်ကလည်း စိတ်မကျဉ်းကြပ်တော့ဘဲ အလွယ်တကူ ကူညီလိုက်နိုင်သည်။

"ပန်းကန်တွေဘယ်လိုစီသလဲ"

"ပန်းကန်က သုံးမျိုးပဲဟာ၊ ထမင်းကြော်နဲ့ အသုပ် ပန်းကန်ရယ်၊ အသုပ် အတွက် ဟင်းချိုပန်းကန်ရယ်၊ ထမင်းကြော်အတွက် အချဉ်ပန်းကန်ရယ်"

"ဒါဆိုရပြီ...."

ဘုန်းကြီးကျောင်းသားလုပ်ခဲ့သော ညိုမောင်သည် ဒီပန်းကန်စီတာလောက်တော့ အပျော့ပင်ဖြစ်သည်။ ထိုအချိန်တွင် သော်သော်က သူ့ရင်ဘတ်အရှေ့သို့ပို့ထားသော ကျစ်ဆံမြီးရှည်ကြီးကို နောက်သို့ပစ်ပို့ရင်း အိမ်ကအသင့်လှီးထားပြီးသား ဂေါ်ဖီထုပ်နှင့် ကြက်သွန်တို့ကို ပလတ်စတစ်ခွက်တစ်ခွက်စီဖယ်၍ ရေတတ်သီးစိမ်းနှင့် ဆားကိုဖြူးသည်။ ဟင်းခတ်မှုန့်ကလေး နည်းနည်းထည့်၏။

ပြီးတော့ ရှောက်သီးကို ထက်ခြမ်းခွဲ၊ တစ်စိတ်စိတ်ပြီး ထိုအချဉ်ကော်ဇလုံ ကလေးနားတွင် အသာထားသည်။ တောင်းထဲက ကြက်ဥကတ်ကလေးကိုထုတ်ပြီး ပုဆိုးဖြင့် ထုတ်ထားသော ကြက်ဥတွေကို စီသည်။ အချဉ်ရည်စပ်ပြီးသားဇလုံကို တင်သည်။ နံနံပင်များနှင့် ရေတတ်သီးစိမ်းတွေက မန်ကျည်းသီးနှင့်စပ်ထားသော ရေတတ်ချဉ်ရည်ပေါ်တွင် မမွှေရသေးသဖြင့် ရောယှက်ငြိမ်သက်စုပုံနေကြသည်။

ဒီလိုရှေ့ခုံပေါ်က ကိစ္စတွေကို စီစဉ်သည့်အခါကျတော့ သော်သော်က ကျစ်ဆံမြီးကိုနောက်သို့ပြန်ပို့ထားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ မြေကြီးနှင့် ထိဖို့ တစ်ထွာခန့်လောက်သာရှိတော့သော သော်သော်၏ ကျစ်ဆံမြီးကြီးကို ညိုမောင်ကောင်းကောင်းကြီး သတိထားမိသွားသည်။

သော်သော်၏ ကျစ်ဆံမြီးမှာ သာမန်ဆံပင်နှင့် မိန်းကလေးတွေ စည်းလေ့စီးထရှိသလို ကျပ်ပြားလုံးခန့်ရှိရှိကျစ်ဆံမြီးမျိုးမဟုတ်။ နှစ်ဖက်ခွဲ၍ စည်းထားသော်လည်း ကြံစည်းထဲမှ အတောင့်တင်းဆုံး ကြံချောင်းတစ်ချောင်းခန့်ရှိလိမ့်မည်။ ပိုချင်လျှင်ပင် သော်သော့် ကျစ်ဆံမြီးကပင် ပိုလိမ့်ဦးမည်ထင်သည်။

အုန်းဆီရေဝထားပြီး ဆံပင်လုံးကိုယ်က ဖြောင့်ဆင်း၍ ဆံလုံးကောင်းခြင်းကြောင့် သော်သော့်၏ ကျစ်ဆံမြီးမှာ အဆစ်စိတ်စိတ် နက်မှောင်သော ကြံချောင်းကြီးတစ်ချောင်းနှင့် ပို၍တူနေသည်။

မောင်ညိုသည် သော်သော့်ဆံပင်တွေကိုသာ ဖြန့်လိုက်ပြီး သော်သော် ငုတ်တုတ်ကျုံ့ကျုံ့ကလေးထိုင်နေမည်ဆိုလျှင် သော်သော့်ကို ဆံပင်တွေက ကောင်းကောင်းဖုံးထားနိုင်မည်ဟု ထင်သည်။

"ဝဏ္ဏပဘာ၊ ကလျာဖူးသစ်၊ ပျိုမျစ်မျစ်လျှင်၊ ကျစ်လစ်တင့်စံပယ်၊
လှမျိုးကြွယ်သား၊ ဆံနွယ်မြမြိတ်စို့၊ ဆင်းရောင်ပျို့ကို၊
နတ်တို့ဆင်ထိုက်တန်....."

ရှင်မဟာရဋ္ဌသာရ၏ 'ဝဏ္ဏပဘာချိုရတု' ကို သတိရမိသည်။ ရှင်မဟာရဋ္ဌသာရကတော့ 'ဝဏ္ဏပဘာ' ကို 'ဆံနွယ်မြမြိတ်စို့' ဆိုပြီး ဆံမြိတ်ကလေးချတာကိုရေးရင်း 'ဝဏ္ဏပဘာ' အသက်ငယ်တာကို အလှဖြင့်ပြသွားခဲ့သည်။

အတိသယဝုတ္တိသိပ်ကောင်းတဲ့ ရှင်မဟာရဋ္ဌသာရသာ သော်





သော့်ကို မြင်ရလျှင် သော်သော့်ဆံပင်ကို မည်သူမှ မတွေးနိုင်သော အတွေးနှင့် မည်သူမျှမရွေးနိုင်သော စကားလုံးတို့စီကာ ညီညီညာညာ ရေးနိုင်မှာသေချာသည်။

ဒါပေမယ့်....

"ဖြူစင်ထွန်းရောင်ဝင်း၊ လှမှန်ကင်းကို၊

ညခင်းဆည်းဆာတွင်၊ ကျွန်ုပ်မြင်သည်၊ ရယ်ရွှင် ပြုံးတဲ့ မပြုံးတဲ့" ဟု ပထမအပုဒ်အဆုံးတွင် စပ်ဆိုထားသည့်အတွက် ရှင်မဟာရဋ္ဌသာရ ဝဏ္ဏပဘာကို တွေ့တာကလည်း နေ့ခင်းဆည်းဆာချိန်မှာ ဖြစ်ပြီး၊ ညို မောင် သော်သော့်ကို တွေ့ချိန်က အာရုံပျို့စ မနက်ခင်းစကြီးတွင်ဖြစ်နေသည်။

တစ်ခုတော့ တူလိမ့်မည်။ ဝဏ္ဏပဘာကိုတွေ့သော ကိုယ်တော် ရှင်မဟာရဋ္ဌသာရလည်း ညနေခင်းမှာဆိုတော့ ဗိုက်ဆာချင်ဆာနေလိမ့်မည်။ သော်သော့်ကို မနက်အာရုံအပျို့ကြီးမှာ တွေ့ရသော ညိုမောင်လည်း ဗိုက်ဆာနေသည်ဆိုတာ ဖြစ်သည်။

အင်း....ဆက်ပြီးတွေးလျှင်တော့ ငရဲတွေ ငအုံတွေပဲကြီးကုန်မလား၊ ပညာရှိသူတော်ကောင်းတွေက နားရင်းတွေ နားအုံတွေပဲ ကျင်းချင်မလားတော့ မသိ။ ဒါနှင့် သူတွေးတာကိုရပ်ပစ်လိုက်သည်။

ဘာ့ကြောင့်လဲဆိုတော့ ထိုကျစ်ဆံမြီးကြီးနဲ့ သော်သော့်ကို အနောက်ဘက်ကနေကြည့်ပြီး သူ့ရင်ထဲမှာ ဘာလိုလိုဖြစ်သွားသော ကြောင့်ဖြစ်သည်။

ရင်ထဲက ဘာလိုလိုဖြစ်သွားသော်လည်း လက်ကတော့ အငြိမ်မနေပါ။ ပန်းကန်တွေချ၊ ခုံတွေရွှေ့ထားပြီးသွားပြီ။ မီးသွေးအိတ်ကို သော်



www.burmeseclassic.com

www.burmeseclassic.com

သော်တို့ဆိုင်ရှေ့ မျက်နှာစာမှာ မီးချပေးပြီးသွားပြီ။

"အဟမ်းဟမ်း...အဟွတ်...ဟွတ်...အဟမ်း...ဟင်း...အမလေး ဒီနေ့ မှ တံတွေးသီးရတယ်လို့....နော်၊ ဒီနေ့ဟင်းကောင်းစားရမယ်ထင်တယ်"

အဲဒီလိုနေရာမျိုးကျတော့ မိန်းကလေးတွေသည် 'တစ္ဆေ' တစ်ကောင်နှင့် တူသည်ဟု ညိုမောင်ထင်သည်။ ညိုမောင် ဘာလုပ်ရမှန်းမသိ၊ ပြာသွားသည်။ ရှင်မဟာရဋ္ဌသာရက 'ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့' ကိုသာ ကြုံရခြင်းဖြစ်၏။ သူက 'ပေါ်တင်ဟုတ်တုံ့၊ မဟုတ်တုံ့" ကြီးကို ကြုံရတာဆိုတော့ ရှင်မဟာရဋ္ဌသာရထက် ပို၍ပြာသွားသည်မှာ အမှန်ပင်ဖြစ်၏။

သော်သော်ကတော့ နှုတ်ခမ်းကို တစ်ချက်ဆွဲဆန့်ရင်း မော်မော့်ကို မျက်စောင်းတစ်ချက်ထိုး၍ လှမ်းကြည့်လိုက်သည်။ မော်မော်က စပ်ဖြဲဖြဲနှင့် ထမင်းအိုးကြီးထဲက ထမင်းတွေကို ချေ၍ ချေ၍နေသည်။ မော်မော်မွှေးထားသော မီးသွေးက မီးတောက်အရှိန်ရစပြုနေပြီ။ လမ်းဘေးမီးတိုင်များ၏ အလင်းရောင်လမ်းပေါ်မှာ ပျောက်လုလုဖြစ်ကာ ကောင်းကင်တွင် အလင်းသစ် အုံ့ပျပျဖြစ်လာနေသည်။ အမှောင်သည် ပြိုကွဲစပြုလာနေသည်။ ငှက်ကလေးတွေ အော်သံကိုကြားရသည်။ အိမ်တွေ တိတ်ဆိတ်နေကြဆဲ၊ ကားလမ်းမဘက်မှ ကားဖြတ်မောင်းသည့်အရှိန်သံက ခပ်စိတ်စိတ် ဖြစ်၍လာနေပြီ။

ထိုအချိန်သည် နေ့တစ်နေ့၏ အနူးညံ့ဆုံး အလှဆုံးအချိန်ဆိုတာကို ညိုမောင် အခုထိခံစား၍ရဆဲပင်ဖြစ်သည်။

နာရီကိုကြည့်တော့ ၅း၁၂ မိနစ်။ ရွာကျောင်းမှာဆိုရင် ကိုယ်တော်တွေ သိမ်မှဆွမ်းစားဆောင်သို့ကြွပြီးစဖြစ်လိမ့်မည်။





"ကြက်ဥကြော်နဲ့ပဲ စားမှာလား"

"ဗျာ...၊ ဟာ...စားလို့ရပြီလား"

"ခဏနေရင်ရပြီလေ၊ ကြက်ဥကြော်နဲ့စားမှာဆိုရင် ကြက်ဥကြော်လိုက်တော့မလို့၊ ဟင်းနဲ့ဆိုရင်တော့ ခဏစောင့်၊ ဖေဖေဟင်းအိုးတွေလာတော့မှာ၊ ဟာ...ဟိုမှာလာနေပြီ"

"ဘာဟင်းတွေလဲဟင်"

"ဝက်ချို၊ ဝက်စပ်၊ ကြက်သား၊ ငါးဖယ်၊ ဘဲချဉ်ရေ၊ အမဲကြော်"

"ဟာ...အဲဒါဆို ဝက်ချိုနဲ့စားမယ်၊ အချဉ်ကို ရှောက်သီးချဉ်ပဲ လုပ်ပေးနော်"

"ရမယ်..."

"ဟာ...မင်းက ဘယ်လိုဖြစ်တာတုံးကွ၊ ဖျာမရောင်းတော့ဘဲ စားပွဲထိုးဖြစ်သွားပြီလားကွ၊ ဟား...ဟား....ဟား...ဟား"

သော်သော်တို့ဖေဖေက ဟင်းအိုးတွေကို ဆင့်စီ၍သယ်လာရင်း အားရပါးရ ရယ်မောရင်း နှုတ်ဆက်စကားကိုဆိုသည်။ သော်သော်တို့ဖေဖေသည် ပျော်ပျော်နေတတ်ပုံရသည်။ သူ့သမီးနှစ်ယောက်အနားရောက်နေသူ သူ့ကို စိတ်ထဲကရိုးရိုးပဲတွေးသည်။ စတောင်စလိုက်သေးသည်။ သူဒီရပ်ကွက်ကလေးကိုရောက်တော့ အဆောင်မတွေ့ခင် ပထမဦးဆုံး စကားပြောခွင့်ရသောလူသည် သော်သော်တို့ ဖေဖေမဟုတ်ပါလား။

"ဗိုက်ဆာလို့ ဦးရယ်၊ ဝိုင်းလုပ်ပေးရင် ပိုမြန်မလားလို့ ဝိုင်းကူတာပါ"

"ဩော်...စေတနာနဲ့ မဟုတ်ဘူးပေါ့လေ"

"အာ...အဲဒါလည်း ပါပါတယ်၊ ဒါပေမယ့် လူဆိုတာ အတ္တက အရင်လေ၊ အတ္တဟိတ၊ ပရဟိတ္တပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဝက်ချိုပဲနော်"

"အင်း...."

သော်သော် ဖေဖေက ခတ်ဘူးထဲက ရေနွေးကြမ်းကိုထည့်ပေးသည်။

"ကဲ...စားစား...ငါလည်း ပြန်နှပ်လိုက်ဦးမယ်ကွာ"

ကြာညို့ရန့်သင်းသင်းနှင့် ဝက်ချိုအရည်ဆမ်းထားပြီး ဝက်သားသုံးထပ်သားနှစ်တုံး၊ အသားတစ်တုံး၊ ငရုတ်သီးစိမ်းကလေးဖော့ပါသော ကြက်သွန်နှင့် ဂေါ်ဖီကို ရောက်သီးညှစ်ထားသော အချဥ် ဗ သည်တို့နှင့် နံနက်ခင်းထမင်းကြော်ကိုစားကာ ရေနွေးကြမ်းပူပူကို 'ဂူးခနဲ' မှုတ်သောက်လိုက်ရသော ပြည့်စုံသည့်အရသာနှင့် စတင်ဖွင့်လှစ်ခဲ့သော ညိုမောင်၏ မနက်ခင်းသည် လှပ၍နေလေသည်။

လမ်းသွားလမ်းလာတစ်ယောက်စ နှစ်ယောက်စကို တွေ့ရပြီဖြစ်သည်။ ညိုမောင် ထမင်းပန်းကန်တစ်ဝက်လောက်အရောက်မှာ လူနှစ်ယောက် ဝင်ထိုင်သည်။

"အချစ်ကလေးရေ ဝက်စပ်ထည့်"

ညိုမောင့်ဘေးနားက ခုံမှာဝင်ထိုင်ရင်း ပြောလိုက်သော လူ၏ စကားကြောင့် ညိုမောင့်ပါးစပ်ထဲမှ ထမင်းကြော်တစ်လုတ်သည် ကို့ရို့ကားရားဖြစ်သွားသည်။ သော်သော့်ကိုလှမ်းငေးတော့ မျက်နှာမှာ ဘာမှအပြောင်းအလဲမရှိ။ 'အချစ်' ကလေးရေဟုခေါ်သည့် လူက ညိုမောင်နှင့် အသက်ရွယ်တူလောက်ရှိလိမ့်မည်ထင်သည်။

သော်သော့်ကြည့်ရတာ ကြားရဖန်များသဖြင့် နားရည်ဝနေဟန်တူသည်။ ညိုမောင့်ရင်ထဲမှာ တစ်ခုခုကို ဆုံးရှုံးသွားရသလို ခံစားလိုက်ရ၏။





"မိကျစ်...ငါ့ကိုတော့ ကြက်ဥကြော်နဲ့ပဲဟေ့၊ ငရုတ်သီးကြော်များများ ထည့် မိကျစ်ရာ၊ ဝက်ရည်လည်းဆမ်း"

"သိပါတယ် ဦးမောင်ရာ၊ မိကျစ်က ဘယ်တုန်းက လက်တို့ဖူးလို့လဲ"

"ကျစ်ကလည်း နင်ဒီနေ့လက်တိုပါ"

"ကဲ...တော်ပြီ၊ ရော့..."

ညိုမောင် အခုမှ သက်ပြင်းချနိုင်သည်။

'အချစ်' ကလေးဟု ခေါ်ခြင်းမဟုတ်။ 'ကျစ်' ကလေးဟု ခေါ်ခြင်းဖြစ်သည်။

သော်သော်တို့ထမင်းဆိုင်၏နာမည်သည် 'စေတနာရှင်' ဖြစ်သော်လည်း ထိုနားမှာနေကြသော အဆောင်ကျောင်းသားများနှင့် ရပ်ကွက်သူရပ်ကွက်သားများကတော့ 'ကျစ်ဆံမြီးဆိုင်' ဟု ဝိဂြိုဟ်ပြု၍ခေါ်ကြကြောင်း၊ နောင်ကျမှ ညိုမောင်သိရသည်။ ထို့ကြောင့် သော်သော်၏ ကျစ်ဆံမြီးသည် အလှအပအတွက်သာမဟုတ် စီးပွားရေးနှင့်ပါ ပတ်သက်နေကြောင်း ညိုမောင် သိရှိသွားသည်။

ညိုမောင်ထမင်းကုန်ခါနီးမှာ လိုက်ပွဲဝက်ရည်ဆမ်းပန်းကန်လေးက အနားရောက်လာသည်။ သော်သော်လည်း အခြားအရာများကိုချရင်းသိမ်းရင်းဖြင့် သူ့ပန်းကန်ထဲသို့ ဂေါ်ဖီနှင့် သခွားသီးချဥ်ကိုလည်း ထည့်ပေးသွားသေးသည်။ သော်သော် ဈေးရောင်းဈေးဝယ်ကျွမ်းကျင်ခြင်းကို ညိုမောင် စိတ်ထဲက ချီးကျူးမိသည်။

"ဘယ်လောက်ကျလဲဟင်"

"ဩော်...သွားတော့မယ်ပေါ့၊ အစာဝတော့ဌာနကို ပြန်တော့မယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မော်မော်က ခါးကိုထောက်ရင်း သူ့ကို ရန်တွေ့သလိုပုံစံမျိုးနှင့်စသည်။

"အာ...မဟုတ်ပါဘူး...ဟိုလေ"

"မစားခင်တုန်းကတော့ ဟိုဟာတွေရွေ့၊ ဒီဟာတွေသယ်နဲ့ စားပြီးသွားတော့ လစ်တော့မယ်ဆိုတာ ဘယ်ဟုတ်မလဲ၊ 'အတ္တ'ပြီးသွားရင် 'ပရ'က လာတော့လေ"

"ဟဲ့...မော်မော်"

"ရပါတယ်...ရပါတယ်"

"ဒါဆိုရင် စားပြီးသားပန်းကန်ပေး၊ ဟိုကစားပြီးသားပန်းကန်တွေလည်း ယူလိုက်"

'အိုကေ..."

ညိုမောင် စားပြီးသွားသော ပန်းကန်တွေကိုယူပေးသည်။ သော်သော်က ထမင်းကြော်ထည့်ပြီး ဇက်စပ်ရည်ဆမ်းပြီး ဟင်းထည့်ပြီးသားပန်းကန်ကို ထိုးပေးလျှင် ထိုပန်းကန်ထဲသို့ ညိုမောင်က အချဉ်နှင့်ရှောက်သီးကြော်ကိုထည့်ပေးပြီး မှာသူကိုပေးရသည်။ရေနွေးကုန်လျှင် ခွက်ဘူးထဲထည့်ပေးရသည်။ လိုက်ပွဲချပေးရသည်။ ၆ နာရီခွဲလောက်မှာ လူက တော်တော်လေးကျလာပြီဖြစ်သည်။

မိကျစ်ရေ...အကျစ်ရေ...ကျစ်ဆံမြီးရေနှင့် သော်သော်လည်း ကျစ်ဆံမြီးကို ရှေ့ပို့လိုက် နောက်ပို့လိုက်နှင့် လက်မလည်တော့။ ညိုမောင်က သူသာမရှိလျှင် ပိုဆိုးမည်ဟု တွက်လိုက်မိသေးသည်။ ထို့ကြောင့် ညိုမောင်ပို၍သွက်အောင်လုပ်ပေးသည်။

"ဟာ...ဟော့ကောင် ညိုမောင် ဘယ်လိုဖြစ်ရတာလဲ၊သူငယ်ချင်းရာ"





တိုးလွင်၏ တမင်လုပ်ပြောလိုက်သော အံ့ဩသံကြီးကြောင့် ညိုမောင်လန့်၍သွားသည်။ သော်သော်ကတော့ မော့ပင်မကြည့်။ ညိုမောင် ဒုတိယအကြိမ်ပြာသွားပြန်၏။

"သူငယ်ချင်း...ညိုမောင်ရာ ကုမ္ပဏီမှာမရလည်း ငါ...ငါနဲ့ ပွဲစားလိုက်လုပ်ပါလားကွာ၊ အဆင်ပြေပါတယ်၊ ဒီလိုစားပွဲထိုးအလုပ်ကတော့ ငါတောင်းပန်ပါတယ်ကွာ"

ကိုဇော်က over အိုက်တင်မင်းသားတွေလို သရုပ်ဆောင်၍ပြောသည်။

"ညိုမောင်...သူငယ်ချင်း...ငါ ပန်းထိမ်သင်ပေးပါ့မယ်ကွာ။ပန်းထိမ်ဆိုတာ လူမမြင် သူမမြင်နဲ့ ပိုက်ဆံရတာပါ၊ ဒီလိုကြီးတော့ မလုပ်ပါနဲ့ကွာ၊ ငါ...ငါ တောင်းပန်ပါတယ်"

ဆံပင်ကရှည်ရှည်၊ အသားကမည်းမည်း၊ မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးနှင့်ဆိုတော့ ကိုမိုးက ကုလားမင်းသားလို အိုက်တင်နှင့် ပြောပြန်၏။ ညိုမောင်မွန်ထူပြီး ရယ်နေမိ၏။

"ဒီဆိုင်မှာ ပွဲစားလည်းမလိုဘူး၊ ရွှေတို့ဘာတို့ ခိုးတာဝှက်တာလည်း မရှိဘူး၊ ကောင်းကောင်းမွန်မွန်နဲ့ ရိုးရိုးသားသားပဲ ဈေးရောင်းကြတာ၊ ရောင်းဖို့လည်း မရှိ၊ အပ်ဖို့လည်းမရှိ၊ ညောင်းတော့..."

"ဒါဆိုရင်တော့ ငါဝင်ပြောရလိမ့်မယ် မော်မော်...ဒီကောင်က ရွာကနေ ကုမ္ပဏီမှာ လုပ်မယ်ဆိုပြီး ငါ့အဆောင်ကို တက်လာတာ၊ ဒီကောင် ငါ့ဆီရောက်မှ ထမင်းကြော်ဆိုင်က စားပွဲထိုးဖြစ်နေရင်...ငါ့မျက်နှာ ဘယ်သွားထားရမလဲ"

"ဒီပန်းကန်တွေနားမှာ ထား...ဆေးပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ဆရာတော်က ဘယ်လိုပြောမလဲ"

"အနိစ္စ...အမြဲမရှိ၊ ဒုက္ခ....ဆင်းရဲခြင်း၊ အနတ္တအစိုးမရ...လို့ ပြောမှာပေါ့"

တစ်စက္ကန့်လေးမျှ တုံ့ဆိုင်းမနေဘဲ ချက်ချင်း ဒက်ခနဲ၊ ဒိုးခနဲ ဒေါက်ခနဲ ပြန်ပြောလိုက်သော မော်မော့်စကားကြောင့် ကိုဇော်တို့အုပ်စု ရော စားနေကျသူတွေပါ ပွဲကျသွားသည်။

"ကဲ...တော်ပါပြီဗျာ၊ ဒီကောင် ငါတို့ဆီကနေ အလွတ်ကြေးနဲ့ ပြောင်းရွှေ့သွားပြီဆိုတာ နားလည်လိုက်ပါပြီ၊ ဘယ်လိုဖြစ်ရတာတုံး ညိုမောင်ရာ၊ မမြင်ဝံ့ မတွေ့ဝံ့တွေပါလား"

ကိုဇော်က ညိုမောင့်ပခုံးကို ပုတ်၍ပြောသည်။

"နောက်မှ...ပြောကြမယ်ကွာ"

"ကိုတိုးတို့ ထုံးစံအတိုင်းပဲလား"

"အေးပေါ့ အကျစ်ရ"

"မော်မော် ကြက်ဥ သုံးလုံး ဟပ်(ဖ)ဖရိုက်ကြော်၊ အနှစ် မပေါက် စေနဲ့၊ ကိုညိုမောင် ရေနွေးအိုး...ရေနွေးအိုး..."

ညိုမောင်က လေချွန်နေသော ရေနွေးအိုးဆီသို့ ကမန်းကတမ်း လှည့်ရ၏။

တိုးလွင်တို့စားပြီးတော့ ၇း၃၀ နာရီလောက်ရှိပြီမို့ သော်သော်တို့ လှုနိုင်သွားပြီဖြစ်သည်။ ဒီတော့မှ ညိုမောင်တို့ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြသည်။

ဆိုင်ကိုရောက်တော့မှ ညိုမောင်က သူ့အကြောင်းကိုရှင်းပြသည်။ သူငယ်ချင်းတွေ တဝါးဝါး တဟားဟားနှင့် အားရပါးရ ရယ်မောကြလေသည်။





"ငါမပြောဘူးလား၊ မင်း ဘုန်းကြီးကျောင်းသား ငါတို့ကို ရောင်း စားမှာလို့"

"ကောင်းတယ်၊ ဟေ့ကောင် ညိုမောင် ဒီကောင့်ကို ရောင်းရင် ကျေးနဲ့မှရောင်း၊ ဒါမှမဟုတ် ကြေးများများနဲ့ စပ်ပြီးမှ ရောင်းကွာ"

တိုးလွင်စကားကြောင့် ကားပွဲစားရော၊ ပန်းထိမ်ဆရာပါ အားရ ပါးရ ရယ်လိုက်ကြလေသည်။

Ð Ð Ð



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ချစ်မင်းစိုးခေါင်းကို ခါရမ်းလိုက်ရင်း သက်ပြင်းကို ချလိုက်သည်။

သူ့ရှေ့တွင် မကျေနပ်သော မျက်ဝန်းများကို ကျုံ့ထားပြီး၊ နှုတ်ခမ်းကိုတင်းတင်းစေ့၊ စားပွဲကိုစိုက်၍ကြည့်နေသော သူ့ညီမလေး လမင်းစိုးရှိသည်။ လမင်းသည် ငယ်စဉ်ကတည်းက သူလုပ်ချင်တာကို ဇွတ်လုပ်တတ်သော ခေါင်းမာသော ဒေါသကြီးတတ်သော စိတ်ဖြေ ဇီဘ်ကျေလည်းလွယ်သော ညီမလေးတစ်ယောက်ဖြစ်သည်ဆိုတာကို သူ သိပါသည်။

သူ့ညီမလေးသည် သူ့စိတ်ထဲရှိရာကို မည်သူ့ကိုမှ မတိုင်ပင်ဘဲ တိုင်ပင်မိ၍ထားလျှင်လည်း နောက်မဆုတ်တတ်ဘဲ လုပ်ချင်တာကို လုပ် ပစ်လိုက်လေ့ရှိသည်။ အကယ်၍ ထိုကိစ္စသည် တက်တက်စင်အောင် 'လွဲမှား' သွားလျှင် သူမှားသွားကြောင်းကို သတ္တိရှိရှိကို ဝန်ခံပစ်သည်။ အပြစ်ဆိုလျှင်လည်းခံသည်။ အဆုံးအရှုံးဆိုရင်လည်းရင်ဆိုင်သည်။အကယ် ၍ ထိုကိစ္စသည် 'မှန်'သွားလျှင်လည်း ခေါင်းကိုမော့မည်၊ ရင်ကိုကော့မည် လက်မထောင်မည်။





ဒါပေမယ့် လောကတွင် ဝန်ခံရုံ၊ ရင်ဆိုင်ရုံနှင့် မရသော 'အမှား' မျိုးရှိသလို ခေါင်းမော့ ရင်ကော့ကာ လက်မထောင်၍မရသော 'အနိုင်' မျိုးလည်း ရှိတတ်ကြောင်းကို လမင်းစိုး မသိသေးပါ။

ချစ်မင်းစိုးကတော့ အနိုင် အရှုံးနှင့် တွေ့ရသော အပြောင်းအလဲ ဆက် ရေရှည်သွားရသော ဓမ္မဓိဋ္ဌာန်ကျသည့် 'တည်ငြိမ်မှု'ကို ပို၍ သဘောကျပါသည်။ မစွန့်စားရဲသူမဟုတ်ပါ။ မလိုအပ်ဘဲနှင့် အနိုင်အရှုံး ကို စိန်မခေါ်ချင်သော သဘောရှိသူသာဖြစ်ပါသည်။

"အခုကိစ္စကို ညီမလေးက ကိုကို့ကို ဆန့်ကျင်နေတာမဟုတ်ဘူး၊ ကိုကို့သဘောထားကို နားမလည်သေးတာလို့ပဲ ကိုကိုထင်တယ် ညီမလေး"

"တူတူပါပဲ"

"ဘယ်တူမှာလဲ ညီမလေးရဲ့၊ အခု ကိုကိုတို့ စီစဉ်တဲ့ကိစ္စက ဒီနေ့ နက်ဖြန် ကောက်လုပ်မယ့်ကိစ္စမှမဟုတ်တာ၊ ရေရှည်ကိစ္စညီမလေး ရဲ့ အနည်းဆုံး one year over ရှိတယ်၊ အဲဒီလောက်အချိန်ပေးပြီးတော့ လည်း ကိုကို ဒီလူသုံးယောက်ကိုရှာချင်တယ်၊ ကိုကို သူတို့အတွက် အချိန်ပေးနိုင်တယ် ညီမလေး"

"ကိုကိုရွေးတဲ့ထဲက ခင်မေရာတစ်ယောက်ပဲ ညီမလေးသဘောတူ တယ်၊ နန္ဒာမောင့်ကို မကြိုက်ဘူး၊ ပြီးတော့ ညီမြမောင် ဒီလူ့ကို သဘော ကျဆုံးပဲ၊သူ ဒီလုပ်ငန်းနဲ့ပတ်သက်လို့ ဘာတစ်ခုကိုမှ မသိဘူး ကိုကို၊ အဲဒါရှင်းတယ်"

ချစ်မင်းစိုးလည်း တော်တော်လေးဒုက္ခရောက်သွားသည်။

အဘယ်ကြောင့်ဆိုသော် သူညီမြမောင့်ကို သဘောကျသော အချက်က ထိုသို့ 'ဘာတစ်ခုမှမသိခြင်း' ကြောင့်ဖြစ်သည့်အတွက်သာ တည်း။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဒီကိစ္စကိုသွယ်ဝိုက်မနေတော့ဘဲ ထိပ်တိုက် ပွင့်ပွ လင်းလင်း ဆွေးနွေးပြီးရှင်းမှရတော့မည်ဆိုတာကို ချစ်မင်းစိုး ဆုံးဖြ လိုက်သည်။

"ညီမလေးနဲ့ ကိုကို ဒီကိစ္စကို ဆွေးနွေးကြရအောင်ကွာ"

"ဘယ်လိုပုံစံမျိုးနဲ့လည်း ကိုကို"

ဒီတစ်ခါတော့ ညီမကလေးက သူ့ကို မျက်နှာချင်းဆိုင်ပြ ပွင့်ပွင့်လင်းလင်းပဲ မေးပါသည်။လမင်းစိုးမေးသည့်သဘောက ရုံး၊ ကုမ္ပ ၏စည်းကမ်းအတိုင်းမေးခြင်းသာဖြစ်ပါသည်။

သူတို့မောင်နှမ ဒီကုမ္ပဏီကို ထူထောင်ခဲ့ကြစဉ်က အလုပ်တာဝ ခွဲဝေကြသည့်အခါတွင် စည်းမျဉ်းတွေ၊ စည်းကမ်းတွေ ဥပဒေတွေ မောင်နှမနှစ်ယောက် အရင်ထုတ်ကြသည်။

ချစ်မင်းစိုးကအကြီးမို့ ဥက္ကဋ္ဌနေရာကိုနေရပြီး၊ လမင်းစိုးကအငယ မို့ ဒုတိယအကြီးဆုံးနေရာမှာနေရသော်လည်း လုပ်ငန်းနှင့်ပတ်သက်သေ ကိစ္စတစ်ခုကို ချစ်မင်းစိုးက အစ်ကိုကြီးမို့ သူစိတ်ထင်ရာ လုပ်ခွင့်မရှိသလို လမင်းစိုးကလည်း ညီမလေးမို့ နွဲ့ဆိုးနဲ့လုပ်ပစ်လိုက်ပြီ ကိုကိုရေ ဟ လုပ်၍မရပါ။

ကိစ္စတစ်ခု မပြေလည်လျှင် မောင်နှမဆိုတာ ခဏမေ့ထားပြီ ကုမ္ပဏီစည်းကမ်းနှင့်အညီသာ ဆွေးနွေးရပါသည်။ ထိုဆွေးနွေးနည်းမ ၃ မျိုးရှိသည်။ ပထမနည်းက ဝေဖန်ဆွေးနွေးခြင်းဖြစ်သည်။ ဒုတိယ နည်းက အကြောင်းပြဆွေးနွေးခြင်းဖြစ်သည်။ တတိယနည်းက ယှဉ်ပြို ဆွေးနွေးခြင်းဖြစ်သည်။ ထိုဆွေးနွေးနည်း ၃ နည်းဖြင့် ဆွေးနွေး၍လက် နိုင်လောက်သော အခြေအနေရောက်မှ သဘောတူကြသည်။ သဘောတူပြီ လျှင် ထိုသဘောတူညီမှုကို အကျိုးအကြောင်းမဲ့ ဖျက်သိမ်း၍မရပေ။





"အကြောင်းပြဆွေးနွေးနည်းနဲ့စတာ ကောင်းမယ်ထင်တယ် ညီမလေး"

"ညီမလေးသဘောတူပါတယ်၊ ခင်မေရာကတော့ နိုင်ငံခြားဘာသာသိပ္ပံက ဂျပန်စာနဲ့ကျောင်းပြီးတယ်၊ ဂျပန်ဂိုက်လည်း လုပ်နေတယ်၊ နုပ်ရည်ကျွမ်းကျင်မှု၊ ဘာမှပြောစရာမရှိတဲ့အတွက် ထားတော့၊ ကေသီမိုးကိုတော့ အရန်နေရာမှာပဲ ထားချင်တယ်"

"ဘာဖြစ်လို့လဲ ညီမလေး"

"အင်တာဗျူးတုန်းက သူ့ပုံစံက ဖြည်းဖြည်းနဲ့ မှန်မှန်သမားပုံစံမျိုးဖြစ်နေတယ်၊ ညီမလေးတို့လုပ်ငန်းနဲ့ အံဝင်မဝင်ဆိုတာ ရုတ်တရက်ဆုံးဖြတ်လို့မရဘူး၊ ဒီတော့ သူ့ကို အစမ်းပဲခန့်ချင်တယ်၊ လုပ်ငန်းအတွက် ယတိပြတ်ပြောလို့မရနိုင်ဘူး"

"အစမ်းခန့်ဆိုရင်တော့ ညီမလေး နောက်တစ်ယောက်သာ ရွေးလိုက်တော့၊ သူက အစိုးရဝန်ထမ်း ညီမလေး၊ ညီမလေးက အစမ်းခန့်လည်း သူကရုံးကနေထွက်ရမှာပဲ၊ ပြီးတော့မှ ညီမလေးက မခန့်ဘူးဆိုရင်"

"ကောင်းပြီ ကိုကို၊ ညီမလေး သူ့ကို သဘောကျတဲ့တခြားအချက်တွေရှိတယ်၊ ညီမလေး သူ့ကိုခန့်မယ်၊ ညီမလေးတို့ Porject အတွက် အသုံးမတည့်ရင်လည်း ဒီကုမ္ပဏီအတွက်ပဲထားကြတာပေါ့"

"ညီမလေး သူ့ကိုဆုံးဖြတ်ချိန်က..."

"နှစ်လ..."

"သုံးလယူ ညီမလေး အဲဒီလောက်မှ လမ်းစကလေးပဲ ရဦးမှာ"

"OK ကိုကို..."

လမင်းစိုးက သူ့ Diary ထဲမှာ သဘောတူသောအချက်ကို



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာထည့်ရေးသည်။ ပြီးတော့...ကေသီမိုး၏ C.V Form ကို တစ်ဖက်သို့ရွှေ့သည်။ ပြီးတော့ ချစ်မင်းစိုးကိုလှမ်း၍ကြည့်သည်။ ကိုကို ကရော ဆိုသည့် သဘောမျိုး။

"ကိုကို့မှာလည်း ညိုမောင့်ကို သဘောကျထားတဲ့အချက်တွေ ရှိတယ်၊ ညီမလေး....ညီမလေး...ကေသီမိုးကို သဘောကျတဲ့အချက်တွေ ရှိထားသလိုမျိုးပေါ့"

"ညီမလေးကေသီမိုးကို သဘောကျတဲ့အချက်တွေက .... တစ်"

"ဟိုး...ဟိုး...ညီမလေး အဲဒီအကြောင်းကို ကိုကိုနဲ့ ညီမလေး ပြောပြီးပြီလေ...၊ အစမ်းခန့်မဖြစ်ဖို့ပဲ အခုမှ ကိုကိုကပြောတာ"

"ဟုတ်ပြီကိုကို....ညိုမောင့်ကိစ္စပြောပါဦး"

"ကိုကိုနဲ့ ညီမလေး ညိုမောင့်အပေါ်မှာ မြင်တဲ့အမြင်ချင်းက အတူတူပဲ ညီမလေး"

"ဟင်...ဒါဆို"

"ကိုကို့စကားမဆုံးသေးဘူး ညီမလေးရဲ့၊ အဲဒီအမြင်ကို ကိုကိုက အသုံးချကြည့်ချင်တယ်၊ ညီမလေးက လွှင့်ပစ်ချင်နေတယ်၊ အဲဒါပဲကွဲ တာ၊ ဟုတ်တယ်၊ ညိုမောင်ဟာ 'ဘာမှမသိဘူး' ဘာမှနားမလည်သေး ဘူး၊ ဘယ်ကုမ္ပဏီမှာမှ မလုပ်ဖူးသေးဘူး၊ ဒါကြောင့် ကိုကိုတို့ ကုမ္ပဏီ ဟာ သူ့အတွက်ကြီးမားတဲ့ အိပ်မက်ကြီးတစ်ခုဖြစ်နေတယ်၊ အဲဒါကို ကိုကို သဘောကျတယ် ညီမလေး"

"ဒါကတော့ ကိုကိုရယ်၊ အလုပ်သစ်ကိုစလုပ်ကြတဲ့သူတိုင်းမှာ ရှိတဲ့ စိတ်ထားပါ၊ ကိုကိုနဲ့ ညီမလေးတို့ ဒီအလုပ်ကို စလုပ်တော့လည်း ဒီစိတ်မျိုးရှိခဲ့ကြတာပဲ မဟုတ်လား"





"ဟုတ်တယ် ညီမလေး၊ ဒါပေမယ့် အဲဒီစိတ်ထားနဲ့ လိုက်ဖက်တဲ့ ရိုးသားတဲ့ မျက်လုံးတွေ သူ့မှာရှိတယ် ညီမလေး၊ အဲဒါကို ကိုကိုက သဘောကျတာ"

လမင်းစိုးက ခေါင်းကိုခါလေသည်။ သူ့ကိုကားတွန်းပေးခဲ့သော ညိုမောင့်ပုံကို မျက်စိထဲပြန်မြင်လာသည်။ ညိုမောင်သည် သူ့ကို ရိုးရိုး သားသား ကူညီခဲ့တာဖြစ်သည်ဆိုတာကို လမင်းစိုးပြန်မြင်သည်။ ကုမ္ပဏီ ကတ်ကိုပြတော့ သူမျက်နှာပျက်သွားတာကိုလည်း မရိပ်မိ။ အင်တာဗျူးနေ့က သူဖိဟောက် ထင်ရာတွေလျှောက်မေးတာကိုလည်း ဒေါသဖြစ်၊ စိတ်ဆိုး ဟန်မပြ။ သူ့ကိုတွေ့တော့ အံ့သြသွားပုံကို ကိုကိုမရိပ်မိတာပဲ တော်လှပြီ ဟု တွေးမိသည်။

"ဘာမှမသိ၊ ဘာမှလည်း မတတ်တဲ့လူကိုမှ ကိုကိုရာ"

"ဟုတ်တယ် ညီမလေး၊ အဲဒါ ကိုကိုအလိုချင်ဆုံး အရည်အချင်း ပဲ၊ ညိုမောင်ဟာ အဖြူထည်၊ ဗလာသက်သက်၊ ဘာမှမရေးရသေးတဲ့ စာရွက်ဆိုပါစို့၊ ကိုကိုတို့က သူ့ကို အရောင်ဆိုးမှာမဟုတ်ဘူး ညီမလေး၊ အရောင်ခြယ်ပေးမှာပါ"

"ဒါဆိုရင် ဒီလိုလုပ်ကိုကို၊ ညိုမောင့်ကိုလည်းခန့်၊ ဥက္ကာကျော် ကိုလည်းခန့်မယ်၊ နှစ်ယောက်စလုံး အစမ်းသဘောပေါ့"

"ဥက္ကာကျော်ကို ညီမလေးက ဘာသဘောကျတာလဲ"

"အင်း...ပါးနပ်တယ်၊ လုပ်ငန်းအတွေ့အကြုံရှိတယ်၊ ဖျတ်လတ် တယ်၊ လူမှုဆက်ဆံရေးကောင်းတယ်၊ ကွန်ပျူတာလည်း ကျွမ်းကျင်တယ်"

"မှန်တယ်၊ ဒါပေမယ့် သူ့အကြောင်းကို ကိုကိုသိထားတာတော့ ညီမလေးကို ပြောပြရလိမ့်မယ်၊ သူကုမ္ပဏီနှစ်ခုပြောင်းခဲ့တယ်၊ သူ့ နောက်

www.burmeseclassic.com



ဆုံးထွက်ခဲ့တဲ့ ကုမ္ပဏီက ကိုကိုနဲ့သိလို့ လှမ်းမေးတော့ သူတို့နဲ့ သဘောထား မကိုက်ညီလို့ သူ့သဘောနဲ့သူထွက်စာတင်သွားတာပါတဲ့၊ ငွေရေးကြေးရေးကိစ္စတော့မဟုတ်ဘူးတဲ့"

ကုမ္ပဏီတွေမှာ အချင်းချင်းလက်ခံထားသည့် မူဝါဒတစ်ခုရှိသည်။ မိမိကုမ္ပဏီမှဝန်ထမ်းတစ်ဦးကို ထုတ်သည်ဖြစ်စေ၊ ထွက်သည်ဖြစ်စေ ထိုဝန်ထမ်းအကြောင်း အခြားကုမ္ပဏီက စုံစမ်းလာလျှင် ရာဇဝတ် မှုနှင့် မပတ်သက်သမျှကာလပတ်လုံး ပြောခွင့်မရှိပါ။ ရဲအရေးပိုင်အထိ၊ တရားရုံးအထိရောက်သည့် ပြစ်မှုမျိုးနှင့်ဆိုလျှင်တော့ သတိပေးသည့်အနေနှင့် ဖွင့်ပြောခွင့်ရှိသော်လည်း ထိုသူ့ကို ခန့်ရေးမခန့်ရေးကိစ္စကို ဝင်ရောက်စွက်ဖက်ခွင့်မရှိပါ။

"ရပါတယ် ညီမလေးထိန်းနိုင်မှာပါ၊ ကိုကို့ဆီက ညီမလေး အခွင့်အရေးတစ်ခုတော့ တောင်းချင်တယ်"

"ပြော ညီမလေး"

"ကိုကို့လူကို အလုပ်နေရာအတွက် ညီမလေး စိတ်ကြိုက်နေရာမှာ ခန့်မယ်၊ အဲဒါကို ကိုကိုဝင်ပြီး မစွက်ဖက်ရဘူး"

"ကောင်းပြီ သိခွင့်တော့ရှိတယ် မဟုတ်လား"

"ရှိပါတယ်၊ စာဝင်စာထွက်မှာထားမှာ"

လမင်းစိုးစကားကြောင့် ကိုကိုက ပြုံးလေသည်။ ပြီးတော့ ခေါင်းကိုတဆတ်ဆတ်ညိတ်သည်။

"ဟင်...ကိုကို့လူက ဘာမှမသိသေးဘူးလေ"

"ကိုကို သဘောတူတယ်လေ ညီမလေးရဲ့"

"ဒါဆို ပြီးရော"





"ညီမလေးကို ကိုကိုတစ်ခုတော့ ပြောမယ်၊ ကိုကိုက နောက် ၂နှစ်ဆို မြသဇင်နဲ့ လက်ထပ်ပြီးရင် ဂျပန်မှာ နေဖြစ်မယ့်အချိန်က ပိုများတော့မှာ...၊ ဒါမှလည်း အဲဒီကနေ ညီမလေး ဒီမှာလုပ်ဖို့အတွက် စီစဉ်ပေးနိုင်မှာ၊ ညီမလေးအနား ကိုကိုမရှိတဲ့အချိန်မှာ ညီမလေးကို ကိုကိုလူလည်တစ်ယောက်နဲ့ အတူမထားခဲ့ချင်ဘူး၊ ရိုးသားတဲ့လူတစ်ယောက်နဲ့ပဲ ထားခဲ့ချင်တာ၊ ဒါဆို မိန်းကလေးထားပါလားလို့ပြောမယ်၊ ညီမလေးနဲ့တည့်မယ့်မိန်းကလေးက ဒီကမ္ဘာပေါ်မှာ မမွေးသေးဘူးလေ၊ အင်တာဗျူးနေ့က ညီမလေးဟောက်တာကို ညိုမောင်သည်းခံနေတာရော၊ ညီမလေးကိုလန့်တာရော၊ သူသိတာလေးကို ရိုးရိုးသားသား ဖြေသွားတာရောကိုကြည့်ပြီး သူ့ကိုရွေးတာ၊ အဲဒါ ညီမလေးအတွက်ပါ"

"ကောင်းပြီ...ဒါဆိုရင် ညီမလေးကပဲ သူ့ကို အရောင်ခြယ်ပေးရမယ်ဆိုပါတော့"

"ဟုတ်တယ်၊ ဒါပေမယ့် ကုမ္ပဏီရဲ့စည်းကမ်းအတိုင်းပဲနော်"

"ဒါတော့ စိတ်ချပါ ကိုကို၊ ညီမလေးက မှန်တယ်ထင်တာကိုပဲ လုပ်တတ်တာပါ၊ မတရားလုပ်တတ်တဲ့ လူမဟုတ်ပါဘူး၊ စည်းကမ်းအတိုင်းပါပဲ စိတ်ချပါ"

"အိုကေ...တို့မောင်နှမဆွေးနွေးတာ အောင်မြင်တယ်၊ ကဲ...တစ်ခုခု သွားစားကြရအောင်"

"ကိုကို...ဂျပန်ကို ဘယ်တော့လောက်သွားမှာလဲ"

"ရှေ့အပတ်ထဲပဲ ညီမလေး..."

နေ့လယ် ၁၁ နာရီခွဲတော့ ညိုမောင့်ခေါင်းတစ်ခုလုံး အုံ့ခဲ၍ နားထင်တွေ တဒိန်းဒိန်းနှင့်ဖြစ်၍နေသည်။ ကိုဇော်ကတော့ စီးကရက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးခဲလိုက်၊ ဒီကားဆီကနေ ဟိုကားဆီသွားလိုက်၊ လူလေးငါးယောက်နှင့် မတ်တတ်ရပ်ရင်း တဟားဟား အော်ရယ်ရင်း စကားပြောလိုက်၊ သူ့ကိုပါခေါ်တင်ပြီး ကားတစ်စင်းနှင့် လျှောက်စီးလိုက်၊ ပြန်လာတော့ လူလေးငါးယောက်ရပ်ရင်း စကားကို ခပ်တိုးတိုးခေါင်းချင်းဆိုင်၍ ပြောလိုက်ပြီးတော့ လက်ဖက်ရည်ဆိုင်ပြန်ထိုင်လိုက်၊ Hand phone ဆက်လိုက်၊ ကားတွေကို လျှောက်ကြည့်လိုက်နှင့် ဘာတွေဖြစ်ပြီး ဘာတွေလုပ်နေမှန်းကို ညိုမောင်မသိတော့ပါ။

ဒီလိုသာ နေ့စဉ် ကိုဇော်နောက်က လိုက်နေရမည်ဆိုလျှင် ညိုမောင်ခံနိုင်မည်မထင်ပါ။

"မင်း ငါနဲ့လိုက်ခဲ့ပေါ့ကွာ၊ အတွေ့အကြုံယူ၊ ငါဘယ်လိုလုပ်တယ်ဆိုတာကိုကြည့်ပေါ့ကွာ၊ ငါတို့အလုပ်က သင်ခန်းစာရယ်လို့ တိတိကျကျမရှိဘူး၊ လေ့လာအားရယ်၊ ပါးနပ်မှုရယ်၊ အကွက်မြင်ဖို့ရယ် ရလာတဲ့ကံတရားကို ချက်ချင်းအသုံးချတတ်ဖို့ရယ်၊ ဒါပဲလိုတာ၊ ဟိုရောက်တော့ မင်းသိသွားမှာပါ"

ဟု ဆိုခဲ့သော်လည်း ကားပွဲစားတန်းရောက်လို့ မိတ်ဆက်ပေးပြီးကတည်းက သူ့ကို ကိုဇော်က ဘာစကားမှ မပြောတော့။ ကိုဇော် မိတ်ဆက်ပေးသူတွေကလည်း စကားမပြောတော့။ မပြောတာလည်း ကောင်းပါသည်။ သူတို့ပြောနေကြသည့်စကားတွေကို သူနားမလည်ပါ။ အကြေးမလှန်နဲ့တို့၊ ထပ်ခွင်ပဲရိုက်ကွာ၊ ကျော်ခွင်မရိုက်နဲ့တို့၊ ဆယ့်ငါးပြားတော့မလုပ်နဲ့လေ၊ ပြားနှစ်ဆယ်တော့ အဖွင့်ထည့်ပေါ့ ယောက်ဖရယ်တို့၊ မန္တလေးခွင်ဆင်းလာရင် နှစ်ခွင်မဆင်နဲ့တော့၊ ခွင်ပျက်သွားပြီသာ ပြောလိုက်တော့တို့ ဆိုတော့ ညိုမောင်သည် တိုင်းပြည်တစ်ပြည်ကို ရောက်သွား





ပြီး သူနားမလည်သောစကားလုံးတွေကို နားထောင်နေရသူလိုဖြစ်နေသည်။

"ကဲ…တစ်ခုခုမှာလေ၊ ညိုမောင် ကြိုက်တာစား၊ ဟေ့ကောင်လေး၊ ကိုယ့်အတွက် ဘီယာတစ်လုံးပေး"

"ကိုတိုး…ကျွန်တော်ခေါင်းတွေကိုက်နေတယ်ဗျာ၊ ဘာမှမစားချင်ဘူး"

"အာ…တကယ်ကိုက်နေတာလား၊ ဒါဆို ဆေးနဲ့ကော်ဖီသောက်ရမှာပေါ့၊ ခေါင်းကိုက်ပျောက်တော့မှ ထမင်းစား"

ထိုစဉ် ကိုဇော်ကိုင်ထားသော ဖုန်းက အသံထမြည်သည်။ ကိုဇော်ဖုန်းပြောသည့်စကားတွေကို ထုံးစံအတိုင်း သူနားမလည်ပါ။ ကိုဇော့်ကို ထိုဖုန်းအား မနက်က မိန်းမဝဝကြီးတစ်ယောက်က လာပေးသွားခြင်းသာဖြစ်ပါသည်။

"မင်းက ငါဖုန်းကိုင်လို့ အံ့သြနေလား၊ အဲဒါက ဖုန်းငှားတာကွ၊ တစ်နေ့ကို နှစ်ထောင်ပေးရတယ်၊ တစ်လကို ခြောက်သောင်းပေါ့ကွာ၊ အိမ်ကိုယူလို့လည်းရတယ်၊ ငါကတော့ ခွင်ရှိတဲ့နေ့မျိုးကျမှ ငှားတာပါကွာ၊ ဟေ့ ညီလေး ခေါင်းကိုက်ပျောက်ဆေး ဟိုဘက်ဆိုင်မှာ သုံးပြားလောက်ဝယ်ပေးကွာ၊ ပြီးတော့ ကော်ဖီတစ်ခွက်ပေး"

ကိုဇော်က ဘီယာနှစ်ဘူးကုန်တော့ ဖုန်းတစ်ကောဆက်ပြီး ထထွက်သွားသည်။ သူ့ကိုခေါင်းကိုက်ပျောက်သွားလျှင် စားချင်တာ မှာစားဖို့နှင့် လူတစ်ယောက်ပိုက်ဆံလာပေးလျှင် ယူထားဖို့ပြောပြီး ထွက်သွားပြန်၏။

ခဏနေတော့ ခေါင်းကိုက်က အံ့သြဖို့ကောင်းစွာပင် သက်သာသွား၏။ နောက်ထပ် ၁၅ မိနစ်ခန့်ကြာတော့ လူတစ်ယောက် ခပ်သုတ်သုတ်လျှောက်လာပြီး အဖြူရောင်ကြွပ်ကြွပ်အိတ်အမာစားဖြင့် ထည့်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ဗိုက်ဆံထုပ်ကိုပေးသည်။

"တစ်ရှက်ချင်းတော့ စစ်မနေနဲ့တော့၊ အထုပ်လိုက်ပဲစစ်တော့၊ အဲဒါ ၂၅ တစ်ထောင်တန်ချည်းပဲ"

ညိုမောင့်တစ်သက်လုံး ဒီလောက်များသောငွေကိုမြင်လည်း မမြင်ဘူးခဲ့၊ ကိုင်လည်းမကိုင်ဘူးခဲ့ပါ။

"၂၅ ထုပ် ဟုတ်တယ်နော်"

"ဟုတ်...ဟုတ်ပါတယ် အစ်ကို"

"အိုကေ...ပန်းသီးလာပေးသွားတယ်လို့ပြောလိုက်၊ ဟုတ်ပြီလား"

ထိုလူက ဘာမှမပြောတော့ဘဲ ထွက်သွားသည်။

ဘုရား...ဘုရား ဒီလောက်များတဲ့ငွေတွေကို ဘာမပြော ညာမပြောနှင့် တစ်ခါမှမမြင်ဖူးသော လူတစ်ယောက်ကို စိတ်ချလက်ချပေးသွားတာ တော်တော်လေးကို အံ့သြဖို့ကောင်းနေပြီဖြစ်သည်။

ညိုမောင် ထိုင်ရမလို ထရမလိုဖြစ်နေသည်။ ကြွပ်ကြွပ်အိတ်ထဲမှ ငွေသိန်းအစိတ်သည် သူ့ကိုတုန်လှုပ်စေသည်။ သူထသွားရမှာလား၊ ဒီမှာပဲ ဆက်နေပြီး ကိုဇော်ကို စောင့်ရမှာလား၊ ညိုမောင့်နားထင်မှာ ချွေးစေးတွေပြန်လာသည်။ ဒီငွေတွေအားလုံးက ကိုဇော်ရမှာလား။

နာရီဝက်လောက်ကြာတော့မှ ညိုမောင် ကိုဇော်ကို လှမ်းတွေ့လိုက်သဖြင့် ရင်ထဲက အပူလုံးကြီးကျ၍သွားသည်။

"မင်းကလည်း ကြာလိုက်တာကွာ၊ ငါဒီမှာ ဘာလုပ်ရမှန်း မသိဘူး၊ တော်ကြာ..."

"သြော်...လာပေးသွားပြီလား၊ ၂၅ ခုနော်"

"အေး....OK....ငါ့ကိုပေး"

ကိုဇော်က ပိုက်ဆံတွေထည့်ထားသော အိတ်ကိုဖွင့်ပြီး လက်ညှိုး





နှင့် ရေတွက်နေသေး၏။

"OK...အစဉ်ပြေတယ်၊ ခေါင်းကိုက်တာရော"

"ပျောက်သွားပြီ၊ ကဲ...ဒါဆိုတစ်ခုခုမှာကွာ၊ ဟိုကောင့်တွေအတွက်လည်း တစ်ခုခုတော့ စားဖို့ဝယ်သွားဦးမှ..."

"ကိုဇော် ဒါတွေအများကြီးကို မင်းသိလား"

"ဟ...ဒါဘယ်ကသိရမှာလဲ၊ ဖုန်းဆက်ပြီးချိန်းထားကြတယ်လို့တော့ ဓာနည်ကပြောတာပဲ"

"OK...၊ O......K"

"ဟိုကောင်လေး လာဦး၊ တောက်တောက်ကြော်ရယ်၊ ကြက်သား သုပ်ရယ်၊ ဘဲဥမွှေကြော်လည်းကောင်းတာပဲ၊ ပြီးတော့..."

ခေါင်းကိုက်ပျောက်သွားတော့လည်း ညိုမောင် ဟင်းကောင်းများနှင့် ထမင်းစားမဝင်ပါ။ တိုးလွှင်နှင့် ကိုမိုးအတွက် ကိုဇော်က ကြက်သားလုံးချိုချဉ်နှင့် ကုန်းဘောင်ကြီးကြော်ကိုဝယ်သည်။

သူတို့ထမင်းစားနေစဉ်မှာပဲ လူ ၃ ယောက်ရောက်လာသည်။ ပြီးတော့ ညိုမောင်ပေးသောပိုက်ဆံထုတ်ကို တစ်ထုပ်စီရေတွက်သည်။ အားလုံးပြည့်တော့မှ ကိုဇော့်ကို တစ်သောင်းခွဲနှင့် ညိုမောင့်ကို ငါးထောင်ပေးသည်။ ကိုဇော့်ကိုလှမ်းကြည့်တော့ ခေါင်းကိုညိတ်ပြသဖြင့် ယူထားလိုက်ရ၏။

"မောင်ဇော် မင်းရဲ့သူငယ်ချင်းက အသစ်ဆိုပေမယ့် လာဘ်ရှိသားပဲကွ"

ကိုဇော်က ပြုံးရင်းခေါင်းကို ညိတ်ပြသည်။ ပြီးတော့...

"ဒီကောင်က ခဏာပါ၊ မေးတဲ့သဘောမျိုးပေါ့၊ ဒီကောင်နဲ့ ဒီအလုပ်က မကိုက်ပါဘူး၊ နောက်တစ်ခုမရခင် စားဖို့နေဖို့ကလေးရှိရင်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘောပါ၊ ဒီကောင်ကစကားနည်းတယ်၊ မဖြစ်ဘူး”

“ဟာ…မင်းအဲဒီလိုတော့ မပြောနဲ့ကွ၊ ကိုထွန်းဝင်းကျတော့ ဘယ်လိုလုပ်မလဲ၊ ဟာ…အင်း…ဟုတ်ကဲ့၊ ဒီလောက်ပဲပြောတာ၊ သူ့ငွေးဖြစ်နေပြီ၊ ငါတို့အလုပ်က ဉာဏ်ကိုအားကိုးရတယ်၊ ပြောနိုင်မှရတယ်ဆိုပေမယ့် ကံကလည်းရှိသေးတာကိုး”

“ဒါတော့ ဟုတ်ပါတယ်”

ကိုဇော်က ထောက်ခံလိုက်သည်။ ထို့နောက် သူတို့စကားဝိုင်းက မန္တလေးမှပို့မည့် ကားတွေအကြောင်းရောက်သွားသည်။ ဘာမှလည်း မလုပ်ရဘဲ ညိုမောင် နောက်လျှောက်လိုက်နေရုံ၊ လာပေးထားသော ပိုက်ဆံကို လက်ခံပေးထားရုံနှင့် တစ်မနက်ခင်းမှာပင် ငွေငါးထောင်ရသည့်ဆိုသည့်အလုပ်မျိုးက မြန်မာနိုင်ငံတစ်ခုလုံးမှာ ဒီအလုပ်ပဲ ရှိလိမ့်မည်ထင်သည်။

သို့သော် ညိုမောင် ဒီအလုပ်ကိုမလုပ်ချင်တော့ပါ။ ကိုယ်မသိသော ကမ္ဘာတစ်ခုကို ရောက်နေသလို ခံစားရပြီး၊ ဘယ်နေရာမှာ ဘာပြောပြီး၊ ဘာလုပ်ရမှန်းမသိတဲ့အလုပ်၊ ဟိုထ၊ ဒီရပ်၊ ဟိုနားထိုင်၊ ဒီကားပေါ်တက်ဆိုတာမျိုးကို ဒီတစ်မနက်ခင်းနှင့်ပင် ညိုမောင်စိတ်ကုန်၍သွားပြီ ဖြစ်သည်။

ပြန်ခါနီးတော့ ကိုဇော့်ကို နောက်ရောက်လာသည့်ထဲက လူတစ်ယောက်က ကားသော့တစ်တွဲပစ်၍ပေးသည်။ ကိုဇော်သည် သူ့ကို အဆောင်အရောက်ကားနှင့် လိုက်ပို့ပေးပါသည်။ အဆောင်ရောက်တော့ ဘယ်သူမှမရှိ။ ဒါနှင့် စားစရာတွေတိုင်မှာချိတ်၊ white board မှာ စာရေးပြီး ညိုမောင်ခုတင်ပေါ်ပစ်လှဲလိုက်တော့မှ ဘယ်လောက်ပင်ပန်းနေ လဲ





ဆိုတာကို သိရတော့သည်။

ခဏကြာတော့ အိပ်စက်ခြင်းသည် ညိုမောင့်ရင်ခုန်သံတွေကို နေလျော့သွားအောင် လုပ်ပစ်လိုက်သည်။

Ð Ð Ð

နောက်တစ်နေ့ကျတော့ ညိုမောင်သည် မနက်ခင်းစောစောထ ပြီး သော်သော့်ဆိုင်ကို ဝိုင်းပြီးခဏတော့ကူခဲ့သည်။ ဒီလိုမနက်ခင်း ထမင်းကြော်စားရင်း ညိုမောင်ကူညီနေတာ လေးရက်လောက်ရှိပြီဖြစ်၏။ ဒီနေ့တော့ ညိုမောင် စိတ်တွေလေးပြီး နေမကောင်းချင်သလိုမျိုးဖြစ်နေသဖြင့် ခဏသာကူညီပြီး အဆောင်သို့ပြန်ခဲ့သည်။

ကားပွဲစားတန်းသို့သွားရန်ပြင်ဆင်နေသော ကိုဇော့်ကိုကြည့်ရင်း ညိုမောင်သည် ‘သူ’ မလိုက်တော့ကြောင်းကို အားနာနာနှင့် ပြောရသည်။ ကိုဇော်က ပြုံးရင်းခေါင်းသွက်သွက်ညိတ်သည်။

“တစ်နေ့ မင်းဆီက ဒီစကားသံကိုကြားရမယ်ဆိုတာ ငါသိပါတယ်၊ မင်းဆုံးဖြတ်တာမှန်ပါတယ်၊ ငါကလည်း ဒီအချိန်မှာ မင်းကို ဘယ်ဟာက ဘာဆိုတာ သင်ပေးဖို့ထက် တစ်နေ့တစ်နေ့ စားပြီးသောက်ပြီး ငါးထောင်၊ တစ်သောင်းလောက်ကျန်ဖို့ကိုပဲ အာရုံစိုက်နေရတာကိုး၊ အခု ‘ခွင်’ တွေကလည်း ပျက်နေတယ်ကွ”

“ဟုတ်တယ်၊ မင်းက အေးအေးဆေးဆေးထိုင်လုပ်ရတဲ့ အလုပ်မျိုးနဲ့မှ ကိုက်မှာ၊ မင်းပန်းထိမ်သင်ပါလား ညိုမောင်”

“ကိုမိုးက သင်ပေးမှာလား”

“ဟ…သင်ပေးမှာပေါ့ကွ၊ ငါ ဒီနေ့အပ်ထည်တစ်ထည်လောက်ကို အိမ်မှာလုပ်မယ်ဆိုပြီး ယူလာခဲ့မယ်၊ နက်ဖြန် မင်းပန်းထိမ်ဆရာအသစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီပေါ့ကွာ"

ကိုမိုးနှင့် ကိုဇော်တို့ ထွက်သွားကြတော့ ၁၀ နာရီ ၁၇ မိနစ်ရှိနေပြီဖြစ်သည်။ မမနွယ်က ၈ နာရီမှာ ၄ မိနစ်မှာ အိမ်ကထွက်သည်။ မမနွယ်၏ညီမ တင်တင်နွယ်က ၉ နာရီ ၁၀ မိနစ်မှာ ပုံမှန်ထွက်သည်။ အိမ်ဖော်ကလေး မိသန်းက အိမ်နံဘေးလှေကားကို တံမြက်စည်းလှဲခြင်း၊ ခြေသုတ်ခုံဖုန်ခါခြင်းတို့ကို ၉ နာရီ ၄၂ မိနစ်တွင် ပုံမှန်လုပ်သည်။ အခုတော့ အဆောင်တစ်ခုလုံးလည်း တိတ်၊ အိမ်တစ်အိမ်လုံးလည်း တိတ်ဆိတ်ပြီး အားလုံးအသီးသီး ကိုယ့်အလုပ်ရှိရာ ကိုယ်သွားကြပြီဖြစ် သည်။

ညနှင့် နားထားသော အားအင်ကို အသုံးချပြီး လောကကြီးကို ဒါမှမဟုတ် ကိုယ့်ဘဝကို ကိုယ်အသုံးကျအောင် အသုံးချနေကြပြီဖြစ်သည်။ သူတစ်ယောက်သာ ညကနားထားသော အားကို ဘယ်နေရာမှာ အသုံးချရမှန်းမသိဖြစ်နေသည်။

သူသည် လူ့လောကကြီးအတွက် ဘယ်နေရာမှာမှ အသုံးမဝင်တော့ဘူးလား။ ဟောဒီလောက်ပြောကျယ်လှပြီး အလုပ်တွေရှုပ်ပွေနေတဲ့ လောကကြီးထဲမှာ သူ့အတွက် လုပ်စရာဘာတစ်ခုမှ မရှိတော့ဘူးလား၊ ထိုသို့ အားငယ်စိတ်နှင့် စိတ်ဓာတ်ကျပြီး ခုတင်ပေါ်တွင် လှဲနေရင်းက စိတ်ထဲမှ ဆရာတော်ဘုရားအား သတိရပြီးသည်နှင့် တစ်ပြိုင်နက် ဆရာတော်၏ မိန့်ဆိုသံကိုပါ ပြန်လည်၍ကြားမိသည်။

"ဟဲ့…ညိုမောင်ရဲ့၊ ဘာမှလုပ်စရာမရှိဘူးဆိုတာ ကိုယ့်ကိုယ်ပေးတဲ့ ဆင်ခြေကွယ့်၊ မင်းမျက်စိရှေ့ကို ကြည့်စမ်း၊ တွေ့တဲ့အရာဟာ မင်းလုပ်ရမယ့်အရာပဲ၊ မင်းစိတ်ထဲမှာ စဉ်းစားစမ်း၊ ပေါ်လာတဲ့အရာဟာ မင်းလုပ်ရမယ့်အရာပဲ၊ နောင်ဘယ်တော့မှ ငါ့ကို ဘာမှလုပ်စရာမရှိဘူးလို့ လာမပြောနဲ့"





ညိုမောင်သည် ဆရာတော်ဘုရားက မိန့်ခဲ့ဖူးသောစကားကို ကြားလိုက်ရသဖြင့် လှဲနေရာမှ ငုတ်တုတ်ထထိုင်ပြီး မျက်စိရှေ့တွင်ရှိနေသော ပြတင်းပေါက်ကို လှမ်းကြည့်လိုက်သည်။

ပြီးတော့…ညိုမောင် ပြုံးလိုက်လေသည်။

ညိုမောင်သည် သူ့မျက်စိရှေ့မှာပင် သူ့အလုပ်ကို ရှာဖွေတွေ့ရှိသွားသောကြောင့်ဖြစ်လေသည်။

အဆောင်သို့အစောဆုံးပြန်ရောက်သူက ကိုဇော်ဖြစ်ပြီး၊ ရောက်ကတည်းက ရေပင်မချိုးနိုင်၊ ခုတင်ပေါ်မှာ မှောက်ရက်ကြီးငြိမ်၍နေသည်။ ကိုဇော့်ပုံစံက သားကောင်တစ်ကောင်မှ မရခဲ့သည့်မုဆိုးကြီးတစ်ယောက်နှင့် တူသည်ဟု ညိုမောင်ထင်သည်။

စိတ်ညစ်နေသူတစ်ယောက်ကို အနှောင့်အယှက်မပေးချင်တာနဲ့ ညိုမောင်လည်း တိတ်တိတ်ကလေးပင်နေလိုက်သည်။ မှောင်စပျိုးတော့ ကိုမိုးပြန်ရောက်လာသည်။ ရောက်သည်နှင့် ကိုမိုးက ရေပုဆိုးခွက်ဝဝ သောက်ပြီး ရေတန်းချိုးသည်။

"ငါက တစ်နေကုန် ပန်းတိမ်ခုံပေါ်မှာ ငုတ်တုတ်ထိုင်ရင်းက ကုတ်ကုတ်နဲ့ နေရတာကွ၊ အဆောင်ပြန်ရောက်လို့ ရေချိုးလိုက်ရင် သိပ်အရသာရှိတာ၊ ရေချိုးတာမှာ အရသာတစ်မျိုးရှိတယ်ကွ၊ အဲဒါကို ငါတို့ အညောင်းသမားတွေပဲ သိလားတာ"ဟု ပြောတတ်လေ့ရှိသည်။ တိုးလွင်ရောက်လာတော့ ၇ နာရီထိုးတော့မည်။ တိုးလွင်က အိုဗာတိုင်ဆင်းခဲ့ရလို့ဟုဆိုသည်။ တိုးလွင်ရေချိုးပြီးတော့ သူတို့ထမင်းဆိုင်ကို ထွက်ခဲ့ကြသည်။ ကိုဇော်ကတော့မလိုက်၊ ကိုဇော်က "ငါအရက်သောက်ရင်းနဲ့ စားခဲ့ပြီးပြီ"ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း သူတို့ဟင်းနှစ်ပွဲနှင့် လူသုံးယောက်စားကြသည်

သူတို့ပုံမှန်ထိုင်နေကျဟင်းအိုးနားက ခုံမှာက လူရှိ

သည်။ ညိုမြောင်တို့ ငါးတန်တစ်ပွဲနှင့် ဝက်သားတစ်ပွဲကိုမှာသည်။ ပြ

တော့ ချဉ်ပေါင်နှင့် မျှစ်ကြော်၊ ငါးပိရည်၊ တို့စရာ၊ မုန်လာဥချဉ်ရေ ဟင်းတို့

အလကားရရှိသဖြင့် ထမင်းပွဲမြိုင်သည်ဟု ဆိုနိုင်သည်။

"ဩော်...ဟော့ကောင်၊ တနင်္လာနေ့ မင်းတို့အောင်စာရင်းထွက်မ

တဲ့"

ညိုမြောင်ရင်မခုန်တော့ပါ။ ဝက်သားကတစ်ပန်းကန်မှာ သုံးတုံ

သာပါသဖြင့် နောက်ထပ်တစ်တုံး ထပ်မယူမိအောင် သတိထားရင်

ငါးတန်ဗိုက်သားတစ်ဝက်ကိုသာ အနှစ်များများနှင့်ခပ်ပြီး ပဲစောင်းခါသ

မြှုပ်၊ ငါးပိရည်ကိုဆမ်း၊ ငါးတန်သားနည်းနည်း ဖဲ့ထည့်၊ ခရမ်းကြွပ်သီး

တစ်စိတ်ကို အပေါ်ကတင်ရင်း အားရပါးရစားပစ် လိုက်သည်။ ပြီးတော့

ရေနွေးကြမ်းပူပူကိုမှုတ်၍သောက်သည်။

"မျှော်လင့်စရာဘာမှမရှိပါဘူးကွာ"

"အေးကွာ...ငါလည်း စိတ်မကောင်းပါဘူး၊ မင်းက တစ်ရုံးလုံး

မှာ အရေးအကြီးဆုံးလူနဲ့မှ..."

"တော်ပါတော့...တိုးလွင်ရာ"

ညိုမြောင်တားသံကြောင့် စကားဝိုင်းသည် တိတ်၍သွားသည်။

ထမင်းစားပြီးတော့ မော်မော်က ထန်းလျက်ခဲ သုံးလေးလုံးနှင့်

ရေနွေးအိုးအသစ်ကိုလာလဲပေးသွားသည်။ ဒီအချိန်မှာ တစ်ယောက်နှ

တစ်ယောက် စကားမပြောနိုင်ကြ။ လူကျချိန်ဖြစ်သည်။

ညိုမြောင်တို့ ထန်းလျက်ခဲကလေးကိုက်၊ ရေနွေးကြမ်းကလေးမှုတ်





သောက်နှင့် အချိုတည်းနေချိန်တွင်...

"မောင်ရင်...စားပြီးသွားပြီလား"

ညိုမြောင့်ပခုံးကို ပုတ်၍ဝင်ထိုင်သူက ဦးလေးသန်းဖြစ်သည်။

ဦးလေးသန်းက ညိုမြောင်တို့အဆောင်လမ်းနှင့် နှစ်လမ်းကျော်လောက်မှာ

နေသည့် အဝီစိတွင်းတူးသမားကြီးဖြစ်သည်။

"ဟာ...ဦးလေးသန်း ကျွန်တော်တို့ အခုပဲပြီးတာ၊ ဦးလေးရော"

"ပြီးပြီပေါ့ကွာ၊ မင်းအလုပ်ရပြီလား"

"အာ...မရသေးဘူး ဦးလေးသန်း"

"အေး ဒါဆိုရင် နက်ဖြန် ငါတို့တွင်းသစ်တစ်ခုစကြမှာ၊ တို့အထဲ

က တစ်ယောက် နေမကောင်းဖြစ်လို့ ဒီတွင်းသစ်မှာ မဝင်နိုင်ဘူး၊အဲဒါ

မင်းလုပ်နိုင်မလားလို့"

ညိုမြောင်က လွန်ခဲ့သည့် သုံးလေးရက်က ဦးလေးသန်းနှင့်

ထမင်းဆိုင်မှာ စကားလက်ဆုံကျရင်း အလုပ်အကြောင်းပြောမိရာမှ အလုပ်

ရချင်ကြောင်း ပြောထားမိသဖြင့် ဦးလေးသန်းက ယခုပြောခြင်းဖြစ်သည်။

"ကျွန်တော်က ဘာလုပ်ရမှာလဲ ဦးလေးသန်းရဲ့၊ အဝီစိတွင်းတူး

တာကို ကျွန်တော်က ဘာတစ်ခုမှ မသိဘူးနော်"

"ဟာ...စစချင်းကတော့ လူကြမ်းပေါ့ကွ၊ ငါတို့ခိုင်းတာ လိုအပ်

တာလေးတွေလုပ်ပေါ့၊ နောက်ကျင်းတွေ နောက်ကျင်းတွေကျတော့ မျက်

မြင်နဲ့ ကိုယ့်အတွေ့အကြုံနဲ့ တတ်လာတာပေါ့ကွ၊ မင်းတို့က ပညာတတ်

တွေပဲကွာ၊ သင်ရလွယ်တစ်လပေါ့"

"ကျွန်တော်အစားဝင်တဲ့လူက နေကောင်းလာတော့ရော ဦးလေး

သန်းရဲ့၊ ကျွန်တော်က သူ့နေရာကိုလုသလိုကြီးဖြစ်မနေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ညိုမောင့်စကားကြောင့် ဦးလေးသန်းကရယ်လေသည်။

"အေး...အေး၊ ဒီကောင်နေကောင်းသွားရင် ငါတို့အဖွဲ့ဆီ အလည်ကလေးပဲ လာပါစေဦးကွာ၊ ငါတို့လုပ်ငန်းက လူပုံသေမရှိဘူးကွ၊ တွင်းဆက်တိုက်ရနေရင်တော့ တစ်မျိုးပေါ့ကွာ၊ ဒီတွင်းပြီးလို့ နောက်တစ်တွင်းမရှိဘူးဆိုရင် အလုပ်က ရပ်သွားရော၊ ငါတို့က တစ်နေ့လုပ်၊ တစ်နေ့စားသမားတွေဆိုတော့ ဗိုက်ကမရပ်ဘူးလေ၊ ဒီတော့ တွင်းရတဲ့ သူ့ဆီလိုက်ရတာပဲ၊ ငါ့တွင်းမှာ ငါက ဆရာဆိုပေမယ့် လူများတွင်းမှာ ငါက နောက်လိုက်ဖြစ်ချင်လည်းဖြစ်သွားတာမျိုးကွ၊ ဒါပေမယ့် ငါ့ကို တွင်းဆရာမှန်းသိကြတော့ သက်သက်သာသာနဲ့ ဆုံးဖြတ်ရတာတွေပဲ လုပ်ရတာပေါ့ကွာ၊ ကိုယ့်တွင်းလောက်ပိုက်ဆံမရပေမယ့် လူကြမ်းထက်တော့ ပိုတာပေါ့"

"ဘယ်နေ့...စမှာလဲ ဦးလေးသန်း"

"စဆို နက်ဖြန်ပဲကွ၊ မင်းလိုက်ဖြစ်ရင် ဒီဆိုင်ကပဲ စောင့်နေ၊ ငါတို့ ဒီဝင်ခေါ်မယ်လေ"

"ထမင်းကျွေးလား ဦးလေးသန်း"

"ထုံးစံအတိုင်းကတော့ ထမင်းဖိုးမပါဘူးကွ၊ ဒါပေမယ့် အခုတူးရမယ့် တွင်းက ဘုန်းကြီးကျောင်းမှာဆိုတော့ ကျွေးလိမ့်မယ်ထင်တာပဲ"

"ဟာ...ဘုန်းကျောင်းမှာလား၊ ဒါဆို ကျွန်တော်လိုက်မယ် ဦးလေးသန်း၊ နက်ဖြန် ၉ နာရီ ကျွန်တော် ဒီမှာပဲစောင့်နေမယ်"

ထမင်းဆိုင်က အပြန်လမ်းမှာ သူတို့သူငယ်ချင်းတွေ အတွေးကိုယ်စီနှင့် တိတ်တဆိတ်ပင် လမ်းလျှောက်လာကြသည်။ အခေါင်ကိုရောက်တော့ တိုးလွင်က...





"မင်း တခြားအလုပ်တစ်ခုခုကိုရှာသင့်တယ် ညိုမောင်၊ ဒီကောင်က ပင်ပန်းလိမ့်မယ်"

"ငါ ပင်ပန်းတဲ့ဒဏ်ကို ခံနိုင်ပါတယ် တိုးလွင်ရာ၊ ငါ့ရွာမှာ နွားနဲ့ဖက်ပြီး လယ်ထွန်ခဲ့တဲ့ကောင်ပါ၊ မင်းတို့တစ်တွေ မနက်ကျရင် အသီးသီးအလုပ်ထွက်သွားကြပြီး ငါတစ်ယောက်တည်း ဘာမှအလုပ်မရှိဘဲ ကျန်ခဲ့တာကိုသာ ငါမခံနိုင်တာ"

"ဒါနဲ့ပဲ ခြံထဲက မြက်တွေ၊ အုတ်တံတိုင်းကို တွယ်နေတဲ့ နွယ်တွေ၊ ရေညှိတွေနဲ့ အုန်းလက်ခြောက်တွေကို ရှင်းလိုက်တယ်ပေါ့ ဟုတ်လား ညိုမောင်"

စကားပြောရင်း ဝင်လာသော မမနွယ်ကို အားလုံးက တအံ့တဩငေးလိုက်ကြသည်။

"ဟုတ်တယ် မမနွယ်၊ အလကားနေရင် အလကားကောင်ဖြစ်မှာပဲလို့ ဆရာတော်က အမြဲပြောလို့ပါ၊ ကျောင်းမှာဆိုရင်လည်း အလကားမနေရဘူး၊ လုပ်စရာတစ်ခုခုကို အမြဲတမ်းလုပ်နေရတယ်၊ ဆရာတော်က နေ့ခင်းဘက်အိပ်တာကို မကြိုက်ဘူး၊ အဲဒါကြောင့်ပါ၊ ပြီးတော့ ခြံထဲမှာလည်း...."

"ဟိုး...ဟိုး...မမနွယ်ကို မိသန်းက အကုန်ပြောပြပါတယ်၊ ပထမ သူတောင်မှဆင်းပြီး ဝိုင်းကူးဦးမလို့တဲ့၊ ဒါပေမယ့် မင်းကိုကြောက်တာနဲ့ သူမဆင်းတာတဲ့"

မမနွယ် ပခုံးလေးနှစ်ဖက်ကို ကျုံ့ပြီး လက်သီးဆုပ်ကလေးကို ရင်အရှေ့ကပ်ပြီး ပြောတာဖြစ်သဖြင့် အားလုံးဝိုင်းရယ်လိုက်ကြသည်။

"ကဲ...ဒီတော့ မမနွယ်က မောင်ညိုမောင့်ကို ကျေးဇူးတင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ နက်ဖြန်မနက်ကို ခေါက်ဆွဲကြော်ပြီးကျွေးမယ်၊ မင်းတို့လည်း ပါတယ်နော်"

"နက်ဖြန်မနက်ဆို ကျွန်တော်မအားဘူး မမနွယ်၊ အလုပ်ဆင်းရမယ်"

"ဩော်...မင်းက ဘာအလုပ်ရသွားတာလဲ"

"ပုဂ္ဂလိကအလုပ်ပါပဲ မမနွယ်၊ သူငယ်ချင်းတစ်ယောက်ကပေးတာ"

"ညနေတော့ အားတယ်မဟုတ်လား"

"ညနေတော့ အားတယ် မမနွယ်"

"OK ဒါဆို ညနေဖက်ပေါ့ကွာ၊ ဟုတ်လား"

မမနွယ်က အားလုံးကိုပြုံးပြပြီး ထွက်သွားသည်။

"အင်း...အင်မတန် ဇစိဇစပ်များတဲ့ မမကြီးနဲ့ အလုပ်မရှိရင် မနေတတ်တဲ့ မောင်လေးတို့ရဲ့ပွဲကိုတော့ တို့က အထူးတန်းကနေ ခေါက်ဆွဲကြော်စားရင်း ကြည့်ရဦးမှာပေါ့ကွာ"

"ငါတို့ ဒီအဆောင်မှာနေတာ သုံးနှစ်ကျော်ပြီ၊ မမနွယ်က ငါတို့ကို တစ်ခါမှ မုန့်တို့ စားစရာတို့ မကျွေးခဲ့ဖူးဘူး"

"အင်း...မင်းကရော ဘယ်နှစ်ခါ ခြံတွေရှင်း၊ ရေကန်တွေ တိုက်လုပ်ခဲ့ဖူးလို့လဲ"

တိုးလွင်စကားကြောင့် ကိုမိုးစပ်ဖြဲဖြဲလုပ်ပြီး ဘာမှဆက်မပြောတော့ဘဲ တိတ်သွားသည်။

"အင်း...ညိုမောင်...မင်းက မမကြီးအတွက် မောင်လေး၊ ကျစ်ဆံမြီးအတွက်အဖော် ဟိုဘယ်သူ တိုးလွင် ကုမ္ပဏီက..."





"လမင်းစိုး....လေ"

"အေး...အေး...လမင်းစိုးအတွက် ရန်ဘက် ဟုတ်ဟုတ်သေးတော့ကွာ၊ ဟား...ဟား...ဟား...ဟား"

နောက်တစ်နေ့မနက်မှာ ညိုမောင် သော်သော်တို့ဆိုင်မှာ နာရီတကြည့်ကြည့်ဖြင့် ဦးလေးသန်းတို့ကို စောင့်ရသည်။ ဆိုင်မှာ သော်သော်တော့ မရှိ။ သော်သော်က (I.C) ခေါ် Industrial Chemistry(ကုန် ထုတ်ဓာတုဗေဒ) ဘာသာရပ်ကို တက္ကသိုလ်မှာ နေ့(Day) တက်ရောက်သင်ယူနေသဖြင့် နေ့လယ်လောက်မှပြန်ရောက်တတ်သည်။ အခုစာမေးပွဲနားနီးသဖြင့် သော်သော်ကျောင်းကို ပို၍အာရုံစိုက်နေရသည်။ ဒီတော့ အဝေးသင်ယူထားသော မော်မော်ပို၍ပင်ပန်းနေသည်။

"ကိုညိုမောင် နာရီတကြည့်ကြည့်နဲ့ ဘာဖြစ်နေတာလဲ၊ ဘယ်သူနဲ့ ချိန်းထားလို့လဲ"

"ဦးလေးသန်းတို့အဖွဲ့နဲ့"

"ဦးလေးသန်း၊ အဝိစိတွင်းတူးတဲ့ ဦးလေးသန်းလား"

"ဟုတ်တယ်၊ ကျွန်တော် သူတို့နဲ့အတူ လိုက်လုပ်မလို့"

"ဟာ...ကိုညိုမောင်ကလည်း ကုမ္ပဏီမှာလုပ်မှာဆို"

"မရလို့ပေါ့ မော်မော်ရယ်၊ ဘဝဆိုတာကျရာပေါ့"

မော်မော်က ညိုမောင့်ကို တအံ့တဩငေး၍နေသည်။

ဦးလေးသန်းတို့လာတော့ ၉ နာရီ ၂၀ မိနစ်။ အလုပ်မှာ ညိုမောင်ကောင်းကောင်းလုပ်နိုင်ခဲ့သည်။ နဂိုကတည်းက သွက်လက်ခြင်း၊ အပင်ပန်းခံနိုင်ခြင်း၊ ပညာတတ်တစ်ယောက်ဖြစ်သဖြင့် သဘောတရားကို သိသွားသည်နှင့် တွက်ချက်ပြီး ဖြစ်နိုင်ချေ ရှိသည်ကိုလုပ်တတ်ခြင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဦးလေးသန်းတို့အဖွဲ့က ညိုမောင့်ကို သဘောကျကြလေသည်။

အဆောင်ရောက်တော့ ရေချိုးပြီးတာနှင့် မမနွယ်၏ ပါတီသို့ ရောက်သွားသည်။ အဲဒီတော့မှ ခေါက်ဆွဲကြော်မဟုတ်တော့ဘဲ ထမင်းကျွေးတာဆိုတာကိုသိရသည်။

"ပထမတော့ ခေါက်ဆွဲစီစဉ်မလို့ပဲ၊ ဒါပေမယ့် ညနေစာဆိုတော့ မင်းတို့တင်းတိမ်မှာမဟုတ်ဘူး၊ ဆိုင်တွေပိတ်ချိန်ကျမှ ထမင်းဆာနေရင် မင်းတို့ကို ဒုက္ခပေးသလိုဖြစ်နေမှာစိုးတာနဲ့" ဟု မမနွယ်က ဆိုသည်။

ထမင်းဝိုင်းမှာ ဟင်းတွေကလည်း စုံသည်။ ငါးခေါင်း၊ ကြက်သား၊ ငါးဘတ်မွှေနှင့် ဆိတ်ကလီစာတို့ဖြစ်၏။ ဟင်းချိုက ချဉ်ပေါင်အဖြူကို ကြက်သွန်ဖြူကလေးတွေ ခတ်ပြီး ပုစွန်ခြောက်နှင့်ချက်ထားသည်။ ပြီးတော့ ငါးဖယ်သုတ်။

သူတို့လေးယောက်စားလိုက်ကြတာ ဝေသာလီပြည်ကို ဘီလူးကျတာကမှ နည်းနည်းကြာဦးမည်။ မမနွယ်မှာ "သြော်...အိမ်ဟင်း အိမ်ထမင်းနဲ့ ဝေးနေကြတဲ့သူတို့တစ်တွေ စားလိုက်ကြတာ၊ အားရစရာကြီး" ဟု တွေးရင်း စိတ်ထဲမှာ ကြည်နူးရသည်။

ထမင်းစားပြီးတော့ အချိုပွဲက ဆနွင်းမကင်း၊ ကျောက်ကျော၊ ပန်းသီးနှင့် သစ်တော်သီးရေခဲစိမ်။ လက်ဖက်။

အဲဒီတော့မှပင် မမနွယ်နှင့် ညီမဖြစ်သူ ထားထားသွယ်တို့က တစ်စု၊ မောင်ညိုတို့က တစ်ဖက် ဝရန်တာမှာထွက်ပြီး စကားပြောဖြစ်ကြသည်။ အများဆုံးကတော့ မောင်ညို့အကြောင်းတွေက များပါသည်။





"ကျွန်တော့်ရွာက မုံရွာရဲ့ ဆားလင်းကြီးကနေ ဟိုဘက်ကို ဆက်သွားရသေးတယ် မမနွယ်ရဲ့ ဝေးတယ်၊ သာယာအေးချမ်းတဲ့ရွာ"

"မောင်ညိုမြိသားစုက ဘယ်နှယောက်လဲ"

"ငါးယောက် မမနွယ်၊ ကျွန်တော်က အကြီးဆုံး၊ ကျွန်တော့်အောက်က ညီလေး၊ ပြီးတော့ အငယ်ညီမလေးနှစ်ယောက်၊ အငယ်ဆုံးက ညီလေးပါ၊ ဖေဖေဆုံးပြီးနောက်နှစ်ပဲ ဆရာတော်က ကျွန်တော့်ကို ကျောင်းခေါ်ပြီး တာဝန်ယူလိုက်တာ ကျွန်တော် ဆယ့်နှစ်နှစ်သားလောက်မှာပါ"

"သြော်..."

"ဘွဲ့ရပြီးတော့ ဆရာတော် အဆက်အသွယ်နဲ့ပဲ၊ အခု ရန်ကုန်မှာ အလုပ်လျှောက်ဖို့လာတာပါ"

"မင်း ဒီဘွဲ့ကို မန္တလေးမှာကျောင်းတက်ပြီးယူခဲ့တာလား"

"ဟုတ်ပါတယ်၊ ဆရာတော်ရဲ့ ဒါယကာတစ်ယောက်အိမ်မှာ ဝိုင်းလုပ်ဝိုင်းစားနဲ့ နေရင်း ဒီဘွဲ့ကိုယူခဲ့တာပါ၊ ကျောင်းစရိတ်ကိုတော့ ဆရာတော်ကပဲ ထောက်ပံ့ပါတယ်၊ အခုတော့ အလုပ်ရရင် ကျွန်တော့်အလှည့်ပေါ့ မမနွယ်ရယ်"

"အေးပေါ့ကွာ၊ လူငယ်တစ်ယောက်ရဲ့ အနာဂတ်မှာ တောက်ပတဲ့ အိပ်မက်တစ်ခုကတော့ အမြဲတမ်းရှိကြစမြဲပါပဲ၊ အဲဒီလို ကံ၊ ဉာဏ်၊ ဝီရိယနဲ့ သွားကြရတဲ့အခါမှာ ဉာဏ်နဲ့ ဝီရိယကိုသာ ငါတို့ပိုင်တယ်၊ ကံကိုတော့ မပိုင်ဘူး၊ အခု မင်းတို့ မမနွယ်ရဲ့အဆောင်မှာနေတယ်ဆိုတာ ခက်တာ



www.burmeseclassic.com

www.burmeseclassic.com



ခိုလှုံတာပါ၊ နောင်ဆယ့်လေးငါးနှစ်ကြာလို့ ပြန်တွေ့ကြ တဲ့အခါကျပေ ဘ့ မင်းတို့အားလုံးဟာ မမနွယ်က လေးစားရလောက်တဲ့ သူတွေဖြစ်နေပါစေလို့ မမဆုတောင်းပါတယ်ကွာ"

ထိုနေ့ ထမင်းကျွေးပွဲကလေးသည် နွေးထွေးသော အနာဂတ် ဆွေးနွေးပွဲကလေးတစ်ခုလည်းဖြစ်ပြီး မမနွယ်နှင့် သူတို့ပိုမိုရင်းနီးစေသည့် ပွဲကလေးလည်းဖြစ်ပါသည်။

Ð Ð Ð





## အခန်း (၇)

မောင်ညိုတို့အဖွဲ့ အားနှင့်ခွန်နှင့် အလုပ်ကို ညာသံပေးပြီး အားတက်သရော လုပ်နေချိန်တွင် မောင်ညိုတို့တူးနေသော တွင်းနားသို့ ဆေးပေါလိပ်ကလေးသောက်ရင်းလာကြည့်သော လူတစ်ယောက်ကို ညိုမောင် သတိထားမိသည်။ အဝီစိတွင်းတူးတာကို ဒီလိုပဲ မမြင်ဖူးသူတွေ လာကြနေကျမို့ သိပ်ထူးဆန်းသူတစ်ယောက်မဟုတ်ဟု ညိုမောင် သဘော ထားလိုက်သည်။ သို့သော် သေသေချာချာကြည့်တော့မှ ထိုလူ၏ မျက်လုံးများသည် အဝီစိတွင်းတူးနေတာကိုကြည့်ခြင်းမဟုတ်ဘဲ ဦးလေးသန်း၏ မျက်နှာကိုသာကြည့်နေခြင်းဖြစ်ကြောင်း ညိုမောင်ကောင်းစွာ သဘော ပေါက်၍သွားသည်။

ဦးလေးသန်းကတော့ အေးအေးဆေးဆေးပင်။ အမိန့်ပေးစရာရှိ တာကိုပေး၊ ခိုင်းစရာရှိတာကို ခိုင်း၍နေသည်။ ညိုမောင်တို့ဆက်ပြီးသွား ပိုက် မြေကြီးထဲသို့ဝင်သွားအောင် ပိုက်ကိုကြပ်နေအောင် ချည်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



သံကြိုးနှင့် ဆက်ထားသော ကန့်လန့်ဖြတ်သံကြိုးကို လက်နှစ်ဖက်ဖြင့် လူနှစ်ယောက်စက်ဝိုင်းပတ်တွန်းရင်း လမ်းလျှောက်ကြရသည်။ နွားများ ဆီဆုံကြိတ်သကဲ့သို့ဖြစ်သည်။

ဦးလေးသန်းမျက်နှာကို ကြည့်နေသောသူသည် အိမ်ဆောက် ပစ္စည်းတွေရောင်းသည့် ဆိုင်တစ်ဆိုင်၏ အမည်ပါသော ကြော်ငြာအင်္ကျီ ကိုဝတ်၍ထားသည်။ ထိုအင်္ကျီမှာ ပေရေပြီး ညစ်ပတ်၍နေပြီဖြစ်သည်။ ထိုလူ၏နားထင်နှင့် ပါးများမှာ ချိုင့်ဝင်လျက်ရှိပြီး ခန္ဓာကိုယ်မှာ ချုံးကျ၍နေသည်။ ထိုသူရှိရာသို့ သံချောင်းကိုတွန်းရင်း ရောက်သွားတိုင်း မောင်ညိုမကြည့်ပဲ မနေနိုင်ပါ။ ထိုလူ့မျက်နှာကလည်း မျက်ဝန်းများက မျှော့တော့အားနည်းနေသည့်တိုင် ဦးလေးသန်းကိုတော့ စူးစိုက်၍သာ ကြည့်နေပါသည်။

ညိုမောင်တစ်လှည့်နားတော့ ညိုမောင့်အစားနောက်တစ်ယောက် ဝင်သည်။ ညိုမောင် အုန်းပင်ခြေရင်းမှာ ခဏထိုင်ရင်း ဦးလေးသန်းကို လာငေးနေသော လူသည် နေမကောင်းသဖြင့် ဒီအလုပ်မှ ခဏနားနေသူ ဖြစ်ပြီး သူဝင်လုပ်နေရတာ၊ ထိုလူ့နေရာမှာဆိုတာ ကောင်းကောင်းသိ သွားသည်။

မြေကြီးထဲသို့ ထိုးထည့်နေသောပိုက်ကို လှည့်ပေးရသည့်သံကြိုး နှင့် ချည်သည့်အခါတွင် ထိုလူသည် ခြေလှမ်းတရွရွ လက်ကိုဆုပ်ချည် ဖြန့်ချည်နှင့် အားမလိုအားမရဖြစ်ပြီး အော်လေတော့သည်။

"ဟိတ်ကောင် ကုလားလေး၊ ဘာဖြစ်လို့ မင်းဘိုးအေမန်းကီးနဲ့ ကြပ်နေရတာလဲ၊ စွန်ရှစ်နဲ့ကြပ်ပါလား၊ မူလီအနောင့်ကို နည်းနည်းရိုက် ထည့်လိုက်"





ထိုသူ့အသံကြောင့် လုပ်နေကြသူတွေအားလုံးက ဦးလေးသန်းကို လှမ်းကြည့်လိုက်ကြသည်။ ဦးလေးသန်းက ဘာမှမပြောဘဲ မျက်နှာလွှဲ လိုက်၏။ ထို့ကြောင့် လုပ်နေသူများက ထိုသူပြောသည့်အတိုင်း လိုက် လုပ်ကြရသည်။

ညိုမောင် ဦးလေးသန်းနားသို့သွားပြီး သူထင်တာ ဟုတ်လားဟု မေးလိုက်သည်။

"ဟုတ်တယ် ညိုမောင်၊ မင်းအခုဝင်တာ သူ့နေရာပဲ၊ သူ့နေရာ ကြီးတော့မဟုတ်ဘူးပေါ့ကွာ၊ ဒီကောင်က သိပ်ကျွမ်းကျင်တဲ့ကောင်ကွ၊ ကျင်းတူးရသိပ်ခက်တဲ့ ပြင်ဦးလွင်တို့၊ ဖားကန့်တို့အထိ လိုက်ဖူးတဲ့ကောင်၊ ရေကြော၊ သဲကြော သိပ်သိတဲ့ကောင်ပေါ့၊ ဒါပေမယ့် လူက မလိမ်မာဘူးကွ"

ဦးလေးသန်းက ဆေးပေါ့လိပ်ကို မီးညှိသည်။ ထိုလူကတော့ ဦးလေးသန်းကို စူးစိုက်ကြည့်နေဆဲ။

"ဒီလိုဆိုရင်လည်း ဦးလေးသန်းရယ် သူ့ကို အလုပ်ပြန်ပေးလိုက် ပါ၊ ကျွန်တော်က လူငယ်ပဲ ဘယ်မှာအလုပ်ရှာရှာ ရပါတယ်၊ သူ… ဦးလေးသန်းကိုကြည့်နေတဲ့ မျက်လုံးတွေကို ကျွန်တော်နားလည်ဘယ် ဦးလေးသန်း"

"ငါလည်း နားလည်တာပေါ့ကွာ၊ ဒါပေမယ့် အခု သူ့ကိုခေါ်လို့ မရသေးဘူးကွ၊ ဒီကောင်နာလံထကာစပဲ ရှိသေးတာ၊ အားမရှိသေးဘူး၊ နောက်တစ်ကျင်းလောက်ကျမှပဲ ခေါ်ရတော့မှာ၊ ကဲ…ဒီတစ်ချောင်းပြီးရင် ထမင်းစားဖြတ်မယ်ဟေ့"

ဦးလေးသန်းအော်သံဆုံးတော့ ညိုမောင် လူစားဝင်လဲပြီး ခပ်သွက် သွက် ဝိုင်းပတ်လှည့်ပေးလိုက်သည်။ ထိုစဉ်မှာပင် ညိုမောင်တို့ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ခွင်ထဲသို့ စက်ဘီးစီးပြီးဝင်လာသူက မော်မော်။

"ကိုညိုမောင် ခင်ဗျားကို ကိုတိုးလွင်ကြီး ဖုန်းဆက်တယ်၊ ခင်ဗျား လူတွေ့ဖြေတာ အောင်တယ်တဲ့၊ နက်ဖြန်သတင်းပို့ရမယ်၊ အဲဒါ သူ့ဆီကို ပြန်ဖုန်းဆက်ပါတဲ့"

"ဟုတ်ရဲ့လား မော်မော်ရာ"

သူဝမ်းသာအားရကြီးကို မေးလိုက်သည်။ ရင်တွေလည်း ခုန်လိုက်တာ အရမ်းကိုဖြစ်သည်။

"ဖုန်းက အဆောင်ကိုလာတာ၊ လာခေါ်တဲ့သူက အဆောင်မှာ တစ်ယောက်မှရှိဘူးဆိုတာနဲ့ ကျွန်တော်တို့ဆိုင်က တစ်ယောက် ယောက် ခေါ်ပေးပါဆိုလို့ မော်ကသွားကိုင်ပေးတာ၊ ကိုညို သူ့ဆီပြန်ဖုန်းဆက်ပါတဲ့ ကိုတိုးလွင်က..."

"အေး...အေး ခဏနေဦးလေ၊ ငါပါ နင်နဲ့အတူတူလိုက်ခဲ့မှာ ပေါ့ မော်မော်ရ"

မော်မော်က တစ်ချက်စဉ်းစားသည်။ ပြီးတော့ ခေါင်းကိုညိတ်သည်။

"ကဲ...ဦးလေသန်းကြားတဲ့အတိုင်းပဲ၊ ကျွန်တော့်ရဲ့ နေ့ဝက်လုပ်ခကို ဒီဆရာ့ကိုပေးပါ၊ ကျွန်တော့်အတွက်ထမင်းကိုလည်း ဒီဆရာ့ကိုပဲ ကျွေးပါ၊ ကျွန်တော်သွားတော့မယ် ဦးလေးသန်း၊ ဒီဆရာ့ကို မေးပြီးတော့ ခိုင်းပါ ဦးလေးသန်းရာနော်၊ သူ့မှာက မိသားစုနဲ့မဟုတ်..."

"သာဓုကွာ...သာဓုပါ"

ဦးလေးသန်းက အပြုံးနှင့် သာဓုခေါ်သည်။ ညိုမောင်က စက်ဘီးပေါ်ရှေ့ကတက်ပြီး မော်မော်က နောက်ထိုင်လိုက်သွားသော ထိုနှစ်





ယောက်ကို အဝီစိတွင်းသမားတွေငေးပြီး နားမလည်နိုင်စွာ ကျန်ရစ်ခဲ့လေသည်။

အဆောင်ကိုရောက်တော့ သူတို့ဆက်နေကျ ဖုန်းအိမ်ကို ပြေးရ၏။ ရုံးကိုဖုန်းဆက်တော့ ညိုမောင့်လက်တွေက တုန်၍နေသည်။ တိုးလွင်ကို အရုံသင့်ပင်တွေ့ပါသည်။ သူကြားရသည့်သတင်းက မှန်၍နေသည်။ သတင်းကသေချာပြီဟု သိရသော်လည်း သူ့ရင်ခုန်တာနှင့် လက်တုန်တာက ရပ်၍မသွား...ခဲ့။

"ဒါဆို ငါလာခဲ့မယ် တိုးလွင်"

တိုးလွင်ဘက်မှ ခဏအသံတိတ်သွား၏။

"ငါကြည့်တာ မျက်စိမမှားပါဘူးကွ၊ မင်းက အမှတ်စဉ်(၄)၊ အဖေအမည် ဦးလှဟန်၊ မောင်ညိုမောင်၊ မှတ်ပုံတင်အမှတ်က...."

"ငါကိုယ်တိုင်လာကြည့်ချင်တာပေါ့ကွ၊ မင်းကလဲ"

"မင်း....အလုပ်လုပ်လက်စကြီးမဟုတ်လား"

"ငါ အခုပဲ အဲဒီအလုပ်က ထွက်ခဲ့ပြီးပြီ၊ အဲဒီကိစ္စကို တွေ့တော့မှပဲ ပြောပြတော့မယ်၊ ငါ ရေချိုးပြီးတာနဲ့ ထွက်ခဲ့မယ်ဟုတ်လား"

တိုးလွင်၏အဖြေကို စောင့်မနေတော့ဘဲ ဖုန်းကိုချပြီး ပိုက်ဆံရှင်း၍ အဆောင်သို့ပြန်သည်။ လမ်းမှာတွေ့သမျှလူတွေကို ပြုံးပြုံးပြရင်းနှင့် အဆောင်ကိုရောက်သွားသည်။ ညိုမောင်ပြုံးတာကို နားလည်သည့် လူတစ်ယောက်မှမရှိ။ သို့သော် အားရပါးရ နှစ်လိုဖွယ်ရာကြီး ပြုံးပြနေသော မောင်ညို့အပြုံးကြောင့် တချို့လည်း အားနာပြီး ပြန်ပြုံးပြသူက ပြုံးပြကြမိလေသည်။

ကုမ္ပဏီကိုရောက်တော့ တိုးလွင်ကိုအဆင်သင့်တွေ့သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တိုးလွင်လက်ကိုဆုပ်ကိုင်ရင်း အောင်စာရင်းကြော်ငြာသော ဒုတိယထပ် သို့ တက်ခဲ့သည်။ ထိုဒုတိယထပ်တွင် ဦးဌေးဝေကိုပါ တွေ့သဖြင့် ခေါ်လာခဲ့သည်။ ဦးဌေးဝေလည်း ပျော်၍နေသည်။

"ဒါနဲ့ မင်းပြောတော့ ပြဿနာတွေတက်ပြီး မဖြေနိုင်ဘူးဆိုကွ"

"ဟာ...အဲဒါတကယ်ပဲ ဦးဌေးဝေ၊ ကျွန်တော်က ပိုပြီး အံ့ဩ တာ အဲဒါကြောင့်ပေါ့၊ ကျွန်တော်က တခြားအလုပ်တောင်ရှာနေပြီ"

အမည်စာရင်းကြေညာရာနေရာကို ရောက်တော့ "Solo ကုမ္ပဏီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ ဖြေဆိုသူ လေးဦးအား အစမ်းခန့် ခန့်ထားလိုက်သည်ဟု ရေး၍ထားပြီး၊ အောက်တွင် လူ (၄) ဦးအမည်ပါရှိသည်။ (၁) မခင်မေရာ (၂) မကေသီမိုး (၃) ဉက္ကာကျော် (၄) မောင်ညိုမောင် ဆိုသောစာရင်းကို တွေ့ရ၏။ အောက်အပိုဒ်တွင် ထိုအရွေးချယ်ခံရသူများသည် နက်ဖြန်အင်္ဂါနေ့(------) နံနက် (၉:၃၀) နာရီတွင် ကိုယ်တိုင်လာရောက်တွေ့ဆုံရမည်ဖြစ်သည်။

ညိုမောင်သည် အားရဝမ်းသာပင် ဦးဌေးဝေ၏လက်ကိုဆုပ်ကိုင်ထားမိ၏။ မျက်နှာတွင် ပျော်ရွှင်ခြင်း၊ ဂုဏ်ယူခြင်း၊ ဝမ်းသာခြင်းတို့က အရောင်ခြယ်ထားသလို မြင်နေရသည်။ စာရွက်ပေါ်တွင် ရေးထားသော သူ့နာမည်ကို ညိုမောင်ကြည့်၍မဝတော့အောင်ကိုဖြစ်နေသည်။

"ကဲ...ဦးဌေးဝေနှင့် တိုးလွင်တို့ အားတယ်မဟုတ်လား၊ တစ်ခုခု သွားစားကြရအောင်ကွာ၊ ကျွန်တော်ကျွေးချင်လို့ပါ၊ သိပ်အဝေးကြီးမသွားဘူးကွာ ကုမ္ပဏီရှေ့က ပန်းစံပါယ်မှာပဲ ထိုင်တာပေါ့"

တိုးလွင်နှင့် ဦးဌေးဝေတို့နှစ်ယောက်၏လက်ကိုကိုင်ရင်း ပျော်ရွှင်စွာ ထွက်သွားသော ညိုမောင့်ကို ကြည့်ပြီး လမင်းစိုးပြုံးမိသည်။





ကိုကိုခန့်မှန်းခဲ့သလိုပင် သူတို့ကုမ္ပဏီတွင် ရရှိရေးသည် ညိုမောင့်အတွက် ကြီးစွာသောအိပ်မက်ဆိုတာတော့ အမှန်ပင်ဖြစ်သည်။

ဒါပေမယ့် အဲဒီအိပ်မက်ဟာ ပျော်စရာကောင်းတဲ့အိပ်မက်လား၊ စိတ်ညစ်စရာကောင်းတဲ့အိပ်မက်လားဆိုတာကိုတော့ မကြာမီ ညိုမောင် သိရမည်ဖြစ်လေသည်။

အညိုရောင်မှန်ချပ်နောက်မှခွာ၍ လမင်းစိုး သူ့ခုံကို သူပြန်လာသည်။ ထိုအညိုရောင်မှန်ချပ်တွေက အထဲကအပြင်ကို အားလုံးမြင်နေရပြီး အပြင်ကအထဲကို ဘာတစ်ခုမှမမြင်ရသော မှန်ချပ်များဖြစ်ပါသည်။

Ð Ð Ð

နံနက် ၅ နာရီ မိနစ် ၂၀ လောက်မှာ ရေကန်ဆီမှ ရေသံ တဗွမ်းဗွမ်းကိုကြားရသဖြင့် ကိုဇော်အိပ်ပျော်နေရာမှ လန့်ပြီးနိုးလာခဲ့သည်။ ပြတင်းပေါက်ကလှမ်းကြည့်တော့ ညိုမောင်။

ကိုဇော်စိတ်ဓာတ်အကြီးအကျယ်ကျသွားသည်။ ရယ်လည်း ရယ်ချင်သည်။ မနက်ကိုးနာရီခွဲမှ အလုပ်ဆင်းရမှာကို မနက် ၅ နာရီ ကျော်မှာ ရေထချိုးတာတော့ တဆိတ်လွန်ပြီဟု ထင်သည်။ ရေသံက တဗွမ်းဗွမ်းကြားနေရတုန်းပင်ဖြစ်သည်။ ဒုတိယနိုးလာသူက တိုးလွင်ဖြစ်သည်။ တိုးလွင်နှင့် ကိုဇော်တို့မျက်ဝန်းချင်းဆုံမိကြသည်။

"တက်ကြွတာ ရင်ခုန်တာတော့ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် ဒီ အချိန်ကြီး ရေထချိုးတာကြီးကတော့ကွာ..."

"ဒါမျိုးက ပြောလို့လည်း မရဘူး၊ ဈေးထဲမှာဆေးလည်းမရှိဘူး ကွ၊ နောင်ကျ သူ့ဘာသာ ဒီကိစ္စကိုရှောင်ကျဉ်သွားလိမ့်မယ်၊ အဲဒါကို 'နောင်ကျဉ်' တယ်လို့ ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က သူနောင်မကျဉ်ခင် ဘယ်နရက်ခံရဦးမှာလဲ"

"ဒီကောင်က မျိုးရိုးလိုက်တာကွ၊ သူ့ဘဒွေးတစ်ယောက် ရွာမှာ ရှိဖူးတယ်တဲ့၊ မြို့တက်တော့ ခေါက်ခဲထည့်ဖွင့်လို့ရတဲ့ ရေဒီယိုကလေး တစ်လုံး လက်ဆောင်ရတာ၊ ရကတည်းက ဖွင့်လိုက်တာ နေ့ရော ည ရောတဲ့၊ မြန်မာ့အသံပြီးသွားလည်း ကုလားလိုင်း၊ တရုတ်လိုင်း၊ အင်္ဂလိပ် လိုင်း၊ အို…အသံထွက်သမျှအကုန်ကွာ နားထောင်တာ ထမင်းမစားဘူး တဲ့၊ ကျွဲလို့လည်း မရဘူးတဲ့၊ အဲဒါ ရေဒီယိုသုံးရက်နားထောင်လိုက်တာ မြို့က ဆေးရုံကို တန်းတင်ရတာ အားပြတ်သွားလို့တဲ့လေ"

တိုးလွင်နှင့် ကိုဇော်တို့ တစ်ပြိုင်နက်ရယ်လိုက်ကြသည်။ ထိုအချိန် မှာပင် ညိုမောင် အခန်းထဲသို့ဝင်လာ၏။

"မင်းတို့ ငါ့ကိုရယ်နေကြတာလား၊ အေးပေါ့ကွာ ရယ်ကြမယ် ဆိုရင်လည်း ငါစိတ်မဆိုးပါဘူး၊ ရယ်သင့်ပါတယ်၊ ငါဘယ်လိုမှနေလို့ မရတဲ့အဆုံး ရေထချိုးလိုက်ရတာပဲ"

"ရပါတယ် အဆုတ်အအေးပတ်တာလောက်ကတော့ ရပ်ကွက်ထဲ က ဆရာဝန်တွေနိုင်ပါတယ်၊ စိတ်လွတ်သွားရင်သာ ဒီနဲ့စိတ်ကျန်းမာရေး က တော်တော်ဝေးနေလို့ စိတ်ပူရတာပါ"

ကိုဇော့်စကားကြောင့် သူတို့သန့်ရှင်းလွတ်လပ်စွာရယ်ဖြစ်လိုက်ကြ သည်။

"ညိုမောင် မင်းခဏတော့ ပြန်အိပ်လိုက်၊ ညိုမောင် ငါ ၈ နာရီထိုးတာနဲ့ မင်းကိုနှိုးမယ်၊ တော်ကြာ ရုံးရောက်မှ အိပ်ချင်နေရင် ပြဿနာတက်နေမယ်"

"ဟုတ်တယ် ညိုမောင်၊ မင်းတစ်ညလုံး အိပ်မပျော်တာ မဟုတ်



လား"

"ဟုတ်တယ် ကိုဇော်၊ ကျွန်တော်တစ်ညလုံးကို အိပ်မပျော်တာ"

"ခဏလောက်အိပ်လိုက်ပါကွာ"

"တိုးလွင် ငါ့ကို ၇း၃၀ နာရီနှိုးကွာ"

"၈ နာရီဆို ရပါပြီကွာ"

"ဟာ…မလုပ်ပါနဲ့ကွာ၊ ၇ နာရီခွဲပဲနှိုးပါ၊ နောက်တော့ မနောက်ပါ နဲ့ကွာနော်၊ ငါ့ဘဝအတွက်…."

"ဟေ့ကောင် ညိုမောင်၊ တော်တော့ ဒီလိုကိစ္စမျိုးကို ငါတို့က နောက်မလားကွ၊ အိပ်မှာသာအိပ်စမ်းပါကွာ"

"ငါ့နာရီနဲ့တိုက်ပြီးနှိုးနော်"

တိုးလွင်တော်တော်စိတ်ညစ်သွားပုံရသည်။

ခေါင်းကို ကုတ်၊ မျက်နှာကို ရှုံ့မဲ့ရင်း….

"အေးပါကွာ၊ အေးပါကွာ၊ မင်းရဲ့စံချိန်ကိုက်နာရီတော်ကြီးနဲ့ကို တိုက်ပြီးတော့ နှိုးပါ့မယ်…အိပ်ပါ…စိတ်ချပြီးတော့သာ အိပ်ပါ"ဟု ခပ် ငေါ့ငေါ့ပြောတော့မှ ညိုမောင်ပြုံးပြီး မျက်ဝန်းများကို မှိတ်လိုက်သည်။

ရေချိုးပြီးစ လန်းဆန်းသွားသော စိတ်ကို တစ်ညလုံး ဝိုင်းခဲရန် စောင့်နေကြသော အိပ်စက်ခြင်းတွေက အုံနှင့် ကျင်းနှင့် စိတ်ရှိလက်ရှိ ကိုက်လိုက်ကြသဖြင့် ညိုမောင်ခဏချင်းကို အိပ်ပျော်သွားလေသည်။

တိုးလွင်က ညိုမောင့်ကို ၈ နာရီတွင် နှိုးပါသည်။ ညိုမောင် သည် အိပ်ရာမှပြီး သူ့နာရီကိုကြည့်တော့ ၈ နာရီ။

"မင်းကွာ ၇ နာရီခွဲနှိုးပါဆိုတာကို"

"ငါ့နာရီက အခု ၇ နာရီခွဲပြီးလို့ ငါးမိနစ်ကွ"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို မင်းနာရီက စုတ်နေလို့"

တိုးလွင်ဘာမှပြန်မပြောပါ။ ညိုမောင်နှင့် တစ်ရွာတည်းသားကြီး ဦးဌေးဆေပြောပြထားလို့ ညိုမောင် ဒီနာရီရှူးတာကို သိပြီးသားဖြစ်သည်။

ညိုမောင်မျက်နှာထပ်သစ်သည်။ ပြီးတော့ မန္တလေးက သူဝယ်လာသည့် ကော်လံလည်ကတုံးအင်္ကျီလက်ရှည်ကိုဝတ်သည်။ ပြီးတော့ ဆိတ်ခွံပုဆိုးအစိမ်းနုအကွက်စိတ်ကလေးကို ဝတ်သည်။ ခေါင်းကို လေးငါးခြောက်ကြိမ် သပ်သပ်ရပ်ရပ်ဖြီးပြီးသွားတော့မှ ကျေနပ်သွားသလို မှန်ထဲမှာ ကြည့်၍ ပြုံးသည်။

ဒီနေ့ ကုမ္ပဏီက လူကြီးတွေနှင့် တွေ့ရမှာဆိုတော့ ကိုယ့်ဘက်က သပ်ရပ်နေဖို့လိုသည်မဟုတ်လား။ တိုးလွင်ကတော့ ညိုမောင့်ကို ကြည့်ပြီး ပြုံး၍နေသည်။

တိုးလွင်သည် လေကလေးတချွန်ချွန်နှင့် လုပ်စရာရှိတာတွေကို လုပ်နေသော ညိုမောင့်ကို...

"ဟေ့ကောင်...ဘာလဲ...မင်းက အခုသွားတော့မလို့လား"

"အာ...မသွားသေးပါဘူးကွ၊ ငါသော်သော်တို့ဆိုင်က စောင့်မယ်လေ"

"ဒါပေါ့...ဒါပေါ့ ဒါမျိုးကတော့ အသိပေးရမှာပေါ့၊ သူတို့က လာခေါ်ပေးထားတာမဟုတ်လား"

"အဲဒါလည်း ပါတာပေါ့ကွာ၊ ပြီးတော့ ထမင်းချိုင့်ထည့်ရဦး မယ်မဟုတ်လား၊ အဲဒါ သူတို့နဲ့ ဈေးလေးဘာလေး ညှိမလို့"

"ြသော်..."

ညိုမောင်က တည်ကြည်လေးနက်စွာပြန်ဖြေသဖြင့် ကိုဇော် ဘာမှ





ထပ်မစတော့။ နည်းနည်းတုံးတဲ့ကောင်တွေကို စရတာ တော်တော်စိတ်ပျက်ဖို့ကောင်းတယ်ဟု ကိုဇော်တွေးနေမိသည်။

"ကိုညိုမောင်က ဘာလုပ်ရမှာလဲဟင်"

"မသိသေးဘူး မော်မော်ရ၊ ဒီနေ့မှ လူကြီးတွေနဲ့ တွေ့ရမှာ"

"ယောကျ်ားလေးတွေအများကြီးထဲက နှစ်ယောက်ပဲရွေးတာ ကိုညိုမောင် ပါတယ်ဆိုတော့ ကိုညိုမောင်က တော်တာပေါ့နော်"

"အာ...မတော်ဘူးဟ၊ ငါတစ်ခုမှ ကောင်းကောင်းဖြေနိုင်တာမဟုတ်ဘူး၊ငါ့ကို မေးတဲ့ထဲက ကောင်မလေး...အဲ မဟုတ်ပါဘူး၊ လူကြီးပေါ့ဟာ သူ့ကားကို ငါတွန်းပေးခဲ့တာလေးပဲရှိတာ"

လမင်းစိုးနှင့် ကိစ္စကို ညိုမောင်က သော်သော်တို့ ညီအစ်မနှစ်ယောက်ကို ပြောပြပြီးသားဖြစ်ပါသည်။

"စေတနာဆိုတာ တူသောအကျိုးပေးတယ်ဆိုတာ မှန်တာပေါ့။ ကိုညိုမောင်တို့ရုံးမှာ မိန်းကလေးတွေ မလိုဘူးလားဟင်"

သော်သော်က ကန်စွန်းရွက်ဆိတ်ရင်းက မေးသည်။ ညိုမောင်သည် သော်သော့်မျက်ဝန်း ဝင်းပပကို စိုက်၍ငေးမိတော့ ရင်တွေ ဘာတွေ တုန်သွား၏။

"ကျွန်တော်တောင်မှ ဒီနေ့မှ လူကြီးတွေဆီသတင်းပို့ရမှာ၊ တကယ်လို့ နေရာလိုရင် ကျွန်တော်ပြောပါ့မယ် စိတ်ချပါ၊ အရင်နေ့တွေကလို လာဝိုင်းကူနိုင်တော့မှာမဟုတ်တာကိုတော့..."

"အို...ရပါတယ် ကိုညိုမောင်ရယ်၊ လူတစ်ယောက်တိုးတက်သွားတာကို သော်ကတော့ ဝမ်းသာပါတယ်၊ ကိုညိုမောင် ဘာဟင်းနဲ့ထည့်မလဲဟင်၊ ထမင်းချိုင့်က အပြားဆိုတော့ အရည်ဟင်းတော့မလုပ်နဲ့ ငါးကြင်း



www.burmeseclassic.com

www.burmeseclassic.com



ကြော်နှပ်ကလေးစား ဟုတ်ပြီလား၊ ချဥ်ပေါင်ကြော်ရယ်၊ ပဲစောင်းခါးသီး သုပ်ရယ်ကို ပလတ်စတစ်အိတ်နဲ့ ထည့်ပေးလိုက်မယ်"

"ဒါနဲ့ တစ်လဈေးက..."

"ခုနစ်ရာပဲ သော်သော်ယူပါ့မယ်၊ တခြားလူကိုတော့ ရှစ်ရာယူတာ"

"ပိုက်ဆံကြိုပေးထားရမှာလားဟင်"

"သုံးပုံတစ်ပုံလောက် ပေးထားရင်ရပါတယ်"

"ကျွန်တော် ငါးထောင်ပေးထားမယ်လေ၊ တစ်နေ့ ခုနစ်ရာဆိုတော့ ရက် ၂၀ စာအတွက် သောင်းလေးထောင်ကျတာကိုး"

"ကိုညိုမောင်က စနေ တနင်္ဂနွေ မစားဘူးလား"

"အဲဒါက လက်ငင်းပေးစားမှာလေ"

တိုးလွင်ရောက်လာတော့ ၈ နာရီ ၁၆ မိနစ်။

"သွားရအောင် ညိုမောင်"

"စောပါသေးတယ်ကွာ၊ အခုမှ ၈ နာရီ ၁၆ မိနစ်ပဲရှိသေးတာ၊ ကားက ၁၅ မိနစ်အတွင်းရတယ်၊ ပေါင်းလိုက်ရင် (၈း၃၁) နာရီ ကားရုံးဘေးနားက မှတ်တိုင်ကို မောင်းတာအားလုံး ၂၆ မိနစ်ပဲရှိတာ၊ အားလုံးပေါင်း (၈း၅၀) နာရီဆိုတော့ ငါတို့ ၃၃ မိနစ်တောင် ပိုနေသေးတာပဲ၊ ဖြည်းဖြည်းပေါ့"

"ခွီးပဲ၊ မင်းက မင်းနာရီနဲ့တွက်ပြောနေတာ၊ ဟိုက M-D တို့၊ G-M တို့ နာရီက မင်းနာရီနဲ့ တူချင်မှတူမှာပေါ့ကွ၊ နေရင်းထိုင်ရင်း နေ့ဝက်ကြေးနဲ့ မိနေဦးမယ်"

Solo ကုမ္ပဏီစည်းကမ်းက (၉း၃၀) နာရီအချိန်ထက်နောက်ကျ၍





ရောက်လျှင် တစ်နေ့စာလုပ်အားခ၏ တစ်ဝက်ကို ဖြတ်တောက်၍ အပြစ်ပေးတတ်သည်။

"ဒါဆို သူတို့နာရီတွေ စုတ်နေလို့ပေါ့ကွ"

"မင်းနာရီကရော ဘယ်လောက်မှန်လို့လဲ"

"တိုးလွင် ငါ့နာရီက နှစ်တစ်ရာမှာ တစ်မိနစ်မလွဲစေရဘူးဆိုတဲ့ နာရီကွ၊ ဒါ ငါမင်းတို့ကို နောက်ပြောင်ပြီး ပြောနေတာမဟုတ်ဘူး၊ ငါ့အဘိုးလက်ထက်တုန်းကလည်း ဒီနာရီကို မတိုက်ခဲ့ရဘူး၊ ငါ့အဖေ လက်ထဲမှာလည်း မတိုက်ခဲ့ရဘူး။ ငါ့လက်ထဲမှာလည်းတစ်ကြိမ်မှ မတိုက်ခဲ့ရဘူးကွ၊ ငါကတော့ မြန်မာနိုင်ငံ မှာ နေနေသရွေ့ ငါ့လက်ထဲက နာရီရဲ့အချိန်ကိုပဲ ယုံတယ်ဒါပဲ"

ညိုမောင်ပြောသည့် စကားသည် ဒေါသသံ နည်းနည်းကလေး စွက်ထားသော မခံချင်စိတ်အပြည့်ရှိသည့် အသံသာဖြစ်ပါသည်။

"အမလေး ဒီလောက်တောင်ညွှန်းနေရအောင် ကဲ ကိုညိုမောင့် နာရီခဏပြစမ်းပါဦး"

မော်မော်က တောင်းသဖြင့် ညိုမောင်ချွတ်ပေးလိုက်သည်။ မော်မော်က နာရီကလေးကိုစူးစူးစိုက်စိုက်ကြည့်သည်။ ထူးခြားတာတစ်စုံတစ်ခုများပါမလားဟုရှာပုံလည်းရသည်။ ညိုမောင်သည် မော်မော့်လက်ထဲက နာရီကလေးကိုငေးနေမိသည်။ နာရီဒိုင်ခွက်နံဘေးက ရွှေရောင်သည် အိုလုပြီ။ မှိန်ဖျော့၍စားသည့်နေရာက စားနေပြီ။ အဆိုးဆုံးက လယ်သာ လက်ပါတ်ပဲဖြစ်သည်။ ဟောင်းနွမ်းပြီး အနားစနည်းနည်းဖွာထွက်ချင်နေပြီ။ သူ့နာရီသည် သူပြောသည့်ဂုဏ်ပုဒ်တွေနှင့် လိုက်ဖက်အောင် တောက် စား၊ မောက်ကြွားစရာအဆင်းအင်္ဂါမရှိ။ ရွှေရည်စိမ် လက်ပတ်ကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သာဆိုလျှင်....

သူ့နာရီကို ရွှေရည်စိမ်လက်ပတ်ကြိုးကလေးလဲတပ်ရေးသည် ညိုမောင့်အတွက် အကြီးမားဆုံးသောမျှော်လင့်ချက်တစ်ခုဖြစ်ပါသည်။ သူ့ကုမ္ပဏီက လခထုတ်လျှင် ဆရာတော်ထံပို့ရမည်။ မေမေ့ထံပို့ရမည်။ ပို့သည့်ငွေထဲက လမ်းစရိတ်၊ ထမင်းစရိတ်နှင့် အဆောင်စရိတ် နှုတ်ပြီးလျှင်ပိုသောငွေကို စုဖို့ ညိုမောင်တိတိကျကျကို ပြဋ္ဌာန်းထားသည်။

သူအကြိုက်ဆုံး ရွှေရောင်လက်ပတ်ကလေးကို ရွှေဘုံသာလမ်းတွင် ကိုမိုးနှင့် သွားတုန်းက တွေ့ခဲ့ပြီးပြီ။ ရွှေရောင်လက်ပါတ်ကြိုး ချည်းတင် တစ်သိန်းလေးသောင်းငါးရာဖြစ်သည်။ အဲဒီရွှေရောင်လက်ပါတ် ကြိုးနှင့်သာ သူ့နာရီကလေးကိုပါတ်လိုက်ရလျှင် သူ့ဘဝတွင် သူသေပျော် ပြီဖြစ်သည်။ ထိုဆန္ဒသည် ညိုမောင့်ဘဝအတွက် တော်တော်ပြင်းထန် သည်။

ညိုမောင်၏ ထိုပြင်းထန်လှသော အာသီသနှင့် မျှော်လင့်ချက်တို့ဖြင့် ဖွဲ့စည်းထားသည့် ရလိုမှုကလေးကို ပြက်ရယ်မပြုသင့်ပါ။ လှောင်ပြောင်ဖို့လည်း မသင့်တော်ပါ။ အချို့လူတွေ ဒီထက်အဓိပ္ပါယ်မဲ့တာတွေကို အများကြီးအရူးထခဲ့ကြလေ့ရှိသည် မဟုတ်လား။

မော်မော်က အားရအောင်ကြည့်ပြီး ဘာမှမတွေ့တော့ နာရီကလေးကို သော်သော့်ဆီသို့ ထိုးပေးလိုက်သည်။ သော်သော်က နာရီကလေးကို သေသေချာချာစေ့ကြည့်လိုက်ပြီးနောက်...

"နာရီကလေးက ဒီဇိုင်းရိုးရိုးကလေးနဲ့ ချစ်စရာလေးပါ၊ Swiss made ဆိုတာလည်း စာပါတာပဲ၊ နာရီမှာတော့ ဆွစ်ဇာလန်နာရီက နာမည်အကြီးဆုံးပဲ၊ ဆွစ်ဇာလန်တစ်နိုင်ငံလုံးက ကမ္ဘာကို နာရီရောင်းပြီး ချမ်းသာတာလေ"





သော်သော့်စကားကြောင့် ညိုမောင်က တိုးလွင်ကို

"ကဲ...ဘယ်လိုလဲ ကိုယ့်လူ" ဆိုသည့် အကြည့်မျိုးနှင့် ကြည့်သည်။ တိုးလွင်စိတ်ထဲကတော့

"ဟိုက လူမှုရေးအရပြောတာကို မြှောက်နေတယ်" ဟု ညိုမောင့်ကို ကြည့်ပြီးတွေးနေသည်။

ညိုမောင်က နာရီကို ပြန်ပါတ်ပြီး ကြည့်ရင်း...

"တိုးလွင် ၈ နာရီ ၂၁ မိနစ်ရှိပြီ၊ လစ်ကြစို့၊ သွားမယ်နော် သော်သော်"

"ဩော်...တစ်ယောက်ပဲနှုတ်ဆက်တာလား"

"နင်လည်း ပါတာပေါ့ဟ၊ တော်တာ"

ညိုမောင်တို့နောက်ကျောကိုကြည့်ရင်း မော်မော်ကရယ်နေသည်။ သော်သော်က ကန်စွန်းရွက်ဆိတ်ရင်း....

"မော်မော် နောက်ကို ကိုညိုမောင့်ရှေ့မှာ ငါ့ကို အနှောင့်အသွား မလွတ်တဲ့စကားတွေနဲ့ မနောက်နဲ့"

"မသော်က မကြိုက်လို့လား"

"ဟုတ်တယ်၊ အဲဒီလို နင်လုပ်လုပ်နေတာကို မကြိုက်တာ၊ သူ့ဘက်က ခပ်မှန်မှန်နေနေတာကို ကိုယ့်ဘက်ကသွားသွားစနေတော့ ကိုယ့်ဘက်က တန်ဖိုးလျော့တာပေါ့"

"ဒါဆို ကိုညိုမောင်တို့ဘက်က စရင် ကျေနပ်တယ်ပေါ့လေ၊ ဒီလိုလား"

"တော်ပြီ မော်မော်၊ ကန်စွန်းရွက်ကချဉ်ရည်ဟင်းချက်မှာနော်၊ ငါရေပြန်ချိုးဦးမယ်၊ ပြီးရင် ၁၁:၁၅ နာရီ ကျောင်းကိုလစ်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်က တစ်နေရာရာကနေပြီး ညိုမောင်တို့လေးယောက်ကို ချောင်းကြည့်နေမည်ဆိုလျှင် ထိုလူသည် အကောင်းဆုံးဟာသကားတစ်ကားကိုကြည့်နေရသူဖြစ်လိမ့်မည်ထင်သည်။

အဘယ်ကြောင့်ဆိုသော် ညိုမောင်တို့လေးယောက်သည် အဝါရောင်ဖိုက်ဘာ နောက်မှီပါသောခုံကလေးခြောက်လုံးပေါ်တွင် ရှေ့တည့်တည့်ကြည့်ပြီး ထိုင်နေကြသည်။ ထိုင်နေကြပုံက မိန်းကလေးနှစ်ယောက်က ညာဘက်အစွန်းတွင်ထိုင်နေကြပြီး ကျန်သည့်လေးခုံတွင် ညိုမောင်နှင့် နောက်ယောကျ်ားလေးတစ်ယောက်က တစ်ခုံခြားစီထိုင်ကြ၏။

ညိုမောင်က သူ့ညာဘက်တွင်ရှိသော ကောင်မလေးနှစ်ယောက်ကို တစ်ချက်ခိုးကြည့်သည်။

ကောင်မလေးနှစ်ယောက်က ရှေ့တူရူသို့သာ တည်ငြိမ်စွာ စိုက်ကြည့်နေကြ၏။ ဒါနှင့် တစ်ခုံခြား ဘယ်ဘက်က ပုဂ္ဂိုလ်ကိုကြည့်တော့ အိတ်ဆောင် Dictionary ကလေးကို ငုံ့၍ဖတ်နေတာတွေ့ရ၏။ ဒါနှင့်ပဲ ညိုမောင်လည်း သက်ပြင်းကိုချပြီး ရှေ့တူရူသို့သာ ကြည့်နေလိုက်ရသည်။

ခဏနေတော့ Dictionary ဖတ်နေသော ဥက္ကာကျော်က ညိုမောင့်ကို ကျော်ပြီး ကောင်မလေးနှစ်ယောက်ကိုလှမ်းကြည့်သည်။ ကောင်မလေးတွေက ရှေ့ကိုပဲကြည့်နေကြတော့မှ ညိုမောင့်ကိုကြည့်သည်၊ ပြီးတော့ တစ်ချက်ပြုံးပြီး Dictionary ကို ပြန်ငုံ့ဖတ်နေလိုက်သည်။

ခင်မေရာကတော့ သူ့နံဘေးက ကေသီမိုးကိုကျော်ပြီး ညိုမောင့်ကို ကြည့်သည်။ ရေမချရသေးသောပုဆိုးအသစ်က ခုံပေါ်မှာ နေသားမကျဘဲ ထိုးထိုးထောင်ထောင်နှင့်ရှိသည်။ ကော်လံလည်ကတုံးကလည်း





အသစ်မှန်းသိသာနေသည်။ ထို့ကြောင့် ခင်မေရာက ညိုမောင့်ကို ရင်းနှီးနေသူတစ်ဦးလို နှစ်လိုဖွယ်ရာပြုံးပါသည်။ Dictionary ဖတ်နေတဲ့လူက 'ဥက္ကာကျော်' ဆိုတာပဲဖြစ်ရမည်ဟု ခင်မေရာကတွေးလိုက်ပြီး Dictionary ဖတ်နေတာကိုကြည့်ပြီး ကလေးလေးတွေကို ကြောက်ပါတယ်လို့ နောက်သည့်ပုံစံမျိုးလို ပခုံးကိုကျုံ့၊ နှုတ်ခမ်းကိုမဲ့၊ မျက်လုံးကို ပြူးလိုက်သည်။ ကေသီမိုးကိုတော့ ကပ်နေသဖြင့် ရှုန်၍သာကြည့်လိုက်သည်။ မျက်နှာအေးအေးကလေးမို့ မိတ်ဆွေဖြစ်လျှင် ခင်မင်ဖို့ကောင်းမှာပဲဟု ခင်မေရာတွေးလိုက်သည်။

ကေသီမိုးကတော့ သူတို့မကြည့်ချိန်တွင် ညိုမောင်၊ ဥက္ကာကျော်နှင့် ခင်မေရာတို့ကို တစ်လှည့်စီကြည့်ပါသည်။ သို့သော် ကေသီမိုးကြည့်သည့်အကြည့်က တစ်မျိုးတစ်စားတည်းဖြစ်သည်။ ငါ့ကိုခင်ကြပါဟယ်၊ ကူညီကြပါဟယ်ဆိုသည့်အကြည့်မျိုးဖြစ်သည်။

ညိုမောင်နှင့် ကေသီမိုးမျက်ဝန်း ခိုးကြည့်ချင်းသွားဆုံတော့ ဒိန်းခနဲရင်ထဲကိုယ်စီမြည်ပြီး မျက်နှာလွှဲလိုက်ကြ၏။ ဥက္ကာက ညိုမောင်နှင့်အကြည့်ဆုံတော့ ပြိုင်တူပြုံးလိုက်ကြသည်။ ကေသီနှင့် ခင်မေရာလည်း ဒီလိုပဲပြုံးကြသည်။

၉ နာရီနှင့် ၅၁ မိနစ်တောင် ရှိနေပြီချိန်းထားသောအချိန်ထက် ၂၁မိနစ်တောင် နောက်ကျနေပြီဖြစ်၏။ ဒီလို ကုမ္ပဏီမျိုးကြီးအနေနှင့် မဖြစ်သင့်သော ကိစ္စတစ်ခုဟု ညိုမောင် နာရီကို ငုံ့ကြည့်ရင်းတွေးနေမိသည်။ ၉ နာရီ ၃၀ မိနစ်မှာတော့ ကောင်မလေး တစ်ယောက်ထွက်လာပြီး....

"မမလမင်း၊ နိုင်ငံခြား call ပြောနေလို့ ခဏစောင့်ပေးပါရှင်"ဟု ပြောသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားကို မိနစ်နှစ်ဆယ်လောက် ဖုန်းပြောသည်ဆိုလျှင် ဟိုမှာ သူ့ရည်းစားများရှိသလားဟု ညိုမောင်တွေးနေမိသည်။

ထိုအချိန်မှာပင် ခုနက ကောင်မကလေးထွက်လာပြီး သူတို့ကို တစ်ချက်ကြည့်ပြီး...

"မခင်မေရာ ဝင်နိုင်ပါပြီရှင်"

ခင်မေရာက ဝမ်းသာအားရမတ်တတ်ထရပ်ပြီး သူတို့ကို နှုတ်ဆက်သလိုပုံစံမျိုးပြုံးပြပြီး ကောင်မကလေးနှင့်ပါသွားသည်။

ညိုမောင် နာရီကိုကြည့်ထားသည်။ ၇ မိနစ်ကျော်ကျော်လောက်မှာ ခင်မေရာပြုံးရွှင်စွာပြန်ထွက်လာသည်။ သူတို့ရှေ့ကိုရောက်တော့ ခေါင်းတစ်ချက်ညိတ်၍ ပြုံးပြပြီးထွက်သွားသည်။

"မကေသီမိုး"

ညိုမောင်နာရီကိုကြည့်ပြီးမှတ်ထားသည်။ ၁၀ မိနစ်ကျော်ကြာ၏။ ကေသီမိုးသည် တော်ပါသေးရဲ့ဆိုသည့်ပုံစံမျိုးနှင့် သူတို့ကို မရဲတရဲကြည့်ပြီး လစ်သွားသည်။

"မောင်ဥက္ကာကျော်"

သူဟာနောက်ဆုံးလူပါလားဟု ညိုမောင်တွေးလိုက်မိသည်။

ဥက္ကာကျော်ကတော့ ၁၅ မိနစ်လောက်ကြာမည်ထင်သည်။ ပြန်ထွက်လာတော့ သိပ်ရွှင်ရွှင်ပျပျပုံစံမရှိ။ သူ့ကိုပင် လှည့်မကြည့်တော့ဘဲ ထိုင်ခုံပေါ်တွင်ချထားခဲ့သော အနက်ရောင်နာမည်ကြီးတံဆိပ်နှင့် ဘေးလွယ်အိတ်ကိုကောက်ယူပြီးထွက်သွား၏။

နာမည်ခေါ်သည့်ကောင်မလေးက ညိုမောင့်ကိုတော့ နာမည်မခေါ်တော့ဘဲ ပြုံးပြီးခေါင်းကိုသာညိတ်ပြ၏။ ညိုမောင်နာရီကိုတစ်ချက်ကြည့်





ပြီး ဝင်သွားသည်။

အခုညိုမောင်ဝင်ခဲ့သောအခန်းက အင်တာဗျူးတုန်းက အခန်းမဟုတ်ပါ။ အခန်းမှာ Air-con က စိမ့်စိမ့်ကလေးအေးနေပြီး မွှေးရနံ့တစ်ခုကို ရနေသလိုခံစားရသည်။

အောက်ခံကော်ဇောမှာ အဖြူရောင်တွင် ပန်းနုရောင်ရှိသော နှင်းဆီပွင့်အကြီးကြီးတစ်ပွင့်နှင့် အစိမ်းရောင်ရွက်ဖတ်ကလေးတွေကို ဒီဇိုင်းဆင်၍ထားသည်။ နင်းရမှာပင် နင်းရက်စရာမရှိလောက်အောင် လှပလွန်းနေသည်။

စာရွက်တစ်ရွက်ကို လက်မှတ်ထိုးပြီးနံဘေးက စာအနည်းငယ်ရေးနေသော အင်တာဗျူးနေ့က သူ့ကိုမေးခဲ့သော ကောင်မလေးခေါ်မလား၊ မိန်းကလေးခေါ်မလား၊ အင်း သူဒွေးဆိုတာက ပိုမှန်လိမ့်မည်ထင်သည်။ စားပွဲပေါ်တွင်တော့ 'မန်နေးဂျင်းဒါရိုက်တာ လမင်းစိုး' ဟု အင်္ဂလိပ်လို ရေးထားသည်။ ဒါဆိုလည်း M-D ပေါ့လေ'။

ညိုမောင် မတ်တပ်ရပ်၍နေရသည်။ ညိုမောင့်လိုပင် M-D လက်မှတ်ထိုးနေသော စာရွက်တွေကို လာပို့သူ ကောင်လေးနှင့် သူ့ကို လာခေါ်သူ ကောင်မလေးတို့လည်း မတ်တပ်ပင်ရပ်နေကြရသည်။ လက်မှတ်အကုန်ထိုးပြီးသွားတော့မှ လမင်းစိုးက မော့ကြည့်သည်။

"ကိုညိုမောင် ထိုင်ပါ"

ညိုမောင် ခုံတွင်ဝင်ထိုင်ပြီး စားပွဲပေါ်က စက္ကူဖိသည့် ဖန်တုံးကလေးကိုစိုက်ငေးကြည့်နေလိုက်သည်။ ဖန်တုံးကလေးထဲမှာ ဘုရားမှိုခိုးကျောင်းလိုအဆောက်အဦကလေးတစ်ခုရှိသည်။ ပြီးတော့ ယူကလစ် ပင်ကလေးတစ်ခုရှိသည်။ ပြီးတော့ ကြယ်ကလေးတွေနှင့်နှင်းစလို



www.burmeseclassic.com

www.burmeseclassic.com



အမှုန်စက်ကလေးတွေရှိသည်။

"ကိုညိုမောင်က ဘယ်ရုံး၊ ဘယ်ကုမ္ပဏီမှာမှ မလုပ်ခဲ့ဖူးဘူးနော်"

"ဟုတ်ပါတယ် ခင်ဗျ"

"ဒီ့အပြင် အလုပ်ရော ဘာတွေလုပ်ခဲ့ဖူးသေးလဲ"

"အင်း...ပြောမယ်ဆိုရင်တော့ ကျွန်တော် လယ်ထွန်ဖူးတယ်၊ နွမ်းနဲ့ ပဲ နည်းနည်းစိုက်ခဲ့ဖူးတယ်၊ ရွာက ရုပ်ဆွေရုပ်မျိုးတစ်ယောက်နဲ့ ပွဲရုံမှာ လုပ်ခဲ့ဖူးပါတယ်"

"ဟုတ်ပြီ ပွဲရုံမှာ ဘယ်နေရာက လုပ်ခဲ့တာလဲ"

"ဟာ...အဲဒီလိုမရှိပါဘူး ခင်ဗျ၊ သူ့ကို ကူညီတဲ့သဘောပါ၊ တောက်တိုမယ်ရသဘောပါပဲ"

လမင်းစိုးက နှုတ်ခမ်းတွေကို ဆွဲဆန့်ပစ်လိုက်သည်။

ပြောပုံဆိုပုံ ရိုးတာကတော့ ပေါ်လွင်ပါသည်။ အင်တာဗျူးနေ့က ဒေါသနှင့် မွန်ထူနေတာရော တခြားလူတွေတော်တော်များများကို ရော မေးခဲ့ရတာကြောင့် ညိုမောင့်ကို သေသေချာချာ စေ့စေ့မကြည့်ခဲ့ရ။

အခုကြည့်တော့မှ ညိုမောင့်နဖူးက မဟာနဖူးဖြစ်သည်။ အမေရိကန်က မင်းသားအင်ဒီဂါစီယာ(ANDY GARCIA)၏ နဖူးမျိုး၊ မျက်ခုံးက ထူထူ မည်းနက်နေ၏။ နှာတံက သွယ်သွယ်ချွန်ချွန်။ နှုတ်ခမ်းက အောက်နှုတ်ခမ်းပြည့်ပြီး အပေါ်နှုတ်ခမ်းပါးပါး။ အထူးခြားဆုံးမှာ လေးထောင့်ကျကျ ထင်းနေအောင်ပေါ်သောမေးရိုးကြီးပင်ဖြစ်၏။

"အင်း...ဒါဆိုရင်တော့ ရှင့်ကို ဒီကုမ္ပဏီအကြောင်း သိသွားအောင် ဒီကုမ္ပဏီရဲ့ အောက်ခြေအဆင့်ကနေစသင်မှဖြစ်လိမ့်မယ်ဆိုတာကို ကိုညိုမောင်လက်ခံနိုင်ပါသလား"





"ဟုတ်...ဟုတ်ကဲ့ လက်ခံပါတယ်"

"သေသေချာချာစဉ်းစားနော်၊ စာဝင်စာထွက်ဆိုတာ ကုမ္ပဏီတစ်ခုမှာ အနိမ့်ဆုံးပဲ"

"ဟာ...ရပါတယ်၊ ကျွန်တော်ကလည်း ဘာမှသိသေးတာမှ မဟုတ်တာ၊ တာဝန်ကြီးတွေပေးမှာတောင် ကြောက်နေတာပါ"

"သေလိုက်စမ်း လမင်းမ" ဟု သူ့ကိုယ်သူ လမင်းပြောလိုက်သည်။ကိုကိုပြောတာ တော်တော်လေးတော့မှန်နေပြီ။ အမှန်တော့ ညိုမောင်ကို စာဝင်စာထွက်မှာထားဖို့ အစီအစဉ်မရှိပါ။ Marketing ဌာနအကူ (သို့) စာရင်းအင်းဌာနမှာ အကူလောက်ထားဖို့သာ စိတ်ကူးပါသည်။ ဒါပေမယ့် အခုပြောရင်းနှင့် လမင်းစိုး ညိုမောင့်ကို ဝင်စာ/ထွက်စာ ဌာန (Reception) မှာပဲ ထားဖို့ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီ...ဒါဆိုရင် ရှင် Reception မှာ နက်ဖြန်ကစပြီး တာဝန်ယူရမယ်၊ ဟောဒီမှာ ခန့်အပ်လွှာ၊ ပြီးတော့ ခဏနေဦး၊ အခု ဒီစာနဲ့ ခန့်တယ်ဆိုတာ ၃ လ အစမ်းခန့်နော်"

"ဟုတ်ကဲ့...ခင်ဗျ"

"လမင်း ကိုသက်ဝင်းဆီသို့ ညိုမောင့်ကို Reception (စာဝင်/စာထွက်) တွင် တာဝန်ပေးကြောင်း အင်္ဂလိပ်လို စာတစ်စောင်ရေးပေးလိုက်သည်။

"ဒီစာကို ဦးသက်ဝင်းဆိုတဲ့လူဆီကိုပေးပါ၊ သူက ရုံးတစ်ရုံးလုံးရဲ့ အုပ်ချုပ်ရေးမှူး၊ ပြီးတော့ ရှင်တစ်လကို လခခုနစ်သောင်းရမယ်၊ ကြိုးစားရင် ကြိုးစားသလို အဆင့်တက်မယ်၊ လုပ်ငန်းနဲ့ပတ်သက်တဲ့ ရုံးစည်းကမ်းတွေကိုမသိရင် ဦးသက်ဝင်းကိုမေးလို့ရတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျ"

"သွားလို့ရပြီ"

ဖိုင်ကိုကောက်ယူပြီး ပေါ့ပါးတက်ကြွစွာ ထွက်သွားသော ညိုမောင့်ကိုကြည့်ရင်း...လမင်းစိတ်ထဲမှာ ဘာကိုမှန်းမသိ အလိုမကျ ဖြစ်နေမိသည်။ အင်းပေါ့လေ ကုမ္ပဏီတို့ ရုံးတို့မှာ မလုပ်ခဲ့ဘူးတော့ စာဝင်/စာထွက်ဆိုတာကို ဘာမှန်းမသိ၊ ဘယ်လိုနေရာမှန်းမသိလို့ နေမှာပေါ့ဟုတွေးမိသည်။ တစ်ပတ်လောက်ကျရင် ဘာ Complain တက်လာဦးမလဲ စောင့်ကြည့်ကြသေးတာပေါ့ဟု တွေးမိသည်။

ဒီနေ့အလုပ်ခန့်အပ်ရေးကိစ္စမှာ လမင်းစိုးစိတ်ထဲက ထင်ထားသလို ရာခိုင်နှုန်းပြည့်အောင်မြင်ခြင်းတော့ မရှိခဲ့ပါ။

ထင်မှတ်မထားခဲ့ဘဲ ပြဿနာဖြစ်ရသူက ဥက္ကာကျော်ဖြစ်နေသည်။ လမင်းက ဥက္ကာကျော်ကို ဆိပ်ကမ်းမှာ ရောက်နေသော ကုန်ပစ္စည်းတွေကို ရွေးပြီး စာရင်းနှင့်တကွ ဂိုဒေါင်သို့အရောက်ပို့ရသော ကုန်ပစ္စည်းအဝင်ဌာနစိတ်မှ ဌာနမှူး ကိုမင်းနိုင်နှင့် တွဲဖက်တာဝန်ချထားပေးသည်ကို မကျေနပ်ခဲ့သောကြောင့်ဖြစ်သည်။

ဥက္ကာကျော်က သူ့မှာရှိပြီးသား အစွမ်းအစများသည် ကုမ္ပဏီတစ်ခု၏ ဌာနတစ်ခုခုကို ဦးဆောင်နိုင်သည်ဟု အတိအကျကိုယုံကြည်ထားသူဖြစ်ပြီး ထိုယုံကြည်ထားသည့်အတိုင်း နေရာတစ်နေရာကို လမင်းထံမှာ တောင်းဆိုခဲ့သည်။

ကိုယ့်မှာရှိသော ပညာနှင့် ဉာဏ်နှင့်လိုက်ရောညီထွေရှိသော မာနကို လမင်းစိုးသဘောကျပါသည်။အခု ဥက္ကာကျော်ဆိုလိုသည့် ပုံစံ က ကုမ္ပဏီတွေဆိုတာ ဒီအလုပ်တွေကို ဒီလိုမျိုးပဲ လုပ်နေတာပါပဲ။ ဒါကို





သူနားလည်ပါတယ်။ သူတတ်ပါတယ်။ အနည်းငယ်ကွဲလွဲတာရှိသျှင်လည်း သူတစ်ပတ်လောက် လေ့လာလိုက်ရင် ရသွားလိမ့်မယ်ဆို သည့်သဘောမျိုးဖြစ်နေသဖြင့် လမင်းစိုးက...

"ကိုဥက္ကာကျော် ကျွန်မတို့ကုမ္ပဏီရဲ့ လုပ်ငန်းတစ်ခုကို တစ်ပတ်လောက်နဲ့ လေ့လာလို့ရပေမယ့် ကျွန်မတို့ကတော့ ကိုဥက္ကာကျော်ကို ၃ လလောက် လေ့လာဖို့လိုနေပါတယ်"

ထိုစကားကြောင့် ဥက္ကာကျော်မျက်နှာပျက်သွားတာကို လမင်းက လူမှုရေးအရ မသိချင်ယောင်ဆောင်နေလိုက်ပါသည်။

နောက်ဆုံးမှာ ဥက္ကာကျော်က 'သူဒီတစ်ရက်တော့ စဉ်းစားပါဦးမယ်' တဲ့။ သူက Solo ကို စလျှောက်ကတည်းက 'ဌာနမှူး တစ်နေရာကို ဦးတည်ခဲ့တာပါ' ဟု ဆိုပြီး ဖိုင်ကိုမရှုထွက်သွားသည်။

ကေသီမိုးကတော့ အလုပ်မှ လစာမဲ့ခွင့်တစ်လယူပြီး ဆင်းကြည့်မည်ဟု မြွေမသေ တုတ်မကျိုးနှင့်ပင် ကိစ္စပြတ်သွားသည်။ ခင်မေရာကတော့ သူ့နေရာနှင့် သူမို့ဘာမှအထွေအထူး ပြောစရာမရှိ။ ဥက္ကာကျော်ကိစ္စကလည်း မကျေနပ်စရာမရှိပါ။ ဒီလိုစိန်ခေါ်မှုမျိုးကို လမင်းစိုး မကြာခဏတွေ့ခဲ့ဖူးပါသည်။

လမင်းစိုး မကျေနပ်နေတာက အတူတူအလုပ်လျှောက်၊ အတူတူ လူတွေ့စစ်ပြီး ခန့်တာချင်းအတူတူကို လစာအနည်းဆုံး အဆင့်အနိမ့်ဆုံးနေရာကိုပေးတာကို ဘာစိတ်ချက်မှ မျက်နှာမပျက်ဘဲ လက်ခံသွားသော ညိုမောင့်ကိုသာ ဖြစ်နေသည်။

လူ့ဘဝဆိုတာ 'မကြာခဏမထင်မှတ်တာတွေဖြစ်တတ်တဲ့ နေရာ' ဆိုတာ သိပ်မှန်နေလေသည်။

Ð Ð Ð



www.burmeseclassic.com

www.burmeseclassic.com



ညိုမောင် မနက် ၅ နာရီ ၁၀ မိနစ်လောက် သော်သော်တို့ ထမင်းကြော်ဆိုင်ကိုထွက်ခဲ့သည်။ ညိုမောင်ရောက်တော့ သော်သော် တစ်ယောက်တည်း အသုပ်သုပ်နေသည်။ သော်သော့်ပါးက သနပ်ခါး ပါးကွက်ပင်မခြောက်သေး။ မော်မော့်ကိုလည်း မတွေ့ရ။

"မော်မော်ရော"

"အင်း...နေမကောင်းလို့တဲ့"

ဒါဆို ညိုမောင်ဆက်မေးစရာမရှိတော့ပါ။

"ကိုညို စားတော့မလား"

"လှူရှင်းတုန်းစားထားလိုက်မယ်လေ၊ ဒီနေ့ ဆိုင်ထွက်နောက် ကျတယ် ဟုတ်လား"

"ဘာဖြစ်လို့ ပြောတာလဲ"

"သော်သော့် သနပ်ခါးပါးကွက်က မခြောက်သေးလို့"

"ဆိုင်ထွက်နောက်မကျဘူး၊ သနပ်ခါးလိမ်းနောက်ကျတာ"

သော်သော်က ပြောရင်းဆိုရင်း ထမင်းကြော်ပန်းကန်ကို လှမ်းပေး သည်။ ထုံးစံအတိုင်း ဝက်စပ်ရည်များများဆမ်း၊ အချဉ်များများနှင့် ဝက်ချို တုံးကြီး သုံးတုံး။

ညိုမောင်ရေနွေးကြမ်းတစ်ခွက်ငှဲ့ပြီး ထမင်းကြော်ကို အားရပါးရ အမြန်စားသည်။ အရင်က ဘုန်းကြီးကျောင်းသားလက်၊ အခုအဆောင်နေ သူ့လက်ဆိုတော့ သိပ်မြန်သည်။ ၁၀ မိနစ်မပြည့်ခင် လိုက်ပွဲတစ်ပွဲပါ ကိစ္စချောသွား၏။

ညိုမောင့်ဘေးမှာလည်း စားနေကျ ဖောက်သည်တွေ ရောက်လာ ပြီဖြစ်သည်။ သော်သော်က အသုပ်တစ်ပွဲကို သုတ်ပေးနေရသည်။ အသုပ်





က အချိန်တော်တော်လေးယူသည်။ ထည့်ရတာကအစုံ၊ ပြီးတော့ နယ် ဖတ်ပေးရသေး၏။ ပေါ့လို့၊ ငန်လို့၊ ဘာလိုနေမှန်းမသိလို့ဆိုတာတွေက လည်း ရှိသေး၏။အသုပ်တစ်ပွဲသုပ်ချိန်တွင် ထမင်းကြော်ဆိုလျှင် ခြောက် ပွဲလောက်ပြင်ပေးနိုင်၏။

ညိုမောင် သူ့ပန်းကန်ကို ဇလားထဲထည့်ပြီး သော်သော့်ကို ကူလုပ်ပေးသည်။

"ရပါတယ် ကိုညိုရယ်၊ ကုမ္ပဏီမှာ အလုပ်ရတဲ့သူက ဒီလိုအလုပ် မျိုးကို ဝင်ကူမနေပါနဲ့၊ ထားခဲ့ပါ"

"သော်သော့်ကို မခနဲ့တတ်ဖူးထင်နေတာ၊ သော်သော်လည်း ခနဲ့တတ်သားပဲနော်"

"ဟုတ်တာကို ရင်ထဲကအတိုင်းပြောတာပါ ကိုညိုရယ်၊သော်သော် ကို တကယ်ကူညီချင်ရင်လေ ကိုညိုတို့ကုမ္ပဏီမှာပဲဖြစ်ဖြစ်၊ ကိုညိုနဲ့သိတဲ့ အခြားကုမ္ပဏီတွေမှာပဲဖြစ်ဖြစ် အလုပ်လိုရင် သော်သော့်ကို ပြောပါ ကိုညိုရယ်နော်"

သော်သော့်စကားကြောင့် ညိုမောင်စိတ်မကောင်းဖြစ်သွားသည်။ အင်းလေ သူလည်း ဒီအရွယ်မှာ ထမင်းကြော်နဲ့ အသုပ်ကို တစ်သက် လုံး ဘယ်ရောင်းချင်ပါ့မလဲ။ ဒါပေမယ့် သူကလည်း ဒီနေ့မှစ အလုပ်ဆင်း မည့်လက်သစ်။ သော်သော်အားကိုးမှုကို သူနားလည်နိုင်ပါသည်။

သွက်လက်သော သော်သော့်ကို သေသေချာချာပင် ညိုမောင် ကြည့်သည်။ သော်သော့်မျက်နှာပေါက်သည် အရမ်းချောသည်ဟုသော စာရင်းထဲတွင် မပါပါ။ မျက်လုံးနှင့် နှာတံတော့ ပီရိသေသပ်ပါသည်။ ဆံပင်နှင့် ကိုယ်လုံးကိုယ်ပေါက်ကတော့ ကိုယ့်ဆရာတို့အကြိုက်ဖြစ်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်။ သော်သော်မျက်နှာကျသည် မြန်မာမိန်းကလေး အတော်များများတွင် တွေ့ရလေ့ရှိသော မြန်မာဆန်မှုအပြည့်အဝရှိပါသည်။

"သော်သော်က ကျောင်းနဲ့ဆိုင်၊ ဆိုင်နဲ့ကျောင်းဖြစ်နေတော့ အဲဒါတွေကို အားမထားနိုင်လို့ပါ၊ အဲဒါကူညီပါနော်...ကိုညို"

"အေးပါ သော်သော်ရယ်၊ ကျွန်တော်ကလည်း ကုမ္ပဏီဆိုတာကို ဒီနေ့မှစပြီး အလုပ်ဆင်းမယ့် ငတိပါ၊ ကုမ္ပဏီကအသိဆိုလို့ တိုးလွင်တစ်ယောက်ပဲရှိသေးတယ်"

"ဒါကတော့ လုပ်ရင်းနဲ့ သိသွားမှာပေါ့ ကိုညိုရယ်၊ သော်သော်လေ ကိုယ့်အရည်အချင်းပေါ်မှာမူတည်ပြီး ဘဝပြောင်းလဲနိုင်မယ့် အလုပ်မျိုးကို လိုချင်တယ် ကိုညိုမောင်ရယ်၊ ဘယ်လောက်ပဲ ပင်ပန်းပါစေ သော်သော် လုပ်နိုင်ပါတယ်"

နွမ်းလျသည့် မျက်နှာနှင့် ပြောလာသော သော်သော့်ကို ညိုမောင်ငေးကြည့်နေမိသည်။ သော်သော့်အရွယ် သော်သော်လို ခံစားချက်နဲ့ မိန်းကလေးတွေ မြန်မာနိုင်ငံမှာ ဘယ်လောက်များရှိနေမလဲ။

"အခု ထမင်းရောင်းတယ်ဆိုတာက သော်သော် ဘယ်လောက်ပဲ အပင်ပန်းခံခံ ကောင်းအောင်ချက်ချက်၊ အချိန်တန်ရင် ဒီစားနေကျလူရဲ့ ဒီအမြတ်ကလေးနဲ့ပဲ ဘဝအတွက် ဘာမှအာမခံချက်ရှိတာမဟုတ်ဘူး ကိုညိုမောင်၊ ဘာမှလည်း တိုးတက်မလာနိုင်ဘူး"

"သော်သော်က ကျောင်းဘယ်တော့ပြီးမှာလဲ"

"ရှေ့လစာမေးပွဲ ကိုညိုမောင်၊ သေချာပါတယ်၊ သော်သော် အောင်မှာပါ၊ သော်သော်တောင်းတဲ့အကူအညီကိုသာ..."

"စိတ်ချပါ သော်သော်ရယ်၊ သော်သော်ပြောတဲ့ စကားတွေအားလုံး





ကျွန်တော့်ရင်ထဲကို ရောက်ပါတယ်၊ ကျွန်တော်အမြဲမှတ်မိနေမှာပါ၊ ကျွန်တော် တခြားကုမ္ပဏီတွေနဲ့ ဆက်ဆံခွင့်ရတဲ့အခါဘိုင်း သော်သော့်အတွက် စုံစမ်းပေးပါ့မယ်"

တည်ကြည်လေးနက်စွာ ညိုမောင်ကတိပေးမိသည်။

အရင်တုန်းက သော်သော့်ကို ဈေးရောင်းတာ ပျော်ရွှင်သွက်လက်နေသည်ဟု ထင်ခဲ့သည်။ အခုမှ သော်သော်သည် ခန္ဓာကိုယ်နှင့် လက်ကသွက်သော်လည်း နှလုံးသားကလေးက နွမ်းယဲ့နေပါလားဟု သတိထားမိသွားသည်။

သော်သော်တို့ဆိုင်က ပြန်လာတော့ သူ့ဘဝအပြင် ရင်ထဲမှာ ဘဝအပိုလေးတစ်ခုပါ ကပ်ငြိလာကြောင်း ညိုမောင် မရိပ်မိခဲ့ပါ။ သို့သော် အဲဒီနေ့က ကုမ္ပဏီကိုရောက်သည်အထိ သော်သော့်အကြောင်းသာ တွေးနေမိသည်။

Ð Ð Ð



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

တိုးလွင်က ၇ နာရီကတည်းက မှာထားသဖြင့် ညိုမောင့်ကို ခေါ်မနေတော့ဘဲ ထွက်သွားသည်။ ကုမ္ပဏီကားမောင်းရသည်ဆိုတာက အချိန်ကို ကိုယ်ကမပိုင်သောဘဝမျိုးဟု တိုးလွင်က အစောကြီးကတည်းက ပြောပြထားဖူးသည်။

ညိုမောင် အဆောင်မှာ ၉ နာရီထိုးအောင် တစ်ယောက်တည်း ထိုင်စောင့်နေရသော တုန်လှုပ်မှုထက်စာလျှင် ရင်ခုန်မှုထက်စာလျှင် အလုပ်ကို စောစောသွားနေလိုက်တာက ပိုကောင်းမည်ဟု စဉ်းစားပြီး (၈:၁၀) နာရီမှာ အလုပ်သို့ထွက်လာခဲ့သည်။

ညိုမောင် လမ်းထိပ်ရောက်တော့ ဆိုင်သိမ်းကာစ သော်သော့်ကို ပြုံးပြခဲ့ရသည်။ ဘာကြောင့်မှန်းတော့မသိ။ သော်သော့်ရှေ့ကနေ





ကုမ္ပဏီကို အလုပ်ဆင်းရတာ ဘာကိုမှန်းမသိ မျက်နှာပူနေမိသည်။ ညိုမောင်သည် အဲဒီလို ကောင်မျိုးဖြစ်ပါသည်။

ရုံးကိုရောက်တော့ ဖွင့်ကာစပင်ရှိသေးသည်။ ကံကောင်းစွာပင် ညိုမောင် ဦးဌေးဝေနှင့်သွားတွေ့သည်။ ညိုမောင် တစ်ရွာတည်းသား ဦးဌေးဝေနှင့် အေးအေးဆေးဆေးတစ်ကြိမ်မှ မတွေ့ရသေးပါ။ အခုတောင် ဦးဌေးဝေက ကားသုတ်နေသဖြင့် အားမအား မသေချာ။

"ဦးဌေးဝေ"

"ဟာ...ညိုမောင်ကြီး၊ ဘယ်နဲ့စောလှချည်လား၊ မင်းအလုပ်ရတာ ဝမ်းသာတယ်ကွာ၊ တစ်ရွာတည်းသားချင်းလည်းဖြစ်တော့ ပျော်လည်း ပျော်တယ်၊ ဘယ်နဲ့စောလှချည်လား"

"အဆောင်မှာ ထိုင်နေလည်း မထူးတာနဲ့လေ၊ အခု ဦးဌေးဝေ ကားအားတယ်မဟုတ်လား"

"ကား... မင်းက ဘယ်သွားချင်လို့လဲ"

"အာ...မဟုတ်ပါဘူး၊ ဦးဌေးဝေကလည်း ကားအားရင် ဦးဌေးဝေ လည်းအားပြီပေါ့၊ ဒီတော့ ဦးဌေးဝေကိုတစ်ခုခုကျွေးမလို့ခေါ်တာ၊ အောင်စာရင်းထွက်တဲ့နေ့ကလည်း ဦးဌေးဝေက အားမှမအားတာကိုး"

ဦးဌေးဝေက နာရီကိုကြည့်သည်။

"မကြည့်နဲ့၊ ၉ နာရီနဲ့ ၃ မိနစ်ပဲရှိသေးတယ်"

"ဒါဆိုအဆင်ပြေတယ် ငါ့ကားကိုစီးတဲ့ မယ်တော်တွေက ၁၀ နာရီလောက်မှလူစုံတာကွ၊ အဲဒီနောက်ပိုင်းဆိုရင်တော့ မင်းကိုငါပြုံးပြဖို့တောင်အချိန်မရှိဘူး မှတ်တော့"

"ဦးဌေးဝေက သူတို့ကိုဘယ်တွေလိုက်ပို့ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မားကက်တင်း(န်)တဲ့ကွာ၊ ဈေးတွေရော စူပါမားကက်တွေရော၊ လမ်းဘေးစတိုးဆိုင်တွေရော၊ ရပ်ကွက်ထဲကဆိုင်တွေရော စုံနေတာပဲ၊ ခက်တာက အဲဒီလို ဆယ့်ငါးရက်လောက် ဝီခေါ်အောင်သွားပြီးရင်လည်း တစ်ပတ်လောက် ငါက ဘာမှ မလုပ်ရပဲ အားနေပြန်ရောကွ"

သူတို့ ကုမ္ပဏီနှင့် သိပ်မဝေးသော လမ်းဘေး လက်ဖက်ရည်ဆိုင်ကလေးမှာထိုင်ပြီး ဦးငွေဝေ မေးသောရှာအကြောင်းကို ညိုမောင်က ဖြေပေးရသည်။ ဘယ်ကာလသားဖြင့် အိမ်ထောင်ကျသွားပြီး၊ ဘယ်သူဖြင့် ဆုံးသွားပြီ စသည်တို့ဖြစ်သည်။ ဦးငွေဝေက ညိုမောင် ရန်ကုန်မတက်ခင် တစ်လလောက်က ခွင့်နှင့်ရွာကို တစ်ပတ်လောက်ပြန်လာသေးသဖြင့် သတင်းထူးအဆန်းသိပ်မရှိလှပါ။ ဦးငွေဝေးရန်ကုန်အပြန်မှာပင် ညိုမောင်၏ C.V Form ကို တင်ခဲ့တာမဟုတ်လား။

"ဩော်...မေ့နေလို့ ညိုမောင်၊ ချိုတူးရယ်၊ သူ့အစ်မ မိစန်းရယ်၊ ရန်ကုန်ရောက်နေကြတယ်၊ မင်္ဂလာဈေးမှာ အလှူအတွက် ပစ္စည်းတွေလာဝယ်ကြတာပြောတာပဲ၊ စတုဘုံမှီကမှာတည်းတယ်တဲ့၊ မင်းအလုပ်ရတာ ရွာကိုစာရေးချင်ရင် ရေးပြီးသွားပေးလိုက်လေ၊ မြန်တာပေါ့"

"ဟာ...ဟုတ်လား၊ စနေနေ့အထိ ရှိဦးမလား"

"ရှိဦးမယ်၊ နောက်ထပ်တစ်ပတ်တော့ ကြာဦးမယ်ပြောတာပဲ"

"လူတွေရောက်လာကြပြီးဆိုတော့ သွားကြရအောင် ဦးငွေဝေ၊ ရှင်းမယ်..."

"အေး...နေစမ်းပါဦး၊ မင်းက ဘယ်နေရာမှာ တာဝန်ကျတာလဲ"

"စာဝင် စာထွက်တဲ့"

"ဟာ...ဒါဆို ဝင်ဝင်ချင်းပဲ ကောင်းတာပေါ့ကွ"





ဦးငွေဝေက "ကောင်းတာပေါ့ကွ" ဟု ပြောသောနေရာကို သူသတင်းပို့ပြီး အလုပ်စဆင်းတော့ ထိုနေရာကို သူရောက်လာတာကို တော်တော်များများက အံ့သြနေကြသည်။ စာဝင် စာထွက်ဌာနတွင် ညိုမောင့်အတွက် အလုပ်ဖော်မိတ်ဆွေ သုံးဦးထပ်တိုးသည်။

ပထမတစ်ယောက်က ကိုသက်ဝင်းဖြစ်သည်။

ညိုမောင့်ထက်ကြီးသည်။ စကားနည်းသည်။ တည်ကြည်ဖြောင့်မတ်သည်။ အလုပ်ကို စနစ်တကျကျွမ်းကျင်သူဖြစ်ကြောင်း၊ ခိုင်းသည့်အခါတွင် ပြောသောစကားများကိုကြည့်၍သိသာသည်။

နောက်သုံးယောက်က ဝါဝါဦး၊ သူဇာနှင့် ရီရီထွေးတို့ဖြစ်သည်။

ရီရီထွေးက ကုမ္ပဏီသို့ လူမှုရေးအရဖြစ်စေ၊ အလုပ်ကိစ္စဖြင့်ဖြစ်စေ၊ တွေ့ဆုံရန်လာသော ဧည့်သည်များအား ခဏစောင့်ဆိုင်းရန် နေရာပေးပြီး၊ ထိုတွေ့ချင်သူရှိသည့်ဌာနသို့ ဖုန်းဆက်ပြီး ခေါ်ပေးရသည့် ကိစ္စကိုလုပ်သည်။ ထိုအလုပ်သည် တစ်ရုံးလုံးမှာရှိသည့် ဝန်ထမ်းတွေ ဘယ် Section မှာ ရှိသည်ဆိုတာကို သိထားမှဖြစ်မည်။ ပြီးတော့ လူမှုရေး၊ ကုမ္ပဏီကိစ္စနှင့်လာသော ဖုန်းများကို လိုင်းခွဲခွဲပေးရသည်။ Solo ကုမ္ပဏီတွင် ချစ်မင်းစိုး၊ လမင်းနှင့် M-D ဒေါ်ချစ်ချစ်စုတို့မှလွဲ၍ ဘိုက်ရိုက်ဖုန်းမရှိပါ။ လုံးဝပေးမထားပါ။ Reception မှ ဖုန်းလိုင်းခွဲဖြင့်သာ သွားရသည်။ ထိုဖုန်းကိစ္စကို သူဇာက ကူညီပေးတတ်ပြီး သူဇာ၏ ပင်မအလုပ်က ထွက်စာများကို Solo ကုမ္ပဏီ တံဆိပ်ရိုက်ခြင်း၊စာအိတ်ပိတ်ခြင်း၊ ချိတ်ပိတ်ခြင်း စသည်တို့ဖြစ်သည်။

ဝါဝါဦးကတော့ ဝင်စာများအားလုံးကို ဝင်စာနံပါတ်နှင့်အတူ မှတ်တမ်းယူ၊ ဝင်စာနံပါတ်ရေးပြီး၊ သူ့ဌာနစိတ်အလိုက်ခွဲဝေပြီး ပို့င်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုစီသီးခြားခွဲပြီး M-D မှတစ်ဆင့် လမင်းစိုးနှင့် ချစ်မင်းစိုးတို့ဆီသို့ တင်ရခြင်းဖြစ်သည်။ ထိုစာတွေကို ချစ်မင်းစိုးတို့မောင်နှမက ဖတ်ပြီး သူ့ Section အလိုက် ပြန်ခွဲဝေပေးတော့မှ လုပ်ငန်းက စကြခြင်းဖြစ် သည်။

ကိုသက်ဝင်းကတော့ နယ်ကိုယ်စားလှယ်လွှဲစာများ၊ Bank Account များ၊ ချက်လက်မှတ်များကို သီးသန့်ကိုင်သည်။

"ကိုညိုမောင့်ကို ကျွန်တော်ပေးချင်တဲ့ တာဝန်က ဝါဝါဦးနှင့် တွဲဗျာ၊ ဘယ်လိုစာကို ဘယ် Section ကို တင်ရတယ်၊ ဘယ်လိုခွဲရ တယ်၊ Record ဘယ်လိုသွင်းရမယ်၊ ဝင်စာနံပါတ် ဘယ်နေရာမှာ ရေးရ မယ်ဆိုတာတွေကို ဝါဝါဦးက ပြပေးလိမ့်မယ်၊ ခက်ခက်ခဲခဲမရှိပါဘူးဗျာ၊ Section ခွဲတာက တစ်ပတ်ဆို မှတ်မိတာပါပဲ၊ အရေးကြီးတာက နံပါတ်တွေ မမှားဖို့ အဓိကဘဲဗျ"

"ဟုတ်ကဲ့...ကျွန်တော် ကြိုးစားပါ့မယ်"

ညိုမောင်တကယ်ပင်ကြိုးစားပါသည်။ ခက်တာက ဝါဝါဦးရော သူဇာနှင့် ရီရီထွေးတို့ကပါ ညိုမောင့်ကို 'ဦး' ဟုခေါ်ကြခြင်းပင်ဖြစ်သည်။ သူ့ထက်ငယ်သည်ဆိုတာကိုတော့ ညိုမောင်သိပါသည်။ သို့သော် ဦးဟု ခေါ်တာတော့ လွန်သည်ဟုထင်သည်။

ဝါဝါဦးဆိုသည့် ကောင်မကလေးက ဝဝကစ်ကစ်ကလေး ခင်ချင်စရာကောင်းသည်။ ရယ်လိုက်ရင် ပါးချိုင့်ကလေးကလည်း ပါသေး၏။ သူ့နှမသာဆိုလျှင် ညိုမောင်သည် ဝါဝါဦးကို ပါးဆွဲလိမ်ပြီး စစနေမိမှာ သေချာသည်။

ဆယ့်တစ်နာရီထိုးလောက်မှာ ဝင်စာတွေကျဲသွားသည်။

"ကဲ...ဦး ခဏနားလို့ရပြီ၊ ညနေ ၃ နာရီလောက်မှ ပြန်အလုပ်





ရှုပ်မှာ"

"နင်တို့ထက် ငါက အသက်ကြီးတာတော့ သိပါတယ်ဟာ၊ ဒါပေမယ့် ဦးလို့ခေါ်ရလောက်တော့ မဟုတ်သေးဘူးနဲ့တူတယ်"

"အာ...ဘာဖြစ်လို့ မတူရမှာလဲ တူတာပေါ့၊ ဝါဝါတို့က ခုမှ ၁၀ တန်းအောင်တာ၊ နေပါဦး ဦးတို့ကို ဘွဲ့ရခေါ်တာ ဦးက ဘာဖြစ်လို့ ဒီ Reception ကို ရောက်လာရတာလဲ"

"အင်းလေ ကျန်တဲ့လူတွေကျတော့ ရေးရာတွေကိုင်ရတယ်"

"ယောကျ်ားလေးနှစ်ယောက်မှာ တစ်ယောက်ကို ဒု-ခွဲမှူးလား ဖြစ်သွားတယ်၊ ဦးကျမှဘာဖြစ်လို့ ဒီကိုကျရတာလဲ"

"ဟဲ့...ကောင်မလေးတွေ..."

ဝါဝါတို့သုံးယောက်ဇက်ကလေးတွေပုပြီး လျှာကလေးတွေ တစ်လစ်ဖြစ်ကုန်ကြ၏။ ကိုသက်ဝင်းသည် ကိုယ်နှင့်မဆိုင်သောကိစ္စများကို စပ်စုတာမကြိုက်ပါ။

"ရပါတယ် ကိုသက်ဝင်းရဲ့၊ သူတို့က ရိုးရိုးမေးတာပဲဟာ၊ ကျွန်တော်က ဒီအလုပ်ကလွဲရင် ဘယ်အလုပ်ကိုမှ မလုပ်ဖူးဘူးလေ၊ ဒီ နေရာက အောက်ခြေအကျဆုံးနေရာလို့ ဟို....အဲဒီလေ..."

ညိုမောင်က လမင်းရှိရာအခန်းကို လက်ညှိုးထိုးပြရင်း လမင်းစိုးကို ဘယ်လိုနာမ၊ ဝိဂြိုဟ်ပြုရမယ်မှန်းမသိဖြစ်နေ၏။

"အို...လက်ညှိုးကြီးမထိုးနဲ့လေ၊ အဲဒီမမကို G-M လို့ခေါ်ရင် ရတယ်"

"ဟုတ်ပြီ၊ သူက ပြောပြီးတော့မှ ခန့်တာပါ၊ ကျွန်တော်လည်း အခြေခံအဆင့်ကစပြီး သင်တာအကောင်းဆုံးဆိုတော့ ကျေနပ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဦးက ဘာနဲ့ဘွဲ့ရတာလဲဟင်"

"အီကိုနဲ့"

"ဟင်...ဒါဆို ရေးရာတစ်ခုတော့ ကောင်းကောင်းထားလို့ရတာပဲ၊ ဟာ...တလောက ရိုးရိုးဘွဲ့ရတွေကိုတောင်မှပဲ ရေးရာတွေမှာ တွဲဖက်တွေခန့်တဲ့ဟာ အခု Reception မှာ များလာတွဲရတယ်လို့"

"နောက်ကျတော့လည်း မ G-M က ခန့်မှာပေါ့ဟာ"

ညိုမောင့်စကားဆုံးတော့ ဝါဝါဦးတို့သုံးယောက် လမင်းရှိသည့် အခန်းဘက်ကိုကြည့်၍ ရယ်လိုက်ကြသည်။ ဝါဝါတို့ရယ်တာက ညိုမောင်၏ 'မ G-M' ဆိုသောအခေါ်ကိုသဘောကျသောကြောင့် လမင်းအခန်းကို လှမ်းကြည့်ရင်း ရယ်ကြခြင်းဖြစ်သည်။

"G-M ဆိုရပါပြီ ဦးရဲ့"

"လူကြီးဆိုတော့ လေးစားရမယ်လေဟာ"

ညိုမောင့်စကားဆုံးတော့ ကောင်မကလေးတွေက ရယ်ပြီး သူရှိရာအခန်းဘက်ကို လှည့်လှည့်ကြည့်ကြကြောင်းကို အခန်းထဲက လမင်းတွေ့နေရသည်။ ဧကန္တ ဒီကောင် သူ့ကားကိုတွန်းပေးခဲ့ရတဲ့အကြောင်းကို ဖောက်သည်ချနေတာပဲဖြစ်ရမည်။

တွေးပြီးသည်နှင့် တွေးပြီးသောအတွေးကို ယုံကြည်သော ယုံကြည်မှုနှင့် ထိုယုံကြည်မှုမှလာသော ဒေါသကို လမင်းတစ်ဆက်တည်း လက်ခံလိုက်သည်။ ဒီနေ့မှာ အလုပ်ဝင်တဲ့သူက ဒီကလေးမတွေနဲ့ ဟီးဟီး ဟားဟား ဖြစ်စရာဆိုလို့ သူ့အကြောင်းကို ပြောတာတစ်ခုပဲ ဖြစ်ရမည်။ သူ့အကြောင်းဆိုလျှင်လည်း 'ကား'ကိစ္စသာဖြစ်ရမည်။





လမင်းစိုးသည် သူ့ကိုယ်သူ တော်တော်ဒေါသဖြစ်၍သွားသည်။ ကိုကို့ကို အတိုက်အခံပြောပြီး ဒီတော်ကို မခန့်ဘဲထားလျှင်ရလျက်သား နှင့် ဥက္ကာကျော်နှင့် အလဲအလှယ်သဘောမျိုးလုပ်၍ထည့်ခဲ့မိသည်။ အခု ဒီကောင်က သူ့အရှက်ကိုခွဲနေပြီ။ ဒီကောင်မကလေးတွေသိသွားလျှင် သူ့ကားပျက်သည်ကို တစ်ရုံးလုံးသိကြလိမ့်မည်။ ဒါဆိုလျှင် အင်တာဗျူးမေးသည့်နေ့က အဖြူရောင်ဝတ်စုံနှင့် ကုမ္ပဏီတစ်ခုလုံးကငေးခဲ့ရသော သူမသည် လမ်းမှာကားပျက်နေသည်။ ထို့ကြောင့် အင်တာဗျူး အချိန်ကို ရွှေ့ခြင်းဖြစ်သည်ဆိုတာတွေပါ မီးခိုးကြွက်လျှောက်ပေါ်ကုန် တော့မည်။

လမင်းဒေါသနှင့် လှမ်းကြည့်တော့ အလုပ်အားစပြုနေပြီဖြစ်သော Reception မှာ ညိုမောင်ပြောနေသောစကားကို ကောင်မကလေးသုံးယောက်က စိတ်ဝင်တစားနားထောင်နေကြတာကို မီးခိုးရောင်မှန်ထဲမှ လှမ်းတွေ့နေရသည်။ လက်က လူခေါ်ခေါင်းလောင်းဆီရောက်သွားပြီး ဖြစ်သည်။

ငယ်ရွယ်သူတို့ ဒေါသသည် ဆင်ဆိုးတစ်ကောင်လို အင်အားကြီးပြီး မြွေဆိုးတစ်ကောင်လို အဆိပ်ပြင်းသည်။ လမင်းစိုး၏ အတွင်းရေးမှူးမကလေး သစ်သစ်ဝင်လာသည်။

"ဟုတ်ကဲ့...မမ"

"Reception က ဒီနေ့မှ အလုပ်ဆင်းတဲ့သူကို အခန်းထဲလွှတ်လိုက်၊ ပြီးတော့ ရုံးတက် ရုံးဆင်းလက်မှတ်စာအုပ်ယူလာခဲ့"

"ဟုတ်...မမ"

ကောင်မကလေးထွက်သွားတော့ လမင်းစိုး စိတ်လှုပ်ရှားနေသည်။ ထို့ကြောင့် ရေထသောက်သည်။ သူလုပ်မည့် ကိစ္စသည် ဒုပ်ပြသဘာဝ



www.burmeseclassic.com

www.burmeseclassic.com



မကျမှန်းတော့ သူသိပါသည်။ ဒါပေမယ့် လမင်းစိုးသည်ထွက်ပြီးသား ဆင်စွယ်ကို ပြန်သိမ်းလေ့မရှိ။ လမင်းစိုး ရေညှိရောင်ကတ္တီပါလိုက်ကာ တွေကိုချလိုက်သည်။

ညိုမောင် အခန်းထဲဝင်လာပြီး အခန်းတံခါးဝကျောက်ကျောက်မှာပင် ရပ်၍နေသည်။ ထိုအချိန်တွင် သစ်သစ်က စာအုပ်ကိုချပေးပြီး လမင်းစိုးက လက်ခါလိုက်သဖြင့် ဘာမှမပြောဘဲ ပြန်ထွက်သွား၏။

"ထိုင်ပါ"

ညိုမောင် ဝင်ထိုင်သည်။ ဘာမှန်းမသိသေးသဖြင့် မျက်နှာ ဘယ်လိုထားရမယ်မှန်းမသိဖြစ်နေတာကို လမင်းစိုးကောင်းကောင်းသိ သည်။

"မင်း အလုပ်ပြီးသွားပြီလား"

"ဟုတ်ကဲ့၊ မနက်ခင်း ဝင်စာတွေကို Section အလိုက်ခွဲပြီး ပါပြီ"

လမင်းစိုးက ခေါင်းကို သုံးလေးချက်ညိတ်ရင်းမဲ့သည်။

"မင်း ဟိုကောင်မလေးတွေနဲ့ ဘာတွေပြောပြီး ရယ်နေတာလဲ"

"ဗျာ..."

ထင်မှတ်မထားသော မေးခွန်းဖြစ်သဖြင့် ဘာဖြေရမှန်းမသိဘဲ ကြောင်အမ်းသွားသည်ကို အတိုင်းသား လမင်းစိုးမြင်နေရသည်။

"မင်း....ငါ့အကြောင်းကို ပြောပြပြီး ရယ်နေတာမဟုတ်လား"

"ဗျာ..."

ဒီ'ဗျာ' ကတော့ မျက်နှာပါပျက်ပြီး ဘာလုပ်ရမှန်းမသိတော့ လောက်အောင် ဖြစ်သွားတာသေချာသည်။ ဒါဆိုလျှင် သူ့အကြောင်းကို





ပြောနေကြတာသေချာပြီဟု လမင်းစိုး ဆုံးဖြတ်လိုက်ပြီး ခုနက မပီမပြင် ရှိနေသောဒေါသသည် စစ်စစ်မှန်မှန်ကို ဒေါသထွက်ခွင့်ရသွားပြီ ဖြစ် သည်။

"မင်း...ငါ့အကြောင်း ဘာတွေပြောတာလဲ ပြောစမ်း"

"............."

ညိုမောင်မဖြေနိုင်ပါ။ သူက 'မ G-M" လို့ခေါ်တာကို ဝါဝါဦး တို့ ရယ်တာတော့ တကယ်ပင်ဖြစ်သည်။ သို့သော် 'မ G-M' လို့ ပြောတာကိုသွားပြောလို့ ဘယ်ကောင်းပါ့မလဲ။

"မင်း မဖြေနိုင်တော့ဘူး မဟုတ်လား၊ ငါသိတယ်၊ မင်းငါ့ အကြောင်းပြောပြီး၊ ငါ့ကိုဝိုင်းရယ်နေကြတယ်ဆိုတာ ငါသိတယ်၊ **မင်းမှာ** အပြစ်ရှိသလား မရှိဘူးလား"

"ရှိပါတယ်"

ညိုမောင်က တိုးတိုးကလေးဆိုသည်။

"ခုနက ရယ်ရယ်မောမောအသံနဲ့ပြောသလို ပြောပါကွ၊ ဒီမှာ မှတ်ထား မင်းလိုကောင်က ငါ့အကြောင်းပြောပြီး ဘယ်တော့မှ လှောင် စရာမလိုဘူး သိရဲ့လား"

"..................."

"ကောင်းပြီ၊ မင်းရှေ့က စာအုပ်က ရုံးဆင်းရုံးတက်လက်မှတ် ထိုးရတဲ့စာအုပ်၊ အဲဒီစာအုပ်ထဲက နာမည်တွေ၊ ရာထူးတွေကို အစဉ် လိုက် သူ့အတိုင်း သုံးလစာကူးရေး၊ ပြီးရင်း Section (8) ကို သွားပို့၊ အဲဒါ မင်းကိုငါပေးတဲ့အပြစ်ပဲ"

"ဟုတ်ကဲ့..."

"သွားတော့"



www.burmeseclassic.com

www.burmeseclassic.com

ညီမောင်သည်စာအုပ်ကို လက်နှစ်ဖက်ဖြင့်ကောက်ယူပြီး ခေါင်းကိုငုံ့၍ အခန်းထဲမှ ထွက်သွားသည်။ လမင်း လယ်သာဆိုဖာကုလားထိုင်နောက်မှီကို အားရပါးရ မှီချရင်း ခန္ဓာကိုယ်ကို ငြိမ်နေလိုက်သည်။

ခန္ဓာကိုယ်ထဲတွင်ရှိသော သူ့စိတ်သည် အနိုင်ရလိုက်သည့်တိုင် ဘာကိုအလိုမကျဖြစ်နေတာလဲဆိုတာ မသိနိုင်ပါ။ အရင်တုန်းက သူ့ဝန်ထမ်းတစ်ယောက်ကို ပညာပြန်ပေးလိုက်ရလျှင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပိုရှိလာပြီး အားရသွားလေ့ရှိသည်။ အခုဒီလိုမဖြစ်။ မခံစားရ။

ဘာဖြစ်လို့လဲကွယ်။

Ð Ð Ð

"ဟင်...ဦးကိုခေါ်ပြီး ဘာကြီးပေးလိုက်တာလဲ"

"ရုံးဆင်း ရုံးတက်လက်မှတ်စာအုပ်၊ ဒီထဲက နာမည်တွေကို သုံးလစာကူးရမယ်တဲ့ ဝါဝါရ"

"ဟင်.... ဘာဆိုင်လို့လဲ၊ သူဇာတို့က Reception ကလေ၊ အဲဒါတွေလုပ်စရာမှမလိုတာ"

"နင်တို့ မပါပါဘူးဟာ၊ ဒါငါတစ်ယောက်တည်း လုပ်ရမှာ"

မကျေမနပ်နှင့် ဝင်ပြောသော သူတို့ကို ညီမောင်လေအေးအေးဖြင့်သာ တုံ့ပြန်သည်။ ညီမောင် မရှင်းတာက သူတို့ဒီမှာ 'မ G-M' လို့ ခေါ်လိုက်တာကို အခန်းထဲမှာ ထိုင်နေသော လမင်းစိုး ဘယ်လိုလုပ်ကြားသွားသလဲဆိုတာပဲဖြစ်သည်။

ပြောပြတော့ ရီရီထွေးတို့လည်း အံ့သြကုန်ကြသည်။

"ဒါဆို ရီတို့ပြောတာကို မမက ဘယ့်နှယ်လုပ်သိရတာလဲ၊





ရီတို့ပြောနေတုန်းက အနားမှာ ဘယ်သူမှလည်း မရှိပါဘူး"

"ဟဲ့... နိုင်ငံခြားကားတွေထဲကလို လျှို့ဝှက်အသံဖမ်းစက်တွေ ဘာတွေများတပ်ထားလား မသိဘူး သူဇာ"

ဝါဝါက အလန့်တကြားဆိုသည်။

"အဲဒါတော့ ငါလည်းမသိဘူး၊ အပြောအဆိုတွေ ဆင်ချင်ကြပေါ့ကွာ"

ညီမောင်ကတော့ ဘာမှပြောမနေတော့ပါ။ လမင်း၏ စူးရဲသော အကြည့်သည် သူ့နှလုံးသားထဲကို တိုက်ရိုက်ရောက်သည်ဟု ခံစားရသည်။ ပြီးတော့ ညီမောင်က လမင်းစိုးကို ခမ်းနားသောအခန်းကြီးထဲ မှာ တစ်ယောက်တည်း အကျဉ်းကျနေသူဟုထင်သည်။ လမင်းစိုးသည် ဘယ်အချိန်မှာ ရုံးသို့ရောက်နေတတ်သလဲတော့မသိ။ ညီမောင့်ရှေ့က ဖြတ်ပြီး ရုံးထဲသို့ ဝင်တာကို ညီမောင် တစ်ခါမှမတွေ့ဘူးပါ။

ညီမောင် ဒါတွေကို စဉ်းစားမနေတော့။ သူ့ကို လုပ်ခိုင်းထားသည့် နာမည်တွေကိုပဲ စိတ်ရှည်လက်ရှည်နှင့် ကူးနေလိုက်သည်။ ညီမောင်က ဘုန်းကြီးကျောင်းသားဖြစ်သည့်အတွက် ညီမောင့်လက်ရေး သည် ပေစာတွင်ရေးသည့်လက်ရေးလို ဝိုင်းဝိုင်းစက်စက်နှင့် ညီညာလှပ သည်။

ကျောင်းမှာဆိုလျှင် ဆရာတော်ကြီးက ဆေးကျမ်း၊ အင်္ဂုတ္တိုရ်ကျမ်းနှင့် ဆရာတော်ကြီးသဘောကျသော ဒီပနီကျမ်းများကို ဒိုင်ခံကူးရသည်က ညီမောင်ပင်ဖြစ်သည်။ ကြမ်းပြင်ပေါ်မှာ ဝမ်းလျားမှောက်လျက် ညီမောင်စာကူးရသည်။ ညီမောင်ကူးပြီးသွားသော ပေစာရွက်များကို ဆရာတော်ကြီးက တစ်ချပ်ချင်းအနားမှ ကောက်ယူဖတ်ရင်း ပါဠိ၊ ပါဠိ သား အမှားအယွင်းကိုစစ်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခု ညိုမောင် စာကူးရတာတွေက နာမည်တွေဖြစ်သည်။ ပြီးတော့ Air-con အခန်းထဲက နောက်မှီပါသော လယ်သာကုလားထိုင်ကြီး ပေါ်မှာဆိုတော့ ညိုမောင့်အတွက်တော့ သက်သောင့်သက်သာရှိလှလွန်းသည်။

ဘဏ်ကပြန်လာသည့် ကိုသက်ဝင်းက လက်မှတ်စာအုပ်ကို ကူးရေးနေသော ညိုမောင့်ကိုတွေ့တော့မေးသည်။ ညိုမောင်က ပြောပြ တော့ ကိုသက်ဝင်းမျက်နှာက တစ်ချက်တင်းမာသွားသည်။

"ငါ့ Section က လူကို တခြား Scetion က အလုပ်တွေ ခိုင်းတာ ငါမကြိုက်ဘူး၊ မင်းတို့အလုပ်ပြီးလို့ ရယ်ရယ်မောမောနေတာ ဘာမှအပြစ်မရှိဘူး၊ ကောင်းပြီ၊ ဒီကိစ္စကိုတော့ ငါပြောရလိမ့်မယ်"

"ဆရာ..."

ညိုမောင်လှမ်းခေါ်သော်လည်း မရတော့။ ကိုသက်ဝင်းက အေးဆေးတည်ငြိမ်စွာပင် လမင်းစိုး၏ အခန်းထဲသို့ ဝင်သွားပြီဖြစ်သည်။

"ဆရာက မဟုတ်ရင်ခံတဲ့သူမဟုတ်ဘူး၊ မမလမင်းစိုးကလည်း မာနခဲ၊ ဒုက္ခပါပဲဟယ်"

သူစာတို့အုပ်စု ဘာလုပ်ရမှန်းမသိတော့အောင်ဖြစ်နေကြသည်။ တကယ်လို့ ဆရာနဲ့ လမင်းစိုးတို့ပြဿနာတက်ကြပြီးဆိုလျှင် သူတို့ကြားထဲက မြေစာပင်ဖြစ်တော့မည်။ ဝါဝါဦးက ထွက်စာနံပါတ်တွေကို ထွက်စာတွေ ရောက်မလာသေးဘဲ ကောက်ရေးသည်။

ရီရီထွေးက ဖုန်းတစ်ကောဝင်လာသဖြင့် အဆင်ပြေသွား၏။ ဘာလုပ်ရမှန်းမသိသော သူစာက ဖိုင်တွေကို ကောက်စီနေသည်။

ဘဏ်ချက်လက်မှတ်တွေနှင့် ထုတ်ယူလာသော ငွေစာရင်းကို





ကိုသက်ဝင်းက လမင်းစိုးထံအပ်သည်။ လမင်းစိုးစစ်ဆေးကြည့်တော့ တစ်စုံတစ်ရာ အမှားအယွင်းမရှိ။ ကိုသက်ဝင်းသည် ကုမ္ပဏီတစ်ခု အတွက် ဘက်ပေါင်းစုံမှာ ကျွမ်းကျင်သော တန်ဖိုးရှိသည့်ဝန်ထမ်းတစ်ယောက် ဖြစ်သည်။ ထို့ကြောင့်လည်း ကိုသက်ဝင်းမာနကြီးသည်။ ထို့ကြောင့် လည်း ကိုသက်ဝင်းသည် အခုလို နေရာမျိုးမှာ ရောက်နေခြင်းဖြစ်၏။

"လမင်းစိုးကို တစ်ခုပြောစရာရှိတယ်"

"ပြောပါ ကိုသက်ဝင်း"

"ကျွန်တော့်လက်အောက်က ဝန်ထမ်းကို တခြား Section တွေက ကိစ္စတွေကို ခိုင်းစရာမလိုဘူးလို့ ကျွန်တော်ထင်တယ်"

လမင်းစိုးပြုံးနေလိုက်သည်။ ကိုသက်ဝင်းသည် အဲဒီလိုလူစားမျိုး ဖြစ်ပါသည်။ လမင်းစိုးကို ရှေ့က ဘာဝိဂြိုဟ်မှ မပါဘဲ နာမည်အရင်း အတိုင်းခေါ်သူဆို၍ ဒီကုမ္ပဏီမှာ ကိုသက်ဝင်းတစ်ယောက်သာရှိပါသည်။

"ကျွန်မက သူ့ကိုအပြစ်ပေးထားတာပါ ကိုသက်ဝင်း"

"သူက ဘာမှားလို့လဲ"

"လူမှုရေးကိစ္စတစ်ခုပါ၊ အဲဒီကိစ္စကို ထားလိုက်ပါတော့၊ လမင်း သူ့ကိုအပြစ်ပေးပြီးခိုင်းတဲ့ကိစ္စက ဒီက ဝန်ထမ်းတွေရဲ့ နာမည်တွေနဲ့ သူ့ကိုရင်းနှီးစေချင်တာလည်း ပါတယ်ဆိုပါတော့"

လမင်းစိုးသည် ကြိုတင်စဉ်းစားထားတာမဟုတ်ရပါပဲ ကိုသက် ဝင်းနှင့် စကားပြောနေရင်းမှ ကုမ္ပဏီဝန်ထမ်းတွေရဲ့ နာမည်နဲ့ ရင်းနှီး စေချင်သည်ဆိုတာကြီးက ထွက်လာတာဖြစ်သည်။

"အဲဒါဆိုရင် လက်မှတ်ပါ သူ့ဆီမှာ ထိုးခိုင်းလိုက်ပါလား"

ကိုသက်ဝင်းမျက်နှာကိုကြည့်တော့ သူ့စိစဉ်မှုကို သဘောကျပြီး



www.burmeseclassic.com

www.burmeseclassic.com



အကြံသစ်ပေးတာလား၊ ရွဲ့ပြောတာလားဆိုတာကို လမင်းစိုး ဝေခွဲ၍မရ။ ဒီတော့ အလွတ်ရှောင်တာပိုကောင်းမည်။

"ကိုသက်ဝင်းက သဆောကျတယ်ဆိုရင် ကျွန်မသဘောတူပါတယ်"

ကိုသက်ဝင်းက ဘာမှမပြောဘဲထသွားသည်။ သူ့ကိုသက်ဝင်းကို ကားဖျက်တဲ့ကိစ္စအကြောင်းကို ညိုမောင်က ပြောပြပြီး၊ သူ့ကိုလောင်နေတာဆိုတာကို မပြောခဲ့ပါ။ အဲဒီမပြောရခြင်းက ညိုမောင့်ကိုပေးတဲ့ အပြစ်နဲ့ ဘာမှမဆိုင်ဘူးဆိုတာကို သူကိုယ်တိုင်သိနေသောကြောင့်ဖြစ်သည်။

အို…ဒီကိစ္စတွေမေ့ထားတာပဲကောင်းပါတယ်ဟု စဉ်းစားရင်း ယမင်းမ ဖုန်းနံပါတ်ကိုလှမ်းဆက်လိုက်သည်။ ယမင်းမနဲ့ ရေသွားကူးရင် ကောင်းမလား။

Ð Ð Ð

ထမင်းချိုင့်ထည့်ပြီး ပျော်ရွှင်ကြည်လင်စွာဖြင့်ထွက်သွားသော ညိုမောင့်ကို ငေးကြည့်ရင်း သော်သော်သက်ပြင်းကို ချမိသည်။ သူလည်း ကိုညို့လို စတီးလ်ထမင်းချိုင့်ကလေးနှင့် ကုမ္ပဏီတစ်ခုမှာ လုပ်သောမိန်းကလေးတစ်ယောက် ဖြစ်ချင်ပါပြီ။

မိသားစုတာဝန်ကို ဒီဆိုင်ကလေးနှင့် ခုခံရတာ ပင်ပန်းလွန်းအားကြီးသည်။ ထမင်းဆိုင်၏အမြတ်က မိသားစုလေးယောက် စားသောက်ရုံ ခြိုးခြံသုံးစွဲရုံလောက်သာရှိပါသည်။ လတစ်လတွင် ပုံမှန်စားဝတ်နေရေးထက် ငွေအပိုကုန်စရာရှိသည့်လဆိုလျှင် အရင်းထဲကို ထိုငွေသည်





သွားစိုက်ဝင်လေသည်။ အငယ်ဆုံးမောင်လေးက ကိုးတန်းဆိုတော့ လူငယ်ပီပီ အိမ်ကိစ္စကိုထည့်မတွက်။ သရီးကွာတားဘောင်းဘီလိုချင်သည်။ အော်တာရှပ်အကျီဝတ်ချင်သည်။ ဆံပင်ထောင်ဖို့ ဂျယ်လီခေါင်းလိမ်းဆီ၊ Scholl ဖိနပ်၊ လေးဖြူစတိုတ်ရိုးလက်မှတ်နှင့် MP-3, MP-4 ကို နားထောင်ချင်သည်။

သူပူဆာသမျှအကုန်မရနိုင်သောအခါ မောင်လေးသည် ရပ်ကွက်ထဲက ကောင်လေးတွေနှင့်တွဲသည်။ သရီးကွာတား၊ ခေါင်းထောင်ဖို့ ဂျယ်လီ၊ အော်တာရှပ် စတာတွေကို သူငယ်ချင်းတွေဆီက ငှားဝတ်သည်။ Live-Show တွေကို သူငယ်ချင်းများ၏ စေတနာနှင့် ကပ်၍ကြည့်ရသည်။ ဒီတော့ မောင်လေးသည် အိမ်မှာမကပ်တော့။ လမ်းထိပ်လက်ဖက်ရည် ဆိုင်မှာပင်နေ့ညထိုင်ပြီး သူငယ်ချင်းတွေခိုင်းသမျှ လိုက်လုပ်ပေးနေရပြီ။ လူငယ်ဆိုတော့ စိတ်ကလည်းလေနေပြီ။ ဘီယာတွေ ဘာတွေ တစ်ခါတလေသောက်လာတတ်၏။

ဖေဖေ့ပန်းတိမ်အလုပ်ကလည်း လုပ်သည်ဆိုရုံမျှသာ ရှိတော့သည်။ ဖေဖေသည် နှစ်ရှည်ထိုင်ခဲ့ရသဖြင့် ခါးကမကောင်းတော့။ မျက်လုံးက မှုန်နေပြီ။ မိုးမြတ်ဝင်းမှာ ဖေဖေ့၏ တပည့်အရင်းဖြစ်သည်။ အန်တီနွယ်တို့အဆောင်ကိုလည်း ဖေဖေကပဲ ငှားပေးခြင်းဖြစ်၏။ ဖေဖေသည် တစ်လလုံးနေမှ ဆွဲကြိုးရှစ်ကုံး၊ ကိုးကုံးလောက်သာ လုပ်နိုင်တော့သည်။

ဒီကိစ္စတွေကို မော်မော်နှင့်သာ တိုင်ပင်ရသည်။ မော်မော်ကလည်း သိလျက်နှင့် ဘာမှမကြံတတ်။ မေမေသာ မာနမကြီးခဲ့ဘူးဆိုရင် မော်မော်တို့ ဒီလိုနေရာမှာ မဟုတ်ဘူးဆိုသော စကားကိုသာ မော်မော်၏ နောက်ဆုံးနာကြည်းချက်စကားဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ဘက်က မိဘတွေက ချမ်းသာကြပါသည်။

သို့သော် မေမေသည် သူတို့သဘောမတူသော ဖေဖေ့နောက်ကို သတ္တိရှိရှိဖြင့် လိုက်ခဲ့သည်။ ထို့ကြောင့် မေမေ့ မိဘများက မေမေ့ကို အမွေဖြတ်ကြော်ငြာခဲ့သည်။ မေမေခိုးရာလိုက်စဉ်က ပါခဲ့သော လက်ဝတ်လက်စားများသည်သာ မေမေ့အတွက် အမွေဖြစ်ခဲ့သည်။ မေမေတို့ အချစ်ဇာတ်လမ်းသည် မြင်နေကြုံနေကျအချစ်ဇာတ်လမ်းပင်ဖြစ်သော်လည်း ထိုဇာတ်လမ်းစစဖြစ်ခြင်းမှာတော့ မေမေ၏ အချစ်နှင့် စွန့်လွှတ်ရဲခြင်းသည် လည်းကောင်း၊ မာနနှင့် အချစ်အတွက် သစ္စာတရားသည် လည်းကောင်း၊ မေမေ့ အသိုင်းအဝိုင်းနှင့် လူအနည်းအကျဉ်းအတွက် ပြောစမတ်ကြီးတစ်ခု ဖြစ်ခဲ့သည်။ မေမေနှင့် ဖေဖေ့ကို တွေ့ရလျှင် လူတွေက ဝိုင်းကြည့်ကြ ပြီး ချီးမွမ်းကြသည်။ အားကျကြသည်။

ရက်လကြာရှည်သောအခါ မေမေ့တို့ဇာတ်လမ်းသည် သာမန်အဖြစ်အပျက်တစ်ခုဖြစ်သွားသည်။ ဆီစျေးတက်တာလောက်မျှပင် လူတွေ စိတ်မဝင်စားချင်ကြတော့။ မေမေ သူ့ဘဝနှင့် ရင်းပြီးစွန့်စားခဲ့ရသော အချစ်သည် ပြောစရာသိပ်မလိုတော့သော သာမန်အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သွားသည်။ ကြည့်ပြီးသားရုပ်ရှင်တစ်ခုလိုဖြစ်သွားသည်။ ဘာမှ ထူးထူးခြားခြား မရှိတော့။

သို့သော် မေမေကတော့ ထိုအဖြစ်အပျက်ကို မေမေ့ဘဝတစ်ခုလုံးအတွက် နှစ်မြုပ်ခဲ့သည်။ မေမေ့ မိခင်အရင်ဆုံးသည်။ မေမေက သတင်းစာထဲမှာဖတ်ရသည်။ ဖိတ်စာရောက်မလာ။ အကြောင်းကြားသူ မရှိ။ သတင်းစာထဲက မောင်နှမတွေသတင်းမှာလည်း မေမေ့နာမည်က မပါ။ ထို့ကြောင့် မေမေသည် သူ့မိခင်၏ အသုဘကို လုံးဝမသွားခဲ့။





တစ်နှစ်ကျော်ကြာသည့်အခါ မေမေ့၏ ဖခင်ဆုံးသွားခဲ့သည်။ အသုဘကြော်ငြာက အရင်အတိုင်းပင်။ မေမေ့နာမည်မပါ။ ဒီတော့ ထုံးစံအတိုင်း မေမေကလည်း မသွား။ မေမေ့အခန်းထဲက ညဘက်ဆိုလျှင် ကြိတ်ငိုသံကို သမီးအကြီးဆုံးဖြစ်သူ သော်သော် လေးငါးခြောက်ရက်ဆိုသလို ဆက်တိုက်ကြားခဲ့ရသည်။ ဘာကြောင့်မှန်းတော့မသိ။ သော်သော်လည်း မေမေ့ငိုသလို လိုက်ပြီး ကြိတ်ငိုခဲ့ရသည်။

တစ်လလောက်ကြာတော့ မေမေ့၏ အောက်မှ မောင်အရင်းဖြစ်သူ ဦးဇေယျာရောက်လာပြီး ဖေဖေနှင့် ရယ်ရယ်မောမော နှုတ်ဆက်စကားတွေပြောပြီး မေမေနှင့် တွေ့လိုကြောင်းပြောသည်။ ပြီးတော့ မေမေနေ သည့် လမ်းက ကျဉ်းလွန်းသဖြင့် သူ့ကားကို လမ်းထိပ်မှာ ရပ်ထားခဲ့ရ တာ စိတ်မချကြောင်းကိုလည်း ပြောသည်။

ထိုအချိန်တွင် မေမေအခန်းထဲမှ ထွက်လာသည်။

မေမေ့နှုတ်ခမ်းက ပြုံးနေသည်။

သို့သော်...ထိုအပြုံးသည် ဘယ်လောက်ခက်ထန်မာကြောသော အပြုံးလည်းဆိုတာကို သော်သော် ယနေ့အထိ မှတ်မိ၍နေသေးသည်။

မေမေသည် ခေါင်းရင်းခန်းတွင် ထိုအပြုံးကို နှုတ်ခမ်းမှမချဘဲ ထိုင်သည်။ ပြီးတော့ သူ့မောင်ဘက်ကိုငဲ့ကြည့်ရင်း နှုတ်ခမ်းမှ အပြုံးကို ဖြုတ်ပစ်လိုက်ပြီး စူးရှနက်မှောင်သော အကြည့်ဖြင့် ကြည့်ရင်းမေးသည်။

"ဇေယျာ...ဘာကိစ္စလဲ"

မေမေ့၏အသံသည် မာထန်လည်းမနေ၊ ယဉ်ကျေးပျူငှာခြင်းလည်းမရှိ။ ခံစားချက်မဲ့ပြီး အေးစက်သောအသံဟု ပြောလျှင်တော့ ရနိုင်မည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားခွဲခွဲညားညား လက်စွပ် ဆွဲကြိုး နာရီ ဟမ်းဖုန်း တကားကားနှင့် သော်သော်တို့ အခုမှတွေ့ဖူးသော သော်သော်တို့ ဦးလေးဆိုသူသည် မေမေ့စကားသံအောက်တွင် မျက်နှာကို အောက်သို့ချသွားလေသည်။

"ဖေဖေလည်းဆုံးသွားပြီ မမ"

"သတင်းစာမှာ ငါဖတ်ရသားပဲ၊ လိုရင်းကိုပြော ဧယျာ"

"မမအတွက် ငွေ…ငွေလာပို့တာပါ"

"ငွေ…ဘာအတွက်လဲ"

"အမွေတော့ ခွဲသွားပြီးပြီ မမ၊ မမအတွက်မပါဘူး၊ ဒါပေမယ့် မောင်လေးရတဲ့ထဲကနေ မမကိုလာပေးတာပါ"

မေမေသည် မေးကိုအနည်းငယ်မော့ပြီး အပြုံးနှင့်ရယ်လေသည်။ မေမေသည် ပြုံးရင်းရယ်တတ်သည်ကို သော်သော်အမြဲအံ့ဩနေခဲ့မိသည်။ မေမေ့ကို မေးကြည့်တော့ မေမေက "ငါခြေမွေးမီးမလောင် လက်မွေးမီးမလောင်နဲ့ အချွေအရံတွေများများနဲ့ ခမ်းခမ်းနားနားနေခဲ့ရဖူးတယ်ဆိုတဲ့ အမွေဆိုလို့ အဲဒီလိုရယ်တတ်တာတစ်ခုပဲကျန်တော့တယ် သမီး" ဟု ပြောခဲ့ဖူးတာမှတ်မိသည်။ အခု အမေသည် ဒီလိုမျိုးရယ်နေပြီဖြစ်သည်။

"မင်းက ဘာကိစ္စနဲ့ တစ်ယောက်တည်းလာပေးရတာလဲ ဧယျာ"

"မမ ဒီလိုနေနေရတာကို"

"ဟော့ တော်စမ်း ဧယျာ၊ ငါဒီလိုနေနေရတာကို ဘယ်တုန်းကမှ ဆင်းရဲတယ်လို့ ငါမထင်ခဲ့ဖူးဘူး၊ ငါချစ်တဲ့ ငါ့ယောကျ်ား၊ ငါချစ်တဲ့ ငါ့သားသမီးတွေနဲ့နေရ တာ ပျော်စရာကောင်းပါတယ်"

"မမပြောတာ ကျွန်တော် နားလည်ပါတယ်၊ အခု ကျွန်တော်ပေး





တဲ့ ငွေကလည်း မမကိုချစ်တဲ့စိတ်နဲ့ပါ"

"ဘယ်လောက်လဲ"

"သိန်းငါးဆယ်"

သော်သော်တို့ မောင်နှမ တစ်ယောက်နှင့်တစ်ယောက် မျက်လုံးပြူးပြီး ကြည့်လိုက်မိကြသည်။ ထိုငွေကြေးသည် သော်သော်တို့ဘဝကို ကောင်းစွာပြောင်းလဲစေနိုင်သော ငွေကြေးပမာဏတစ်ခု ဖြစ်ပါသည်။ သော်သော်တို့၏ ပေနှစ်ဆယ်ခြောက်ဆယ် နှစ်ထပ်အိမ်ကလေးကို ရောင်းမည်ဆိုလျှင်တောင်မှ အများဆုံး ဆယ့်ငါးသိန်းလောက်သာ ရနိုင်မည်ဖြစ်သည်။

မေမေသည် ထုံးစံအတိုင်း မေးကိုအနည်းငယ်မြှောက်မော့ရင်း ရယ်လေသည်။ ပြီးတော့ မေမေသည် ခေါင်းကိုတဆတ်ဆတ်ညိတ်၍နေသည်။

"မောင်ဧယျာ…မောင်ဧယျာ မင်းနဲ့ ငါနဲ့က ငါးနှစ်ခြားတယ်၊ မင်းနဲ့ ငါ့အကြားမှာ ခင်ခင်မင်းရှိတယ်၊ ဒါ သူ့အကြဲတွေပါ၊ မောင်နှမတွေထဲမှာ မင်းကို ငါက အချစ်ဆုံးဆိုတာသိလို့ သူ့အစီအစဉ်နဲ့ မင်းကို ငါ့ဆီလွှတ်တာပါ၊ ဒီမယ်ဟော့ မင်းတို့ကို ငါက ထိန်းခဲ့ရတဲ့သူပါ၊ ဒီ သိန်းငါးဆယ်ဆိုတာ မင်းတို့လည်းမဆင်းရဲ၊ ငါလည်းမချမ်းသာတဲ့ငွေပါ၊ ငါမယူနိုင်ဘူး ဧယျာ မင်းပြန်တော့"

မေမေသည် ဦးဧယျာဆိုသော သူတို့ ဦးလေးဆိုသည့် လူကြီးက ရှေ့သို့ချထားပေးသော လယ်သာအိတ်ကို အသာအယာပင် အပြုံး နှင့် တွန်း၍ပြောခြင်းဖြစ်သည်။

"မမ ဒီငွေအတွက် မမလက်မှတ်ထိုးစရာတို့ ဘာတို့မလိုပါဘူး



www.burmeseclassic.com

www.burmeseclassic.com



မမ၊ မမကို ကျွန်တော်က အလွတ်ပေးတာပါ"

"ဖေဖေနဲ့ မေမေက ငါ့ကိုအရမ်းချစ်တယ်၊ အရမ်းတန်ဖိုးထားတယ်၊ ငါက သူတို့မထင်တဲ့လမ်းကို လျှောက်ခဲ့တယ်၊ ငါ ကိုလုနောက်ကို လိုက်ခဲ့တာ အမေ့ကို ကန်တော့ပြီးမှ လိုက်ခဲ့တာ၊ ခိုးကြောင်ခိုးဝှက် လိုက်ခဲ့တာမဟုတ်ဘူး ဇေယျာရဲ့၊ နင်က အဲဒီတုန်းက ဆော့ကောင်းတုန်း အရွယ် ဘာသိမှာလဲ"

"အဲဒါတွေ ကျွန်တော်မသိဘူး မမ၊ ဒီငွေကို မမလက်ခံပါ၊ ကျွန်တော်ပြန်တော့မယ် မမ"

"မောင်ဇေယျာ အဖေနဲ့ အမေ အမွေက ဒီခေတ်အနေနဲ့တွက်ရင် အနည်းဆုံး တစ်ယောက်ကို သိန်းတစ်ထောင်နီးပါးတော့ ရကြမှာ ပေါ့၊ ဒီတော့ အဖေနဲ့အမေနဲ့က နောက်ဆုံးအကြိမ်အထိ ငါ့ကိုမပေးဖို့ ပြောခဲ့လို့ အသုဘကြော်ငြာတွေထဲမှာ ငါ့နာမည်မပါတာဆိုရင် ငါကလည်း ဒီငွေကိုယူစရာမလိုဘူး၊ မင်းတို့ကို စီစဉ်တဲ့ ခင်ခင်မင်းကိုပြောလိုက်၊ အမေနဲ့ အဖေက နောက်ဆုံးအကြိမ်အထိ ငါ့ကို အမွေဖြတ်ဖို့ အမွေပေးတဲ့ထဲမှာ မထည့်တာဆိုရင် ငါတစ်ပြားမှမယူဘူး၊ သူတို့က မပြောခဲ့ဘူး ဆိုရင်တော့ ငါ့ဝေစုအမှန်ကို လိုချင်တယ်၊ ငါ့ကို နှစ်သိမ့်တဲ့ ဒီသိန်းငါး ဆယ်ကိုတော့ ဘယ်တော့မှ မယူဘူးလို့ပြောလိုက်စမ်း ဇေယျာ"

ထို့နောက်တွင် မေမေသည် သူတို့မောင်နှမတွေနှင့် တော်တော် လေး စကားမပြောဖြစ်အောင်နေခဲ့သည်။ ထို့နောက် မေမေလေဖြတ် သည်။ ပထမဦးဆုံးအကြိမ်ဆိုတော့ ရှိတာလေးတွေထုခွဲပြီး ရအောင်ကု တော့ မေမေသည် နံရံကိုကိုင်ပြီးလမ်းလျှောက်နိုင်လာသည်။ အစားဝင် လာသည်။ စကားပီပီသသပြောလာနိုင်သည်။





ထိုအချိန်တွင် မေမေက သူ့ကိုခေါ်ပြီး ပြောခဲ့သည့်စကားကို သော်သော် အသည်းထဲမှာ ဒီနေ့အထိ မှတ်မိနေသည်။

"သမီးက သမီးအကြီးမို့ မေမေမှာစရာရှိတယ်၊ အခု မေမေမှာမယ့် စကားရဲ့ အခြေအနေမျိုးကို သိပ်မကြာခင်အချိန်မှာ သမီးရောက်မှာပဲ ဆိုတာ မေမေသိတယ်"

"ဘာကိုမှာမှာလဲ မေမေ"

"အချစ်"

"ရှင်"

"ဟုတ်တယ်သမီး၊ အချစ်မှာ မေမေက တစ်ကိုယ်ကောင်းဆန်ခဲ့တယ်၊ အချစ်ကိုပဲကြည့်ခဲ့တယ်၊ ဘဝကိုမကြည့်ခဲ့ဘူး၊ သမီးတို့တစ်တွေ ရလာတော့မှ မေမေအဲဒီတုန်းက ဂုဏ်ယူခဲ့တာ မှန်တယ်လို့ထင်ခဲ့တာတွေ ဟာ အလကားမှန်းသိတော့တာ၊ သမီးဟာ အချစ်ကိုကြုံမှာပဲ၊ သမီး ရွေးချယ်ခွင့်တွေရမှာပဲ၊ အဲဒီအခါကျရင် ကိုယ်က နှစ်သက်ပြီး၊ သူက ဘဝအတွက် အဆင်ပြေနိုင်မယ့် လက်တွဲဖော်မျိုးကို ရွေးပါ"

"သမီးမှာ အခု ဘာမှမရှိပါဘူး မေမေရယ်"

"မေမေသိပါတယ်၊ တစ်ချိန်ကျတော့ ရှိလာမှာပေါ့၊ မေမေတုန်းက မေမေက ရွှေမင်းသမီး၊ ဘာမှမလုပ်တတ်ဘူး၊ မင်းတို့ဖေဖေက မေမေ့ကို စိတ်ချမ်းသာအောင်ထားပြီး၊ ဖူးဖူးမှုတ်ချစ်တတ်တာကလွဲပြီး ဘာမှမတတ် ဘူး၊ ထမင်းစားဖို့ ဟင်းတစ်ခွက်ပဲရှိရင် သူစားပြီးပြီလို့ လိမ်ပြီး မေမေ့ကို ကျွေးတတ်တဲ့အချစ်ဟာ အိမ်ထောင်ရေးနဲ့ ထိပ်တိုက်တိုးတော့ ဆုံးရှုံးမှု တွေကြီးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ် အဲဒါတွေ ပြောမနေပါနဲ့၊ ကံ ကံ၏ အကြောင်းတွေပါ"

"ဟဲ့…ငသော်ရဲ့ နင်က ဘယ်လောက်သိလို့ ကံတွေ ဘာတွေ ပြောနေရတာလဲ၊ ငါတို့ မိန်းကလေးဆိုတာ ဘဝမှာ တစ်ကြိမ်ပဲစွန့်စားခွင့်ရတာ၊ အေး…အဲဒီတစ်ကြိမ်ကို ငါက ငါ့အချစ်နဲ့လဲခဲ့တယ်၊ ချမ်းသာရတာကို ငါက ညည်းငွေ့နေပြီလေ၊ ဒါပေမယ့် အဲဒီ ငါ့အမှားတွေကြောင့် သမီးတို့ကျတော့ ဒုက္ခခံရတာပဲ၊ ဒီတော့ သမီးချစ်သူထားရင် မေမေ့ ဘဝလေးကိုတော့ နည်းနည်းထည့်စဉ်းစား ဒါပါပဲ"

အဲဒီစကားတွေပြောပြီး တစ်လလောက်အကြာမှာ မေမေဆုံးသည်။

မေမေသည် ဆုံးခါနီးတွင် သူ့လက်ကိုကိုင်ပြီး…

"သမီး မေမေပြောတာတွေမမေ့နဲ့၊ သမီးဘဝကိုလည်း သမီးမမေ့နဲ့" ဟု ပြောခဲ့သည်။

သော်သော်သည် သက်ပြင်းကိုချမိသည်။

အခု အရွယ်ရောက်ချိန်မှစ၍ မိန်းကလေးတစ်ယောက်၏ အလှဆုံးအချိန် နှစ်ဆယ့်တစ်နှစ်အထိ သူ့ကိုချစ်ရေးဆိုသူတွေ ရှိခဲ့ပါသည်။ သို့သော် သူကလည်း ရင်မခုန်၊ မေမေပြောခဲ့သော ဉပဒေနှင့်လည်းမညီ။ မေမေသည် ကိုယ်ကအချစ်ကို မစွန့်လွှတ်ရ၊ အချစ်သည် ကိုယ့်ဘဝနှင့် အတူပါလာရမည်ဟု သူ့ကိုသွန်သင်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ် လိပ်ပြာကလေးတစ်ကောင်က သူ့ထမင်းဆိုင်ထဲသို့ဝင်လာသည်။





လိပ်ပြာကလေးက အဝါရောင်အောက်ခံပေါ်မှာ အနက်ရောင် အဝိုင်းကလေးတွေနှင့်၊ အနီစင်းကလေးတွေလည်းပါသည်။တော်တော် လေးလှသည့် လိပ်ပြာကလေးဟု သော်သော်ငေးရင်းကြည်နူးသွားသည်။ ထိုလိပ်ပြာကလေးသည် ဟင်းအိုးနားကိုနားလျှင် ဆိုင်ရောင်းကောင်းမည်။ သူ့အပေါ်ကိုနားလျှင် အချစ်ရေးကံကောင်းမည်။ ဒီလိုတွေးမိသွားတော့ မျက်စိထဲမှာ ညိုမြောင့်ကို မြင်သည်။ အို…ဘာဆိုင်လို့လဲ။

ထိုလိပ်ပြာကလေးသည် အခုလို အတောင်ပံပေါ်မှာ လှပသော ဆေးစက်များမရခင်တုန်းက ပိုးတုံးလုံးဘဝနှင့် သူ့ခန္ဓာကိုယ်မှ ရက်လုပ်သော ပိုးချည်မျှင်တွေကြားထဲတွင် အိပ်ပျော်နေခဲ့သည်။ ထိုအချိန်သည် လိပ်ပြာကလေးအတွက် မှောင်မိုက်ကြမ်းတမ်းသည့်ကာလများ ဖြစ်လိမ့်မည်။

အချိန်တန်တော့ အိပ်ရာမှ နိုးလာသည်။ သူ့ကို အကျဉ်းချထားရာကို ခွဲထွက်ပြီး လှပသော အတောင်ပံများနှင့် ပန်းပွင့်တွေဆီကို ပျံ့ သန်း၍ သွားမည်ဖြစ်သည်။

သော်သော်က သူ့ဘဝကိုလည်း လိပ်ပြာကလေးလိုပဲ သဘောထားသည်။

တစ်နေ့နေ့မှာတော့ သူသည် လှပဆန်းကျယ်သော အတောင်ပံများနှင့် သူလိုရာကို ပျံသန်းနိုင်သော လိပ်ပြာကလေးတစ်ကောင်ဖြစ်လို့ ဖြစ်ရမည်။

Ð Ð Ð



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

လမင်းစိုးသည် သူ့မိဘနှစ်ပါး ကားမှောက်ပြီး ကွယ်လွန်ခဲ့စဉ်က အသက်ဆယ့်နှစ်နှစ်သာရှိသေးသည်။ လောကကြီးအကြောင်းကို ဘာမှ မသိသေး။ အမေနှင့်အဖေကိုမေးလျှင် ချစ်မင်းစိုးက မုန့်သွားဝယ်တယ်။ အရုပ်သွားဝယ်တယ်ဟုဆိုလျှင် ကျေနပ်သွားတတ်သော ပီဘိကလေးငယ်တစ်ယောက်သာဖြစ်သည်။ ထို့ကြောင့် လမင်းစိုးကို အစ်ကိုဖြစ်သူ ချစ်မင်းစိုးက လိုသမျှ တသမျှရအောင်ထားခဲ့သည်။

အသိဉာဏ်ရင့်ကျက်ချိန်ရောက်၍ အမေနှင့်အဖေ ကွယ်လွန်သွားပြီဆိုတာကို သိရတော့ လမင်းစိုးသည် သိပ်မခံစားရတော့။ လမင်းစိုးတွင် ဖွဲ့သွားသောအစွဲတစ်ခုက ထိုအရာကို ထိုဆုံးရှုံးမှုကို နှစ်သိမ့်၍ပေးသည်။ ထိုအစွဲမှာ လမင်းစိုး လိုချင်တာကို ရသောအစွဲပင်ဖြစ်သည်။





ငယ်ငယ်ရွယ်ရွယ်နှင့် မိဖမဲ့ဖြစ်ရသော လမင်းစိုးအပေါ် မိသားစုနှင့် ပတ်ဝန်းကျင်က အလိုလိုက်ခဲ့သော အကြိုက်အတိုင်းဖြစ်စေခဲ့သော စေတနာများအပေါ်တွင် တည်ဆောက်ထားသော လမင်းစိုး၏ မာနတရားသည် ဘယ်လောက်ကြောက်စရာကောင်းသည်ဆိုတာကို လမင်းစိုး ကိုယ်တိုင်လည်း မသိခဲ့ပါ။

ထိုနေ့က လမင်းစိုး၏ Project အသစ်အတွက် ရှယ်ယာဝင် **ရန်** စိတ်ဝင်စားသော မိတ်ဆွေသစ် ၅ ဦးကို စတင်မိတ်ဆက်ပေးသူ အန်တီဘောဘီကတော့ လူသူရှင်းပြီး စားစရာလည်းစုံသော တက္ကသိုလ်ရိပ်သာလမ်းမပေါ်ရှိ ဂျပန်စားသောက်ဆိုင်ကလေးတစ်ဆိုင်တွင် **စီစဉ်ဖို့** ကြိုးစားခဲ့သည်။

သို့သော်…လမင်းစိုးက သူ့ကုမ္ပဏီမှာပဲ တွေ့ချင်သည်။

လမင်းစိုး၏အစ်ကို ချစ်မင်းစိုးက အိမ်ဆောက်ပစ္စည်းတွေ **ဂျပန်**ကားပစ္စည်းတွေ၊ အိမ်သုတ်ဆေးတွေ၊ လျှပ်စစ်ပစ္စည်းတွေနှင့် **ဈေးကွက်**မှာ ခိုင်မာပြီးသားဖြစ်သည်။ အခု လမင်းက ဂျပန်မိတ် အလှကုန်ပစ္စည်းတွေ၊ အကျီဖက်ရှင်၊ ဖိနပ်၊ အမွှေးအကျီ၊ ထီး စသည့် မိန်းကလေးယောကျ်ားလေး တစ်ယောက်အတွက် တစ်ကိုယ်ရည်စာ ပြည့်စုံစေသော အဝတ်အစားဖက်ရှင်များကို သွင်းမည်ဖြစ်သည်။

ထို့အတွက် မြန်မာနိုင်ငံမှ မော်ဒယ်တွေ၊ နာမည်ကြီး မင်းသမီးမင်းသားတွေကို အသုံးပြုမည်ဖြစ်သလို ဂျပန်နိုင်ငံမှ နာမည်ကြီး **မော်ဒယ်**များကိုလည်း မြန်မာနိုင်ငံသို့ ဖိတ်ခေါ်၍ ပြိုင်ပွဲတွေ၊ ပြပွဲတွေ၊ **model** show ပွဲတွေနှင့် သူ့ဈေးကွက်ကို မြှင့်တင်ရန်ကြိုးပမ်းမည်။

ကိုရီးယားကားတွေ ဇာတ်လမ်းတွဲတွေ တွင်ကျယ်သည်နှင့် **ထို**



www.burmeseclassic.com

www.burmeseclassic.com



ယားဖက်ရှင်တွေ မြန်မာနိုင်ငံက လူငယ်တွေရဲ့ ကိုယ်ပေါ်ရောက်လာကြသလို လမင်းစိုးကလည်း အကောင်းဆုံး ဂျပန်ဓာတ်လမ်းတွဲတွေနှင့် မြန်မာပရိသတ်ကို နှစ်ခြိုက်စေပြီး သူတင်သွင်းသော ဂျာမန်ပစ္စည်းတွေ မြန်မာပြည်က အမျိုးသား အမျိုးသမီးတွေ နှစ်ခြိုက်စေရမည်ဟု အကြံထားသူဖြစ်သည်။

လမင်းစိုး၏ အကြံကကြီးသည်။

လမင်းစိုးသည် ဒီလိုအကြံကြီးကို ကြံတတ်သူဖြစ်ပါသည်။ လမင်းစိုး၏ ထိုအကြံကြီးကြီးကို နောက်ကွယ်က အကူအညီပေးမှာက ကိုကို၏ချစ်သူ ဂျပန်မှာနေသော မြသဇင်ဖြစ်သည်။ မြသဇင်သည် မြန်မာနိုင်ငံမွေးဖြစ်သော်လည်း ကိုးနှစ်ကတည်းက သူ့မိဖများနှင့်အတူ ဂျပန်ပြည်သို့ရောက်ပြီး၊ ယခုတိုင် ဂျပန်နိုင်ငံသူစစ်စစ်ဖြစ်နေပြီဖြစ်သည်။ ကုမ္ပဏီကိစ္စနှင့် ကိုကိုဂျပန်သွားတုန်းက မိတ်ဆွေတွေဖြစ်ခဲ့ကြပြီး၊ နောက်ဆုံးချစ်သူတွေဖြစ်သွားကြပြီး ကိုကို့ကုမ္ပဏီကို နောက်ကွယ်မှ(ဂျပန်နိုင်ငံမှ) တိုက်ရိုက်ကူညီပေးနေသူမှာ 'မြသဇင်' ဖြစ်သည်။

အခုလည်း ကိုကိုသည် လမင်းစိုး၏ Project အတွက် အကြံဉာဏ်နှင့် နောက်ကွယ်မှ အဆက်အသွယ်ရရန် မြသဇင်ထံသို့သွားခြင်းဖြစ်ပါသည်။ Share member များကို ကုမ္ပဏီတွင်ပဲ ဆုံတွေ့စကားပြောချင်တာကတော့ လမင်းစိုးလုပ်နေကျ မိမိ၏သိက္ခာကို မိမိတည်ထောင်ခြင်းသာဖြစ်ပါသည်။ လမင်းစိုးသည် သူ့၏အလှကုန် Project အတွက် ရှယ်ယာ ရာခိုင်နှုန်းကို ၂၀ ရာခိုင်နှုန်းထက်ပို၍ ထည့်ဝင်ခံမည် မဟုတ်ဆိုတာကို ဆုံးဖြတ်ချက်ချထားပြီး ဖြစ်သောကြောင့် မိမိပိုင်နေရာတွင် တွေ့ချင်ခြင်းလည်းဖြစ်ပါသည်။





ဒါကို Share member များကလည်း ရိပ်မိကြပါသည်။ ထို့ကြောင့် သူတို့အတွက် သိက္ခာဆည်သည့်အနေဖြင့် ကြားမှ စေ့စပ်ပေးသူ အန်တီဘေဘီအိမ်တွင် အားလုံးဆုံပြီးမှ လမင်းစိုး၏ ကုမ္ပဏီသို့ သွားကြဖို့ သဘောတူခဲ့သည်။ ဒါကို အကြိမ်ကြိမ်စဉ်းစားပြီးမှ လမင်းစိုး သဘောတူခဲ့ပါသည်။ စီးပွားရေးလောကတွင် အပြောအဆို၊ အနေအထိုင်၊ အပြုအမူအားလုံးသည် တစ်ခါတစ်ရံ 'သန်း' ချီ၍တန်တတ်ကြောင်း လမင်းစိုး သိပါသည်။

အန်တီဘေဘီအိမ်တွင် ဆုံကြတော့ Share member ၅ ယောက် အနက် တစ်ယောက်သာ ယောကျ်ားလေးပါသည်။ ထိုသူကလည်း လမင်းစိုးထက် အများဆုံးကြီးလျှင် တစ်နှစ်၊ နှစ်နှစ်လောက်သာရှိမည်။ လူကလူချော၊ စကားပြောလျှင် ရှက်တတ်သည်။ သူ့ကို စလျှင် နားရွက်က စပြီး နီနေတတ်သည်။ နာမည်ကျတော့ ရိုးရိုး 'ကိုငြိမ်းသာ'တဲ့။

အန်တီဘေဘီအိမ်မှာ member ၅ ယောက်ဆုံပြီးကတည်းက လမင်းစိုးက သူ့အတွင်းရေးမှူးကောင်မလေးကို ပြင်ဖို့ဆင်ဖို့အားလုံးမှာထားပြီးသားဖြစ်သည်။ ဒီလိုအချိန်မျိုးမှာ သူ့အတွက် အမှားအယွင်းမခံနိုင်ပါ။

"ကဲ...အန်တီဘေဘီရဲ့ Breakfast ကျေးဇူး၊ ကုမ္ပဏီမှာတွေ့ ပြီးရင် Lunch ကို ကျွန်မကျွေးပါ့မယ်၊ဘယ်မှာများ သုံးဆောင်ချင်ပါသလဲ"

စီးပွားရေးမှာ ဒီလိုပကာသနတွေလည်း ပါရသေးသည်။

"ဒါကတော့ မောင်ငြိမ်းသာ မင်းပဲ ရွေးပါ၊ ဆီဒိုးနားတို့၊ Traders တို့၊ Park Royal တို့တော့ မရွေးနဲ့နော်၊ အဲဒါတွေက မင်္ဂလာဆောင်တော့မှ ရွေးရမှာ"



www.burmeseclassic.com

www.burmeseclassic.com



Share member အသစ် အန်တီတစ်ယောက်စကားကြောင့် ကိုငြိမ်းသာ တော်တော်လေးရှက်သွားသည်။ သူ့နားရွက်တွေနီလာ၏။ ဘာစကားမှပြော၍မထွက် လမင်းစိုးကို မျက်ဝန်းညိုကြီးတွေနှင့် ကြည့် ကာ ကြည့်ကာ အားနာနေပုံရ၏။

"ကဲပါ...သူမရွေးရင်၊ လမင်းကပဲ ရွေးလိုက်တာပေါ့၊ Lunch ကတော့ '..........'မှာပဲ ကောင်းပါတယ်"

အားလုံးက လက်ခုပ်လက်ဝါးတီး၍အော်ကြသည်။ လမင်းစိုးသည် ကြောက်သလို ရွံ့သလို ဟန်လုပ်တတ်သော မိန်းကလေးမဟုတ်ဘဲ လိုအပ်လာလျှင် ရဲရဲရင့်ရင့် နေထိုင်ရဲသော မိန်းကလေးဆိုတာ အားလုံး သဘောပေါက်သွားကြ၏။

လမင်းစိုးက ဦးဆောင်ပြီး ကုမ္ပဏီသို့ ဝင်လိုက်သည်နှင့် Reception မှ ကောင်မကလေးတွေအားလုံး ဝုန်းခနဲထရပ်လိုက်ကြသည်။ လူကြီးနှင့် ဧည့်သည်တွေကို အရိုအသေပေးသော သဘောပင်ဖြစ်၏။ သို့သော် မတ်တတ်မရပ်သူ တစ်ယောက်တော့ရှိပါသည်။ သူက ညိုမောင်ဖြစ်၏။ ခေါင်းကိုငုံ့ပြီး ဒီနေ့မနက် ဝင်စာတွေအပေါ်မှာ နံပါတ်တွေ တပ်နေသည်။ နံဘေးက သူဇာ၊ ဝါဝါဦးနှင့် ရီရီထွေးတို့ မတ်တတ်ရပ်လိုက်ကြတာကို သူမသိ။ ရီရီထွေးက ကြိတ်ပြီး မတ်တတ်ရပ်လျက်က သူ့ချိုင်းကြားကိုတို့သည်။ ထိုတိတ်ဆိတ်သွားသော စက္ကန့်ကလေးတွေ လေးငါးခုတင် လမင်းစိုး၏ မျက်နှာသည် ကြောက်မက်ဖွယ်ရာ အလွန်ကောင်းသည့် အခြေအနေသို့ ပြောင်းလဲသွားလေသည်။

"နင်ကလဲဘာ.....ဩော်...."

ညိုမောင်က ဝင်စာတွေရေးနေရာမှ သူ့ကိုလာကိုင်သော ရီရီ





ထွေးကို ဘာဖြစ်တာလဲဟု ပြောမလို့ခေါင်းကို မော့တော့မှ အားလုံး မတ်တတ်ရပ်နေသော သူငယ်ချင်းများနှင့် သူ့ကိုစိုက်ကြည့်နေသော လမင်းစိုးတို့ကို တွေ့လိုက်ရတော့မှ သဘောပေါက်သွားပြီး ကမန်းကတန်း မတ်တတ်ထရပ်ပြီး လက်နှစ်ဖက်ကို သတိအနေအထားပုံစံဖြင့် နေလိုက်၏။

သို့သော် ညိုမောင် နောက်ကျသွားပြီဖြစ်ပါသည်။ ဒေါ်သ၊ မာနနှင့် ရှက်ရွံ့မှုဓာတ်အကြိမ်သန်းပေါင်းများစွာ နောက်ကျသွားပြီ ဖြစ်ပါ သည်။ သူ့ကို စူးစူးရဲရဲတစ်ချက်ကြည့်ရင်း လမင်းစိုး Reception ကို ဖြတ်၍ ရုံးထဲဝင်လိုက်ကြသည်။ ရုံးထဲက လူတွေအားလုံးလည်း တိတ်တ ဆိတ်ပင် လုပ်လက်စအလုပ်တွေကို ခဏရပ်ပြီး မတ်တတ်ရပ်ကြသည်။

"ညိုမောင်....နင်တော့ ပြဿနာပဲ"

"အဲဒီလို လုပ်ရတယ်ဆိုတာကို ငါမှမသိတာဘဲဟာ၊ နင်တို့က လည်း ငါ့ကို ဘာဖြစ်လို့ ကြိုပြောမထားတာလဲ"

"အေး...ငါတို့လည်း အမှတ်တမဲ့ပဲဟာ"

"သူတို့ရောက်ရောက်ချင်း လက်ကုတ်လိုက်ရင် ပြီးရော"

ညိုမောင်က ရီရီထွေးကို ပုံမှန်လေသံဖြင့် ပြောသည်။ ဒီကိစ္စ အတွက် ညိုမောင့်ဆီမှာ သိပ်ထိတ်လန့်မှုမရှိပါ။ ဘာပြဿနာမှ မတက်နိုင်ဟု သူယူဆသည်။ အေးအေးဆေးဆေးပင် သူ့ဝင်စာနံပါတ်တွေကို တပ်နေ လိုက်သည်။

နောက်တစ်နာရီလောက်ကြာတော့ လမင်းစိုးနှင့်အဖွဲ့သည် ရုံးခန်း ထဲမှ ထွက်လာပြီး ရယ်ရယ်မောမောဖြင့် ကုမ္ပဏီအလယ်လမ်းကြောင်း မှ ထွက်လာသည်။ ဒီတစ်ခါတော့ သူဇာရဲ့ 'ဟဲ့' ဆိုသည့် အသံတစ်



www.burmeseclassic.com

www.burmeseclassic.com



သံတည်းနှင့်ပင် ညိုမောင်အဆင်သင့် မတ်တတ်ထရပ်ဖြစ်သွားသည်။ လမင်းစိုးသည် ကုမ္ပဏီ၏ မိတ်ဆွေသစ်များနှင့် ရပ်၍ ရယ်ရယ်မောမော စကားပြောသော်လည်း Reception ဘက်သို့ ကြည့်သည့်အကြည့် ကတော့ စူးရှခက်ထန်လွန်းနေသည်ကို ဝါဝါဦးက သတိထားမိသည်။

လမင်းတို့ကားအသီးသီးနှင့် Lunch စားရန်ထွက်သွားကြတော့ သူတို့လည်း ထမင်းချိုင့်ကိုယ်စီဖွင့်ပြီး ထမင်းစားဖို့ပြင်ကြသည်။ ညိုမောင့် ထမင်းချိုင့်ကိုဖွင့်လိုက်တော့ အရင်ဦးဆုံး တို့စရာအဲ့ အပိုင်းအသေး ကလေးကို တွေ့ရသည်။ တည်င်းသီးလေးစိတ်ခွဲကလေးတွေ၊ပြီးတော့ ကန်စွန်းရိုးနီမန်ကျည်းမှည့်ပြုတ်၊ ပြီးတော့ ခရမ်းကြွတ်သီးလေးစိတ်ရာ ထားပေးရဲ့ နှစ်လုံး.......ငါးပိရည်ထည့်ထားသော ပလတ်စတစ်အိတ် ကလေးကို သားရေကွင်းဖြင့် စည်းထားတာတွေ့ရသည်။

နောက်တစ်ချိုင့်က ငါးကြင်းကို ကြော်ပြီး ငရုတ်သီးနှင့် နှပ် ထားသော ဟင်းဖြစ်သည်။ ညိုမောင့်ထမင်းချိုင့်ကို စိတ်ဝင်တစားကြည့် နေကြသော သူဇာတို့က....

"ညိုမောင် ထမင်းချိုင့်ကို ဘယ်သူပြင်ပေးတာလဲ"

"ဆိုင်ကပဲလေ၊ ဆိုင်မှာထမင်းချိုင့်လခပေးစားတယ်"

"တစ်လကို ဘယ်လောက်လဲ"

ဝါဝါဦးက ဖြတ်မေးသည်။

"တစ်နေ့ကို ၈၀၀၊ တစ်လကို ရက် ၂၆ ရက်ဆိုတော့ နှစ်သောင်း နဲ့ ရှစ်ရာကျတယ်၊ အဲဒါက သူတို့က နှစ်သောင်းပဲယူတယ်"

"ပိုက်ဆံကြိုပေးရလား"

"ဟင့်အင်း....စားပြီးမှပေးရတယ်၊ အခုလဆို လကုန်မှရှင်းပေါ့"





"အဲဒီဆိုင်မှာ ကောင်မလေးအပျိုရှိလား"

"အင်း.....ရှိတယ်"

ဝါဝါဦး မေးသမျှစကားတွေကို ညိုမောင် ဖြေပြီးတော့ ရီရီထွေး က... 'ဟက်ခနဲ' တစ်ချက်ရယ်သည်။ ပြီးတော့...

"အဲဒီကောင်မလေးက ညိုမောင့် ထမင်းချိုင့်ကို စီစဉ်ပေးတာလား"

"အင်း...ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

"သူ ညိုမောင့်ကို စိတ်ဝင်စားနေတယ်"

"ဗျာ"

ညိုမောင့်ရင်သည် 'လှိုက်'ခနဲ တစ်ချက်ဖြစ်သွားသည်။

သော်သော်သည် သူ့ခေါင်းကို အားအပြည့်နှင့် ခါရမ်းပစ်လိုက် သောအခါ ဆံစတစ်ပင်ချင်း၊ တစ်မျှင်ချင်းသည် နေရောင်ခြည်ထဲတွင် လွင့်ဝဲသွားပြီး တောက်ပမှု၏ စက်ဝန်းမှာ ရောင်စုံသက်တံတစ်ခုလို ဖြစ်၍နေသည်။

"ဘယ်လိုဖြစ်သွားတာလဲ ညိုမောင်ရဲ့၊ ရီက ဒါလေးပဲ ပြောရ သေးတဲ့ဟာကို"

"အာ....ရုတ်တရက်ကြီးဆိုတော့ ရှက်သွားတာပေါ့"

သူတို့အားလုံး အားရပါးရ ရယ်မောလိုက်ကြသည်။ ထို့နောက် စိတ်ကူးရှိရာ ချက်ပြုတ်ကြော်လှော်လာကြသော ဟင်းတွေကိုစုပြီး ကိုယ် ကြိုက်ရာ ကိုယ်နှိုက်စားကြသောထမင်းပွဲသည် ပျော်စရာလည်းကောင်း သည်။ မြိန်လည်းမြိန်လှသည်။ ထိုသို့စား၍ မြိန်သောအရသာကို စားဖူးသူ မှသာ သိနိုင်လိမ့်မည်ဖြစ်သည်။

သို့သော် ထိုထမင်းဝိုင်းသည် ညိုမောင့်အတွက် နောက်ဆုံး ထမင်းဝိုင်းဆိုတာကိုတော့ မည်သူမျှ ကြို၍မသိနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ရှိ နာမည်ကြီး ဟိုတယ်တစ်ခုတွင် လမင်းစိုးသည် menu ကို ကြည့်ပြီး ကောင်းမည်ထင်သော ဟင်းများကိုမှာသည်။ ကျန် သည့် Partana တွေကိုလည်း ကြိုက်ရာမှာခိုင်းသည်။ ဟင်းက ဆယ့်ခြောက်မျိုးလောက်ရှိမည်။

ဒါပေမယ့် လမင်းစိုး ထမင်းစား၍မဝင်။

လမင်းစိုးသည် ဒေါသဖြစ်သည့်အချိန်တွင် ရင်ခုန်သံအမြန်ဆုံးဖြစ်သည်။

အခု လမင်းစိုး၏ ဒေါသသည် သူ့ရင်ခုန်သံနှင့်အတူ ညိုမောင်ရှိနေသော Reception တွင် ရှိနေလေသည်။

"လမင်း...ဒီကောင်လေးစားကြည့်ပါလား၊ ပုစွန်ကို မှုးရည်နဲ့ နယ်ထားတဲ့ ဂျုံမှုန့်နဲ့နယ်ပြီးတော့မှ ကြော်၊ ခပ်ကြွပ်ကြွပ်ကလေး ဖြစ်သွားတော့မှ ချိုချဉ်ကလေးချက်ထားတာ စားကြည့်ပါဦး လမင်းရဲ့"

"ကိုငြိမ်းသာရော အဲဒီဟင်းကိုကြိုက်ရဲ့လား"

လမင်းစိုးက ပြန်မေးသော စကားကြောင့် ကိုငြိမ်းသာ မျက်နှာ ရဲခနဲဖြစ်သွားသည်။ ကိုငြိမ်းသာသည် အရှက်အကြောက်အင်မတန်ကြီးသော ယောကျ်ားတစ်ယောက်ဖြစ်သည်။ ရုပ်ချောသည်။ သဘောကောင်းသည်။ ချမ်းသာသည်။ စကားတစ်ခွန်းကို အရမ်းအလေးအနက်ထားလေ့ရှိ၏။

"ဟုတ်ကဲ့....ကျွန်တော်လည်းကြိုက်ပါတယ်"

"ဒါဆို ထည့်ပေးလေ"

ကိုငြိမ်းသာရွယ်ထားသော ဇွန်းထဲမှ ပုစွန်ဟင်းတွေ လမင်းစိုး ပန်းကန်ထဲသို့ ရောက်သွားခြင်း၊ အန်တီဘောဘီတို့က ဝိုင်းပြီး လက်ခုပ်





တီးကြသည်။ ကိုငြိမ်းသာ၏ မျက်နှာက ထုံးစံအတိုင်း ရဲတွတ်၍ နေလေသည်။

အားလုံးအရယ်အမောတွင် လမင်းစိုးလိုက်၍ ရယ်မောလိုက်သည်။ သို့သော် သူ့ရယ်သံများသည် နှလုံးသားနှင့် ဦးနှောက်နှစ်ခုအနက် ဘာကိုမှ ထိခတ်ပြီး ထွက်သွားသောရယ်သံများမဟုတ်ခဲ့။ သူ့ခံစားချက်စစ်စစ်က Reception မှာသာရှိလေသည်။

Ð Ð Ð

"မင်းမှာ အပြစ်ရှိတယ်ဆိုတာ မင်းနားလည်တယ်မဟုတ်လား"

"ကျွန်တော်က အဲဒီအချိန်မှာ"

"မင်း ရှင်းပြတာတွေကို တို့မလိုချင်ဘူး၊ အဲဒီနေ့က ကိစ္စအားလုံးကို တို့မျက်စိနဲ့ ကိုယ်တိုင်မြင်ထားတာ၊ ဒီတော့ မေးတာပဲဖြေပါ"

ညိုမောင်သက်ပြင်းကိုချလိုက်သည်။

ဆရာတော်ဘုရားက အမြဲမိန့်ခဲ့ဖူးတာလေးကို ပြန်သတိရသည်။ 'ငါတို့မြတ်စွာဘုရားဟာ ဘဝပေါင်းများစွာပါရမီဖြည့်ရမှာ သည်းခံခြင်းဆိုတဲ့ ခန္တီပါရမီကို လူတကာထက် လွန်အောင်ကို ဖြည့်ခဲ့ရတယ်၊ မြတ်စွာဘုရားဟာ ဒေဝဒတ်ကိုလည်း သည်းခံခဲ့တယ်၊ မာရ်နတ်ကိုလည်း သည်းခံခဲ့တယ်၊ ဘယ်လိုသည်းခံတာလည်းဆိုတော့ ပညာ၊ သီလ၊ သမာဓိတွေနဲ့ သည်းခံတာ၊ ဒီတော့ သည်းခံစရာကြုံလာရင် အဲဒီတရားလေးကို သတိရပြီး သည်းခံပေတော့' ဟူသော စကားပင်ဖြစ်သည်။

"ဟုတ်ကဲ့....ကျွန်တော့်မှာ အပြစ်ရှိပါတယ်"

ညိုမောင်သည် သူ့အသံကို တည်ငြိမ်သည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လမင်းစိုးက ဘယ်လောက်အထိ အပြစ်ပေးမလဲ။ ရင်ဆိုင်ဖို့အသင့်ဖြစ်၍ နေသည်။ လမင်းစိုးပေးမည့်အပြစ်သည် ဘာမှမဟုတ်သောအပြစ်ဖြစ်မှာကိုပင် စိုးရိမ်မိနေ၏။

"ကောင်းပြီ၊ တို့ မင်းကို အလုပ်က မထုတ်ပါဘူး၊ ဒါပေမယ့် ရာထူးတော့ချမယ်၊ မင်း...."

"ဟုတ်ကဲ့..."

"အဲ...ဒီတော့ကွာ မင်းကြောင့် တို့အရှက်ကွဲခဲ့ရတယ်၊ အဲဒီတုန်းက ငါနဲ့ပါလာတဲ့လူတွေဟာ ငါ့အိပ်မက်ကို ဝိုင်းကူပေးမယ့်လူတွေချည်းပဲ၊ အဲဒါကို မင်းက ....ကဲ...ထားလိုက်ပါတော့လေ"

"ဟုတ်ကဲ့...."

"မင်း....."

လမင်းစိုးသည် အခုအချိန်မှာတော့ 'လမင်းဆိုး'ကလေး တစ်ယောက် ဖြစ်နေသည်။ သို့သော် 'မင်း.....' ဆိုပြီး နောက်ဆက်တွဲ စကားကို ပြော၍မရပါ။ လမင်းဆိုးသည် ဆိုး ဆိုးကလေးဖြစ်အောင် အားကိုတင်းလိုက်၏။

"မင်းကို သန့်ရှင်းရေးအဖြစ်တို့က တာဝန်ပေးတယ်"

"ဟုတ်ကဲ့..."

"မင်းလစာကိုတော့ ငါမဖြတ်ဘူး၊ အရင်လစာပဲ၊မင်း ၈ နာရီ အရောက်လာရမယ်၊ ရုံးကလူတွေ ၉း၃၀ နာရီမှာမရောက်ခင် ဖုန်စုတ်တာ၊ အမှိုက်ပုံးတွေသွန်တာ၊ တရုတ်ကပ်မှန်တွေတိုက်တာကို လုပ်ထားရ မယ်၊ လုပ်ရင် ငါ့အခန်းကို နောက်ဆုံးထားလုပ်ရမယ်၊ ငါ့အခန်းထဲက သန့်ရှင်းရေးလုပ်ရုံကလွဲပြီး ကျန်တာဘာတစ်ခုမှ မင်းလုပ်ခွင့်မရှိဘူး၊





ငါ့စားပွဲပေါ်က ဘယ်ပစ္စည်းကိုမှ မထိရဘူး ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ညိုမောင့်စိတ်ထဲမှာတော့ ဒီထက်တောင်မှ ရက်စက်စေချင်နေသေးသည်။

လမင်းသည် ကျားသစ်မကလေး မာန်ဖီနေသလို စကားလုံးတွေနှင့် သူ့ကိုပစ်ပေါက်တိုက်ခိုက်နေသည့်တိုင် ထိုစကားလုံးများသည် 'သည်းခံမည်'ဟု ဆုံးဖြတ်ထားသော နှလုံးသား၏ရှေ့တွင် ပန်းပွင့်ကလေးတွေ ဖြစ်သွားကြသည်။

မတန်မရာကို ချစ်နေမိမှန်း သူသိပါသည်။

မရနိုင်မှန်းလည်း သူသိပါသည်။

ဒါပေမယ့် လူတစ်ယောက်မှာ ကိုယ့်အချစ်နှင့် ကိုယ်အဆင်ပြေနေသော ကာလဆိုတာ ရှိကောင်းတယ်မဟုတ်လား။

အခု လမင်းစိုးပေးလိုက်သောအပြစ်သည် သူ့ရင်ထဲက ဖော်ထုတ်ခွင့်မရသော မေတ္တာကို တစ်နည်းအားဖြင့် ဖော်ထုတ်ပြသခြင်းပင်ဖြစ် သည်ဟု ညိုမောင်က ခံယူသည့်အတွက် တုန်လှုပ်ခြင်းကင်းမဲ့စွာဖြင့် လက်ခံနိုင်ခဲ့သည်။

လူတို့ ရှုံးသည့်အထဲတွင် အချစ်နှင့်ပတ်သက်၍ ရှုံးသောအရှုံးသည် နားလည်ရအခက်ဆုံး ရှုံးခြင်းပင်ဖြစ်သည်။

Ð Ð Ð

နောက်တစ်နေ့မှာပင် လမင်းစိုး သူ့အခန်းထဲကို ၉း၁၅ နာရီမှာ ဝင်တော့ သူ့အခန်းသည် တစ်စုံတစ်ရာထူးခြားနေသည်ဟု ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏလေးငေးပြီးတော့မှ သတိရသည် 'ညိုမောင်' ငါ သူ့ကို သန့်ရှင်းရေး လုပ်ခိုင်းထားတာပဲဆိုတာကို သတိရသည်။

သူ့စားပွဲပေါ်က ပစ္စည်းတွေကလွဲ၍ ကျန်ပစ္စည်းတွေအားလုံးက နေသားတကျရှိနေသည်။ အဲယားဖလက်(ရှ်) လိမ္မော်ရနံ့ကလေးကိုလည်း သင်းသင်းကလေးရသည်။ Air-con ကလည်း ပို၍ စိမ့်အေးနေသလိုခံစားရသည်။ အရင်တုန်းကတော့ လမင်းစိုးသည် သူ့အခန်းကို (၃) လတစ်ခါ လောက်သာ ရှင်းတတ်သူဖြစ်သည်။

သူ့အခန်းရှေ့မှ ဗေဒါရောင်လိုက်ကာကြီးတွေကို ဆွဲဖယ်လိုက်တော့ ညိုမောင့်ကို စာရေးစားပွဲတွေကို အေးအေးဆေးဆေးသုတ်နေတာကို တွေ့ရသည်။

ပြီးတော့ ပြတင်းပေါက်မှန်တွေကို ဆပ်ပြာစပရေးဘူးနှင့် ဖြန်းပြီး အဝတ်စုတ်နှင့်သုတ်သည်။ ပြီးတော့ ညိုမောင်သည် သူ့နာရီကို ငုံ့ကြည့်သည်။ နောက်ပြီး အရေးကြီးဟန်ဖြင့် စားပွဲနောက်နှင့် ရှေ့တွင်ရှိသော ခုံတွေကို စားပွဲပေါ်ကောက်၍ကောက်၍တင်ပြီး ဖုန်စုတ်စက်ဖြင့် ဖုန်တွေ စုတ်သည်။

ပြီးတော့ နေသားတကျပြန်စီ၍ထားသည်။

ထိုအလုပ်တွေအားလုံးကို လုပ်နေသော ညိုမောင့်မျက်နှာတွင် ဒေါသမရှိ၊ မကျေနပ်တာမရှိ။ အားငယ်ညှိုးနွမ်းနေတာမရှိ။ ပကတိအတိုင်း ပင်ရှိသည်။ လမင်းစိုးက အနောက်ဘက်ဓာတ်လှေကားမှ တက်လာသဖြင့်သာ ညိုမောင်မသိခြင်းဖြစ်သည်။

ထို့နောက် နာရီကို ညိုမောင်ငုံ့ကြည့်သည်။ သူ့သန့်ရှင်းရေးလုပ်ပြီးသောအရာအားလုံးကို စေ့စေ့စပ်စပ်ကြည့်သည်။ ပြီးတော့ ညိုမောင် သည်





သူ့သန့်ရှင်းရေးကိရိယာတွေအားလုံးကိုယူပြီး သူ့အခန်းရှေ့မှာပင် အနောက်ဘက်ရှိ စတိုးခန်းသို့ ထွက်သွားခဲ့သည်။ ညိုမောင့်မျက်နှာတွင် ဒေါသမရှိ၊ သို့သော် နှုတ်ခမ်းက ဘာတွေမှန်းမသိတာတွေကိုတော့ ရွတ်၍နေတာကို လမင်းစိုး သတိထားမိသည်။

သိပ်မကြာခင် ကုမ္ပဏီဝန်ထမ်းများ ရောက်လာကြ၏။ သူတို့နေရာ၊ သူတို့ခုံတွေ အရင်တုန်းကလိုမဟုတ်ဘဲ သန့်ရှင်းတောက်ပနေ တာကို တွေ့တော့ အံ့ဩကြသည်။ အချင်းချင်း လှမ်း၍မေးကြသည်ကို လမင်းစိုးအခန်းထဲမှ ငေး၍ကြည့်နေမိသည်။

Reception လည်း ထို့အတူ သန့်ပြန့်နေပါသည်။ သို့သော် Reception သည် အရင်တုန်းကလို အသက်ဝင်မနေတော့ဘဲ တိတ်တဆိတ် တာဝန်များကို ထမ်းဆောင်နေကြတာကိုသာ လမင်းစိုးတွေ့ရ သည်။

လမင်းစိုး သူ့ခုံတွင် ထိုင်ပြီး တစ်ယောက်တည်း စဉ်းစားနေခဲ့သည်။ သူ့လုပ်ရပ်သည် ခံစားမှုကိုဦးစားပေးခဲ့သည့်လုပ်ရပ်လား၊ ကုမ္ပဏီ၏ တကယ်ချမှတ်ထားသောစည်းကမ်းလား။

လမင်းစိုး ဝေခွဲ၍မရပါ။ သူလိုချင်ခဲ့သည်က ညိုမောင်သည် သန့်ရှင်းရေးသမားဆိုသောရာထူးကို တူးတူးခါးခါးငြင်းဆိုပြီး သူ့ကို ဝမ်းနည်းပက်လက်တောင်းပန်စေချင်တာဖြစ်သည်။ သို့သော် သူလိုချင်သလိုဖြစ်၍မလာခဲ့။ ဥက္ကာကျော်ကတော့ ရှင်းသည်။ သူ့အရည်အချင်း က ဌာနမှူးတစ်ယောက် အရည်အချင်းမို့ ဌာနမှူးရာထူးကိုတောင်းသည်။ လမင်းစိုးက သုံးလအစမ်းခိုင်းပြီးမှ စဉ်းစားမည်ဆိုသဖြင့် ထွက်သွားခဲ့ သည်။ အခု ဒီညိုမောင်ဆိုတဲ့ငတိက ဘာကြောင့် သူ့အနိုပ်အစက်ကို အပြုံးဖြင့် ခံနိုင်နေရသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ကိုကို့ထံမှ Fax တစ်ခုဝင်လာသည်။ Fax က ဂျပန်မှာ ဆွေးနွေးမှုများ အဆင်မပြေ၊ မြသဇင်နှင့် မပြေလည်ပါ၊ Share ကိစ္စများ ခဏမေ့ထားပြီး အသေးစိတ်ကို ရောက်မှပြောပြမယ် ဆိုတာပဲ ဖြစ်သည်။

ဘာတွေဖြစ်ကုန်ပြီလဲ ဆိုတာကို လမင်းစိုးမစဉ်းစားတတ်တော့။

Ð Ð Ð

ကမ္ဘာကြီးသည် အရှိန်တစ်ခုနှင့် လည်ပတ်နေရသည်ဟု ဆိုလျှင် ထိုအရှိန်ထဲတွင် လမင်းစိုးလည်း အများနည်းတူ ပါဝင်နေသည်ဟု ဆိုရမည်ဖြစ်၏။

ပိတောက်ဦးနှင့် မိုးဦးစက်များသည် ချိန်းဆိုထားခြင်းမဟုတ်ပါ။

အခြေအနေဟု ခေါ်၍ခေါ်လျှင်ရသော သဘာဝတရားကြီးက ထိုအခြေအနေတွင် ပိတောက်များကို ဖူးစေပြီး၊ ဒီအခြေအနေတွင် မိုးဦးကို ကျစေခဲ့သည်။ ပိတောက်ပွင့်သည့်ရနံ့၊ မုန့်လုံးရေပေါ်နှင့် သင်္ကြန်၏ အော်သံ ပျော်သံများအားလုံးကိုပေါင်းစည်းလိုက်လျှင် မည်သို့မျှစာဖွဲ့၍ မရသော ရင်တွင်းရနံ့ကို ရကြစမြဲဖြစ်သည်။

အခု ထိုသင်္ကြန်သည် လာတော့မည်။

ယခုလာမည့်သင်္ကြန်တွင် လမင်းစိုးလုပ်မည့် Project အသစ်အတွက် ကြော်ငြာမဏ္ဍပ်တွေထိုးရမည်။ ကြော်ငြာဘုတ်တွေထောင်ရမည်။ မင်းသား မင်းသမီး အဆိုတော်တွေကို ကိုယ့်မဏ္ဍပ်လူစည်ရေးအတွက် ငှားရပြုရဦးမည်။ ထိုကိစ္စအတွက် ကိုကို့ Fax က ဆက်ကြိုးစားရမည်လား၊ ဖျက်ပစ်လိုက်ရမည်လားဆိုတာကို မကွဲပြားဖြစ်နေသည်။





ကိုကိုနှင့် မြသဇင်အခြေအနေကလည်း ဘယ်လိုမှန်းမသိ။

ကိုကိုနှင့် မြသဇင်သည် မြန်မာနိုင်ငံမှာ တွေ့ကြတာမဟုတ်ဘဲ ဂျပန်နိုင်ငံတွင်တွေ့ခဲ့ကြခြင်းဖြစ်သည်။ အခု ကိုကိုနှင့် လမင်းစိုးတို့ ကုမ္ပဏီ အောင်မြင်နေခြင်းမှာ ဂျပန်နိုင်ငံမှ မြသဇင်၏ အကူအညီပါသည် ဆိုတာကို ငြင်း၍မရတာတော့အမှန်ပင်ဖြစ်သည်။

အခု လုပ်ငန်းထပ်မံတိုးချဲ့မည့် အလုပ်ကန်ကိစ္စကျမှ မြသဇင် ဘက်မှ ဘယ်လိုဖြစ်တာလဲတော့ လမင်းစိုးလည်း ကိုကိုလာမှပင်သိရ တော့မည်။

ဂျပန်မှာ အမျိုးအမည်တပ်၍မရသော ပြဿနာအပြင် ကုမ္ပဏီတွင် ဖြစ်နေသော ပြဿနာတစ်ခုကိုလည်း လမင်းစိုး ရင်ဆိုင်နေရသေးသည်။ ထိုပြဿနာမှာ ညိုမောင့်ကို သန့်ရှင်းရေးအထိ ရာထူးချထားခြင်းကို ဝန်ထမ်းများ တစ်စစသိရှိသွားကြခြင်းဖြစ်သည်။

ထို့အတွက် လမင်းစိုးကို တိုက်ရိုက်ထိခိုက်ခြင်းတော့မဖြစ်ပါ။ ဒါပေမယ့် လမင်းစိုးအခန်းထဲက ထွက်လိုက်လျှင် ဝန်ထမ်းတွေအားလုံးက ကြောက်ကြောက်လန့်လန့်ဖြင့် အလုပ်လုပ်ကြတာ လမင်းစိုးကို အလုပ်ကိစ္စကလွဲပြီး အခြား အလွှာပွသလွှာပပင် မပြောကြတော့တာကို လမင်းစိုး ခံစားနေရသည်။

လမင်းစိုး၏ ရုံးခန်းကိုရောက်လာပြီး ထိုအခြေအနေတွေကို အားလုံးသိသွားသော ယမင်းမကတော့...

"မင်းစိတ်လျှော့ရမယ်" ဟု စ၍ပြောသည်။

"ငါ သူ့ကို ထုတ်ပစ်တာမဟုတ်ဘူး ယမင်း"

"ထုတ်ပစ်လောက်တဲ့အပြစ်လည်း ဟုတ်မှမဟုတ်တာပဲ [illegible] ဉက္ကာကျော်ကို ထုတ်ပစ်လိုက်တော့ ကုမ္ပဏီကဝန်ထမ်းတွေ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လဲ ဝမ်းတောင်သာသေးတယ်မဟုတ်လား"

"အင်း...ဒါတော့ဟုတ်တယ်၊ ဒီကောင်က ဆရာကြီးလုပ်ချင်တာကိုး"

"အဲဒါပဲလေ၊ ညိုမောင်က ရိုးသားတာကိုး၊ ရိုးသားတဲ့လူကို ဖိထောင်းမှတော့ မင်းကို မဆက်ဆံချင်တော့တာ ဘာဆန်းသလဲ၊ ကုမ္ပဏီပိုင်ရှင်တစ်ယောက်ရဲ့ လက်အောက်ငယ်သားတွေက ချစ်နေတာပဲ ဖြစ်သင့်တယ်၊ ကြောက်နေရတာ မဖြစ်သင့်ဘူး လမင်းမ"

"ဒါဆို ငါ သူ့ကို အရင်ရာထူးမှာ ပြန်ခန့်ရမယ်ပေါ့"

"ဟင့်အင်း....တစ်ဆင့်ပါထပ်တိုးပေးလိုက်"

သူငယ်ချင်းနှစ်ယောက် အားရပါးရ ရယ်မောလိုက်ကြသည်။ ပြီးတော့ လက်ဝါးချင်းရိုက်လိုက်ကြ၏။

လမင်းစိုးသည် ညိုမောင့်ကို သူ့မျက်စိထဲမှာ မြင်ကြည့်သည်။ ခံစားမှုသည်အားလုံးအဆင်ချောလျက်ရှိ၏။

နိုင်နေကျလူသည် အနိုင်ကိုယူမှ ကျေနပ်ကြစမြဲမို့ 'အနိုင်'ကလေးတော့ ယူလိုက်ဦးမှဟုသာ လမင်းစိုး စဉ်းစားနေမိပါသည်။

Ð Ð Ð

"ကိုညို ရာထူးအချခံရတယ်ဆို ဟုတ်လား"

သန့်ရှင်းရေးလုပ်နေရတာဟုတ်လားဟု မမေးရက်သဖြင့် သော်သော်က အယဉ်ကျေးဆုံးမေးလိုက်ခြင်းဖြစ်သည်။ ပြီးတော့ ထမင်းပန်းကန်ကို ညိုမောင့်အနားသို့ ချပေးလိုက်သည်။ နံဘေးက ခုံတွင်လည်း ဝင်ထိုင်သည်။

"ဟုတ်တယ် သော်သော်၊ ကျွန်တော်က လူကြီးကို အရိုအသေ





မပေးမိလို့တဲ့၊ ကုမ္ပဏီပိုင်ရှင်က သူ့ညေ့သည်တွေပါ ပါတော့ ပိုဆိုးသွားတာပေါ့"

"ဖြစ်ရလေ ကိုညိုရယ်၊ ကိုတိုးလွင်ပြောကတည်းက သော်သော် စိတ်မကောင်းဖြစ်နေတာ"

ညိုမောင် သော်သော့်ကို ငေး၍ကြည့်နေမိသည်။ သော်သော့်မျက်ဝန်းထဲမှာ သူ့အပေါ် တကယ်ကြင်နာသော ညိုးရိပ်ကလေးကို တွေ့နေရပါသည်။ သော်သော်သည် နှုတ်ခမ်းဖူးဖူးထွေးထွေးကလေးကလွဲလျှင် ထူးထူးခြားခြားလှသည်ဟု ပြော၍မရပါ။ ဒါပေမယ့် သော်သော့် မျက်နှာပေါ်တွင် ဘဝကိုရင်ဆိုင်တိုက်ခိုက်နေသော ရင့်ကျက်နားလည်မှုတစ်ခုကလည်း သိမ်မွေ့စွာရှိနေခဲ့သည်။ သော်သော့်အတွက် ကြမ်းတမ်းသောလောကမံသည် သော်သော့်မျက်နှာကို 'ရင့်ကျက်ခြင်း' ဖြင့် အလှဆင်ပေးသည်။

စကားလည်းမပြော။ လှုပ်ရှားမှုလည်းမရှိသောအဖြစ်ကြောင့် သော်သော် အံ့ဩပြီး မော့ကြည့်တော့ သူ့ကိုတည်ငြိမ်စွာ စိုက်ငေးနေသော ညိုမောင့်မျက်ဝန်းတွေနှင့် သွားဆုံသည်။ သော်သော့် ရင်ခုန်သံသည် ပုံမှန်လည်နေရာမှ ရုတ်တရက် တိုးဆောင့်၍တက်သွားသည်။ ဒါကို ရင်ခုန်တယ်လို့ခေါ်တာလား၊ သော်သော် ထရုပ်မိမှန်းမသိ ထရုပ်မိပါသည်။

"သော်သော် ဒီနေ့ဝယ်လာတဲ့ ဘဲသားက တော်တော်ရင့်တယ် ကိုညိုမောင်၊ ရေနည်းနည်းသွားထည့်လိုက်ဦးမယ်နော်"

ညိုမောင်က ဘာမှမပြောဘဲ သော်သော့်ကို ငေးနေရာမှ ပြုံးပြလိုက်သည်။ ထိုအပြုံးပြီးပြီးချင်း သော်သော်က ထွက်ပြေးသွားတာဖြစ် သည်။

သော်သော်သည် သူ့ဘဲသားတွေကို တော်တော်လေးကို စိတ်မချ ဟန်



www.burmeseclassic.com

www.burmeseclassic.com



တူသည်။

သူသန့်ရှင်းရေးလုပ်နေရသည့်ကိစ္စကို ရုံးဝန်ထမ်းတော်တော်များများက မကျေနပ်ကြတာကို ညိုမောင်သိပါသည်။ အထူးသဖြင့် သူ Reception အဖွဲ့က ပိုပြီး စိတ်မကောင်းဖြစ်ကြသဖြင့် ပိုပြီး လမင်းစိုးအပေါ်မှာ မကျေမနပ်ပိုဖြစ်ကြသည်။ ညိုမောင်ကတော့ အဲဒီကိစ္စတွေကို စိတ်ထဲမှာ မထားပါ။ ပြီးတော့ သူ့အစားဝမ်းနည်းနေကြသော သူငယ်ချင်းတွေကို ရွာဘုန်းကြီးကျောင်းမှာတုန်းက လုပ်ရသည့် သန့်ရှင်းရေးအကြောင်းကို ပြောပြတတ်သည်။

"နင်တို့ကလည်း ငါပြောပြမယ်၊ ဆရာတော်ကြီးနေတဲ့ နှစ်ထပ်ကျောင်းက အောက်ထပ်မှာ ဆွမ်းစားတယ်၊ အပေါ်ထပ်မှာ တရားပေး တယ်၊ အပေါ်ထပ်ရော အောက်ထပ်ရော အနည်းဆုံး လူအယောက်သုံးရာကျော်တော့ အေးအေးဆေးဆေးဆန့်တယ်၊ ကြမ်းအခင်းက သုံးထပ် သား၊ ပျဉ်းကတိုးသုံးထပ်သားနော်၊ အဲဒါကို ငါရယ်၊ ဂျာရစ်ရယ်၊ ကျီးကန်းဆိုတဲ့ကောင်သုံးကောင်တိုက်ရတာ"

သူ့သူငယ်ချင်းတွေအားလုံး စိတ်ဝင်စားနေတော့မှ ညိုမောင်က စကားကိုဆက်ပြောသည်။ သူ့ရွာအကြောင်း သူ့ဆရာတော်အကြောင်း ပြောနေရလျှင် ညိုမောင့်မှာ ကျေနပ်၍နေတတ်သည်။

"ငါတို့တိုက်ရတဲ့ ပစ္စည်းက အုန်းသီးအစိမ်းကို အလယ်ခေါင်က လွှနဲ့ဖြတ်၊ အထဲက အုန်းသီးအသားကိုထုတ်ပြီး အုန်းဆံနဲ့အတူတွဲရက်ကျန်ခဲ့တဲ့ အုန်းမှုတ်ခွက်ထဲမှာ အဝတ်ကို ဒီဇယ်ဆီနဲ့ စွတ်ပြီးတော့မှ တိုက်ရတာ၊ ငါက ပထမလျှာထိုးပြားပေါ်မှာ အုန်းဆံခွက်ကိုတင်။ အုန်းသီးပေါ်ကို လက်နှစ်ဖက်တင် ဖင်ကိုထောင်ပြီး အုန်းခွက်ကိုဖိပြီး ခပ်သွက်





သွက်ပြေးရတာ၊ ဟိုဘက်ကိုရောက်တော့ နောက်တစ်လိုင်းပေါ့၊ ငါက ဟိုဘက်ရောက်လို့ နောက်တစ်လိုင်းပြောင်းတဲ့အချိန် ငါတိုက်သွားတဲ့လိုင်းကို ကျီးကန်း ဒါမှမဟုတ် ဂျာရစ်က ထပ်တိုက်၊ ဂျာရစ်ပဲဆိုပါတော့၊ သူက ထိပ်ရောက်ရင် ကျီးကန်းက တိုက်၊ ဒီလိုနဲ့ လျှာထိုးတစ်လွှာကို ငါတို့သုံးယောက်တိုက်ရတာ တစ်ဝက်လောက်ရောက်ရင် ပက်လက်တွေလန်ကုန်ကြရော"

"နေ့တိုင်း အဲဒီလို တိုက်ရတာလားဟင်"

"တစ်ပတ်ကို ၃ ရက်တိုက်ရတာဟ၊ ဒါကျောင်းပေါ်သန့်ရှင်းရေးပဲရှိသေးတာနော်၊ အခု ဒီမှာလုပ်ရတာက ဘာပင်ပန်းလို့လဲဟာ၊ ဒီဖုန်စုတ်စက်ကလေးနဲ့ ကော်ဇောတွေပေါ်လိုက်တွန်း၊ ပြီးတော့ နင်တို့ခုံလေးတွေလိုက်သုတ်၊ ထိုင်ခုံတွေကို စားပွဲအောက် ညီအောင်ပြန်တည့်၊ ဒါပဲရှိတာ၊ နေ့ခင်းဘက်ဆို တစ်ရေးတောင် နှပ်လို့ရသေးတယ်၊ ကဲ...ဘယ်လောက်ကောင်းလဲ"

"ဟယ်...နေ့ခင်းဘက် အိပ်ရသေးတယ် ဟုတ်လား"

ဝါဝါက အလန့်တကြားမေးသည်။

"အေးလေ...အဲဒီသန့်ရှင်းရေးအလုပ်ပြီးရင် အိပ်လို့ရပြီလို့ ငါ့ကို G-M က ပြောထားတာပဲ၊ ငါ စတို.ထဲမှာ အိပ်တာပေါ့"

ညနေ နင်တို့ပြန်သွားတော့မှ ဖုန်စုတ်စက်နှင့် ဖုန်စုတ်၊ ခုံတွေ ဘာတွေစီ ပြီးရင်ပြန် ဒါပဲ"

ညိုမောင်သည် သူလုပ်ရသည့်အလုပ်၏ ရာထူး၊ ဂုဏ်သိက္ခာ၊ အဆင့်အတန်း စတာတွေကို ဘယ်တော့မှ စဉ်းစားလေ့မရှိသူဆိုတာကို သူဓာတို့ ယုံလိုက်ကြသည်။ ပြီးတော့ ညိုမောင်သည် သူလုပ်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ထဲမှာ သူကျေနပ်စရာ ပျော်စရာကို အမြဲတမ်းရှာလေ့ရှိသည်။ သူ့အလုပ်ကို အောက်ကျသည်ဟု သူဇာတို့က ထင်နေခြင်းဖြစ်ပါသည်။ ညိုမောင်ကတော့ သူ့အလုပ်ကို အောက်ကျသည်ဟု ဘယ်တုန်းကမှ မထင်ခဲ့သူဖြစ်ပါသည်။

အဲဒီနေ့က ညိုမောင်အပြင်ဘက်ကို သန့်ရှင်းရေးလုပ်ပြီးမှ လမင်းစိုး အခန်းထဲသို့ဝင်သည်။ ညိုမောင်သည် လမင်းစိုးအခန်းကိုဆိုလျှင် ဂရုတစိုက်အမြဲလုပ်ပေးလေ့ရှိပါသည်။ ဘာ့ကြောင့်မှန်းတော့မသိ။ လမင်းစိုး ဒီအခန်းထဲသို့ဝင်လာလျှင် စိတ်ထဲမှာ ကျေနပ်ပြီး ကြည်နူးသွားစေချင်သည့် စိတ်ကလေးဖြစ်သွားစေချင်သည်။

ထို့ကြောင့် သူဂရုတစိုက်သန့်ရှင်းအောင်ကြိုးစားသည်။

ထိုအချိန်တွင်ပင် တိတ်ဆိတ်နေသော အခန်းထဲမှာ ယင်မထားသော ဖုန်းမြည်သံကြောင့် ရုတ်တရက် လန့်ဖြန့်ပြီး ညိုမောင် 'အား' ခနဲ အော်ရင်း ထခုန်မိသွားသည်။ ရင်တွေက တဆတ်ဆတ်တုန်နေသည်။ ဖုန်းမြည်သံပါဟု သူ့ကိုယ်သူ အသိပေးရ၏။ ဖုန်းသံက ဆက်မြည်နေဆဲ။

အဲဒီမှာ ညိုမောင်တက်သော ပြဿနာက ဒီဖုန်းကို ကောက်ကိုင်ရမှာလား။

ဒီလိုပဲ ပစ်ထားရမှာလားဆိုတာပဲဖြစ်သည်။

အကယ်၍ဒီဖုန်းသည် လမင်းစိုးအတွက် ဒါမှမဟုတ် ကုမ္ပဏီအတွက် အရေးတကြီး ဖုန်းဖြစ်နေလျှင် ဘယ်နဲ့လုပ်မည်နည်း။ လမင်းစိုး၏အစ်ကို ဂျပန်က ဆက်တာဆိုလျှင် ဘယ်နဲ့လုပ်မှာတုံး။

သူကိုင်လိုက်တာက ပိုကောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။ လမင်းစိုးအတွက် ကိုယ်ရေးကိုယ်တာကိစ္စဆိုလျှင်တော့ လမင်းစိုး မရောက်





သေးဘူးဟု ပြောလိုက်ရုံသာရှိသည်။ အရေးတကြီးဖုန်းဆိုလျှင် မှတ်ထားရမည်။

ညိုမောင် တရစပ်မြည်နေသော ဖုန်းနားသို့ ကြောက်ကြောက်ရွံ့ရွံ့ ကပ်သွားသည်။ ဖုန်းသံက ဒီလောက်ကြာနေပြီဆိုတော့ တစ်ဖက်လူကိုလည်း အားနာနေမိသည်။ စိတ်လှုပ်ရှားစွာဖြင့် ဖုန်းကို ကောက်ကိုင်ပြီး "ဟဲလို" ဟု ထူးလိုက်သည်။ စိုးရိမ်စိတ်က များနေသဖြင့် အသံက တုန်ချင်နေသည်။

"လ..လမင်းလား၊ ဖုန်းကို ချမပစ်လိုက်ပါနဲ့နော်၊ ကိုငြိမ်းလေ ကိုငြိမ်း လမင်းကို အရမ်းလည်း အားနာတယ်၊ လမင်းစိတ်ဆိုးမှာလည်း အရမ်းစိုးရိမ်ပါတယ်၊ အခုလို ဖုန်းထဲကနေပြောဖို့ ကိုတောင်မှ အကြိမ်ကြိမ် ကြိုးစားခဲ့ရတာပါ၊ လမင်း...လမင်း ဖုန်းမချပါနဲ့နော်"

"ဌတော့ကျကုန်ပြီ" ဟု ညိုမောင်တွေးလိုက်သည်။ တစ်ဖက်က ဖုန်းမချဖို့တွင်တွင်တောင်းပန်၍နေသည်။ ဒီစကားအသွားအလာအရဆိုလျှင် ရည်းစားစကားပြောတော့မှာဆိုတာလောက်တော့ ညိုမောင်နားလည်ပါသည်။ ထို့ကြောင့် ညိုမောင်သည် နှုတ်ခမ်းတွေကို မဖွင့်ဘဲ လည်ချောင်းအသံနှင့်ပင် 'အင်း' ဟု ပြောလိုက်၏။

"ဝမ်းသာလိုက်တာ လမင်းရယ်၊ လမင်းကလေ ဟို ဘာလဲ ဟိုကျွန်တော့်ဘဝပါ၊ ကျွန်တော် လမင်းကို လက်ထပ်ချင်ပါတယ်၊ လက်မထပ်ခင် ချစ်သူတွေလိုနေရင်းနဲ့ တစ်ယောက်အကြောင်း တစ်ယောက် ဟိုလေ လေ့လာမယ်ဆိုရင်လည်း လမင်းစိုးသဘောပါပဲ၊ လမင်း လမင်းကိုယ်ပြောတာ ကြားတယ်နော်"

"အင်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လမင်းက ကိုယ့်ကမ်းလှမ်းချက်ကို အခုသဘောတူထားတယ်ပေါ့နော်၊ အဲဒီလို ကိုယ်ယူဆရမှာလားဟင်"

ဒီတစ်ခါတော့ ပါးစပ်ပိတ်ပြီး အင်းလို့မပြောရဲတော့၊ ဒီလိုပြောလိုက်လျှင် ပြဿနာတွေ အများကြီးတက်လာနိုင်သည်။ ဒီတော့ အမှန်အတိုင်း ဖွင့်ပြောလိုက်တာကောင်းလိမ့်မည် ထင်သည်။

"လမင်း ကျွန်တော်ပြောတဲ့အဓိပ္ပါယ်ကို လက် လက်ခံတယ်နော်"

"..................."

ညိုမောင် အကောင်းဆုံး ဘယ်လိုပြန်ဖြေရမလဲဆိုတာကို စဉ်းစားသော်လည်း စဉ်းစားမရ။ တစ်ဖက်က လောအရမ်းကြီးနေသည်၊ စိတ်လှုပ်ရှားမှု အရမ်းများနေသည်။

"လမင်း...."

တစ်ဖက်က ဖုန်းထဲမှ တုန်လှုပ်နေသောအသံကို ကောင်းကောင်းကြားနေရ၏။ အကောင်းဆုံးက ဖုန်းချလိုက်တာပဲဖြစ်လိမ့်မည်။ လက်ထဲက ဖုန်းကို တစ်ချက်ကြည့် ပခုံးကိုတွန့်ပြီး ဖုန်းပေါ်တင်လိုက်သည်။ ဖုန်းစုတ်စက်ကိုယူတော့မှ တံခါးဝမှာ သူ့ကိုမျက်မှောင်ကျုံ့ပြီးကြည့်နေသော လမင်းစိုးကို ထိတ်လန့်ဖွယ်ရာ တွေ့ရလေသည်။

လမင်းစိုးသည် ညိုမောင့်ကို စိတ်ပျက်လက်ပျက်ကြည့်ရင်း ခေါင်းကို ခါရမ်းကာ သူ့ခုံတွင် ဝင်ထိုင်သည်။ ညိုမောင် နာရီကိုကြည့်တော့ ၉ နာရီထိုးပြီး ၂ မိနစ်ရှိနေပြီဆိုတာကို တွေ့ရသည်။ သူကိုင်လိုက်သော ဖုန်းသည် ၉ နာရီတိတိမှာ လမင်းစိုးနှင့်ချိန်းထားသော ဖုန်းများဖြစ်နေသလားဟု သူအထိတ်တလန့်တွေးလိုက်မိသည်။

"တို့....မင်းကို ဘယ်လိုလုပ်ရမလဲ"





ညိုမောင် ဘာမျှမပြောနိုင်ပါ။ လမင်း၏ စားပွဲခုံကိုသာ ကြည့်နေလိုက်သည်။

"ဒီဖုန်းကို မင်းကိုင်ခွင့်မရှိဘူး၊ မင်းမှမဟုတ်ဘူး၊ ဒီကုမ္ပဏီက လူဘယ်သူမှ ကိုင်ခွင့်မရှိဘူး၊ နောက်ဆုံး တို့ကိုကို ချစ်မင်းစိုးတောင် မှ မကိုင်ရဘူးကွ၊ သိရဲ့လား"

"ဖုန်းက နှစ်ကြိမ်တောင်ခေါ်တာနဲ့ အရေးကြီးတဲ့ ဖုန်းများလားဆိုပြီး ကိုင်မိတာပါ"

"သေလိုက်စမ်း၊ သူဘာသူ အကြိမ်တစ်သန်းမြည်မြည်ပေါ့ကွ၊ မင်းနဲ့ ဘာဆိုင်လို့လဲ"

"ကျွန်တော်ကတော့ စေတနာနဲ့ ကိုင်တာအမှန်ပါ၊ ပေးချင်တဲ့ အပြစ်ပေးပါ"

"ကောင်းတယ်၊ မင်းကလုပ်ချင်တာလုပ်လိုက်ပြီးရင် ပေးချင်တဲ့ အပြစ်ပေးပါ တောင်းလိုက်နဲ့ ဟုတ်လို့၊ မင်းကို အပြစ်ပေးရတဲ့ ငါ့ကို ကျတော့ ဝန်ထမ်းတွေက မယ်ကုဝဏ်ကျနေတာပဲ၊ ဒီမှာ ညိုမောင် သန့်ရှင်းရေးဆိုတာ ဒီရုံးမှာ အနိမ့်ဆုံးအဆင့်ကွ၊ အဲဒီအဆင့်ထက် မင်းကို ငါက ဘယ်လိုလျှော့လို့ ရတော့မှာလဲ"

ညိုမောင် ဘာမှမပြောနိုင်တော့ဘဲ ခေါင်းကိုငုံ့လိုက်မိသည်။

ဖုန်းထဲကလူပြောတဲ့စကားကို ဖွင့်ပြောပြလိုက်လျှင်ကောင်းမလား၊ ဒါပေမယ့် ဆက်တွေးတော့ မပြောတာက ပိုကောင်းလိမ့်မည်ဟု ညိုမောင် သဘောရသည်။ သူပြောပြလိုက်လျှင် လမင်းစိုး ထိုလူ့ဆီလှမ်းပြီး ဖုန်းဆက်မေးမည်။ ဟိုတစ်ဖက်က လမင်းကိုင်တာမဟုတ်မှန်းသိတော့ 'မဟုတ်ဘူး' ဟုငြင်းဖို့က များသည်။ အဲဒါဆိုလျှင် သူပိုပြဿနာတက်သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး မင်းက ဘယ်သူနဲ့စကားပြောနေတာလဲ၊ ဆိုလိုတာ မင်းနဲ့ ဖုန်းဆက်တဲ့လူနဲ့ ဘာစကားတွေပြောကြလဲ"

"ကျွန်..ကျွန်တော်က ဘာမှမပြောပါဘူး၊ဟိုဘက်ကပဲ ပြောတာပါ"

"ကောင်းပြီ၊ ဟိုဘက်က ဘာတွေပြောလဲ"

"သူပြောတာတွေကို ကျွန်တော် ဘာမှနားမလည်ဘူး"

"မြန်မာလိုပဲပြောတာမဟုတ်လား"

"ဟုတ်ပါတယ်၊ မြန်မာလိုပဲပြောတာပါ"

"ယောကျ်ားလေးလား မိန်းမကလေးလား"

"ယောကျ်ားလေးပါ"

"တို့ကို ဘယ်လိုခေါ်သလဲ၊ ညီမလေးလို့ ခေါ်လား"

"လမင်း....လို့ပဲ ခေါ်ပါတယ်"

လမင်း နည်းနည်းစိတ်ညစ်သွားသည်။ အခု ညိုမောင်ပြောပုံ အရဆိုလျှင် ကိုကိုတော့မဖြစ်နိုင်။ ယမင်းမလည်းမဟုတ်။ ယောကျ်ားလေးထဲကဆိုတော့ သူ့ကို အသည်းအသန်လိုက်နေတဲ့ မင်းခိုက်စိုးစန်လား၊ မင်းခိုက်စိုးစန်လုပ်သော အစီအစဉ်ဖြစ်သည့်ပဟေဠိနန်းတော်တွင် သူ့ကို စပွန်ဆာယူဖို့နှင့် သူ့မော်ဒန်ကဗျာအသစ်တွေကို ပေးဖတ်ဖို့ဖြစ်ချင်ဖြစ်နိုင်သည်။

"အဲဒီလူက ကဗျာဆန်ဆန် စာဆန်ဆန်စကားတွေ မင်းကို ပြောသေးလား၊ မင်းချက်ချင်းနားမလည်နိုင်တဲ့ စကားမျိုးတွေလေ"

"အဲဒီလိုလည်း မပြောပါဘူး"

လမင်းသည် သူပြောသမျှကို ဖုန်းစုတ်စက်ကို လက်နှစ်ဖက်ဖြင့် ကိုင်ရင်း မဝံ့မရဲ မျက်ဝန်းများနှင့် ဖြေနေသော ညိုမောင့်ပုံစံကိုတွေ့ပြီး





ဘာကြောင့်မှန်းမသိ ပျော်၍သွားသည်။ လူ့စိတ်ဆိုတာ အင်မတန်ပြောရခက်သည်ဟု ပညာရှင်တွေအားလုံးက နားလည်ထားကြသည်။ လမင်းလို စိတ်သိပ်မြန်သည့် မိန်းကလေးရဲ့ စိတ်ဆိုတော့ စိတ်လျှင်မြန်နှုန်း က မြန်လွန်းသဖြင့် ပို၍နားလည်ရခက်ပါသည်။

"ကောင်းပြီ မင်းမှာအပြစ်ရှိလား"

"ဟုတ်ကဲ့၊ ကျွန်...ကျွန်တော့်ကို အလုပ်ထုတ်မယ့်အပြစ်ကလွဲလို့ ကြိုက်တဲ့အပြစ်ပေးပါဗျာ၊ ကျွန်တော်ရအောင် လုပ်ပါ့မယ်၊ ဒီတစ်ခါတော့ ခွင့်လွှတ်ပေးပါ"

ညိုမောင့်ပုံစံကို ကြည့်ပြီး လမင်းစိတ်လွတ်လက်လွတ်ကို ရယ်မောပစ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် လမင်းသည် ညိုမောင်နှင့်အတူ ရှိသောအချိန်တွေဆိုလျှင် စိတ်ချမ်းသာသည်။ ရုပ်ရှသော်လည်း ဖြူစင်သည့် မျက်ဝန်း၊ နီးတစ်ပြားစာ ပမာဏရှိပြီး နက်မှောင်နေသည့် ကြောက်စရာ မျက်ခုံးရှိသော်လည်း ထိုမျက်ခုံးကို ဘယ်တော့မှ ကျုံ့လေ့မရှိ။ ဆံပင် က တောရပ်ကွက်ထဲက ဆိုင်မျိုးတွေမှာ ညှပ်ထားဟန်တူသည်။ ဘယ်လိုမှ ပုံပန်းမကျ၊ ခန္ဓာကိုယ်က ကျစ်လျစ်သည်။ အောက်နှုတ်ခမ်းသည် ဖူးဖူး လုံးလုံးကလေးဖြစ်နေသဖြင့် လေးထောင့်စပ်စပ်မေးရိုး၏ တင်းမာသော အားကိုလျှော့ချပေးသလို ဖြစ်နေသည်။ အင်း ညိုမောင်သည် စနစ် တကျပြုပြင်လိုက်လျှင် လူချောကလေးတစ်ယောက်ဖြစ်လာနိုင်သည်။

မိန်းကလေးတန်မဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့ အလှအပကို ဒီလောက် စမ်းစစ်နေစရာမလိုဟု လမင်းဆုံးဖြတ်ပြီး ညိုမောင့်ထံမှ အကြည့်ကိုခွာလိုက်သည်။

"ထိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"အဲဒီရှေ့ကခုံမှာ ဝင်ထိုင်လိုက်လို့ပြောတာ"

ညိုမောင် မဝံ့မ ရဲပင် ဖုန်စုတ်စက်ကိုအသာချပြီး လမင်းစိုး ရှေ့မှ ခုံတွင် မရဲတရဲဝင်ထိုင်သည်။ လမင်းသည် ဘာမှမဟုတ်ဘဲနှင့် သူ့ကို မကြည့်သော ညိုမောင့်ကိုကြည့်ပြီး ဘယ်တုန်းကမှ မပျော်ခဲ့ရဘူးသော 'အပျော်' မျိုးနှင့် ပျော်နေခဲ့သည်။ လမင်းလူများစွာကို အနိုင်ရပြီးခဲ့ပါပြီ။ ဒါပေမယ့် ဒီလိုအပျော်မျိုးတော့ မပျော်ဘူးခဲ့။

"မနက်သန့်ရှင်းရေးလုပ်ပြီး ပိုတဲ့အချိန်တွေမှာ ဘာလုပ်လဲ"

"စတိုအခန်းထဲမှာ အင်္ဂလိပ်စာကျက်ပါတယ်၊ ဒါမှမဟုတ်ရင်" ညိုမောင်က စကားကိုမဆက်ဘဲရပ်၍ထား၏။

"အမှန်အတိုင်းပြောပါ"

လမင်းအသံက မခက်ထန်သော်လည်း အမိန့်ပေးသံမှန်း သိသာသည်။

"အိပ်ပါတယ်"

"ကောင်းပြီ..."

ထိုစကားကိုပြောပြီးနောက် လမင်း...နောက်မှီကို ပစ်လှဲချမှီရင်း မျက်လုံးများကို မှေး၍ မှိတ်ထားသည်။ လမင်းအသက်ရှူနေသည်။ မျက်ဝန်းတွေကို မှိတ်ထားသည်။ ပြီးတော့ ရင်တွေလည်း ဘာ့ကြောင့်မှန်းမသိ၊ ခုန်၍နေလေသည်။

လမင်းမျက်စိကိုဖွင့်လိုက်ပြီး ဖုန်းကို ကောက်ကိုင်ပြီး နံပါတ်တစ်ခုကို နှိပ်လိုက်သည်။

"ခင်လေးလား"





"................"

"အေး အခုလုပ်လက်စတွေဖြတ်ပြီးတော့ တို့အခန်းကို ဆင်းလာခဲ့ ဟုတ်ပြီလား"

စကားပြောပြီးသည်နှင့် လမင်းက ညိုမောင့်မျက်ဝန်းတွေကို တည့်တည့်စိုက်ကြည့်လိုက်သည်။ ညိုမောင် မျက်စိလွှဲ၍သွားသည်။ စိတ်ကို တင်းထားနိုင်သည့်အတွက် လမင်း သူ့ကိုယ်သူ ကျေးဇူးတင်လိုက်မိသည်။ မဟုတ်လျှင် ရင်ခုန်နေပြီဖြစ်သော လမင်းက မျက်ဝန်းအရင်လွှဲသူဖြစ်သွားမှာ သေချာသည်။ ထိုအချိန်မှာပင် လမင်း၏တံခါးခေါက်သံကို ကြားရ၏။

"Come in"

လမင်းစကားဆုံးတော့မှ ကောင်မကလေးတစ်ယောက် ဝင်လာသည်။

"ခင်လေး မင်းအခုလုပ်လက်စအလုပ်တွေကို သိမ့်သိမ့်ကို အပ်ပြီးတော့ မင်းဟောဒီဆရာသမားလေးကို......"

ခင်လေးက ညိုမောင့်ကိုလှမ်းကြည့်သည့်အတွက် လမင်းစကားကို ခဏရပ်ထားလိုက်၏။ ခင်လေးက ညိုမောင့်ကို မိတ်ဖွဲ့သည့်အနေနှင့် ပြုံးပြသည်။ ညိုမောင်သည် ခင်လေးပြုံးပြလိုက်သည့် တစ်စက္ကန့်လောက်အတွင်းမှာ ပြန်ပြုံးပြရလျှင် ကောင်းမလား၊ မပြုံးပြရဘူးလား မဝေခွဲနိုင်သဖြင့် အူကြောင်ကြောင်ဖြစ်၍ ကျန်ရစ်ခဲ့သည်။

"Computer သင်ပေးရမယ်၊ နေ့စဉ်သူ့ရဲ့မှတ်တမ်းကို တို့ဖတ်ချင်တယ်"

"ဘယ်နေ့စမလဲ မမ"



www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန်....၊ ဒီမှာ မင်းနက်ဖြန် သန့်ရှင်းရေးကို ၉ နာရီမှာ ပြီးအောင်လုပ်ပါ၊ ပြီးရင် နာရီဝက် မင်းမနက်ခင်းစာစားဖို့ အချိန်ပေးမယ်၊ ပြီးရင် မင်းအပေါ်ထပ်ကိုသွားရမယ်၊ ပြီးတော့ မင်းရဲ့ဆရာမ ခင်လေးဆီမှာ **Computer** ကို အခြေခံကစပြီး သင်ရမယ်၊ အဲဒါ ငါမင်းကိုပေးတဲ့ အပြစ်ပဲ၊ မင်းသဘောတူရဲ့လား"

"ဟာ...တူပါတယ် ခင်ဗျ၊ တူပါတယ်"

"ခင်လေး သူ့ကို ရုံးဆင်းချိန်မတိုင်ခင် ငါးမိနစ်အလိုမှာ သင်တန်းဖြုတ်၊ သူ မင်းဆီမှာ သင်တန်းတက်နေတာကို ဘယ်သူမှ မရိပ်မိစေချင်ဘူး၊ ညိုမောင်ကလည်း ဘယ်သူ့ကိုမှ မပြောရဘူးနော်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့....ခင်ဗျ"

"ကောင်းပြီ နက်ဖြန်အားလုံးအဆင်ပြေပါစေ ခင်လေးပြန်လို့ရပြီ"

ညိုမောင့် ရင်ထဲတွင် အူမြူးလျက်ရှိသည်။

ညိုမောင်သည် Computer ဆိုတာကြီးကို နှိပ်ချင်နေတာ၊ တတ်ချင်နေတာကြာပါပြီ။ အခုအပြစ်ပေးသည့် အနေဖြင့် တတ်ခွင့်ရတော့မည်။ အဲဒီလိုမှန်းသိလျှင် ထိုထက်ကြီးသောအပြစ်ကိုပင် လုပ်ပစ်လိုက်ချင်ပါသည်။

"ကဲ...ညိုမောင်"

"ဟုတ်ကဲ့...ခင်ဗျ'

"ဒီနေ့ မင်း ပြန်နားမယ်ဆိုရင် နားလို့ရပြီ၊ အခုတို့ပေးတဲ့ အပြစ်ကို ဘယ်သူ့ကိုမှတော့ ပြောလို့မရဘူးဆိုတာ မင်းကြပ်ကြပ်သတိထားနော်၊ ကဲ... ပါလေ၊ မင်းကိုငါဒီမှာ မထားတာပဲ ကောင်းပါတယ်၊ ထားရင်မင်းဝမ်းသာ





လွန်ပြီးလျှောက်ပြောနေမှာစိုးရတယ်၊ ပြန်တော့ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ခင်ဗျ၊ အခုပြန်ပါ့မယ် ခင်ဗျ"

ဝမ်းသာအားရထွက်သွားသော ညိုမောင့်ကိုကြည့်ပြီး လမင်း စိတ်ချမ်းသာနေသည်။ ဒီလိုအပြစ်မျိုးကို နောင်များများပေးမှပဲ သူ့ကိုယ်သူ ပြောလျက်ရှိ၏။

Ð Ð Ð



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

သာမန်ပုထုဇဉ်များဖြင့် ဖွဲ့စည်းထားသော လောကတွင် ဖြစ်ချင်တာနှင့် ဖြစ်နေတာသည် တစ်မျိုးစီဖြစ်၍၊ နေချင်လည်းနေမည်ဖြစ် သည်။ သို့သော် မည်သို့ပင်ဖြစ်စေကာမူ ထိုသို့ ဖြစ်ရသောအကြောင်း တရားကလည်း ရှိနေခဲ့တာ သေချာသည်။

ကိုကိုသည် သူရောက်သင့်သော အချိန်ထက် လေးလစာနောက်ကျပြီးမှ မြန်မာနိုင်ငံသို့ ပြန်ရောက်ခဲ့သည်။

ရောက်ရောက်ချင်းနေ့မှာ ကိုကိုက သူမထံသို့ ဖုန်းဆက်ပါသည်။ တစ်ရက် နှစ်ရက်လောက်နေပြီး သူ့အနားယူပြီး ရေ့အစီအစဉ်တွေကို သူ့အကြမ်းဖျင်းဆွဲပြီးမှ လမင်းနှင့် တွေ့မည်ဟု ကြို၍အကြောင်းကြားထား သည်။





ဒီနေ့သည် ကိုကိုချိန်းထားသောနေ့ဖြစ်သည်။

လမင်းကလည်း ကိုကိုမရှိခိုက် ကုမ္ပဏီ၏ အပြောင်းအလဲများ အတွက် တိကျသောအစီရင်ခံစာနှင့် တိကျသောငွေကြေး ရှင်းတမ်းကိုထုတ်ပြီး အသေအချာစိစစ်ပြီးဖြစ်ပါသည်။

မောင်နှမတွေချစ်ခြင်းသည် ကုမ္ပဏီစည်းကမ်း၏အပြင်ဘက်တွင် ရင်ထဲရှိသမျှ ချစ်ခွင့်ရှိပါသည်။ သို့သော် ထိုချစ်ခြင်းကို ကုမ္ပဏီစည်း ကမ်းနှင့် ရောထွေးပစ်၍မရ။ အဲဒါ သူတို့မောင်နှမ အခုထိ လိုက်နာခဲ့ သော စည်းကမ်းဖြစ်သည်။

ကိုကိုသည် လမင်း၏ လူမှုရေးအစီရင်ခံစာ(ဝန်ထမ်းများနှင့်)နှင့် ငွေကြေးအစီရင်ခံစာတို့ကို ခင်မေရာ ဖတ်ပြသမျှ အသေအချာအာရုံစိုက် နားထောင်ပါသည်။ အားလုံးပြီးဆုံးသွားတော့ ကိုကိုက သူ့စာအုပ်ထဲမှာ မှတ်စရာရှိတာတွေကို မှတ်သည်။ ပြီးတော့မှ...

"ညီမောင့်ရဲ့နောက်ဆုံးအစီအစဉ်ကိုသိချင်တယ်"

"ဒါဆိုရင် ညီမလေးပြောဟာထက်၊ ခင်လေးပြောတာက ပိုတိကျ လိမ့်မယ်၊ ညီမလေး ခင်လေးကို ခေါ်ပေးပါ့မယ်၊ ခင်လေးမရောက်ခင် ညီမလေး သိချင်တာတွေလည်းရှိသေးတယ် ကိုကို၊ ကဲ...ခင်မေရာ သွားလို့ရပြီနော်"

လမင်း၏ ယဉ်ကျေးစွာနှင့် အပြုံးကို ခင်မေရာလိုက်နာရန်မှ တစ်ပါး အခြားနည်းလမ်းမရှိပါ။ ခင်မေရာ ထွက်သွားတော့မှ...

"မြသဇင်က ဘာဖြစ်တာလဲ ကိုကို၊ ကိုကို့ကို ညည်းငွေ့တာလား၊ ညီမလေးရဲ့အကျိုးစီးပွားကို သူကဆောင်ရွက်မပေးနိုင်တာလား"

ကိုကိုသည် လမင်း၏စကားကို အတော်ကြီးကို သတိထားသွားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေတာတွေ့ရသည်။ ကိုကိုသည် ယေ်စဉ်ကတည်းက တစ်ပါးသူထိခိုက်မည့်ကိစ္စကို အလွန်ရှောင်ချင်သူဖြစ်သည်။ အခုလည်း ကိုကိုသည် ထိုအခြေအနေတွင်ရောက်နေမှန်း လမင်းသိပါသည်။ လမင်း ကိုကို့ကို သနားပါသည်။ သို့သော် အမှန်အတိုင်းလည်း သိချင်နေပါသည်။

"သူ ကိုကို့ကို ပြောလိုက်တဲ့စကားတွေထက် သူ ကိုကို့ကို မပြောလိုက်တဲ့စကားတွေကို ကိုကိုသိသမျှပြောပြမယ် ညီမလေး"

"ပြောပါ....ကိုကို ညီမလေးကလည်း အဲဒီစကားကိုပဲ ပိုပြီး စိတ်ဝင်စားတယ်"

ကိုကိုသည် နှုတ်ခမ်းကိုသပ်သည်။ ပြီးတော့ ခေါင်းကိုဖြည်းဖြည်း ချင်းခါသည်။

"ကိုကိုဟာ စီးပွားရေးအတွက် သူ့အပေါ်မှာ မှီခိုနေတယ်လို့ သူက ထင်နေတယ် ညီမလေး၊ ဒါပေမယ့် သူအဲဒါကို ကူညီချင်တယ်၊ ဘာကြောင့်လဲဆိုတော့ ကိုကိုက တစ်ချိန်ကျရင် သူ့ကိုလက်ထပ်မယ်ဆိုတာ သူသိနေလို့ပဲ"

"အဲဒါ ညီမလေး နားလည်တယ် ကိုကို"

"အခုကိစ္စကျတော့ ကိုကို့အကျိုးစီးပွားမဟုတ်ဘဲ ညီမလေးရဲ့ အကျိုးစီးပွားဖြစ်နေတယ်၊ သူ ကိုကို့ကို မပြောဘဲချန်ထားတဲ့ စကားကတော့ ရှင်က ရှင့်အတွက်တင်မဟုတ်ဘူး၊ ရှင့်ညီမအတွက်ပါ ကျွန်မကို အသုံးချနေတယ်ဆိုတဲ့ စကားပဲ၊ အဲဒီစကားကို သူထုတ်မပြောဘူးနော်၊ အဲဒီစကားကို သူထုတ်မပြောတဲ့အတွက် သူနဲ့ ကိုကိုနဲ့ ချစ်စပ်ရေးဟာ ပျက်ဖို့အကြောင်းအထိ ရောက်သွားပြီ ညီမလေး"

ကိုကို့၏ နာကျည်းသော စကားသံဆုံးတော့ လမင်းအရှေ့က ခုံကို





လက်ဝါးဖြင့် 'ဖြန်း'ခနဲ ရိုက်ပြီး ထရပ်သည်။

"ကိုကိုက သူ့ကို စိန်မခေါ်ခဲ့ဘူးလား၊ ဂျပန်မှာ သူ့အပြင် ကိုကိုအသိတွေ အများကြီးရှိတယ်မဟုတ်လား၊ ပြီးတော့ သူတို့မိသားစု ဂျပန်မှာ အခြေချဖို့ ကိုကိုကပဲ စီစဉ်ပေးခဲ့တာမဟုတ်လား၊ ဩော်...သူက အခုတော့ ဒါတွေမေ့ပြီပေါ့လေ"

"ညီမလေး အဲဒီကိစ္စတွေတော်ကြစို့၊ ကိုကို သူနဲ့ဘာမှမပတ်သက်တော့ဘူးလို့ တရားဝင်ပြောခဲ့ပြီးပြီ၊ အဲဒီတော့ ဒီလောက်ကိစ္စလေးတွေကို ပြောမနေနဲ့တော့၊ ကိုကို ညီမလေးဖြစ်ချင်တာကိုရအောင် လုပ်ပေးဖို့အတွက် အဆက်အသွယ်ကောင်းကောင်းရှာနေတာနဲ့ ဒီလောက်ကြာသွားတာ၊ ကိုကို ဆုံးဖြတ်ပြီးပြီ ညီမလေး"

"အဆက်အသွယ်က ရခဲ့ပြီလား"

"နောက်တစ်ခေါက်ပြန်သွားရဦးမယ်၊ အဲဒီအခါကျရင်တော့ ကိုကို့အတွက် အတွင်းရေးမှူးတစ်ယောက်လိုတယ်....ညီမလေး၊ ကိုယ့် မန်နေဂျာဆိုပါတော့ အဲဒါမရှိရင် သူတို့နဲ့ စကားပြောရတာ တော်တော်ခက်တယ် ညီမလေး"

"ညီမလေး စီစဉ်ပေးပါမယ်"

"ခင်မေရာ ဆိုရင်ကော ညီမလေး"

"ကိုကို မလောနဲ့လေ၊ ညီမလေးက ကိုကို့အကြောင်းလည်းသိ၊ သူတို့အကြောင်းလည်းသိပါ၊ ကိုကိုဆုံးဖြတ်ချက်ကို ညီမလေးအရမ်းဝမ်းသာပါတယ်၊ တန်ဖိုးလည်းထားတယ်။ ချစ်သူနဲ့ညီမ...၊ ညီမအပေါ်ထားတဲ့ စေတနာပဲ ကိုကို့အတွက်လည်း ညီမလေးအဆင်ပြေအောင် စီစဉ်မယ် ဆိုတာ ကိုကိုယုံပါ၊ ကဲ...ညီမောင့်အကြောင်း နားထောင်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးရောက်မလာခင် ညိုမောင် ကုမ္ပဏီတွင် ဖြစ်ခဲ့သော ကိစ္စတွေကို လမင်းက ချစ်မင်းစိုးကို ပြောပြသည်။ လမင်းက ရယ်ရယ်မောမောပြောပြနေသလောက် ချစ်မင်းမျက်နှာမှာက အရယ်အပြုံး သိပ်မရှိလှပါ။ လမင်းစိုးလုပ်ခဲ့သော ကိစ္စကို ချစ်မင်းစိုး သိပ်သဘောတူချင်ပုံမရပါ။

"ညီမလေး လုပ်ရပ်က ကုမ္ပဏီတစ်ခုရဲ့ ဥပဒေနဲ့မညီဘူး၊ ခံစားချက်တွေ သိပ်ဆန်လွန်းအားကြီးနေတယ်၊ ညိုမောင့်ကိုပေးတဲ့အပြစ်တွေကလည်း ထုံးစံမဟုတ်တာတွေဖြစ်နေတယ်၊ ညီမလေးရဲ့ စိတ်က ညို မောင်နဲ့ ပတ်သက်ပြီး မူလနေရာပျောက်နေတယ်၊ ညီမလေးနဲ့ ညိုမောင် ဟာ ကုမ္ပဏီပိုင်ရှင်နဲ့ လက်အောက်ငယ်သား လုံးဝမဟုတ်ဘူး ဖြစ်နေတယ် လို့ ကိုကိုထင်တယ်"

ချစ်မင်းစိုးစကားကြောင့် လမင်းစိုးမျက်နှာတစ်ခုလုံး နီရဲနေ သည်။ သူညိုမောင်နှင့် ပတ်သက်၍ ဒေါသကိုတော့ ပြခဲ့ပါသည်။ သို့သော် ထိရောက်သော အပြစ်ကိုတော့ မပေးခဲ့မိတာကို ကိုကိုက ချက်ချင်း တွေ့သွားခြင်းဖြစ်သည်။

"ကိုကိုပြောတာကို ညီမလေးဝန်ခံပါတယ်၊ သူ့ကို လမင်း အလုပ်ထုတ်ဖို့အထိ စဉ်းစားပါသေးတယ်၊ ဒါပေမယ့် သူဟာ ကိုကို့ခွင့်ပြုချက်နဲ့ ဝင်ထားတဲ့သူမို့ ကိုကိုမရှိချိန်မှာ လုပ်လိုက်ရင် မကောင်းလို့ပါ"

"ထားပါတော့လေ..."

"ပြီးတော့ ညီမလေး သူ့အကြောင်းတွေကို စုံစမ်းတော့ Reception မှာ ရယ်ကြတယ်ဆိုတာက ညီမလေးကို ကားတွန်းပေးတာ ပြောလို့ ရယ်မဟုတ်ဘူးတဲ့၊ ညီမလေးကို ဘယ်လိုခေါ်ရမလဲဆိုတော့ သူဇာ တို့က





G-M လို့ ခေါ်ရမယ်ဆိုတော့ သူက 'မ G-M' လို့ ခေါ်တာကို သဘောကျပြီး သူတို့က ညီမလေးအခန်းကိုကြည့်ပြီး ရယ်ကြတာတဲ့"

"ဖွန်းကရော..."

"အဲဒါတော့ စုံစမ်းလို့မရဘူး၊ သူက ဘယ်သူ့ကိုမှမပြောဘူး"

ထိုအချိန်တွင် ခင်လေးရောက်လာပြီး ညိုမောင့်၏ Computer မှတ်တမ်းများကို ကြည့်သည်။ လေးလအတွင်း တိုးတက်မှုရလဒ်ကောင်း တွေဖြစ်နေသည်။

"အရမ်းကြိုးစားတယ် မမ၊ သူဘာကိုဖြစ်ဖြစ်အရမ်းတတ်ချင်နေတယ်၊ ကုမ္ပဏီတစ်ခုလုံးက Section File တွေကို အကုန်ဖွင့်ပြီး သိသင့်တာတွေ သူမှတ်တယ်၊ နားမလည်တာရှိရင် ခင်လေးကိုမေးတယ်၊ တချို့ ကိစ္စတွေ ခင်လေး သူ့ကိုခိုင်းကြည့်တာ အဆင်ပြေတယ် မမ"

"သူ့အတွက် ဘယ် Subject တွေ လိုဦးမလဲ"

"Programing အပိုင်းတော့ သူသိပ်မသိသေးဘူး မမ"

"ကောင်းပြီ ခင်လေး၊ ညိုမောင့်ကို ဒီအပတ်ပြီးအောင်သင်ပြီးရင် ရပ်လိုက်တော့၊ သူ့ကို Section တစ်ခုမှာ ပြန်ချထားမှာ။ မခင်လေး က ညိုမောင့်ကို စနေ၊ တနင်္ဂနွေမှာ ကျန်တာတွေသင်ပေးရမယ် ဟုတ်ပြီ လား"

"ဟုတ်ကဲ့ပါ ဆရာ"

ခင်လေး ချစ်မင်းစိုးကို အရိုအသေပြုပြီးထွက်သွားသည်။

"ညိုမောင့်ကို တခြား Section တွေကိုမပို့နဲ့ဦး ကိုကို၊ သူ့ကို Reception မှာပဲ ပြန်ခန့်ထားရမယ်၊ သူ့မူလရာထူးကို ပြန်ပေးတယ်ပြီး အဲဒီထက်တစ်ဆင့်မြင့်တဲ့ရာထူးကို တန်းပေးလိုက်ရင် ဝန်ထမ်းတွေ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ တစ်မျိုးတွေးကြလိမ့်မယ်"

"ဟုတ်တာပေါ့ ညီမလေးတွေးတာမှန်တယ်၊ လူခေါ်ဖို့ကိစ္စကိုလည်း ညီမလေးပဲ စီစဉ်ပါ၊ ကိုကိုတစ်ပတ်လောက် ဘာမှမလုပ်ချင်သေးဘူးကွာ၊ ရုံးကိုတော့ လာမယ်၊ မနက်ပိုင်းခဏပေါ့၊ ပြန်ရောက်လာပြီးကုမ္ပဏီကိုပစ်ထားတယ်ဆိုတာကိုတော့ အပြောမခံချင်လို့ပါ၊ ကိုကိုဝင်စာကို တို့ယုံလောက်ပေါ့ ဟုတ်ပြီလား"

အသည်းကွဲလာသော ကိုကို့ကို လမင်းနားလည်ပေးရမည်ဖြစ်သည်။ မြသဇင်နှင့် ကိုကိုသည် ၅ နှစ်နီးပါးချစ်သူတွေဖြစ်ခဲ့ကြပြီးမှ အခုလိုပြဿနာဖြစ်ကြခြင်းဖြစ်သည်။ လမင်းစိုးစိတ်အထင်ကတော့ မြသဇင်သည် ဂျပန်မှာ မျက်စိပွင့် နားပွင့်ဖြစ်သွားသောအခါ ကိုကို့ကို ငြီးငွေ့လိမ့်မည်။ ပြီးတော့ကိုကိုကလည်း တစ်နှစ်မှ တစ်ခေါက်နှစ်ခေါက်သာ သွားရသဖြင့် အနေဝေးနေတာလည်းပါမည်။ အနေဝေးတော့ မီးဝေးရိုပ်ပမာဖြစ်သွားဟန်တူသည်။

ညိုမောင့်ကို မူလ Reception တွင် ပြန်ခန့်စာကိုရေးပြီး ဝန်ထမ်းရေးရာဌာနသို့ပို့သည်။ ပြီးတော့ Diary ထဲမှာ Sharemember များနှင့်တွေ့ရန်ဟု ရေးသည်။ ပြီးသွားတော့ လမင်းစိုးသည် အကြာကြီးတစ်ခုခုကို စဉ်းစားနေခဲ့သည်။ သူ့အတွက်တော့မဟုတ်။ ကိုကို့အတွက်ဖြစ်ပါသည်။

Ð Ð Ð

ညိုမောင် Reception သို့ ပြန်ရောက်လာသဖြင့် အားလုံးဝမ်းသာနေကြသည်။ Reception သည်လည်း ဝင်စာ/ထွက်စာများ စာရင်း





ကို လက်ဖြင့်ရေးမှတ်ခြင်းမဟုတ်တော့ဘဲ ကွန်ပျူတာဖြင့်သာ မှတ်တမ်းတင်သည်။ မောင်ညိုသည် ထိုအလုပ်ကို လုပ်ရပြီး ရုံးဆင်း/ရုံးတက်လက်မှတ်ကိုလည်း ကိုင်ရသည်။

Reception မှာ သူဇာမရှိတော့။ သူဇာက အိမ်သုံးလျှပ်စစ်ပစ္စည်းဖြန့်ဖြူးရေးဌာနသို့ ရောက်သွားသည်။ ပထမ မန္တလေးရုံးခွဲဌာနသို့ ပို့မည်ဟု သတင်းထွက်နေပြီးတော့မှ ရန်ကုန်တွင် ပြန်ကျခြင်းဖြစ်သည်။

ထို့ကြောင့် ရာထူးတစ်ဆင့်တိုးဖြင့် ဌာနပြောင်းသွားသော သူဇာနှင့် မူလရာထူးကိုပြန်ရောက်လာသော ညိုမောင်တို့ လခထုတ်လျှင် ကွာရမည်ဖြစ်သည်။ ထို့ကြောင့် ညိုမောင်သည် သူရသည့်လခ ခုနစ် သောင်းထဲမှ အဆောင်လခ၊ ကားခနှင့် ထမင်းစရိတ်ကိုဖယ်ရသည်။ ဒါတွေက ဒီနေ့ပြန်တာနှင့် ရှင်းရမည့်ငွေဖြစ်သည်။ သူတို့ကို သွားထိ၍မရ။

အဆောင်လခက တစ်သောင်း၊ ထမင်းဖိုးက တစ်နေ့တစ်ထောင့်ငါးရာနှင့် ဆယ့်ကိုးရက်စာ နှစ်သောင်းရှစ်ထောင်ငါးရာ။ ကားခက အသွားအပြန် ရှစ်ထောင့်ရှစ်ရာချန်ထားရမည်။ ထိုငွေသည်ပင် လေးသောင်းခုနစ်ထောင်ရှိနေပြီ။ အမေနှင့် ဆရာတော်ကို တစ်သောင်းဆီ လှမ်းကန်တော့ဖို့ မဖြစ်နိုင်တော့။ သူ့မှာ လက်ကျန်ငွေက နှစ်သောင်း သုံးထောင်သာကျန်တော့သည်။ ထို့ကြောင့် ဆရာတော်နှင့်အမေ့ကို လခဦးအနေဖြင့် ရှစ်ထောင်ဆီသာ ကန်တော့နိုင်တော့သည်။ တစ်သောင်းခွဲ ထပ်နှုတ်လိုက်တော့ ကျန်ငွေ ခုနစ်ထောင်သာရှိတော့သည်။ ကားခရှစ်ထောင်ရှစ်ရာနှင့်ပေါင်းလျှင် ကျပ်(၁၅၈၀၀) သာရှိတော့၏။ ထို့ကြောင့် သူဇာနှင့် တစ်ယောက်တစ်ဝက် ဒကာခံရန်ညှိနှိုင်းပြီးမှ ရီရီထွေးတို့ကို ကျွေးရသည်။ ဆရာကိုသက်ဝင်းတာ သူတို့အကြောင်းကိုသိနေသည့်နှယ် မစားပါဟု အကြိမ်ကြိမ်ငြင်းနေသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် သူတို့အတင်းခေါ်ပြီး ကြေးအိုးတိုက်ကြရသည်။

ထိုကြေးအိုးတိုက်သည့်ပွဲတွင် ဆရာကိုသက်ဝင်းက ညိုမောင့်ကို စကားတစ်ခွန်းပြောသည်။

"မင်း...လမင်းစိုးကို ခွင့်လွှတ်တဲ့နည်းနဲ့ နိုင်အောင်တိုက်ခိုက်နိုင်တာ ငါ့သိပ်သဘောကျတယ် ညိုမောင်"

ဆရာ့စကားကြောင့် ညိုမောင်တော်တော်အံ့ဩသွားသည်။

"မင်းကသာ တုံ့ပြန်မှုပြင်းထန်မယ်ဆိုရင် မင်းဒီအလုပ်က ထွက်သွားရလောက်ပြီ"

"ကျွန်တော် နားမလည်ဘူးဆရာ"

"အေး...နားမလည်ပေမယ့် မင်းလုပ်ခဲ့ပြီးပါပြီ၊ မင်းကို နေ့ခင်းဘက် ကွန်ပျူတာသင်ပေးတာ၊ ဒီနေရာပြန်ထားတာတွေဟာ မင်းရဲ့ အနိုင်တွေပေါ့ကွ"

"အာ...ဆရာဒီကိစ္စကို ဘယ်လိုလုပ်သိတာလဲ ဆရာ"

"မင်းရဲ့ ကွန်ပျူတာဆရာမ ခင်လေးက ငါတပည့်အရင်းပါကွ"

ညိုမောင် အိမ်ပြန်လာသည့်လမ်းတစ်လျှောက်တွင် စဉ်းစားလာခဲ့သည်။ ဆရာက သူ လမင်းစိုးကို နိုင်ခဲ့သည်ဟု ပြောသည်။ သို့သော် သူသိရသမျှ အားလုံးမှာတော့ သူသည် လမင်းစိုးကို နိုင်ခဲ့တာတစ်ခုမှ မရှိဟု ထင်သည်။

ပွင့်ပွင့်လင်းလင်းပြောရလျှင်တော့ သူလမင်းစိုးကို ချစ်သည်။

ဒါပေမယ့် သူ့အချစ်က 'ချစ်သည်' ဟု သိပြီးကတည်းက စိတ်ထဲတွင် မည်သူမျှမသိရသော ကမ္ဘာလေးတစ်ခုကိုပါ ညိုမောင်ဖန်တီးခဲ့သည်။ သူသည် လမင်းစိုးကို ဘယ်လို ဘယ်လောက်ပဲချစ်ချစ် ထိုအချစ်





ကို ပိုင်ဆိုင်နိုင်စရာအကြောင်းမရှိဆိုတာ လမင်းစိုးကိုချစ်သော သူ့အသိကိုယ်တိုင်က နားလည်ထားသည်။

ထို့ကြောင့် လမင်းစိုး သူ့အပေါ်မှာ မည်သို့ပင်သဘောထားစေ သူ့မှာ ခွင့်လွှတ်နိုင်သော နေရာကလေးတစ်ခုတော့ ဘယ်သူမှ မသိဘဲရှိနေသည်။ ဆရာပြောသော မင်းနိုင်တယ် ဆိုသောစကားမှာ ထိုနေရာကလေးကို ဆရာက မသိသဖြင့် ပြောခြင်းသာဖြစ်ရမည်ဟု သူသိသွား သည်။

ညိုမောင် လမင်းစိုးကို အရမ်းချစ်ပါသည်။ ဒီရုံးထဲမှာရော၊ လမင်းစိုး၏စီးပွားရေး လူမှုရေးအသိုင်းအဝိုင်းထဲမှာရော လမင်းစိုးကို ချစ်သူတွေများစွာရှိနိုင်ပါသည်။ ထိုသို့သော လူအသီးသီးထဲတွင် သူသည် အသံအတိတ်ဆုံး လမင်းစိုးကို ချစ်သူဖြစ်ပါသည်။

သူ့ဘဝသည် အလွန်တန်လှ သော်သော့လို မိန်းကလေးမျိုးနှင့်သာ ထိုက်တန်ပါသည်။ သူ သော်သော့ကို ချစ်သည်ဟု တွေးလိုက်လျှင် သွေးသားလည်ပတ်မှု မြန်ဆန်လာသည်။ မျှော်လင့်ချက်သည် သူနှင့် လက်တစ်ကမ်းစာအကွာအဝေးမှာ ရပ်နေသလိုထင်ရ၏။ သူ သော်သော့ကိုချစ်သည့်အတွက် အရာရာသည် သူ့အပြောအဆို၊ သူ့အနေအထိုင်ပေါ်တွင် သက်ရောက်မှုနှင့် တန်ပြန်သက်ရောက်မှုရှိသည်။

သော်သော်က သူ့ကို ဟင်းတစ်တုံးလောက်ပိုထည့်ပေးလိုက်လျှင် ကိုဇော်တို့အဖွဲ့က အသံတွေဆူညံပြီး ထွက်လာတတ်သည်။ သူက အလုပ်အပြန် နို့ဆီခွက်ဖြင့်လုပ်ရသော နို့ကြက်ဥပူတင်းကို ဝယ်လာပြီး သော်သော့်ကိုပေးလျှင် မော်မော်ကလည်း သူ့အတွက်ပါသည့်တိုင် ကိုဇော်တို့နှင့်ရော၍ အော်ကြဟစ်ကြသည်။

တစ်ခါတစ်ရံ ထမင်းဆိုင်တွင် ထမင်းစားပြီး [illegible]


www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့သဖြင့် သော်သော်က အူယားဖားယား လိုက်ပေးလျှင် သူ့ သူငယ်ချင်းတွေက အသံသေးအသံပြည့်ဖြင့် ဝိုင်းအော်ကြသည်။ နောက်တစ်နေ့ ထမင်းစားချိန် ဆိုင်သို့ရောက်လျှင် သူ့ကို ထီးမမေ့ဖို့ အကြိမ်တစ်သန်းလောက် ပြောတတ်ကြသည်။ ထိုအချိန်တွင် သော်သော်သည် ဟင်းကိုခပ် ရင်း ထမင်းကိုပြင်ရင်း မျက်နှာက ရဲနေတတ်၏။

ဒီတော့ သူတောင်းပန်ဖို့ လိုပြီဟု ယူဆပြီး သော်သော်ဈေးအပြန်မှာ သော်သော်ဆွဲလာသော ခြင်းတောင်းကြီးကို ကူဆွဲပေးရင်း တောင်းပန်ရသည်။

"သော်သော် ကိုဇော်တို့ တိုးလွင်တို့ စတာတွေကို စိတ်မဆိုးပါနဲ့နော်၊ ကျွန်တော်လည်း သူတို့ကို နောက်ကိုမစဖို့ တောင်းပန်ခိုင်းထားပါတယ်၊ စိတ်မဆိုးပါနဲ့နော် သော်သော်"

သော်သော် ခဏတော့ တိတ်ဆိတ်၍နေသည်။

ထိုသို့တိတ်ဆိတ်နေသော အချိန်တွင် သော်သော့်မျက်ဝန်းမှာ မျက်ရည်တွေဝိုင်း၍လာသည်ဟု သူထင်သည်။

မည်သူမှ မရောက်ဘူးသေးသည့် ကျွန်းကလေးတစ်ခုကို ပင်လယ်ရေတွေက ဝိုင်းထားသလိုမျိုး သော်သော်၏ မျက်ဆံနက်ကလေးကို မျက်ရည်တွေဝိုင်း၍ထားသည်။

မျက်ရည်၏အင်အားသည် ထို့ထက်အားကောင်းလာလျှင် သော်သော့် မျက်ဆံနက်ကလေးကို ဖုံးအုပ်သွားတော့မည်။ ဒါဆိုလျှင် ပါးပြင်ပေါ်သို့ မျက်ရည်ကျလာတော့မည်။

ညိုမောင့်ရင်ထဲ လှိုက်ခနဲတစ်ချက်ဖြစ်သွားပြီး ရင်ခုန်သံတွေ လည်းပူးကပ်၍ကုန်သည်။





"သော်သော်"

ညိုမောင် အထိတ်တလန့်ခေါ်သောအသံဖြစ်ပါသည်။

"ရပါတယ် ကိုညိုမောင်၊ သော်သော့်ဆီမှာ အမြဲတမ်းစားဖြစ်နေတဲ့ လူတွေက စရင် သော်သော်ခံနေရစမြဲပါ၊ ကြက်မြစ်ကြက်သည်းဆိုသို့ အသည်းတုံးကိုအရင်စထည့်လည်း သော်သော့်ကို အဲဒီလူနဲ့စကြတာပဲ၊ ကြက်ရိုးဟင်းဆိုလို့ အတောင်ပံတွေထည့်ပေးရင်လည်း စကြတာပဲ၊ တစ်ခါတလေကျတော့ သော်သော့်ကိုယ် သော်သော် သိပ်ဝမ်းနည်းတယ်၊ အဲဒီလိုစတဲ့သူကို သော်သော်က ရန်မတွေ့ရဲဘူးလေ၊ ပြန်ပြောရင် ဖောက်သည်ပျက်မှာပေါ့၊ သော်သော်ဟာ မြားပစ်ကွင်းက မြားပစ်တဲ့စက်ဝိုင်းလိုပါပဲ သူတို့လေ့ကျင့်ကြတာပါ၊ သော်သော်က ငြင်းဆန်ခွင့်မရှိဘူး၊ ဒါကြောင့် သော်သော်အလုပ်ပြောင်းချင်တာပေါ့၊ကိုညိုမောင်လည်း ဝမ်းနည်းမနေပါနဲ့"

သော်သော်နှင့် သူ့အကြားတွင် ထိုသို့ ဘဝဆန်သော ခံစားဆက်နွယ်မှုများလည်းရှိပါသည်။ ထို့ကြောင့် သော်သော်နှင့် သူသည် ဘဝဆန်သည်။ လက်တွေ့ဆန်သည်။ နီးစပ်နိုင်သည်။ လမင်းစိုးကတော့ သူ့ဘဝအတွက် သူစိတ်ဖြေစရာ အိပ်မက်တစ်ခုဖြစ်သည်။ လူတစ်ယောက်မှာ အဲဒီလိုအခွင့်အရေးမျိုးရှိခွင့်ရှိသည်မဟုတ်လား။

သူတို့အဆောင်လမ်းထဲက ပြောင်းဖူးပြုတ်ရောင်းသော ကောင်မလေးက မင်းသား '.........' ကြိုက်သည်ဟု ဆိုသည်။ သူကြိုက်သော ထိုမင်းသားကလေးက မကြာမီ အိမ်ထောင်ပြု၍သွား၏။ ဒီတော့ သူ့ကို ပြောင်းဖူးပြုတ်ဝယ်နေကျ ဖောက်သည်တွေက ထိုမင်းသားကလေး၏ မင်္ဂလာဆည့်ခံပွဲပါ ဂျာနယ်များကို ပြသည့်အခါ သူက အေးအေးသက်သာပင် ဖတ်ပါသည်။သူ့ထံမှာ ဒေါသကို မတွေ့ရ။ ဝမ်းနည်းခြင်း စိုးစဉ်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ သူသည်ပြုံး၍နေလေသည်။ ပြီးတော့သူက....

"သူယူတဲ့ ကောင်မလေးကလည်း လုလိုက်တာ လိုက်တယ်နော်"

"အောင်မယ် ကောင်မ၊ ညည်းက သူ့ကိုချစ်တယ်ဆို၊ အခု ဟိုကယူသွားပြီ၊ ဘယ်လိုလုပ်ကြမလဲ"

ဒီတော့ ထိုပြောင်းဖူးပြုတ်ရောင်းသည့် ကောင်မလေးက ပြောင်းဖူးတောင်းကို ကောက်ရွက်ရင်းပြောသည်။

"ကျုပ်တို့က သူ့ကိုချစ်တာ၊ သူဘယ်သူနဲ့ညားညား ချစ်တာက ချစ်တာပဲအေ့"

ညိုမောင် လမင်းစိုးကို ချစ်တာလည်း ထိုနည်းလည်းကောင်း ဖြစ်လိမ့်မည်ထင်ပါသည်။

လူတစ်ယောက်တွင် တကယ့်အချစ်နှင့် စိတ်ကူးယဉ်အချစ်ဆိုတာ ရှိကြစမြဲဖြစ်သည်။ ယောကျ်ားလေးရော မိန်းကလေးပါ ဘိုအချစ်နှစ်ချစ်ကို မလွန်ဆန်နိုင်ကြပါ။ ကိုရီးယားမင်းသားကလေးကို အရမ်းချစ်တာ ပဲဟု ကောင်မလေးတစ်ယောက် သူနှင့် ချစ်သူဖြစ်နေသော သူ့ချစ်သူကို ပြောပြလျှင် သူ့ချစ်သူက မည်သို့မျှ စိတ်မဆိုးသည့်အပြင် ထိုကိုရီးယားမင်းသားကလေးနှင့် ဆက်သွယ်နိုင်သော လိပ်စာကိုပင် 'online' ပေါ်မှ တစ်ဆင့်ရှာဖွေပေးဦးမည်ဖြစ်သည်။

ညိုမောင်သည် 'လမင်းစိုး' ကို အဲဒီလိုချစ်သည်။

မျှော်လင့်ချက်သည်....မရှိ။

သူနှင့်ဘဝတူသော သော်သော့်ကိုတော့ ဘဝတူချင်းမို့ မျှော်လင့်ချက်နှင့် ချစ်ပါသည်။

'အချစ်'သည် ဂုဏ်ယူပြီး ပြောဖို့အကောင်းဆုံး ခံစားမှုဖြစ်ပါသည်။ သို့သော် လူတိုင်းသည် ကိုယ်တစ်ကယ်ချစ်သော အချစ်ကိုအမွေခံပြီး ဘဝအတွက်ရလာသော 'အချစ်' ကိုသာ တန်ဖိုးထားသလို မြင့်မြတ်ကြီးကျယ်သလိုဟန်ဆောင်လေ့ရှိပါသည်။

Ð Ð Ð







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ညိုမောင်တို့ဝန်ထမ်းများအားလုံးကို ရုံးအားရက်တစ်ရက်ပေးပြီး အခမ်းအနားကလေးတစ်ခုလုပ်ပေးသည်။ ထိုအခမ်းအနားတွင် ဘူဖေးလ်ကျွေးပြီး Solo ကုမ္ပဏီ၏ အကြီးအကဲကိုယ်တိုင်က နောက်ထပ်စတင်မည့် Programme အတွက် ကုမ္ပဏီကိုကူညီနိုင်မည့် လူများစွာလိုအပ်နေကြောင်း ပြောသွားခဲ့သည်။

ပြီးတော့ ကုမ္ပဏီ၏ G-M ဖြစ်သူ လမင်းစိုးမှ ကုမ္ပဏီနှစ်ပတ်လည်တွင် တစ်နှစ်တာ အကောင်းဆုံးဆုရသူများစာရင်းကို ကြေညာသည့်အခါ ညိုမောင့်၏ ဆရာ ကိုသက်ဝင်းပါသည်။ ညိုမောင့်ဆရာမခင်လေးပါသည်။ ဝါဝါဦးနှင့် ရီရီထွေးတို့လည်းပါသည်။ ပျော်စရာကောင်းသော နေ့တစ်နေ့လည်းဖြစ်ပါသည်။





တစ်နှစ်တာအတွင်း အကောင်းဆုံးတာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများကို အဆင့်တိုးပေးသည်။ လစာတွေတိုးပေးသည်။ ရီရီထွေး၊ ဝါဝါဦး၊ ဆရာမခင်လေးနှင့် ဆရာကိုသက်ဝင်းတို့ ပျော်ကြသည်။

လမင်းစိုးသည် စာရင်းများကိုဖတ်ကြားပြီးနောက် အသံကိုတည်ငြိမ်စွာ ထိန်းလိုက်သဖြင့် အောက်မှ ပျော်ရွှင်နေသူများအားလုံး လမင်းစိုးထံသို့ အာရုံတွေကို ပို့လိုက်ကြရသည်။

လမင်းစိုးက အောက်ပါစကားများကို တည်ငြိမ်စွာပြောသွားခဲ့သည်။

"ကျွန်မတို့ ကုမ္ပဏီက နောက်ထပ်အောင်မြင်မှု ခြေလှမ်းအသစ်ကို စချင်ပါတယ်၊ အဲဒီအတွက် ကျွန်မတို့မှာ အရည်အချင်းပြည့်ဝတဲ့ လူတွေလိုပါတယ်၊ ဒီတော့ ကျွန်မတို့လူရွေးပွဲလုပ်ရပါမယ်၊ အခုလက်ရှိ ဝန်ထမ်းများရော၊ ကျွန်မတို့ထုတ်ပြန်တဲ့စည်းကမ်းနှင့် ကိုက်ညီသူများအားလုံးရော လျှောက်ထားနိုင်ပါတယ်၊ အားလုံးသော ဝန်ထမ်းတွေဟာ ကျွန်မတို့မောင်နှမနဲ့ မိသားစုဖြစ်ပါတယ်၊ လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်ပါတယ်၊ ပြီးတော့ ရန်သူလည်း ဖြစ်နိုင်ပါတယ်ဆိုတာကို ပြောကြားရင်း နိဂုံးချုပ်ပါတယ်"

အဲဒီနေ့က ပျော်ရွှင်စရာပွဲကို မည်သည့်ပြဿနာမှမရှိဘဲ ကျင်းပပြီးစီးသွားခဲ့သည်။

နောက်နေ့အလုပ်လျှောက်လွှာ Form တွေကို ထုတ်ပေးနေသည့် နေရာသို့ ညိုမောင် သုံးကြိမ်လောက် ရစ်ဝဲရစ်ဝဲလုပ်ပြီးမှ Form သွားယူတော့ ဒေါ်မြသန်းက ညိုမောင့်ကို မသင်္ကာသလိုကြည့်သည်။

"ဘာလဲ မင်းကထပ်လျှောက်ဦးမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကျွန်တော့် ညီမကလေးအတွက်ပါ"

"ဟုတ်လို့လားဟယ်"

ညီမောင်ပြောရကြပ်၍သွားသည်။ လိမ်တော့ ညာတော့မည်ဆိုလျှင် ဆရာတော့်စကားက အရင်ဦးလေ့ရှိ၏။

"ရုပ်ကွက်ထဲမှာ နှမလေးလိုနေတာပါ၊ form ပေးပါဗျာ၊ အဲဒါတွေက မမကိစ္စမဟုတ်ပါဘူး"

ဒီလိုနှင့် form ကိုယူပြီး သော်သော့်ကိုပေးရသည်။ သော်သော်ကလည်း နောက်ဆုံးနှစ်ကိုဖြေပြီးအောင်သည်။ ဘွဲ့ကတော့ မယူရသေး။ သော်သော်သည် နံကောင်ကလေးတစ်ကောင် ခုန်ပေါက်နေသလိုကို ဝမ်းသာနေသည်ဟု ညီမောင်ထင်သည်။

"ကိုညီမောင် အဲဒီနေရာကို သော်သော်ရမှာလားဟင်"

"ဒါတော့ ငါဘယ်သိနိုင်မှာလဲဟာ"

"ကိုညီမောင့်တုန်းက ဘယ်အကပ်နဲ့ရတာလဲ"

"ဘုရားအကပ်နဲ့"

"ကိုညီမောင် မနောက်နဲ့နော်"

"မနောက်ပါဘူး၊ ကျွန်တော်က ဓဇ္ဂသုတ်ပဲရွတ်သွားတာ"

"တကယ်လား"

"တကယ်ပေါ့၊ သော်သော်ကတော့ ဓဇ္ဂသုတ်ကို အခုမှ ကျက်မနေနဲ့တော့၊ မေတ္တာသုတ်ကိုပဲ ကျက်တော့၊ ပြီးတော့ ဆံပင်တွေကို ဂရုစိုက်"

"ဟင်....ဆံပင်တွေနဲ့ ဘာဆိုင်လို့လဲ"

"လူတွေက သော်သော့်ဆံပင်တွေကိုတွေ့လိုက်ရင် စေတနာရှိသွားတတ်ကြတယ်၊ ကျွန်တော်လည်း အဲဒီဆံပင်တွေကိုမြင်ပြီး သော်သော့်ကို..."





"အင်တာဗျူးက ဘယ်နေ့လဲဟင်"

ညီမောင် ဘာစကားမှမပြောနိုင်တော့ဘဲ သော်သော့်ကို ငေးကြည့်နေမိသည်။ သော်သော်သည် သူဆက်ပြောမည့်စကားကို မကြားချင်၍ စကားလမ်းလွှဲလိုက်ကြောင်း သိသာသည့် မျက်နှာလွှာကိုချ၍ငြိမ်နေသည်။

"လာမယ့် စနေနေ့မှာ သော်သော်၊ တစ်ခုသတိထားဖို့ကတော့ သော်သော် အဲဒီအလုပ်မှာရဖို့ မရဖို့က ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး၊ ကျွန်တော်စွမ်းဆောင်မပေးနိုင်ဘူး၊ အတွေ့အကြုံအရ ပြောပြပါဆိုရင်တော့ G.M လမင်းစိုးကို သတိထားပြီး ဖြေဖို့ပါပဲ"

"အဲဒီနေ့ကျရင် ကိုညီမောင်က...."

သော်သော် စကားမဆုံးခင်ပင် ညီမောင်ထွက်သွားသည်။ သော်သော့်ရင်ထဲမှာ ခံစားရသောဝေဒနာကို သော်သော်ပဲသိပါသည်။ ဒီညဘုရားရှိခိုးလျှင် ကိုညီမောင့်ကို ပထမဦးဆုံးအမျှဝေဖို့ ဆုံးဖြတ်လိုက်၏။ သော်သော်တတ်နိုင်တာ ဒါပဲရှိပါသည်။

Ð Ð Ð

နေ့ရက်တို့ မည်သည် ကုန်ဆုံးလွယ်လှသည်။

ကိုယ်က သူငယ်ချင်းတစ်ယောက်နှင့် လက်ဖက်ရည်ဆိုင်မှာ စကားလက်ဆုံဝင်နေချိန်တွင်လည်းကောင်း၊ Chess တစ်ပွဲကို စိတ်ရောဝိညာဉ်ပါ ထိုးနေရသောအချိန်တွင်လည်းကောင်း၊ စာတစ်အုပ်ကိုဖတ်ရင်း မျက်စိများညောင်းလာသဖြင့် အိပ်လိုက်မိချိန်တွင်လည်းကောင်း၊ ညနေရီဆည်းဆာအလှတွင်တွေ့ရသော ကောင်မလေးများကို ငေးနေချိန်တွင်လည်းကောင်း၊ ဘာမှ အရေမရအဖတ်မရပျော်ရွှင်သည်ဆိုင်တွေ့ရှာ မိတ်ဆွေများနှင့် စကားပြောနေချိန်တွင်လည်းကောင်း၊ လေးဖြူနှင့် ရှား



www.burmeseclassic.com

www.burmeseclassic.com



အိမ်သင်တို့၏ သီချင်းများကို လိုက်ညည်းနေချိန်တွင်လည်းကောင်း၊ အချိန်သည် ထိုထိုသော ခံစားချက်များအတွက် လုံးဝစောင့်နေလိမ့်မည် မဟုတ်ဘဲ သင်နှင့်မိတ်ဆွေများ(သို့) သင့်မိတ်ဆွေမဟုတ်သော သင်မသိ သောသူများ၏လက်ထဲမှ နာရီတွင် လက်တံကလေးသည် လည်နေမြဲ ဖြစ်သည်။

ထိုသူသည် သင်နှင့်မသိသော်လည်း သင်က 'ဘယ်နှနာရီလဲ' ဟု မေးလိုက်လျှင် သူပြောသော 'နာရီ' သည် သင့်နာရီဖြစ်သည်။ သင်နှင့် မသိခြင်းကြောင့် သင့်နာရီသည် ပြောင်းလဲစရာအကြောင်းမရှိချေ။

ယခု ၆၀၀ ကုမ္ပဏီက လူနှစ်ဆယ့်တစ်ယောက်ရွေးသည့်ထဲတွင် သော်သော်အရွေးခံရသည်။ သော်သော် ၆၀၀ ကုမ္ပဏီမှာ အလုပ်ဝင်နေ တာ ၄လရှိသွားပြီဖြစ်သည်။

ညိုမောင်သည် မနက်ခင်းတိုင်း သော်သော်နှင့် ရုံးအတူသွားရ ခြင်း၊ ညနေရီတိုင်း သော်သော်နှင့် ရုံးအတူပြန်ရခြင်းတို့ကြောင့် ဝါဆို ဝါခေါင်မိုးတွင် ကန်စွန်းညွန့်ခေါင်းမော့သကဲ့သို့ ခေါင်းမော့၍နေ၏။

အဲဒီနေ့က ညိုမောင့်အလုပ်တွေ ပြီးသွားသော်လည်း သော်သော့် အလုပ်တွေ မပြီးသေးသဖြင့် ညိုမောင်အောက်ထပ်မှ သော်သော်ဆင်းအလာ ကို စောင့်၍နေခဲ့သည်။တော်တော်နှင့် ဆင်းမလာသဖြင့် ညိုမောင်အပေါ်ထပ် သို့တစ်ခေါက်ပြန်တက်တော့ သော်သော်မည်သူမျှမရှိတော့သည့်အခန်းထဲ တွင် ကျစ်ဆံမြီးကျစ်၍နေသည်။

ဒီလိုမျိုးတွေ့လိုက်ရတော့ သူ့အစိုးရိမ်ကြီးစွာ အောက်ထပ်မှာစောင့် နေရသောအဖြစ်ကိုတွေးပြီး ချက်ချင်းရလာသောဒေါသဖြင့်ပြောမိသည်။

"ငါကတော့ အောက်မှာ နင်ဆင်းမလာလို့ စိတ်ပူလိုက်ရတာ၊





နင်က ဒီကျစ်ဆံမြီးကိုပဲဟုတ်တယ်"

"မကျစ်လို့ ဘယ်လိုဖြစ်မလဲ၊ ကားပေါ်ကျရင် ဆံပင်တွေက ဟိုလူ့မျက်နှာထိ၊ ဒီလူ့မျက်နှာထိနဲ့ အားနာစရာမကောင်းဘူးလား"

"ကျစ်မယ်ဆိုလည်း အောက်ကိုအရင်ဆင်းပြီး ငါ့ရှေ့ရောက်မှ ကျစ်ပေါ့"

"အမလေး ပိုင်စိုးပိုင်နင်းနဲ့"

"အဲဒီလိုမဟုတ်ပါဘူးဟာ၊ ငါ နင့်အတွက် စိတ်ပူသွားလို့ပါ"

ညိုမောင့်အသံက ပျော့သွားသည်။ သော်သော်ကလည်း နောက် ဆုံး ကျစ်ဆံမြီးကို ဝက်ဝံရုပ်ခေါင်းစည်းကြိုးကလေးနှင့် စီးလိုက်သည်။

ညိုမောင်နှင့် သော်သော်သည် ကုမ္ပဏီတစ်ခုလုံးမှာ ဘယ်သူမှ မရှိဆိုသော လွတ်လပ်မှုနှင့် တံခါးကိုစေ့ပိတ်ရင်း ပခုံးချင်းထိ၍ သီ၍ အတူတွဲထွက်သွားသည်ကို အခန်းထဲမှ မြင်နေရသော လူတစ်ယောက်ရှိပါ သည်။

ထိုလူမှာ....................။

Ð Ð Ð

အဲဒီနေ့က သော်သော်နှင့် ညိုမောင်တို့ လှည်းတန်းမှတ်တိုင်တွင် ဆင်းပြီး ပြည်လမ်းအတိုင်း ရန်ကုန်တက္ကသိုလ်ရှိ ပလက်ဖောင်းဘက်မှ လျှောက်ခဲ့ကြသည်။ တိတ်တဆိတ်လျှောက်လာကြရင်း အတွေးကိုယ်စီ သက်ပြင်းမချဖြစ်သော အသက်ရှူခြင်း၏ အကြွင်းအကျန်ကိုယ်စီနှင့် လျှောက်လာခဲ့ကြသည်။

တစ်ယောက်နှင့်တစ်ယောက် တစ်စုံတစ်ရာ စည်းကမ်းမဲ့စွာသော ဘဲ တိတ်ဆိတ်နေသော တိတ်ဆိတ်မှုကို ညိုမောင်ကပင်အရင်စတင်ဖြို



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရသည်။

"မနက်ဖက် ထမင်းကြော်ဆိုင် မထွက်နိုင်တော့ သော်သော်တို့ အခြေအနေ အဆင်ပြေရဲ့လား"

ညိုမောင်သည် ထိုစကားကို စမေးစဉ်ကရော မေးနေတုန်းမှာရော၊ မေးပြီးတော့ရော သော်သော့်မျက်နှာကို အစဉ်တစ်စိုက် စိုက်၍ ကြည့်နေခဲ့သဖြင့်သာ သော်သော်၏ ယှဲယှဲကလေးအပြုံးကို မြင်ရခြင်း ဖြစ်ပါသည်။

"ထမင်းကြော်ဆိုင်က တစ်မနက်ကို တစ်ထောင်၊ ထောင့်ငါးရာ လောက်တော့ ကျန်တယ်လေ၊ အဲဒီဝင်ငွေတော့ လျော့သွားတာပေါ့၊ အဲဒီဝင်ငွေနေရာမှာ သော်သော့်လခကို ဖြည့်လိုက်ရတော့ ဒုံရင်းပဲပေါ့"

သော်သော်က စကားဆုံးတော့ ရယ်လိုက်သည်။ ရယ်သံက ခြောက်ကပ်နေသည်။ ထိုရယ်သံ၏ အဓိပ္ပါယ်ကို ညိုမောင်နားလည်ပါသည်။ ထို့ကြောင့် အားပေးဖို့တာဝန်ရှိသည်ဟုလည်း တွေးမိသည်။

"အဲဒီအတွက်တော့ ဘာမှမပူနဲ့ သော်သော်၊ ကိုယ်လည်း လခ ထုတ်ရင် အဆောင်လခရယ်၊ ထမင်းစရိတ်ရယ်၊ လမ်းစရိတ်ရယ်၊ ရွာက မေမေနဲ့ ဆရာတော့်ဆီပို့ရတာနဲ့ဆို သုံးထောင်အပြင် ပိုမ...နဲ့တော့ဘူး၊ အစုနည်းနည်းပါးပါး ဆွဲထားရတာလေးတွေတောင်ရှိသေးတယ်"

ပြီးတော့ ညိုမောင်ရယ်လေသည်။ ထိုရယ်သံမှာ သော်သော်ရယ်သော ရယ်သံနှင့် သိပ်မကွာလှချေ။

"သော်သော် အလုပ်ဝင်တုန်းက လခထုတ်ရင် သော်သော့်ဆံပင်တွေအတွက် ရွှေတစ်မတ်သားလောက်ပါတဲ့ ဆံထိုးကလေးတစ်ခုလုပ်မယ်လို့ စိတ်ကူးထားတာ၊ အခုတော့ ရွှေဆံထိုးမပြောနဲ့ ရွှေကလစ်နားကို





တောင် မသိနိုင်ဘူး"

"ဟာ...အဲဒါဆိုရင်တော့ ကျွန်တော်နဲ့ သော်သော်တူသွားပြီ၊ ကျွန်တော်လည်း အလုပ်ရကာစက ဆွစ်ဇာလန်မိတ် ဒီနာရီကလေးကို ရွှေကြိုးကလေးနဲ့လဲပြီး ပတ်ချင်တာ၊ အခုထိဆန္ဒမပြည့်နိုင်ဘူး၊ လတ်တလော ပြဿနာတွေကို အရင်ဖြေရှင်းနေရတာကိုး"

ညိုမောင့်စကားဆုံးတော့ နှစ်ဦးသားတိတ်ဆိတ်စွာ လမ်းလျှောက်ဖြစ်ကြသည်။ ခံစားချက်တူသော ဝေဒနာကို တစ်ယောက်နှင့်တစ်ယောက် နားလည်ကြပါသည်။

ထိုအချိန်တွင် သော်သော်က ပြည်လမ်းမန်ဆောသို့ ထိုးရပ်လိုက်သော လမင်းစိုး၏ အမိုးဖွင့်ကားအဖြူကလေးကို တွေ့လိုက်ရသည်။ လမင်းစိုးက ညိုမောင်နှင့် သူ့ကိုငေး၍ကြည့်ပြီးမှ ကားကိုရပ်ခြင်းဖြစ်ပါသည်။

သော်သော် လမင်းစိုးထံမှ မျက်နှာကိုလွှဲလိုက်ပြီး သူနှင့် ညို မောင် လျှောက်နေသော အင်းလျားကန်ဘောင်ကိုကြည့်တော့ ရှားရှားပါးပါး အစိမ်းနုရောင်ခုံကလေးတစ်ခုံအားနေတာကိုတွေ့ရ၏။

"ကိုညိုမောင် ခုံကလေးမှာ ခဏထိုင်ရအောင်နော်"

သော်သော့်စကားကြောင့် ညိုမောင်ဝမ်းသာ၍သွားသည်။ ခုံကလေးတစ်ခုံလွတ်နေတာကိုတွေ့တော့ သူက 'ခဏထိုင်ကြရအောင်' ဟု ပြောဖို့ စိတ်ကူးလိုက်မိသေးသော်လည်း သော်သော်က သူ့ကို တစ်မျိုး ထင်သွားမှာစိုးပြီး ပြောမထွက်ခဲ့ပါ။ အခု သော်သော်က ပြောတော့ အဆင်ပြေ၍သွားသည်။

"ထိုင်လေ သော်သော်၊ ကျွန်တော်လည်း အဆောင်ထုတ်ရင်


www.burmeseclassic.com

www.burmeseclassic.com



ဘာအလုပ်မှ မှမရှိတာ"

ညိုမောင်နှင့် သော်သော်ခုံတန်းကလေးမှာ ဝင်ထိုင်လိုက်ကြသည် ဆိုတာကို သူမျက်မြင်ဒိဋ္ဌတွေ့ခြင်းပင်ဖြစ်ပါသည်။

သူ့ရင်တွေ ဗလောင်ဆူသွား၏။

သို့သော်....သူနှင့်အတူပါလာသော ယမင်းမက ပီကေဖောက် မပျက်ဘဲ ပြောသည်။

"လမင်း အဲဒါအဖြေမဟုတ်ဘူး၊ အဖြေကို ရောက်အောင်သွားဖို့ အကောင်းဆုံးအထောက်အကူပဲ၊ အားလုံးဟာ လမင်းရဲ့ လက်ထဲမှာဆို တာကို ယုံစမ်းပါကွာ"

"လမင်း အခုသွားတွေ့ပစ်လိုက်ချင်တာ"

"အဲဒါဆို မင်းရှုံးသွားမှာပေါ့၊ ဒီအဖြစ်အပျက်ကို မင်းသေသေ ချာချာ စောင့်ကြည့်ချင်ရင်တော့ ခွင့်ပြုတယ်၊ ဒီခုံကထရင် ညိုမောင်က ကောင်မလေးရဲ့ လက်ကိုကိုင်ပြီးထမှာမဟုတ်ဘူး၊ သူတို့ချစ်သူ မဖြစ်ကြ သေးဘူး၊ ဖြစ်ဖို့ကလည်း ရာနိုင်နှုန်းတော်တော်လေးနည်းတယ်၊ အဲဒါ အမှန်ပဲ"

"ကောင်းပြီ ယမင်းမ၊ ငါစောင့်ကြည့်မယ်"

"ဒါဆို ကားကိုရှေ့ဆက်မောင်း၊ ကွေ့ရမယ့်နေရာရောက်မှ ကွေ့ ပြီး ဟိုဘက်ပလက်ဖောင်းကနေစောင့်ကြည့်"

ကန်ရေပြင်ကိုဖြတ်တိုက်လာသော လေပြေသည်တစ်ခုခုကို ရည် ရွယ်ထားသလိုပင်။ ညိုမောင်နှင့် သော်သော်အကြားသို့ ဖြတ်၍တိုက်သည်။ ညိုမောင်နှင့် သော်သော်သည် တစ်နေ့လုံး Air-con အခန်းထဲတွင် နေရသော်လည်း ကန်ရေပြင်ကိုဖြတ်တိုက်လာသော လေပြေ၏ လတ်ဆတ်





မှုမျိုးကို မရပါ။ အခုခံစားရတော့ စိတ်ထဲမှာ လန်းဆန်း၍နေ အာရုံကသစ်၍နေသည်။

ညိုမောင်သည် သော်သော့်ကို စကားစဖို့ကြိုးစားကြည့်သည်။ သို့သော် ညိုမောင်သည် သူပြောရမည့်စကား၏နောက်တွင် ထိန်းချုပ် ထားရသည့် ခံစားမှုကြီးတစ်ခုရှိနေသလို ခံစားရသည်။

ညိုမောင်သည် လူဆန်သော ခံစားချက်နှင့် လူတစ်ယောက်ဖြစ် ပါသည်။

သူသည် လူတစ်ယောက်လိုပဲ ခံစားပါသည်။ သူ့ရင်ထဲမှာ လမင်း စိုးကို ဖြစ်နိုင်ချေမဲ့ 'ချစ်' သည်။ သော်သော့်ကိုတော့ ဖြစ်နိုင်ချေရှိရှိနှင့် ချစ်ပါသည်။ ညိုမောင်သည် 'အချစ်' ဆိုသော ခံစားချက်ကို ထိုသို့ ထားမိသည့်အတွက် သစ္စာမရှိသူဟု စွပ်စွဲမည့်အစား လူအဆန်ဆုံး လူတစ်ယောက်ဟုသာ သတ်မှတ်ထားချင်ပါသည်။

သူ သော်သော့်ကိုချစ်သော အချစ်မှာ သော်သော်က ကျိန်းသေ ပြန်ချစ်လိမ့်မည်ဟုလည်း ညိုမောင် ယူဆမထားပါ။ သော်သော်သည် သူ့ကိုမချစ်ဘဲ ငြင်းနိုင်ပါသည်။ စိတ်ဆိုးနိုင်ပါသည်။ မုန်းသွားနိုင်ပါ သည်။ အထင်သေးသွားနိုင်ပါသည်။ သို့သော် ဘာပဲဖြစ်ဖြစ် ထိုတုံ့ပြန်မှု သည် တကယ့်တုံ့ပြန်မှုတစ်ခုဖြစ်သည်။

သို့သော် လမင်းစိုးကိုချစ်သောအချစ်တွင်မတော့ ထိုအရာတွေ တစ်ခုမှ ခံစားခွင့်မရှိပါ။ သူက လမင်းစိုးကို ရပိုင်ခွင့်မဲ့စိတ်တူးအချစ် အဖြစ်ထားသောကြောင့် ဖြစ်သည်။ လမင်းစိုးကိုချစ်သည်ဆိုသော စကား ကို သူကလွဲ၍ မည်သူမှ သိလိမ့်မည်မဟုတ်ပါ။

"သော်သော် ဘာတွေစဉ်းစားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ဘာရယ်မဟုတ်ပါဘူး၊ ကုမ္ပဏီမှာလေ၊ ချီတီစုသလိုမျိုး စုပြီး၊ ငွေယူကြတာတို့ ဘာတို့မရှိဘူးလားဆိုတာကို တွေးနေတာ"

"ဘာလုပ်ဖို့လဲ သော်သော်"

"ပြောပြီးပြီပဲ၊ ရွှေနည်းနည်းပါတဲ့ ကလစ်အကောင်းစားလေးတစ်ခု လိုချင်ပါတယ်လို့"

"အရင်တုန်းကတော့ စုကြဘူးတယ်တဲ့၊နောက်ကျတော့ ပြဿနာတွေတက်တာနဲ့ ရပ်သွားကြပြီး၊ ဒီလိုငွေကြေးကိစ္စအရှုပ်အရှင်းတွေကို လမင်းစိုးက လုံးဝပိတ်ပစ်လိုက်တယ်၊ လပေးအထည်တို့၊ ထမင်းချိုင့်တို့၊ မိတ်ကပ်တို့ရောင်းတာတွေပါ ခွင့်မပြုတော့တာတဲ့"

"လခထဲက စုရမယ်ဆိုရင်တော့ မလွယ်ဘူး"

"စိတ်ဓာတ်မကျပါနဲ့ တစ်နှစ်ပြည့်ရင်တော့ ဘောနက်စ် ရပါတယ်"

"ဟင်...ဟုတ်လား၊ များလားဟင်"

"မသိသေးဘူးလေ၊ ကျွန်တော် လည်း တစ်နှစ်မှမပြည့်သေးတာ"

ဘာမှမဟုတ်သည့်ကိစ္စလေးတစ်ခုကို ပြိုင်တူရယ်ဖြစ်လိုက်ကြသည်။

"ကျွန်တော်လည်း နာရီအတွက် ရွှေရည်စိမ်လက်ပတ်ကြိုးကလေး လိုချင်နေတာ၊ အနားမကပ်နိုင်ပါဘူးဗျာ၊ အကောင်းစားက ငါးသောင်းကျော်လောက်ရှိတာကိုး၊ အင်း....ကျွန်တော်တို့ အိပ်မက်ကလေးတွေက ချမ်းသာတဲ့လူတစ်ယောက်ရဲ့ သူငယ်ချင်းတွေနဲ့ ထမင်းစားတဲ့ ညနေစာသာသာရှိတာပါ၊ ဒါပေမယ့် ကျွန်တော်တို့အတွက်ကတော့ အခက်အခဲကြီးတစ်ခုကိုးဖြစ်နေရတယ်"





"ဘဝတွေက ဒီလိုပဲလေ ကိုညိုမောင်ရယ်"

သော်သော်က ခေါင်းကိုငုံ့ရင်း နွမ်းလျသောအသံဖြင့် ပြောသည်။

"ကျွန်တော်သာ အခုနေ ငွေလုံးခဲနဲ့ ခဲခနဲရရင် သော်သော့် အတွက် ရွှေနဲ့လုပ်ထားတဲ့ ကလစ်ကလေးဝယ်ကို ဝယ်ပေးတယ်ဗျာ"

"တကယ်လား"

သော်သော်က အပြုံးနှင့်မေးသည်။

"တကယ်ပါ သော်သော်ရယ်၊ ကျွန်တော် သော်သော်ပျော်တာ ကို မြင်ချင်တယ်၊ သော်သော်ကျေနပ်တာကို မြင်ချင်တယ်၊ အားလုံးက တွေ့တာနဲ့ အံ့သြသွားလောက်အောင်ကို စွဲဆောင်မှုရှိတဲ့ သော်သော့်ရဲ့ ဆံပင်တွေကို စုသိမ်းဖို့ရွှေကလစ်ကလေးတစ်ခုပေးချင်တယ်၊ ကျွန်တော်လေ သော်သော့်ကို......."

သော်သော်က ခေါင်းငုံ့နားထောင်နေရာမှ အလန့်တကြား ညိုမောင့်ကို မော့ကြည့်သည်။ သော်သော့်မျက်ဝန်းအကြည့်မှာ စိုးရိမ်စိတ်၊ တားမြစ်ချင်စိတ်၊ တောင်းပန်သည့်စိတ်တွေအားလုံးပါနေသည်။

ထို့ကြောင့် ညိုမောင်သည် ထိုစကားကို ဆက်မပြောရဲတော့။ ပြော၍မထွက်တော့။

သော်သော့်စိတ်ထဲမှာလည်း မေမေပြောခဲ့သောစကားတွေကို ပြန်ကြားနေမိသည်။

"ငါတို့မိန်းကလေးဆိုတာ ဘဝမှာတစ်ကြိမ်ပဲ စွန့်စားခွင့်ရ... အဲဒါကို မေမေက အချစ်နဲ့လဲခဲ့တယ်၊ မေမေ့ဆန္ဒအရ မေမေမှန်... သမီးတို့တစ်တွေရလာပြီး ဘဝဆိုတာကို ရင်ဆိုင်ရတော့မှ ... ကိုယ့်ဆန္ဒအတွက် တစ်ကိုယ်ကောင်းဆန်ခဲ့ပြီးတော့ သမီးတို့ကို...



www.burmeseclassic.com

www.burmeseclassic.com



မဲ့ ခေါ်ဒုက္ခပေးသလို ဖြစ်မှန်းသိခဲ့ရတယ်၊ အချစ်ကို သတိထားပါ သမီးရယ်၊ ဘဝကို အချစ်ကနေ မရွေးချယ်မိပါစေနဲ့ သမီး”

သော်သော် ငြင်သာစွာ ထရပ်လိုက်သည်။

“သော်သော်တို့ မြန်ကြရအောင်နော်”

ထိုင်ခုံပေါ်မှ အသီးသီးခေါင်းငိုက်စိုက်ချ၍ ထသွားကြသော ညိုမောင်နှင့် သော်သော်တို့ နှစ်ယောက်ကို ကြည့်ရင်း ယမင်းက ပခုံးကို တွန့်သည်။ ပြီးတော့ နှုတ်ခမ်းမွေးအာလူးကြော်ကို မပြတ်ဝါးရင်း လမင်းစိုးကိုမဲ့၍ကြည့်၏။

“ညိုမောင်က ရည်းစားစကားလောက်တော့ပြောပြီးဖြစ်လိမ့်မယ်၊ ဒါပေမယ့် ကောင်မလေးက မပါသေးတာတော့ သေချာတယ်၊ နေစမ်းပါဦး မင်းက ဘယ်လိုဖြစ်ပြီး ဒီငတိကို စိတ်ဝင်စားသွားရတာလဲ”

“အဲဒါ ငါ့ကိုယ် ငါလည်း နားမလည်ဘူး၊ ငါက ယောကျ်ားလေးတွေနဲ့ ပတ်သက်လို့ အတွေ့အကြုံမရှိတာမှမဟုတ်တာ၊ ငါ့ရည်းစားတွေထားခဲ့ဖူးတာပဲ၊ အပျော်ပေါ့လေ”

“အဲဒါတွေ ငါသိပါတယ်၊ အဲဒီအပျော်တွေကို ဖြတ်ပြီး ဘဝအတွက် တကယ်စဉ်းစားမယ်လို့ မင်းပြောခဲ့တာပဲ”

“လမင်းက သူ့ကိုဘဝအတွက် စဉ်းစားမယ်လို့ မပြောပါဘူး၊ ဒါပေမယ့် သူအဲဒီလို သူများနဲ့တွဲနေတာကိုလည်း မမြင်ချင်ဘူး”

“မင်းဟာက သဝန်ကြောင်တာပဲ လမင်းမရဲ့”

“မင်း ဒီကောင်မလေးနဲ့ ညိုမောင်တို့ အဆောင်က တစ်လမ်းတည်း ဆိုတာ အစက မသိဘူးလား”

“ဟုတ်တယ် ယမင်းမရယ်၊ ငါမသိလိုက်ဘူး”





“မင်းဆီမှာ လုပ်ပိုင်ခွင့်တွေက အများကြီးပါကွာ”

ယမင်းစကားကြောင့် လမင်း ဘာမှပြောမနေတော့ဘဲ ကားကို မောင်းထွက်လိုက်သည်။ ဟုတ်သည်။ သူ့မှာလုပ်ပိုင်ခွင့်တွေအများကြီးရှိသည်။လုပ်စရာတွေလည်း အများကြီးရှိသေးသည်။ အခုပဲ ဂျပန်မိတ်ကပ်၊ အလှကုန်ပစ္စည်းနှင့်အကျီတွေကိုစွဆွေးနွေးဖို့ ကျန်ရှယ်ယာဝင်များနှင့် အစည်းအဝေးကလေးတစ်ခုရှိသည်။

ယမင်းသည်လည်း သူ့ရှယ်ယာအဖွဲ့ဝင်တစ်ယောက်ဖြစ်သည်။

အစည်းအဝေးလုပ်မည့် ဟိုတယ်အခန်းရောက်တော့ လူတော်တော်များနေပြီ။ အန်တီဘေဘီရောက်လာပြီးတော့ ကိုငြိမ်းသာတစ်ယောက်သာ လိုတော့သည်။ အန်တီဘေဘီက သူ့ကိုပြုံးပြရင်း စာတစ်စောင်လှမ်းပေးသည်။ လမင်းကြောင်သွားပြီးတော့မှ ဖွင့်ဖတ်ကြည့်တော့ ကိုငြိမ်းသာက ရှယ်ယာအဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်ကြောင်းအကြောင်းကြားစာ ဖြစ်၍နေသည်။

“ဘယ်လိုဖြစ်တာလဲ အန်တီဘေဘီ”

“အစည်းဝေးကိုသာ အေးအေးဆေးဆေးလုပ်ပါ လမင်း၊ အဲဒါပြီးတော့မှ အန်တီရှင်းပြပါ့မယ်၊ စိတ်အနှောင့်အယှက်ဖြစ်စရာကိစ္စမဟုတ်ပါဘူး၊ အေးအေးဆေးဆေးပါ”

အန်တီဘေဘီက အပြုံးနှင့် ပြောသော်လည်း လမင်းစိတ်ထဲ တစ်မျိုးဖြစ်သွားတာတော့ အမှန်ပင်ဖြစ်သည်။

“ဟုတ်ကဲ့ ကျွန်မ ဒီနေ့တွေ့ဆုံရတဲ့ပွဲကတော့ အဖွဲ့ဝင်တွေအတွက် ပထမကျွန်မတို့ လျာထားတဲ့ရှယ်ယာရာခိုင်နှုန်းကို တိုးချင်တာ အဓိက ကိစ္စပါ”

“ဘယ်လောက်ထိ ကျွန်တော်တို့ ပိုင်ဆိုင်ခွင့်ရှိမယ်ဆိုတာ သိချင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

"အခု တိုးမြှင့်တဲ့ ရာခိုင်နှုန်းက ၃၅ ရာခိုင်နှုန်းပါ"

စကားဆုံးတော့ Member အချင်းချင်း ပြောကြသံ ဆူညံသွားပြီး လမင်းစိုးပေးထားသော စာရွက်ထဲမှာ သူတို့ဆုံးဖြတ်သည့် ရာခိုင်နှုန်းတွေကိုထည့်ကြသည်။ လမင်းစိုးရည်ရွယ်ချက်အတိုင်း ရာခိုင်နှုန်းက 36.5 ရာခိုင်နှုန်းဖြစ်သွားသော်လည်း လမင်းစိုးက လက်ခံခဲ့သည်။

"အခုလို ရာခိုင်နှုန်းတိုးလက်ခံတာက ကျွန်မတို့နဲ့ ပထမ သဘောတူထားတဲ့ ဂျပန်က ကိုယ်စားလှယ်နဲ့ လုပ်ငန်းသဘော ဆွေးနွေးတဲ့အခါ အကျိုးအကြောင်းက တော်တော်လေးကွာသွားတဲ့အတွက် ကျွန်မတို့က ကိုယ့်လူမျိုးအချင်းချင်းပဲ စိတ်တူကိုယ်တူ လက်တွဲဖို့ ဆုံးဖြတ်လိုက်တာပါ"

အစည်းဝေးက အောင်မြင်စွာ ပြီးဆုံးသည်ဟုပင် ဆိုရမည်။

အစည်းဝေးပြီးသည်နှင့် ကော်ဖီသောက်ကြရင်း အန်တီဘောဘီက ပြောသည်။

"မောင်ငြိမ်းသာက လမင်းကိုရှက်သွားတာလေ၊ လမင်းလုပ်တဲ့အကွက်က ရည်မွန်ပါတယ်၊ ဘယ်သူ့မှ သတိမထားမိအောင်ကို သေသပ်ပါတယ်၊ အန်တီတောင်မှပဲ မောင်ငြိမ်းသာက ပြောထားလို့သိပြီး သဘောပေါက်တာ"

"အန်တီဘောဘီ၊ အန်တီပြောတာတွေကို လမင်းဘာမှနားမလည်ဘူး။ လမင်းက ဘာအကွက်လုပ်လို့လဲ"

"အမလေး အခုကိစ္စလည်း ပြီးပါပြီ၊ ထပ်လျှို့မနေပါနဲ့တော့"

"အန်တီဘောဘီ ဘာကိုပြောတယ်ဆိုတာ လမင်းကိုရှင်းပြတော့"

"လမင်း ကိုငြိမ်းသာနဲ့ပတ်သက်ပြီးတော့လေ..."





"ကိုငြိမ်းသာနဲ့ ....၊ ဟင့်အင်း သူနဲ့လမင်းဘာမှ မပတ်သက်ဘူး"

အန်တီဘောဘီသည် စိတ်ရှုပ်သွားသလို မျက်မှောင်ကိုကျုတ်လိုက်၏။

"မပတ်သက်ဘူးဟုတ်လား၊ အင်း...မောင်ငြိမ်းသာကလည်း လိမ်စရာအကြောင်း မရှိပါဘူး၊ မောင်ငြိမ်းသာက လမင်းကို ဖုန်းဆက် ပြီး propose လုပ်တဲ့ကိစ္စလေ"

"ရှင်...."

"လမင်းက ဖုန်းထဲမှာ တစ်ခွန်းမှပြန်မပြောဘဲ သူပြောတာတွေကိုပဲ နားထောင်ပြီး ဖုန်းကိုချသွားတယ်တဲ့၊ ပြီးတော့ အလုပ်ကိစ္စနှင့်တွေ့တဲ့အခါကျတော့ လမင်းက အဲဒီကိစ္စကို လုံးဝအစမဖော်ဘဲနဲ့ လူမှုရေးအရပဲ နေထိုင်ဆက်ဆံတော့ သူ့ကို တမင်နှိပ်စက်သလို ဖြစ်နေပြီး၊ ပုံမှန်ဆက်ဆံတဲ့ လမင်းစိုးကို တွေ့တိုင်း သူ ရှက်ရှက်နေရမယ့်အတူတူ ဒီရှယ်ယာကထွက်လိုက်တာတဲ့"

"စိတ်မကောင်းတာတော့ အမှန်ပါပဲ အန်တီဘောဘီ၊ ကျွန်မ ကိုငြိမ်းသာကို လုပ်ဖော်ကိုင်ဖက်တစ်ယောက်အနေနဲ့ကလွဲလို့ ဘယ်လိုမှ ပိုလို့မရတာအမှန်ပါပဲ၊ တစ်ခုတော့ ပြောပါ့မယ်၊ အန်တီဘောဘီ ယုံပါ၊ ကိုငြိမ်းသာဆက်တဲ့ ဖုန်းကိုကိုင်တဲ့လူဟာ ကျွန်မ မဟုတ်ပါဘူး၊ ကျွန်မ ကိုငြိမ်းသာ propose ကို လုပ်တာကို ကျွန်မလုံးဝမသိခဲ့တာ အမှန်ပါ"

"ဟင်...ဒါဆို အဲဒီဖုန်းကိုကိုင်တာ ဘယ်သူလဲ"

Ð Ð Ð



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

နောက်တစ်လအကြာတွင် လမင်းသည် ရုံးခန်းကို နှစ်ခန်းခွဲ ပစ်လိုက်သည်။ ထို့အတွက် နောက်ထပ်ဝန်ထမ်းအယောက် ၂၀ ခန့် ထပ်မံခန့်ထားလိုက်သည်။ ထိုဝန်ထမ်းများကိုတော့ အန်တီဘေဘီနှင့် ယမင်းတို့က ဦးဆောင်ပြီး ရွေးချယ်ကြသည်။ ထိုလူရွေးပွဲတွင် သော်သော့ ညီမ မော်မော်လည်း အလုပ်ရသည်။

လမင်းသည် ၈ မိုင်ဘက်တွင် ပြောင်းဖွင့်လိုက်သော သူ့ project အသစ်အတွက်လူစာရင်းထဲတွင် ညိုမောင့်ကို ထည့်ထားပြီး သော်သော့်ကိုတော့ ကိုကိုနှင့် မူလ ကုမ္ပဏီမှာပဲ ထားခဲ့သည်။

သော်သော်သည် ညနေရုံးဆင်းချိန်အပြီးတွင် ခင်မေရာ့ထံမှ ဂျပန်စာကို တစ်နာရီခွဲတိတိသင်ရသည်။ ခင်မေရာက တစ်လတွင် (၁၀) ရက်သာပြရပြီး ကျန်သည့် ရက် (၂၀) ကို ဂျပန်စာကို ကဗျာကအစခံစား၍ ဖတ်နိုင်သော ကိုကိုက သင်ပေးသည်။





ဆရာ ကိုသက်ဝင်းကိုတော့ လမင်းစိုးက သူ့အသစ်တည်ထောင်လိုက်သော ကုမ္ပဏီဖြစ်သည့် '---------' တွင် ဒု-ဉက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်သည်။ ထိုရာထူးမှာ ကိုသက်ဝင်းနှင့် အသင့်တော်ဆုံးရာထူး တစ်ခုသာဖြစ်သည်။ ကိုသက်ဝင်းအတွက် အကူအတွင်းရေးမှူးကလေး နှစ်ယောက်က သူဇာနှင့် ရီရီထွေးတို့ဖြစ်ပြီး ဝါဝါဦးကိုတော့ ခင်မေရာ၏ လက်ထောက်အဖြစ် ခန့်ထားလိုက်သည်။

သာမန်ဝန်ထမ်းများ ရုံးဆင်းချိန်တွင် ညိုမောင်မှာ ရုံးမဆင်းရသေး၊ ဆရာကိုသက်ဝင်း၏ အတော်ဆုံးဘာသာရပ်ဖြစ်သော စီးပွားစီမံခန့်ခွဲမှုအတတ်ပညာဆိုသော 'Dealing with People' ကို တစ်ပတ်လျှင် ၃ ရက်သင်စေသည်။ ထိုဘာသာရပ်သည် ကိုသက်ဝင်းအကျွမ်းကျင်ဆုံး ဘာသာရပ်ဖြစ်လေသည်။ ပြီးတော့ ကိုသက်ဝင်းက ညိုမောင့်အပေါ်ချသော မှတ်ချက်ကိုကြားရတော့ လမင်းဝမ်းသာမိသည်။

"ညိုမောင်က ပညာဆိုရင် ဘာပညာဖြစ်ဖြစ် ယူမယ်ဆိုတာချည်းပဲ၊ ပြီးတော့ သူ့မှာ အကောင်းဆုံးအချက်က မသိရင် နားမလည်ရင် သူ့စိတ်ထဲမှာရှင်းပြီး တိတိကျကျသိသွားတဲ့အထိ မေးတတ်တာပဲ၊ အဲဒီအတွက် သူဘယ်တော့မှ မရှက်ဘူး၊ အဲဒီတော့ သူလိုလူမျိုးကို သင်ရတာ သိပ်ကောင်းတယ်"

ဒီနေ့တော့ လမင်းက ညိုမောင်နှင့် ဆရာကိုသက်ဝင်းတို့ စာသင်နေသော အခန်းကို ဒီဘက်အခန်းမှထိုင်ကြည့်၍နေသည်။ ထိုအညို ရောင်မှန်ချပ်သည် ကိုသက်ဝင်းနှင့် ညိုမောင်တို့က တစ်ဖက်မှ ထိုင်ကြည့် နေကြသော လမင်းနှင့် ယမင်းကိုမမြင်ရပါ။ အသံကိုလည်း လမင်းတို့ ဘက်ကို ဆောင်းဘောက်(စ်) တစ်လုံးထုတ်ထားသဖြင့် ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မင်းကိုအပိုဆုကြေးငွေလို့ခေါ်တဲ့ (Giving Bonuses) အကြောင်း ပြောပြမယ်၊ Bonuses ပေးတယ်ဆိုတာ ကုမ္ပဏီရဲ့ ငွေကြေး အောင်မြင်မှုကို ဝေစားမျှစားလုပ်တဲ့ မြှုပ်နှံမှု မဟုတ်ဘူးဆိုတာတော့ သတိထားရမယ်"

"မမြတ်စွန်းရင်လည်း ပေးမယ်ပေါ့"

"ဟုတ်တယ်၊ ဒါပေမယ့် အမြတ်အစွန်းဆိုတာရှိလာမှပဲ Bonuses ကို စဉ်းစားလေ့ရှိတယ်၊ ဒီနှစ်၊ ဒီလ အမြတ်ရတယ်ဆိုတာကို ဝန်ထမ်းတွေက သိလိမ့်မယ်၊ အဲဒီအချိန်မှာ နည်းတာများတာထက် ကုမ္ပဏီရဲ့ အမြတ်နဲ့ သူတို့ဟာ တစ်သားတည်းရှိကြောင်းပြတဲ့အနေနဲ့ Bonuses ကို ပေးသင့်တယ်"

ညိုမောင်က စိတ်ရှည်လက်ရှည်လိုက်မှတ်နေသည်။

"ပြီးတော့ Using Incentives ဆိုတဲ့ ဆွဲဆောင်မှုအမြင်ကိုရဖို့ အရေးကြီးတယ်၊ ဒီကုမ္ပဏီရဲ့ ကြီးပွားတိုးတက်မှုဟာ သူတို့ရဲ့ ပြင်ပ ဘဝတွေ ကြီးပွားတိုးတက်မှုနဲ့ ထပ်တူထပ်မျှကျနေတယ်လို့ ကုမ္ပဏီရဲ့ ဝန်ထမ်းတွေက ခံစားနေရမယ်၊ ဒီကုမ္ပဏီတိုးတက်ဖို့ စေတနာရှိနေရမယ်၊ ကဲ...မင်း ဒါကိုလက်ခံသလား၊ ဘာမေးစရာရှိသလဲ"

"မရှိတော့ပါဘူး ဆရာ"

လမင်းနှင့် ယမင်းတို့ အခန်းထဲက ထွက်ခဲ့ကြသည်။ နောက်ထပ် ၁၀ မိနစ်ဆိုလျှင် စာသင်တာပြီးတော့မည်။

"လမင်းမ မင်းအစီအစဉ်တွေက သိပ်စိတ်ဝင်စားဖို့ကောင်းနေတယ်၊ ဒီတော့ မင်းရယ်၊ မင်းကိုကိုရယ်၊ ခင်မေရာရယ်၊ ညိုမောင်ရယ် ကိစ္စကို ကိုယ်သိချင်တယ် လမင်းမ"





ဆရာကိုသက်ဝင်းနှင့် ညိုမောင်တို့ကို အိမ်ပြန်ပို့ပေးရန် စောင့်နေသော ဦးဌေးဝေက လမင်းစိုးကိုခေါင်းတစ်ချက်ညိတ်ပြီး အရိုအသေပြု နှုတ်ဆက်သဖြင့် စကားကခဏပြတ်သွားသည်။ ကားပေါ်တက်ပြီး ကား မောင်းထွက်တော့မှ လမင်းစိုးက ပြောသည်။

"ယမင်းမ မင်းက ငါတို့ကုမ္ပဏီရဲ့ အစုရှယ်ယာဝင်တစ်ယောက် ဖြစ်နေတဲ့အတွက် ကုမ္ပဏီရဲ့စည်းကမ်းအရ လျှို့ဝှက်မှုကိုပြောလို့မရဘူး၊ အဲဒီတော့ ဆော်ရီးပဲ ယမင်းမရေ"

"ခွေးမလေး...."

Ð Ð Ð

"ညိုမောင် မင်းသွေးအေးအေးနဲ့ စဉ်းစားဖို့တော့ ကောင်းတယ် ခနော်၊ မင်းပြောတာကို ငါတို့နားထောင်နေသမျှအရဆိုရင်တော့ ကိုချစ်မင်း ဒိုးဟာ သိက္ခာရှိတဲ့လူတစ်ယောက်ပဲ၊ ပြီးတော့ သွားတဲ့နေရာကလည်း သူလူမြင်သာတဲ့အချိန် ညနေ၊ ကရဝိတ်ဟိုတယ်ရဲ့ အပြင်ဘက်ခုံမှာ ထိုင်တာ"

"ငါကတော့ သော်သော်နဲ့ ရှင်းချင်တယ် တိုးလွင်ရာ"

"မင်းက သော်သော်နဲ့ရှင်းရအောင် သော်သော်က မင်းရည်းစားမှ လို့လား"

ကိုဇော်စကားဆုံးတော့ ညိုမောင်ပါးစပ်ပိတ်၍သွားသည်။

သော်သော်သည် သူ့ကို စေတနာဘယ်လောက်ရှိခဲ့သည်ဆိုတာ ကို သူသိပါသည်။ သူသိသလို တစ်ဆောင်တည်းနေကြသော သူငယ်ချင်း များလည်း သိကြပါသည်။ သူကြက်သားဟင်းဝယ်လျှင် အနှစ်ခပ်များများ လည်ချောင်းရိုး ၊ တောင်ပံ၊ ခြေထောက် စတာတွေ သုံးလေးခုမိပိုပါမြဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထိုဟင်းများ၏တန်ဖိုးကို ငွေကြေးအရတွက်၍မရ။ စေတနာ၊ မေတ္တာ၊ ပြီးတော့ ရင်ထဲမှာ ဖြစ်တည်နေသော ခံစားမှု။

"အေး....ငါနဲ့ သူက ချစ်သူတော့မဟုတ်ကြဘူး၊ အဲဒီအချစ်ဆိုတာကို နားလည်ပြီး အဲဒီအနားကို မကပ်ရဲတဲ့လူနှစ်ယောက်ပဲ"

"ကောင်းပြီ၊ ဒါဆို အဲဒီကိစ္စကို အေးအေးဆေးဆေး ဖြေရှင်းတာ အကောင်းဆုံးမဟုတ်လား"

ဒါကိုတော့ ညိုမောင်ငြင်းစရာကိစ္စမရှိပါ။ သူနှင့် သော်သော်ရုံးချင်းမတူသည့်တိုင်အောင် စနေ၊ တနင်္ဂနွေကိုတော့ ရပ်ကွက်ထဲမှာ တွေ့စရာရှိပါသေးသည်။ ထို့ကြောင့် ညိုမောင်သည် ကိုမိုးပြောသော အစီအစဉ်ကို ဘာမျှမပြောတော့ဘဲ ခေါင်းညိတ်၍လက်ခံလိုက်သည်။

ဒီတော့မှ တိုးလွင်က စကားဆိုသည်။

"မင်း...ဟာ...ဟိုး တောကြိုတောင်ကြားထဲကနေပြီး ရန်ကုန်မြို့ပေါ်တက်လာပြီး ဘဝအတွက်တိုးတက်မှုကိုရှာမယ်ဆိုတဲ့ မင်းရဲ့ ဆုံးဖြတ်ချက်ကိုတော့ မင်းမမေ့နဲ့ပေါ့ကွာ"

"ငါသိချင်တာကလည်း သော်သော် ငါ့အပေါ် စေတနာပျက်မပျက်ဆိုတာကိုပဲ သိချင်တာပါ"

"မင်းကို ငါမေးခွန်းတစ်ခုမေးချင်တယ် ညိုမောင်၊ မင်းအမှန်အတိုင်းတော့ ငါတို့အားလုံးရှေ့မှာ ဖြေရလိမ့်မယ်၊ ဘယ်လိုလဲ"

"ဘာမေးခွန်းလဲ"

ညိုမောင်သည် ကျားသုံးကောင် ကို ဓားမြှောင်တစ်ချောင်းတည်းနှင့် ရင်ဆိုင်နေသော မုဆိုးတစ်ယောက်လို ဘယ်သူ့ကိုမှ အလစ်မပေးရဲတော့ဘဲ မေးသည်။





"သော်သော်နဲ့ပတ်သက်တဲ့မေးခွန်း...."

"လမင်းစိုးနဲ့ပတ်သက်တဲ့မေးခွန်း....."

ညိုမောင်သည် သူ့လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ကိုမိုးပြောသောကိစ္စကို စဉ်းစားသည်။ ထိုမိန်းကလေးနှစ်ယောက်အတွက် သူရိုးသားခဲ့တာလည်း ရှိပါသည်။ မရိုးသားခဲ့တာလည်း ရှိပါသည်။ ထိုအရာနှစ်ခုသည် တစ်ခုချင်းစီမဟုတ်ဘဲ တစ်ခုနဲ့တစ်ခု ပတ်သက်ဆက်နွယ်လျက်ရှိသည်ဆိုတာကိုတော့ ညိုမောင်ဝန်ခံရမည်ဖြစ်သည်။

"မေးကွာ၊ ငါမညာဘဲဖြေမယ်"

"ကောင်းပြီ......"

သူတို့အဆောင်သည် ရုတ်တရက် တိတ်၍သွားသည်။

ညိုမောင်သည် ခေါင်းကိုငုံ့၍ လက်သီးကိုဆုပ်ထားရင်း အာရုံတွေကို စုစည်းထားရသည်။

"မင်းအချစ်အတွက် သော်သော့်ကိုချစ်သလား၊ လမင်းစိုးကိုချစ်သလား"

"-----------"

"အေး....နောက်မေးခွန်းတစ်ခုက မင်းဘဝအတွက် လမင်းစိုးကိုချစ်သလား၊ သော်သော့်ကိုချစ်သလား"

"-----------"

Ð Ð Ð

ရုံးသူရုံးသားများ အားလုံးပြန်သွားကြပြီဖြစ်သဖြင့် **Solo** [illegible] သည် တိတ်ဆိတ်၍နေသည်။ ထိုတိတ်ဆိတ်မှုထဲမှာမှ လမင်းစိုး၏ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်ပြီး လမင်းစိုးနှင့် တွေ့ဖို့ရန်အတွက် သော်သော် ကြောက်ရွံ့နေမိမှာ အမှန်ပင်ဖြစ်သည်။

ပို၍ကြောက်ရွံ့ရသော အကြောင်းက ပြီးခဲ့သည့်အပတ် သောကြာနေ့က သူနှင့် ဆရာချစ်မင်းစိုးတို့ ကန်တော်ကြီးက ကရဝိတ်ဟိုတယ်မှာ ညနေစာစားဖို့ ဆရာကအဖိတ်မှာ ထမင်းနှစ်ယောက်အတူစားနေကြစဉ် လမင်းစိုးက ကားပေါ်က တွေ့သွားခြင်းဖြစ်ပြီး၊ လမင်းစိုးနံဘေးနားတွင် ထိုင်နေသူက ကိုညိုမောင်ဖြစ်နေသည့်အတွက် အခု လမင်းစိုး၏အခန်းထဲသို့ သူဝင်ရန် ကြောက်ရွံ့နေခြင်းဆိုလျှင် ပိုမှန်လိမ့်မည်ဖြစ်သည်။

နောက်ဆုံးတော့ အခန်းအပြင်ဘက်မှာ နှုတ်ခမ်းကိုခပ်နာနာဖိကိုက်ရင်း တံခါးလက်ကိုင်ကို လှည့်ပြီးဝင်လိုက်သည်။

G-M တစ်ယောက်၏ ခုံတွင် လမင်းစိုးအပြင် မမယမင်းကိုပါ တွေ့လိုက်ရသဖြင့် နည်းနည်းတော့အားရှိသွားသည်။ လမင်းစိုးက 'ထိုင်ပါ' ဆိုသည့် စကားကိုအသံဖြင့် မပြောဘဲ ခေါင်းသာညိတ်ပြ၏။ အခန်းသည် တိတ်ဆိတ်၍နေသည်။

သူ လမင်းစိုးကို မေးဆတ်ပြသောခုံတွင် ဝင်ထိုင်ပြီးသည့်အချိန်တွင် လမင်းစိုးက သော့်သော့်ကို စာရွက်တစ်ရွက် လှမ်းပေးသည်။ ထိုစာရွက်ကို သော်သော်ဖတ်ကြည့်လိုက်တော့ သူ့ဆရာ ချစ်မင်းစိုးနှင့်အတူ ဂျပန်ပြည်ရုံးတွင်ထိုင်ပြီး ချစ်မင်းစိုး၏ ကိုယ်ရေးအရာရှိအဖြစ် ဆောင်ရွက်ရန် ဂုဏ်ထူးရွေးချယ်မည့်ကြေညာချက်ဖြစ်သည်။ အမိကဦးစားပေးက ဂျပန်ဘာသာကို တတ်ကျွမ်းရမည်။

ပထမတော့ သော်သော် နားမလည်သေးပါ။ ထို့ကြောင့် မေးရသည်။





"ဒီခေါ်စာကို ကျွန်မက..."

"မင်း ဝင်ဖြေရလိမ့်မယ်၊ သော်သော်လင်း၊ အဲဒီရာထူးအတွက် မင်းကိုငါတို့က ကြိုဆိုတယ်၊ တို့ဒီမှာရှိတဲ့ ကုမ္ပဏီရဲ့ အောင်မြင်မှုရှိ၊ မရှိဟာ ကိုကိုဂျပန်မှာ စိတ်လက်ချမ်းသာနဲ့ အလုပ်လုပ်ပေးနိုင်ဖို့လိုတယ်၊ ကိုကို့နံဘေးနားမှာ ကိုကိုစိတ်ကျန်းမာနေအောင် ဆောင်ရွက်ပေးနိုင်ဖို့ လူလိုတယ်၊ အဲဒီလူဟာ မင်းပဲဆိုတာကို ဟိုတစ်နေ့ကတည်းက တို့သိ လိုက်ပါတယ်"

လမင်းစိုးပြောသော ဟိုတစ်နေ့ဆိုတာကို သော်သော်လည်း သိပါသည်။ ဒါပေမယ့် ဒီလို သူ့တစ်ယောက်တည်းကိုခေါ်ပြောတာကတော့ တုံးဆန်း၍နေသည်။

"ဒီနေရာက ဆရာမ ခင်မေရာနဲ့..."

"မင်း အခု ခင်မေရာက သင်ပေးထားလို့ ဂျပန်စာကို ရေးတတ်၊ ဖတ်တတ်နေပြီပဲ၊ ဂျပန်မှာ တစ်နှစ်လောက်နေလိုက်ရရင် လုံလောက်သွားမှာပါ"

လမင်းစိုးစကားဆုံးတော့မှ မယမင်းကအပြုံးနှင့် စကားကိုဆက်၏။

"ညီမလေးပြောသလိုပဲ ခင်မေရာဟာ ဒီနေရာနဲ့ အထိုက်တန်ဆုံးပါ၊ ဒါပေမယ့် ကိစ္စကလေးတစ်ခုက လာငြိနေတယ်၊ အဲဒါက ခင်မေရာမှာ ချစ်သူရှိနေတယ်၊ လက်ထပ်ဖို့ရက်ကလည်း ရွေးပြီးသားဖြစ်နေတယ်၊ ပြီးတော့ အဲဒီ သူ့အမျိုးသားက ခင်မေရာနဲ့ ကိုချစ်မင်းစိုးတို့နှစ်ယောက်တည်း ဂျပန်ကိုတူသွားကြမှာကို လုံးဝသဘောမတူဘူး၊ ဒီတော့ ကိုချစ်မင်းစိုးအတွက် အသင့်တော်ဆုံးဟာ ညီမလေးပါပဲ"

သော်သော် ခေါင်းကိုငုံ့ထားလိုက်သည်။ သူ့ဘဝတ[illegible] အတွက် ရတောင့်ရခဲလှသောအခွင့်အရေး။ ဖေဖေ့ကို ပန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



နားစေချင်သည်။ညီမကလေးကို ရွှေဆွဲကြိုးကလေးတစ်ကုံး၊ လက်စွပ်ကလေး လေးငါးကွင်းနှင့်ဖြစ်စေချင်သည်။

ပြီးတော့ မည်းမှောင်ကြုပ်တဲလှသော တိုက်အိမ်မဟုတ်သော ထရံကာ နှစ်ထပ်အိမ်ကလေးက လွတ်မြောက်ချင်သည်။

အခု သူ့ကိုခေါ်အတွေ့ခံရသောပွဲတွင် စကားလုံးတစ်လုံးမှ မပါသော စကားလုံးကို သူသဘောတူလိုက်ပါသည်။

"ကျွန်မ နားလည်ပါပြီ မမလမင်းစိုး"

ÐÐÐ

"ကိုညို့ကို ဖေဖေက ဖျာသမားမှတ်ပြီး မခေါ်ခဲ့ရင်၊ သော်သော်တို့နဲ့ ကိုညိုသိမှာမဟုတ်ဘူးနော်"

"ဖြစ်ပြီးခဲ့တာတွေအားလုံးဟာ စနစ်ကကျဖြစ်ခဲ့တာတွေချည်းပါပဲ၊ သော်သော်ရယ်၊ မဖြစ်သေးတာမှာ အကျိုးနဲ့အကြောင်း တစ်ခုခုကြောင့် ဖြစ်တာလွဲသွားနိုင်ပေမယ့် ဖြစ်ပြီးတာမှာတော့ သူ့အကျိုးရောသူ့အကြောင်းရောက ပြည့်စုံနေတာပါပဲ"

"ကိုညိုပြောတာတွေလည်း ဘုန်းကြီးတရားဟောတာကြနေတာပဲ"

ညိုမောင်ရယ်လိုက်သည်။ တနင်္လာနေ့ကျလျှင် သော်သော်သည် ကိုချစ်မင်းစိုး၏ မန်နေဂျာအဖြစ် ဂျပန်နိုင်ငံသို့ ရောက်သွားရတော့မည်။

တစ်ရုံးလုံးက ထိုရာထူးကို ခင်မေရာရလိမ့်မည်ဟု ထင်သော်လည်း သော်သော်ရသွားသည့်အတွက် အံ့အားသင့်ခဲ့ရသည်။ ခင်မေရာကိုတော့ လမင်းစိုးက သူ့မန်နေဂျာအဖြစ် လခအမြင့်ဆုံးပေးခန့်ထားခဲ့သည်။

"ဟုတ်တယ်၊ ကျွန်တော်က ဘုန်းကြီးကျောင်းမှာ ငယ်ငယ်ကလေးကတည်းက နေခဲ့တာဆိုတော့ တရားဓမ္မနဲ့ယဉ်ပါးတယ်၊ ကျွန်တော်





ဟာ နေ့စဉ်တရားကိုကြားခဲ့ရတယ်၊ ဓမ္မကိုကြားခဲ့ရတယ်၊ ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တာဟာ ဓမ္မကိုဆန့်ကျင်တာပဲ၊ တရားကိုဆန့်ကျင်တာပဲ၊ ကိုယ်ဖြစ်တာကို တရားနဲ့ ဒါမှမဟုတ် ဓမ္မနဲ့ဖြစ်ဖို့ ကျိုးစားခြင်းသာ အမှန်ဖြစ်တယ်"

"ကိုညိုမောင် ဒီညဲ ဘာတွေပြောနေမှန်းကို မသိဘူး"

"ဟုတ်တယ်၊ ကျွန်တော်က သိတာတွေကိုမပြောတော့ဘဲ မသိတာတွေကိုပဲပြောတဲ့အတွက် သော်သော်နားမလည်တာပါ၊ နက်ဖြန် သော်သော်ကို နှုတ်ဆက်ပွဲလုပ်မယ့်နေ့ ကျွန်တော် မအားဘူး သော်သော်၊ လာနိုင်မှာမဟုတ်ဘူး"

"ဟင်...ဘာဖြစ်လို့လဲ"

"ပဲခူးက ကုမ္ပဏီမှာ ပြဿနာတစ်ခုဖြစ်လို့ ခဏသွားရှင်းရမယ်"

"ဩော်..."

သူတို့နှစ်ယောက်စလုံး စကားတိတ်သွားကြသည်။

ညိုမောင်သည် အိမ်တွေထဲက အလင်းအချို့၊ လမ်းမီးတိုင်အလင်းတစ်ဝက်နှင့် လရိပ်မှကိုယ်ချင်းစာအလင်းဖြာကလေးတွေအောက်က သော်သော့်မျက်နှာကလေးကို ငေး၍နေခဲ့သည်။

"အဲဒီနေ့က ကုမ္ပဏီမှာ သော်သော့်အတွက် နှုတ်ဆက်ပွဲနေ့လေ"

"ဟုတ်တယ်၊ အဲဒီနေ့ကို ပဲခူးကို အခိုင်းခံရတာပါဆိုမှ"

"ဩော်..."

တိတ်ဆိတ်သွားကြပြန်သည်။

"ဘယ်သူက ကိုညို့ကို ပဲခူးကိုခိုင်းတာလဲဟင်"

"လမင်း...စိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်..."

ညိုမောင်သည် ခေါင်းကလေးမော့ရင်း ကြယ်တွေကိုငေးနေသော၊ သော်သော့်နဖူးကလေးကို ငုံ့နမ်းလိုက်ဖို့ ရင်ထဲလှိုက်ခနဲဖြစ်သော ခံစားမှုနှင့် ကြံစည်လိုက်သေးသည်။ သို့သော် တစ်ဘဝလုံး ရိုးရိုးပဲနေခဲ့သော လူမျိုးသည် ဒီလိုလုပ်ဖို့ ဘယ်တော့မှ ကိုယ့်ကိုကိုယ်ခိုင်း၍ မရတတ်ပါ။

"လေဆိပ်ကိုတော့ ရောက်အောင်လာခဲ့မယ်လေ"

"သော်သော် ပြောစရာရှိတာတွေကိုလည်း ပြောပါရစေဦး၊ သော်သော် ဒီအလုပ်ကိုရတာ အခုလို ဂျပန်နိုင်ငံကို သွားရတာအားလုံးဟာ ကိုညို့ကူညီမှုတွေပါပဲ"

"ကျွန်တော်က အသိပေးတာပါ၊ ကျန်တာက ကိုယ့်အရည်အချင်းနဲ့ ကိုယ်ပါ"

"မဟုတ်ဘူး၊ နောက်ဆုံး ဂျပန်ကိုသွားရဖို့အထိက ကိုညိုကူညီတာပဲ၊ ကိုညို့နေရာမှာ တခြားလူဆို သော်သော် ဂျပန်ကိုမသွားရဘူး၊ အဲဒီအတွက် ကိုညို့ကိုအမြဲအမှတ်ပေးနေမယ်၊ သော်သော်ကုသိုလ်တွေအားလုံး ကိုညိုရကိုရရမယ်"

စကားဆုံးသည်နှင့် သော်သော်သည် သူတို့အိမ်ရှိရာဘက်သို့ ပြေးထွက်သွားသည်။ ညိုမောင်အဆောင်ရှေ့က ခုံတန်းကလေးမှထလိုက်သည်။ သူနှင့်သော်သော်ပြောခဲ့သောစကားများကို သူငယ်ချင်းများအားလုံး ကြားကြပါလိမ့်မည်။

Ð Ð Ð





## ဇာတ်သိမ်း

လေယာဉ်ကွင်းဆိုတာကို တစ်ခါမှမရောက်ဘူးသော **ညိုမောင်**သည် လေယာဉ်ပျံတစ်စင်း ကောင်းကင်ယံသို့အသွားတွင် **လေဆိပ်သို့** ရောက်ပြီးကားပေါ်မှ အဆင်းဖြစ်သည်။

ရုံးတွင်ချိန်းထားသော အချိန်နောက်ကျသွားသဖြင့် **ညိုမောင်** လေယာဉ်ကွင်းသို့လိုက်ရခြင်းဖြစ်ပါသည်။ လိုက်ရသည့်**ကိစ္စ**က **သော်သော့်** အတွက် တစ်သက်လုံးအမှတ်ရနိုင်စရာလက်ဆောင်ကလေးကို **ပေးချင်**၍ဖြစ်ပါသည်။

ထိုလက်ဆောင်သည်....

သော်သော်ကုမ္ပဏီသို့ဝင်ကတည်းက လခထုတ်တိုင်း [illegible] အိပ်မက်မက်ရင်း မျှော်လင့်ခဲ့ရသော ရွှေငါးမူးသားစိမ်ထားသည့် [illegible] ဆံညှပ်ကလေးသာဖြစ်ပါသည်။ ထိုဆံညှပ်ကလေးကို ဆံပင်[illegible] သော သော်သော့်အတွက် သူပေးချင်နေခဲ့တာကြာပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် သူ့မှာလည်း ထိုမျှလောက်သော ငွေကြေးက မပြည့်စုံခဲ့ပါ။ အခု သော်သော်ဂျပန်ကို သွားရတော့မည်ဆိုတော့ သူ့လက်ပတ်နာရီကလေးကို ကိုဇော်အဆက်အသွယ်နှင့် သွားရောင်းတော့ ဆွစ်ဇာလန်မိတ် ခေတ်ဟောင်းနာရီကလေးမို့ နာရီထက်အဟောင်းဆိုသော ခုနစ်သက္ကရာဇ်ဈေးကြောင့် မမျှော်လင့်ထားသောဈေးကိုရခဲ့သည်။

သုံးသိန်းနှစ်သောင်း။

ထိုငွေနှင့်ပင် သော်သော့်အတွက် ရွှေငါးမှူးသားနှင့် ရုရှားစိန်ကလေးတွေပါသော ကလစ်ကလေးတစ်ခုကို ကိုမိုးအကူအညီဖြင့် ဝယ်ခဲ့သည်။ အခု သူလေဆိပ်ရောက်တော့မှ လေယာဉ်တစ်စင်းကထွက်သည်။ သော်သော်ပါသွားပြီးလား။

သူစိုးရိမ်စိတ်နှင့် အတင်းပြေးဝင်တော့ လူတွေဝရုန်းသုန်းကားဖြစ်သွားကြသည်။ တာဝန်ရှိသူတွေက သူ့ကို အတင်းလိုက်ပြီး ဝိုင်းဖမ်းထားကြ၏။

"ကျွန်တော် လက်ဆောင်ပေးချင်လို့ပါ၊ ဂျပန်ကိုသွားမယ့် လေယာဉ်က ကျွန်တော့်မိတ်ဆွေကို လက်ဆောင်ပေးချင်လို့ပါ"

"ခင်ဗျားမှာ အထဲဝင်ခွင့်လက်မှတ်ပါသလား"

"ဘာလဲဗျာ၊ ကျွန်တော်မသိဘူး"

"မှတ်ပုံတင်ရောပါသလား"

"မပါဘူး ခင်ဗျ"

"တစ်ကိုယ်လုံး သေသေချာချာရှာ ရုံးခန်းထဲခေါ်သွား"

လေဆိပ်အတွင်းရှိ လူတွေဝရုန်းသုန်းကားဖြစ်နေချိန်တွင် လမင်းစိုးနှင့် ယမင်းက ညိုမောင့်ကို တွေ့သွားခြင်းဖြစ်ပါသည်။





"မလမင်းစိုး ကူညီပါဦး၊ ကျွန်တော် သော်သော့်အတွက် လက်ဆောင်ပေးချင်လို့ သော်သော့်လေယာဉ်ပျံထွက်သွားပြီလား"

"မထွက်သေးဘူး၊ ရှင်ဝင်လို့မရဘူး၊ ဘာပေးချင်တာလဲပေး"

စကားဆုံးတော့ ညိုမောင်က ဘူးကလေးတစ်ခုလှမ်းပေးသည်။

ယမင်းက လေဆိပ်မှ တာဝန်ခံအရာရှိကို ရှင်းပြပေးနေသည်။ လမင်းစိုးက ညိုမောင့်လက်ဆောင်ကလေးကိုယူပြီး External ထဲသို့ အပြေးသွားရသည်။ ကံကောင်းသဖြင့် လမင်းစိုးရောက်ချိန်တွင် သော်သော်နှင့် ကိုကိုက နေရာမှထကာစကလေးပဲ ဖြစ်ပါသည်။

"သော်...သော်...သော်သော်"

လမင်းစိုး၏ အော်သံကို သော်သော်ကြားပါသည်။ လှည့်ပြေးထွက်လာ၏။

"မင်းကို ညိုမောင်ပေးလိုက်တာ"

"ဟယ် သူလာသလားဟင်"

"လာတယ်၊ လက်မှတ်မရှိလို့ ဒီအထဲကို မဝင်ရဘူး၊ သူအပြင်မှာရော့"

သော်သော် လမင်းစိုးလှမ်းထိုးထည့်ပေးသော ဘူးကလေးကိုကိုင်ရင်း.... ရင်တွေတဆတ်ဆတ်တုန်နေသည်။

"မလမင်း သော်သော်လည်း သူ့ကို လက်ဆောင်ပေး ...ပေးခဲ့ပါရစေ"

"ပေးလေ..."

သော်သော်သည် လွယ်ထားသောအိတ်ကို ချပြီးဖွင့်ကာ ဆော အိတ်၊ အလယ်အိတ် စသည်ဖြင့် ရှာပါသည်။ ချစ်မင်းစိုး... သော်သော်


www.burmeseclassic.com

www.burmeseclassic.com



အနားမှာရပ်ရင်းပြောသည်။

"သော်သော် ခရီးသည်တွေတက်နေပြီနော်"

"ရတယ်...ခဏလေး"

သို့သော် သော်သော်ဘာကိုရှာနေမှန်းမသိသော မောင်နှမနှစ်ယောက်က အသည်းတထိတ်ထိတ်ဖြင့် စောင့်၍နေရ၏။

"သော်သော် လေယာဉ်ထွက်ခါနီးပြီ၊ ဟိုရောက်တော့မှ လှမ်းပို့လိုက်တော့၊ လေယာဉ်ပေါ်တက်တော့"

"ရတယ်...အော်...တွေ့ပြီ....မမလမင်း ဒါလေးကို ကိုညိုမောင့်ဆီကို ရောက်အောင်ပို့ပေးပါနော်"

"သော်သော် လာတော့ကွာ ဟိုမှာ လေယာဉ်မယ်က ခေါ်နေပြီ"

ချစ်မင်းစိုးနှင့် သော်သော်တို့ပါသွားသော လေယာဉ်ပျံကြီးကောင်းကင်ပေါ်သို့ ထိုးတက်သွားရင်း မြင်ကွင်းမှပျောက်သွားသည်။ ညိုမောင့်အတွက်လည်း ဘဝတစ်ခုပြီးသွားသလိုခံစားလိုက်ရ၏။

"သော်သော့်ကို ကျွန်တော် လက်ဆောင်ပေးခဲ့တာ သေချာတယ်နော်"

"မင်း ငါ့ကိုဘယ်လိုစကားမျိုးပြောတာလဲ ညိုမောင်"

"စိတ်ပူလို့ပါ၊ စော်ကားတာမဟုတ်ပါဘူး၊ ကျွန်တော့်ကို အဲဒီအချိန်တုန်းက လုံခြုံရေးတွေက စစ်နေလို့ပါ"

"လမင်း သူ့ကို မင်းရဲ့လက်ဆောင်ပေးခဲ့ပါတယ်၊ ပြီးတော့ သူကလည်း မင်းကိုလက်ဆောင်ကလေး ပြန်ပေးခဲ့တယ်"

"ဟာ...ဟုတ်လား၊ ဘယ်မှာလဲဟင်"

လေယာဉ်ပျံအောက်မှ မြင်ကွင်းများသည် မြန်မာနိုင်ငံ၏ တော





ရိပ်တောင်ရိပ်များကို ကျော်လာတော့မှ သော်သော်သည် ညိုမောင်ပေးလိုက်သည်ဆိုသော လမင်းစိုးပေးလိုက်သည့် ဘူးကလေးကို ဖွင့်၍ကြည့်သည်။

ထိုအချိန်တွင် ကုမ္ပဏီသို့ပြန်နေသော ညိုမောင်ကလည်း သော်သော်ပေးခဲ့သည်ဆိုသော လက်ဆောင်ဘူးကလေးကို စက္ကူတွေဖြည်ပြီး ဖွင့်ကြည့်သည်။

သော်သော်လည်း ရင်ထဲမှာလှိုက်ခနဲနေအောင် အံ့ဩသွားပြီး ဘူးကလေးထဲမှလက်ဆောင်ကို ဘာအံ့တဩငေး၍ ကြည့်နေသည်။ ညိုမောင်သည်လည်း ရင်ထဲမှာနင့်ခနဲနေအောင် ခံစားသွားရပြီး ဘူးကလေးထဲမှ သော်သော်လက်ဆောင်ကိုငေး၍နေမိသည်။

သော်သော်သည် လက်ဆောင်ဘူးကလေးကို လက်နှစ်ဖက်ဖြင့်ဆုပ်ပြီး နှလုံးသားရှိရာသို့ကပ်၍ထားလိုက်သည်။

ညိုမောင်ကတော့ ဟက်ဟက်ပက်ပက်ကို ရယ်မောလိုက်လေသည်။

သော်သော့်အတွက် ညိုမောင်ပေးသော လက်ဆောင်မှာ ငါးမှုန်သား ရွှေရည်ရှိသော ကလစ်ကလေးတစ်ခုဖြစ်ပြီး၊ ထိုကလစ်ကလေးတို သူ့အမြတ်တနိုးနာရီကလေးကို ရောင်း၍ပေးခဲ့သည်။

သော်သော်ပေးသော လက်ဆောင်ကလည်း သူမ ဆယ်နှစ်အရွယ်ကတည်းက ဂရုတစိုက်မွေးမြူလာခဲ့သော ဆံပင်တွေကိုရောင်း၍ရသော ငွေငါးသောင်းနှင့် ရွှေရည်စိမ်လက်ပတ်နာရီကြိုးကလေးသာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

သော်သော့်ဆီမှာ ညိုမောင်ပေးသော ကလစ်ကလေးအတွက် ညှပ်စရာဆံပင်တွေမရှိတော့ပါ။ ဆံပင်က ဂုတ်ဝဲလောက်သာရှိတော့၏။

ညိုမောင့်မှာလည်း သော်သော်ပေးသည့် လက်ပတ်ကြိုးနှင့် ပတ်စရာ နာရီသည်မရှိတော့ပါ။ သို့သော် ညိုမောင်သည် ထိုနာရီလက်ပတ်ကြိုးကို သိမ်း၍ထားပါသည်။

Ð Ð Ð

နောက် ၃နှစ်အကြာတွင် သော်သော်နှင့်ချစ်မင်းတို့ ရန်ကုန်လေဆိပ်သို့ ရောက်လာကြသည်။ ကုမ္ပဏီမှ ဝန်ထမ်းပေါင်းများ စွာတို့က သူတို့ကို ကြိုဆိုကြသည်။

လေယာဉ်ကွင်းအပြင်ဘက်ကို ထွက်ကြတော့ လမင်းစိုးကိုင်ထားသော ဘယ်ဘက်လက်မောင်းကို မလှုပ်စေရဘဲ ညာဘက်လက်မောင်း တွင် ပတ်ထားသော ဆွစ်ဇာလန်မိတ်နာရီကလေးကို ရွှေရောင်ကြိုးဖြင့် သေသေသပ်သပ်တွေ့နေရပြီး နာရီဒိုင်ခွက်ကိုကြည့်တော့....

“ဧည့်သည်တွေကိုတွေ့ဖို့က မိနစ် ၅၀ အခါတော်ပေးဖို့က နှစ်ဆယ့်ငါးမိနစ်၊ ဦးဌေးဝေ ခင်ဗျား မင်္ဂလာခန်းမကို မိနစ်နှစ်ဆယ်အတွင်းရောက်အောင် မောင်းမှဖြစ်မယ်”

“ကိုညိုကလည်း သော်သော်က ဆံထုံးထုံးရဦးမှာ၊ ဦးဌေးဝေ ဆယ့်ငါးမိနစ်အတွင်း ရောက်အောင်မောင်းနော် ကိုစိုး....”





ညိုမောင်က လမင်းစိုးလက်ဖဝါးကလေးကို ဆွဲကိုင်ရင်း ချစ်မင်းစိုးက သော်သော့်လက်ကလေးကို ဆုပ်ကိုင်ရင်း ရယ်လိုက်ကြသည်။

ညိုမောင်နှင့် လမင်းစိုး၊ ချစ်မင်းစိုးနှင့် သော်သော်လင်းတို့ ‘------’ ဟိုတယ်ကြီးတွင် တစ်နေ့တည်း မင်္ဂလာဆောင်ကြမည်ဖြစ် သည်။

တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ပြီး အားရပါးရ မျက်စိမှိတ်ပြီး လမင်းစိုးနှင့် ချစ်မင်းစိုးတို့ ရယ်နေကြချိန်တွင်....

ညိုမောင်နှင့် သော်သော်လင်းတို့ မျက်ဝန်းချင်းဆုံလိုက်ကြပါသည်။

Ð Ð Ð

နီကိုရဲ



www.burmeseclassic.com